www.burmeseclassic.com

# ဆုမြတ်မွန်မွန်

## လပင်းဒေဝါကချစ်ခြင်း၏ယဉ်ကျေးမှု




BURMESE CLASSIC .com

www.burmeseclassic.com

Design လင်း

www.burmeseclassic.com







# အမြဲတမ်းမွှန်မွှန်

## လမင်းခေတ်က ချစ်ခြင်းယဉ်ကျေးမှု


စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com







## ချစ်ခြင်းယဉ်ကျေးမှု(၁)

BURMESE CLASSIC .com

❣ အရင်ခေတ်က ရှာချခဲ့တဲ့ မီးရေစက်ကွေနဲ့
အခုခေတ်ရှာချတဲ့ မီးရေစက်တွေကြား
ဘာများကွာခြားသွားခဲ့သလဲ …
သေချာတာကတော့ …
အက်ဆစ်ပါဝင်မှုနှုန်းတွေ ပိုများလာမယ်။

❣ ခေတ်အဆက်ဆက်ကလူတွေ သုံးစွဲလာခဲ့တဲ့
ပြောင်းလဲမသွားတဲ့ ဒီယဉ်ကျေးမှု
ဘယ်ဘက်ရင်အုံက ထုတ်လွှင့်ပေးထားတဲ့
ချစ်ခြင်းတရား တစ်ခုပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ခွဲခွာခြင်းဆိုတာ
အချစ်ကိုမှ ပိုအပြစ်ကြီးစေတာလား
သေချာတာကတော့ လွဲမှားသွားတဲ့ နားလည်မှုဆိုတာ
ချစ်သူနှစ်ယောက်ကို
ကွဲကွာခြားစေခဲ့တာပဲ ဖြစ်တယ်။

(မှုပိုင် - ခေတ်လမင်း)

BURMESE CLASSIC .com



# အခန်း ၁

"မွန်း (ကာဂျ)ရဲ့ ဆုံးဖြတ်ချက်ကို မပြင်တော့ဘူးလား"

သူက သက်ပြင်းတစ်ချက်ချကာ မုဏ်းကို အသာငဲ့ ကြည့်ဖြစ်သည်။ စိတ်ရှုပ်ထွေးသော မုဏ်းရဲ့ မျက်နှာပေါ်ရှိ မျက် န်းတွေထဲသို့ သူက တည့်တည့်စိုက်ကြည့်ကာ မုဏ်းရင်ထဲက နုံ့ကရားတစ်ခုကို ဝါသနာအရ ရှာဖွေနေမိသည်။ ဒါကို ာ်းကလည်း ရိုပ်မိဟန်ဖြင့် မဲ့ပြုံးတစ်ချက်ပြုံးကာ ဆတ်ခနဲ က်နှာလွှဲပစ်သည်။

သုံးစက္ကန့်လောက် မျက်နှာလွှဲပစ်အပြီးမှာ ပြန်ကြည့် ာသော မျက်နှာသည် ချက်ချင်း ပြင်ယူလိုက်သော မျက်နှာဖြစ် ာ ရှင် ဘာအကြဲနဲ့ လာကြည့်နေတာလဲ ဆိုတာ သိတယ်ဟု သော မျက်နှာပေးမျိုး ဖြစ်သည်။ အေးလေ ... သူနဲ့မုဏ်းဆိုတာ နေ့တစ်နေ့ကမှ ချစ်ခဲ့ကြသူတွေမှ မဟုတ်တာ။





www.burmeseclassic.com

www.burmeseclassic.com



"ဒီမေးခွန်းကို မင်း ထပ်မေးစရာ မလိုတော့ဘူးလို့ ကိုယ်ထင်တယ်၊ ကိုယ်တို့နှစ်ယောက်လုံး ခိုင်မာတဲ့ ဆုံးဖြတ်ချက်ကို ချပြီးကြပြီပဲ"

"ရှင့်ကို ဒီလောက်တုံးလိမ့်မယ်လို့ ကျွန်မ ထင်မထားဘူး"

မုဏ်းရဲ့ ပျစ်ပျစ်နှစ်နှစ် အပြောကို သူက ဟက်ခနဲ ရယ်ရင်းနဲ့ပဲ ခံယူလိုက်သည်။ ဒါဟာ သူ့ကို နှိမ်ချတဲ့သဘောနဲ့ ပြောခြင်းမဟုတ်ဘဲ ချစ်ခြင်းအကြွင်းအကျန်လေးနှင့် ပြောသော စကားဆိုတာ သူ သိသဖြင့် နားလည်ခွင့်လွှတ်နိုင်ပါသည်။

"လူတိုင်းမှာ ကိုယ့်ခံယူချက်နဲ့ကိုယ် ရှိတာပဲလေ မုဏ်းရဲ့ ကိုယ့်ဘဝကို ကိုယ်ကြိုက်သလို ဖန်တီးခွင့် ရှိတာပဲ ...

မင်းလည်း မင်းကြိုက်လို့ မင်းအတွက် ကောင်းမယ် ထင်လို့ ရွေးချယ်ထားတဲ့လမ်းကို ကိုယ် ဘာဝေဖန်ခဲ့လို့လဲ ...

ချစ်သူခြင်းထားတဲ့ သံယောဇဉ်နဲ့ အကန့်အသတ် တစ်ခုအတွင်းက တားကြည့်ရုံကလွဲလို့ မင်းဘဝကို ကိုယ် ဘာမှ မစွက်ဖက်ခဲ့ပါဘူး"

"စွက်ဖက်ဦးတော့ ကျွန်မရွေးထားတဲ့လမ်းက ဘဝအတွက် အာမခံချက် အပြည့်ရှိတယ်လေ ...

ရှင့်ကိုလည်း ဒီလိုအာမခံချက်မျိုးရှိတဲ့ ..."

ဒီတစ်ခါတော့ သူက မုဏ်းရဲ့စကား မဆုံးခင် လက်ကာပြလိုက်လေသည်။





"တော်ပြီ မုဏ်း။ ဆက်မပြောနဲ့တော့။ ဆက်ပြောနေရင် ကိုယ်နဲ့မင်း အမုန်းတွေနဲ့ လမ်းခွဲတာမျိုး ဖြစ်သွားမယ် ...

နောင် လမ်းမှာပြန်တွေ့ရင်တောင် နှုတ်မဆက်ချင်လောက်အောင် နာကြည်းသွားတာမျိုး ဖြစ်သွားလိမ့်မယ် ...

နောက်ဆုံး မင်း ထွက်သွားတဲ့အခါမှာ လွမ်းမကျန်ရစ်အောင်တော့ လုပ်မသွားပါနဲ့၊ လွမ်းနေပါရစေ"

သူ့စကားကို မုဏ်းက ခံစားသွားရတာထက် အကြည်းရိပ်စွက်နေသည့် မျက်ဝန်းစွတ်စိုစိုတွေဖြင့် ကြည့်လာကာ ...

"ဒါကလည်း ရှင့်အတွက် ကုန်ကြမ်းတစ်ခုအဖြစ် အသုံးချနေချင်လို့ မဟုတ်လား ...

တော်ပြီ ... ခေတ်လမင်း၊ နောက်ဆုံးတော့ ကျွန်မ သဘောပေါက်သွားပြီ။ ရှင်က ... စိတ်ကူးယဉ်တတ်တဲ့ ယောကျ်ား၊ လက်တွေ့ဘဝမရှိတဲ့ယောကျ်ား။ ရှင် ကျွန်မကို ချစ်ခဲ့တာလည်း စိတ်ကူးယဉ်သက်သက် အတွက်ပဲ ချစ်ခဲ့တာ။ ဘဝအတွက် ချစ်ခဲ့တာ မဟုတ်ဘူး ...

ဒါကြောင့် ဘဝအတွက် ဆုံးဖြတ်ကြတဲ့နေရာမှာ ရှင် မပြတ်မသား တွေဝေကျန်နေရစ်ခဲ့တာပေါ့"

"ကိုယ် မပြတ်သားတာ မဟုတ်ဘူး မုဏ်း၊ ကိုယ် မင်းကို ပြတ်ပြတ်သားသား ပြောခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"နိုး ... ကျွန်မအမြင်မှာတော့ ရှင်ဟာ ဘဝအတွက် ဆုံးဖြတ်ချက်ချရာမှာ မပြတ်သားတဲ့လူပဲ ...

ကောင်းပြီလေ၊ ဆက်ပြောနေရင်လည်း ဒီနေရာမှာပဲ လုံးချာလည်လိုက်နေမှာပါပဲ။ ဟုတ်ပါတယ် ရှင်ပြောသလို ကျွန်မတို့က အပြတ်သားဆုံး ဆုံးဖြတ်ချက်ကို ချပြီးကြပြီပဲ ...

ဆက်ပြောနေရင် အမုန်းတွေနဲ့ ကျောခိုင်းရတာမျိုး ဖြစ်သွားမယ် ...

ဒီတော့ ခင်မင်စွာပဲ နှုတ်ဆက်လမ်းခွဲကြတာပေါ့၊ မိတ်ဆွေတစ်ယောက်အနေနဲ့ ကျွန်မ ရှင့်ကို နှုတ်ဆက်ခဲ့ပါတယ် ...

ရှေ့တစ်ပတ် တနင်္ဂနွေနေ့မှာ ကျွန်မ သွားတော့မယ်"

သူက ဘာမှပြန်မပြောဘဲ မုဏ်းကို မော့ကြည့်လိုက်လျှင် သူမက သူ့ကို အစိမ့်ဟာယ်မဲ့သွားသော မျက်လုံးများဖြင့် ပြန်ကြည့်ကာနေသည်။ ပြီးလျှင် နှုတ်ခမ်းကို တင်းတင်းစေ့လျက် ခေါင်းကိုမော့ကာ ချာခနဲ လှည့်ထွက်လျက် ကားပေါ်တက်၍ မောင်းထွက်သွားသည်။

ပြီးသွားပြီတဲ့ ...။ သုံးနှစ်နီးပါး ချစ်လာခဲ့သော ချစ်သူတစ်ယောက်နှင့် အပြီးတိုင် လမ်းခွဲလိုက်ရသာမက သူမဟာ နောက်တစ်ပတ်ကြာလျှင် ဟိုးအဝေးဆုံး တစ်နေရာကိုပါ





ထွက်သွားရတော့မည့် သူတစ်ယောက်မို့ တစ်ချိန်ချိန်မှာ တွေ့တာမဲ့ မတော်တဆ ပြန်ဆုံတာမျိုးလေးလောက်တောင် ရှိနိုင်မှာ မဟုတ်တော့။ ထာဝရ ဝေးသွားခဲ့ပြီ။

သူသည် မျက်နှာကို လက်ဖဝါးနှစ်ဖက်နှင့် အတန်ကြာ အုပ်ထားပြီးနောက် ခပ်ကြမ်းကြမ်း ပွတ်ပစ်လိုက်သည်။ သည်းဟက်တက် ကွဲမသွားခဲ့သော်လည်း နှလုံးသားမှာ နာကျင်အောင့်မျက်လို့ နေခဲ့သည်။

စွန့်သွားတော့ မုဏ်းဘာရဏီ။ မင်းကို အထူးလွမ်းနေပါမယ်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

တကယ်တော့ သူနှင့် မုဏ်းဟာ ချစ်သူတွေ ဖြ လာကြတာ နည်းနည်းတော့ အံ့သြဖို့ ကောင်းသည်ဟု ထင်သည် ပြောရလျှင် သူနှင့် မုဏ်းသည် တွေ့စတည်းက အဆင်ပြေသော သူများ မဟုတ်ကြချေ။ နှစ်ယောက်စလုံးဟာ ရွတ်တိရွတ်ကန် တွေ ဖြစ်ကြလျက် တစ်ယောက်နှင့် တစ်ယောက် ဘယ်တော့ အလျှော့ပေးရိုးထုံးစံလည်း မရှိခဲ့ကြချေ။

အထူးသဖြင့် သူ ...။ သူဟာ ချစ်ခွင့်ပန်ထားခဲ ရော ချစ်သူဘဝရောက်သည့် အချိန်မှာရော မုဏ်းကို အလျှော့ပေး ရိုးထုံးစံ မရှိခဲ့ပေ။ ဒီလိုလူတစ်ယောက်ကို ပြန်ချစ်ခဲ့သည့် မုဏ်း နှလုံးသားဟာ နည်းနည်းတော့ အံ့သြဖို့ကောင်းခဲ့သည်။ သို့သော် လည်း ဒါဟာ အချစ်ရဲ့ဆွမ်းအားတစ်ခုပဲ ဖြစ်ပါသည်။

သူက ဆယ်တန်းအောင်ပြီးသွားသောအခါ ရန်ကုန် မှာပဲ ကျောင်းဆက်တက်ဖို့ နယ်ကနေ၍ ရောက်လာခဲ့တာဖြစ် သည်။ တကယ်တော့ သူ ရန်ကုန်ကို ရောက်လာခဲ့တာဟာ ကျောင်းတက်ချင်တာ တစ်ခုတည်းသက်သက်အတွက်တော့ မဟုတ်





စာရေးဆရာတစ်ယောက် အင်မတန် ဖြစ်ချင်သော သူ့ ရန်ကုန်သည် အိပ်မက်တို့နှင့် အနီးစပ်ဆုံး မြို့တစ်မြို့ သည်။

ဒါကြောင့် သူဟာ လှည်းတန်းရှိ အဆောင်တစ်ခု နေခဲ့လျက် ဒဂုံတက္ကသိုလ်၌ အဝေးသင်တက်ခဲ့ရင်း တစ်ဖက် သူစိတ်ဝင်စားသော အင်္ဂလိပ်စာသင်တန်းနှင့် ဓာတ်ပုံ သင်တန်းကို တက်ခဲ့သည်။ ပြီးတော့ ကဗျာတွေ၊ ဝတ္ထုတွေ မဂ္ဂဇင်းတွေထဲသို့ ပို့သည်။ ခင်ရာမင်ရာ စာပေသမား နှင့် မိတ်ဖွဲ့ကာ သူ လေးစားအားကျရသော စာပေအသိုင်း သို့ တိုးဝင်လေ့လာခဲ့သည်။ မုဏ်းဘရဏီ ဆိုသည့် သူ့ချစ်သူ လာမည့် မိန်းကလေးကိုတော့ အင်္ဂလိပ်စာသင်တန်းမှာပဲ ဆုံခဲ့တာ ဖြစ်ပါသည်။

အရပ်မြင့်မြင့်နှင့် စမတ်ကျကျ နေတတ်သော မုဏ်း လက်လက်ဖြာနေသည့် တောက်ပသော မျက်ဝန်းများဖြင့် ည်မှန်းချက်ကြီးသော မိန်းကလေးတစ်ယောက် ဖြစ်လေ ။

လူကိုကြည့်လျှင် မျက်လုံးပင့်ကာ ကြည့်တတ်သော၊ နှုတ်ခမ်းကို ချွန်ပြီးမှ ပြုံးတတ်သော အဲဒီပုံစံကို အမြင် ည်ကြားထဲမှ သူဟာ ဘယ်လို ချစ်မိသွားခဲ့သလဲတော့ တတ်ပါ။ တွေ့ဆုံပြီး ခုနစ်လလောက် အကြာတွင် သူနဲ့ ချစ်သူတွေ ဖြစ်သွားခဲ့ကြသည်။ အဲဒီအချိန်တွင် သူက



www.burmeseclassic.com

www.burmeseclassic.com



မဂ္ဂဇင်းတွေထဲတွင် ဝတ္ထုတိုလေးတွေ၊ ကဗျာလေးတွေ တစ်ပုဒ် နှစ်ပုဒ်စ ပါသော လူမသိ သူမသိ စာရေးဆရာပေါက်စလေး သာ ရှိသေးသည်။

မုဏ်းကတော့ သင်တန်းတွေပေါင်းစုံ လျှောက်တ နေသည့် ရည်မှန်းချက် ကြီးလွန်းသည့် ကောင်မလေးတစ်ဦး သူ့ကိုလည်း သူမလိုပင် စီးပွားရေးကို စိတ်ဝင်စားစေချင်သော သူတစ်ယောက် ဖြစ်သည်။

ဒီလိုနှင့် စိတ်သဘောချင်းက အစတည်းမှ မတိုက် ဆိုင်ခဲ့သော၊ ရန်ဖြစ်လိုက် ပြန်ချစ်လိုက် ဟူသော အခြေအနေတစ် ဖြင့် ခရီးဆက်ခဲ့ကြရာမှ ဝတ္ထုတိုလေးတွေရေးရင်း နှစ်,နှစ်ခ အကြာတွင် သူက ထုတ်ဝေသူတစ်ယောက်နှင့် ဆက်သွယ်မိလျှ စာအုပ်တွေ ထုတ်ဖြစ်သွားခဲ့သည်။

သူ့ရဲ့ ပါရမီနှင့် ကြိုးစားမှုကြောင့် ဟူ၍ပဲ ပြော မည်လား။ လူငယ်စာရေးဆရာတစ်ယောက်ဖြစ်သော သူ့ရဲ့လွ လပ်သန့်စင်စွာ ဖန်တီးထားသော ရင်ခုန်သံမွှန်းနေသည့် စာအု တွေကို ပရိသတ်က တခဲနက် အားပေးခဲ့ကြသည်။ လုံးချင်းဝတ္ထု ငါးအုပ်လောက်မှာတင် သူကား ပရိသတ်အားပေးမှုကို အခိုင်အမာ ရရှိသွားသော စာရေးဆရာတစ်ယောက် ဖြစ်လို့သွားသည်။

ထိုအချိန်တွင် မုဏ်းကလည်း ဟိုတယ်တစ်ခု၌ လစာငွေ ကောင်းကောင်းရသော လက်ထောက်မန်နေဂျာ တစ် ယောက် ဖြစ်လို့နေပေပြီ။ နှစ်ယောက်စလုံးဟာ ကိုယ့်ခြေထောက်





ကိုယ်ရပ်တည်နေနိုင်ကြလျက် အိမ်ထောင်တစ်ခုကို ထူထောင် တွက် ငွေကြေးလည်း လုံလောက်ပြည့်စုံနေခဲ့ပြီ။

ချစ်သူသက်တမ်းလည်း သုံးနှစ်ရှိလာခဲ့ပြီမို့ လက် ဖို့ အရေးကိစ္စတွေကို ဆွေးနွေးခဲ့ကြပြီ။ ဒီတော့မှ သူတို့နှစ် ကြားတွင် လုံးဝစေ့စပ်၍ မရတော့သော အလွဲတစ်ခုကို င်သိလိုက်ရတာ ဖြစ်သည်။

"လက်ထပ်ဖို့ အစီအစဉ်ကို ခြောက်လလောက် နောက် ဆုတ်ကြရအောင် မွန်း(moon)"

မုဏ်းက သူ့ရဲ့နာမည် ခေတ်လမင်းကို အကြောင်း တာ မောင်လို့ မခေါ်တတ်ဘဲ မွန်း ဟူသာ ခေါ်တတ်သူ ဖြစ် သည်။

"ဘာဖြစ်လို့လဲ မုဏ်း"

သူက နားမလည်သလိုမေးလျှင် မုဏ်းက ချော့မြှူ သော မျက်ဝန်းများဖြင့် ကြည့်လာလျက် ...

"မွန်းကို ကျွန်မ အမြဲပြော,ပြောနေတဲ့ စကားရှိတယ် မဟုတ်လား။ ကျွန်မက ဘဝကို ဒီ့ထက် မြင့်မားသထက် မြင့်မားချင်တဲ့ မိန်းမလေ ...

ကျွန်မရဲ့ အရည်အချင်းတွေကို ဒီမှာပဲ ရပ်တန့်ထား ချင်တဲ့သူ မဟုတ်ဘူး၊ ကျွန်မ ဇောရိန်းကို ထွက်ဖို့ပြင်နေ တာ အဆင်ပြေသွားပြီ မွန်း"

"အဲဒီတော့ ..."



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ လက်ဆပ်ပြီးရင် ကျွန်မတို့နှစ်ယောက်စလုံး ထွက်မှ ဖြစ်မှာပေါ့ ...

ကျွန်မနဲ့အတူ ရှင့်ကိုပါ လိုက်ခဲ့စေချင်တယ် မွန်း။ ရှင့်အလုပ်ကို ဟိုမှာဆက်လုပ်လို့လည်း ရတာပဲ"

"ဘာလဲ မုဏ်း။ ငါက မင်း ပုံစံချထားတဲ့ ပုံစံခွက်ထဲကို ဆင်းနေရမယ့် သဘောလား"

"ကျွတ် ... ကျွန်မ အဲဒီလို ဆိုနေတာ မဟုတ်ဘူးနော် မွန်း။ ကျွန်မ ပြောတာတွေကို ရှင် အေးအေးဆေးဆေး နားလည်စမ်းပါ။ ကျွန်မတို့ဘဝကို အကောင်းဆုံး တည်ဆောက်ကြဖို့ ပြောနေတာ ...

ရှင် ဒီမှာပဲ တစ်သက်လုံး စာရေးတဲ့အလုပ်ကို လုပ်သွားနိုင်မှာလား၊ မဟုတ်ဘူးတော့ ထင်တယ်နော်။ ဒီတော့ ..."

"တော်ပြီ မုဏ်း။ ဆက်မပြောနဲ့တော့၊ စာရေးတဲ့အလုပ်ကို ကိုယ် ဘယ်လောက် ရူးသွပ်တယ်၊ တန်ဖိုးထားတယ်ဆိုတာ မင်း သိတယ် ...

ဒီတော့ ဆက်မပြောနဲ့တော့ ...

ဒီစာရေးတဲ့အလုပ်ကို လုပ်ချင်လွန်းလို့ကို ငါ ရန်ကုန်ကို ရောက်လာခဲ့တာ"

"ဒီအလုပ်က ရှင့်ဘဝအတွက် ဘယ်လောက်များ အာမခံချက် ပေးနိုင်မှာမို့လို့လဲ"





သူက ထောင်းခနဲ ထွက်သွားသော ဒေါသနှင့်အတူ ...ရဲ့လက်မောင်းနှစ်ဖက်ကို ဆောင့်ဆွဲမိကာ စိတ်ကို ချက် ...သိန်းလျှက် လျှော့ချလိုက်ရသည်။ စိတ်ကို လျှော့လိုက်ရသော် ...ရင်ထဲမှာတော့ မကျေသွားပေ။

"မုဏ်း ... တောက်။ မင်းကွာ ... မင်းဟာ ငါ သိပ်ချစ်ရတဲ့ မိန်းမတစ်ယောက် ဖြစ်နေလို့သာပေါ့ ...

ဒီမှာ မုဏ်း၊ မင်းကို ငါ တစ်ခုပြောမယ်၊ အနုပညာအလုပ်ဆိုတာ အချိန်ကာလတစ်ခုနဲ့ ဆိုင်တယ်ဆိုတာ ငါ လက်ခံတယ်။ အေး ... အဲဒီ အချိန်ကာလ တစ်ခုမှာပဲ အများပရိသတ်ကပေးတဲ့ မေတ္တာဟာ တစ်သက်စာ စားမကုန်တဲ့ ပီတိပဲကွ၊ နားလည်လား ...

မင်းလိုသာ တွက်စတမ်းဆိုရင် အနုပညာဆိုတာ ပေါ်လာစရာအကြောင်းကို မရှိဘူး။ လောမှာ ဘဝအာမခံချက်ရှိတဲ့ အလုပ်ဆိုတာ ဘာကိုပြောတာလဲ ...

မင်းကိုယ် မင်းတောင် မသေဘူးလို့ အာမခံနိုင်လား ...

တစ်နေ့ စွန့်သွားရမယ့် မင်းရဲ့ အပုပ်ကောင် ဒီခန္ဓာကိုယ်ကြီးကိုတောင် မင်း ဘယ်လောက် ပြင်ဆင်ခြယ်သနေရလဲ ...

ဘာအဖိုးမှ မထိုက်တန်တဲ့ ဒီခန္ဓာကိုယ်တောင် မင်း ဒီလောက် မြတ်နိုးနေရင် ငါက စာရေးတဲ့ ငါ့ရဲ့အနု



www.burmeseclassic.com

www.burmeseclassic.com



ပညာကို အသက်ထက် မြတ်နိုးတယ်ကွ နားလည်
သဘောပေါက်ထား"

သူ့ရဲ့ လက်ညှိုးငေါက်ငေါက်ထိုးကာ ရဲရဲတော
ပြောသော အပြောကို မုဏ်းကလည်း မှိုးဝင်းဝင်းတောက် မျက်
များဖြင့် ပြန်ကြည့်ကာ ...

"သဘောပေါက်တယ်၊ ရှင် ကျွန်မကို ဘာမှလာအော်
စရာ မလိုဘူး ခေတ်လမင်း ...

ကဲ ... ဒါဆို ပြော၊ ရှင်နဲ့ ကျွန်မရဲ့ဇာတ်လမ်း
ဒီမှာပဲ ပြီးပြီမဟုတ်လား"

"ဒါကတော့ မင်း ဆုံးဖြတ်ရမယ့် အပိုင်းပဲ"

သူမက မဲ့ပြုံးတစ်ခုကို အားရပါးရ ပြုံးကာ –

"ကျွန်မကတော့ ကျွန်မဖြစ်ချင်တဲ့ဘဝကို ဆက်သွားရမှာ
လေ။ ကျွန်မဆုံးဖြတ်ချက်က အစောကြီးထဲကချပြီးသား"

"ငါကလည်း မင်းနဲ့အတူ ဟိုကို မလိုက်နိုင်ဘူးလေ
ဒီတော့ ဘာဆုံးဖြတ်ချက်မှ ချစရာတောင် မလိုတော့
ဘူး။ ကိုယ့်လမ်းကိုယ် ဆက်လျှောက်ကြရုံပေါ့"

မုဏ်းသည် ဒီလိုစကားတွေ ပြောထွက်ရက်သော
သူ့ကို နာကြည်းသော မျက်ဝန်းများဖြင့် စူးစူးနစ်နစ် စိုက်ကြည့်
လို့နေလေသည်။ အဲဒီမျက်ဝန်းများကြောင့် သူ့နှလုံးသားတွေ
ဆစ်ခနဲ ဖြစ်သွားသော်လည်း သူက အဲဒီဝေဒနာကို ဥပေက္ခာ
ပစ်လိုက်သည်။





အချစ်ဝတ္ထုတွေရေးသော စာရေးဆရာတစ်ယောက်
သားဟာ မာကျောလွန်းနေတာတော့ သူ့ကိုယ်သူလည်း
ရသည်။ သို့သော် ဒါဟာ နဂိုဗီဇနှင့်လည်း ဆိုင်ပါမည်။

"ကောင်းပြီလေ၊ ကျွန်မတို့တစ်တွေ နောင်တမရကြကြေး
နော်"

မုဏ်းက သူ့မျက်ဝန်းများထဲသို့ အေးစက်စွာ စိုက်
င်း ပြောပြီးနောက် ချာခနဲ လှည့်ထွက်ကာ ကျောခိုင်းသွား
သူ့ရင်ထဲတွင် သေချာစွာ သိလိုက်သည်မှာ မုဏ်းဟာ
ခံလုံးအတွက်ပါ ကျောခိုင်းသွားခဲ့ပြီ ဆိုတာပဲ ဖြစ်ပါသည်။

ချစ်သူနှစ်ယောက်အတွက် အရေးပါသည့် ကဏ္ဍ
နေရာမှာရှိသည့် နားလည်မှု ဆိုတာသည် သူတို့နှစ်ယောက်
က်တော့ အပြီးတိုင် ပြိုကျပျက်စီးသွားခဲ့ပြီဖြစ်သည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၁၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



“တကယ်ပဲ မင်းတို့ဇာတ်လမ်းက ဒီလိုပဲ ပြီးသွားတာလား
လမင်းရာ”

ဝဏ္ဏက စိတ်မသက်သာဟန်ဖြင့် မေးလျှင် သူ ဘာမှတောင် ပြန်မဖြေနိုင်ဘဲ အရှေ့မှ အရက်ခွက်ကိုယူလျ တစ်ရှိန်ထိုး မော့သောက်ပစ်လိုက်သည်။ သောက်လေ့သောက် မရှိသော အရသာဟာ ရင်ထဲသို့ ချော်ရည်တစ်စင်း ဖြတ်စီးသွား သလို ပူပြင်းကျွမ်းရှသွားစေသည်။

ကျွမ်းသွားပါစေ နှလုံးသားတွေ။

ဒီနေ့ဟာ မုဏ်း တစ်ယောက် အမေရိကား ထွက်ခွာသွားသည့်နေ့ ဖြစ်သည်။ သူဟာ အသည်းမာသယော ယောင်ဖြင့် လေဆိပ်သို့ပင် လိုက်ပို့သေးလျက် အိမ်ပြန်ရော တော့မှ အကြီးအကျယ် ပေါက်ကွဲတော့တာဖြစ်သည်။

ဒီရေ ဒီမြေမှာ မုဏ်း မရှိတော့ဘူး။ သူနှင့် မု ဟာ အပြီးတိုင် ဝေးသွားကြပြီဆိုသော အသိသည် အခုမှပဲ ကို အကြီးအကျယ် ဖိစီးနှိပ်စက်တော့တာ ဖြစ်ပါသည်။ အ





း ဘုန်းကတော့ တစ်ယောက်နှင့်တစ်ယောက် အထိမနာ,နာ အောင်ပြောကာ မာနတွေ ပြိုင်ခဲ့ကြတာမို့ ဒီလောက်ကြီး မဟုတ် သေး။

အခုတော့ သွေးအေးစပြုသွားသလို အနားမှာ ချစ်သူ ရှိတော့ဘူး ဆိုတဲ့အသိဟာ ခိုင်မာသွားတော့မှ သူ့နှလုံးသားတွေ ပျပ်လူးတော့တာဖြစ်သည်။ ဘယ်လောက်ပဲ အသည်းမာပါ ယ်ပဲဆိုဆို သူဟာ တကယ်ချစ်ခဲ့သူမို့ ဒီအချိန်မှာ တကယ်ပဲ းရသည်။ ပြီးတော့ သူနဲ့ မုဏ်းရဲ့ ချစ်ခဲ့ကြသော အချိန်တွေ တစ်ခဏလေး မဟုတ်ခဲ့။ သုံးနှစ်ဆိုသော အချိန်ကာလသည် သူနှစ်ယောက်အတွက် အချစ်တွေကို တိုးစေရုံသာမက သံယော တွေ၊ တခြားသမုဒယတွေကိုပါ ဖွဲ့တည်စေသည်။

လက်ထပ်ဖို့အထိ ရည်ရွယ်ချစ်ခဲ့သော ချစ်သူတစ် ယောက်နှင့် လမ်းခွဲနှုတ်ဆက်ခဲ့ရခြင်း၌ သူ့နှလုံးသားဟာ ဘယ် မပြစ်ဘဲ နေနိုင်လောက်သည် အထိတော့ သူလည်း မရင့်ကျက် ချေ။ တကယ်ချစ်ခဲ့တော့ တကယ်ခံစားရတယ် မုဏ်းရယ်။

“သူ ငါ့ဘဝထဲက တကယ်ပဲ ထွက်သွားရက်တယ်ကွာ”

သူက ဝမ်းနည်းနာကျင်ရသော အသံနှင့် ရေရွတ် ် ဝဏ္ဏက စိတ်ရှုပ်ထွေးသော အရိပ်သဏ္ဌာန်ဖြင့် တုံ့ပြန်ကြည့် …

“မင်းတို့က မလိုလားအပ်တဲ့ မာနတွေ ပြိုင်နေကြတာကိုး ကွ”



www.burmeseclassic.com

www.burmeseclassic.com

"ဟာ ... မင်း ငါ့ဘက်ကိုလည်း စဉ်းစားပေးဦးလေ၊ က ငါ့ကို စောစောစီးစီးတည်းက ဖွင့်ပြောထားခဲ့တာလ မဟုတ်ဘူး ...

အနီးကပ်ကျတော့မှ ငါ့ကို ခေါက်ဖြုတ်တာ။ ပြီး ကွာ သူက ဟိုမှာ သူ့အလုပ်နဲ့သူ ငါက လိုက်သွား ဘာလုပ်ရမှာလဲ ...

ငါမှ အဲဒီအလုပ်တွေကိုလုပ်ဖို့ စိတ်မဝင်စားတာ မင်းလည်း ငါ့အကြောင်းကို သိပါတယ်။ ငါ ဒီလိုဘ ရောက်လာဖို့ ဘယ်လောက်အထိ မျှော်လင့်ခဲ့ရလဲ၊ ကြိုး ခဲ့ရသလဲ ...

ဒါတွေကို စွန့်လွှတ်ပြီး ငါက ဟိုကို သူနဲ့လိ နေဖို့ဆိုတာ ဖြစ်သင့်လားကွာ"

ဝဏ္ဏက ဘာမှမပြောတတ်သလိုနှင့် ခေါင်း တွင်တွင်ခါယမ်းနေသည်။ ဝဏ္ဏသည် သူ ရန်ကုန်ရောက်ခါ တည်းက အဆောင်တစ်ခုတည်းက တစ်ခန်းတည်း အတူနေခဲ့ကြသော သူငယ်ချင်းဖြစ်သလို၊ သူ အိမ်ဝယ်ပြီး သောအခါမှာလည်း သူနှင့်အတူ လိုက်နေပေးသော အချ သူငယ်ချင်းတစ်ယောက် ဖြစ်သည်။

သူနှင့် စရိုက်ချင်း မတူသော်လည်း နားအေး အေးရှိကာ စိတ်သဘောထား ကောင်းမွန်သောကြောင့် ပေါင်းသ လို့ ဖြစ်နေခြင်းပင်။





"မင်း ဟိုမှာ စာဆက်ရေးလို့လည်း ရတာပဲ"

"မင်း ပြောတော့ လွယ်လွယ်လေးနော် ဝဏ္ဏ။ အဲဒါက အင်မတန် နားလည်မှုကြီးတဲ့ ပါရမီဖြည့်နိုင်တဲ့သူတွေမျိုး မှ လုပ်နိုင်ကြတဲ့ အလုပ်တွေပါကွာ ...

ငါ့ကိုယ်ငါ သိတယ်။ အဲဒီအရပ်ဒေသမှာ ငါ ဘယ် လိုမှ ပျော်မှာမဟုတ်ဘူး။ ငါမနေချင်တဲ့ အရပ်ဒေသမှာ နေ,နေရမှတော့ ငါ့စိတ်တွေ ကြည်သာပါဦးမလား။ စိတ် မကြည်သာဘဲနဲ့ ငါ ဘယ်လိုလုပ် စာရေးရမှာလဲ။ ဒီမှာ ငါ အောင်မြင်လာတဲ့ နှစ်ကတောင် လက် ငါးချောင်း မပြည့်သေးဘူး။ ငါ့ကို အရမ်းအားပေးတဲ့ ပရိသတ်တွေနဲ့ ဝေးတဲ့နေရာတစ်ခုမှာ ငါ မနေနိုင်ဘူးကွာ"

"အင်းလေ ... မင်းဘက်က ကြည့်တော့လည်း မှန်နေတာ ပါပဲ"

"နောက်တစ်ခုက သူက အရမ်း ရည်မှန်းချက် ကြီးတယ်၊ ကြီးတယ် ဆိုတာထက် ပြင်းထန်တာ၊ ငါက အဲဒါကြီးကို သဘောမကျဘူးကွာ ...

ငါက အေးအေးချမ်းချမ်းလေး စာရေးနေရရင် ကျေနပ်တဲ့ကောင်၊ သူက အရမ်းထင်ပေါ်ချင်ပြီး ဘဝကို မြင့်မြင့်ကြီး တွေးထားတတ်တဲ့သူ ...

ဟူး ... ဘယ်လိုလုပ် ဆက်ညှိရတော့မှာလဲကွာ"


www.burmeseclassic.com

www.burmeseclassic.com

သူက စကားဆုံးသွားလျှင် နောက်တစ်ခွက် ထပ်မှာမိသည်။

"ဟော့ကောင် ... တော်တော့ကွာ။ မင်းက သိပ်သော ... တာလည်း မဟုတ်ဘဲနဲ့"

"သောက်ပါရစေကွာ။ ငါ မူးချင်လို့ပါ။ ငါ မူးသွားမှ ... ကို မေ့သွားမှာ၊ ငါ မူးပြီး မှောက်သွားရင်သာ အိပ်ရာ ... ပို့ပေး ...

ဒီလောက်တော့ မင်း ဖြစ်တယ် မဟုတ်လား ... အေ့"

ဝဏ္ဏက စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းခါသည် ... သူက တစ်ခွက်ပြီး တစ်ခွက် ဆင့်သောက်ရင်းမှ ခေါင်းထဲတွ ... ရီဝေမူးနောက်လာသည်။ မျက်လုံးထဲတွင် မုဏ်းရဲ့ပုံရိပ်တွေ ... ချာချာလည်နေကာ သူ့အဖြစ်ကို လှောင်ပြောင်ရယ်မောနေသ ... ပဲဖြစ်သည်။

"မုဏ်း ... မင်း တကယ်ရက်စက်တဲ့ မိန်းမ။ ဟင် ... ပြောတော့ ငါ့ကို သိပ်ချစ်ပါတယ်ဆို၊ ရန်တစ်ခါဖြစ်တိုင် ... ပိုပိုတိုးချစ်ရပါတယ်ဆို ...

မင်း ငါ့ကို တကယ်ပဲ ထားသွားရက်တယ် မုဏ် ... ရယ်။ ငါ ဘယ်လိုဆက်ရှင်သန်ရမလဲ"

"ကျွတ် ... အော်မနေပါနဲ့တော့ကွာ၊ မင်း အိပ်တော ... သူငယ်ချင်း၊ ငါ အခန်းထဲကို တွဲပို့ပေးမယ်"





"ဟော့ကောင် ... မင်းက ဘာလဲ၊ ငါ့ကို စိတ်မရှည်တဲ့အထာ လား။ ဒီမှာ ဝဏ္ဏ ... မင်း ငါ့ရင်ဘတ်ကြီးထဲကို ဝင်ကြည့် ပါဦး။ ဝင်ကြည့်စမ်းပါဦး။ မီးတွေတောက်နေတယ်ကွ ... နားလည်လား"

"နားလည်ပါတယ်ကွာ၊ နားလည်တယ်။ ဟင်း ... ခက် လိုက်တာ လမင်းရာ။ မင်းတို့က ကိုယ့်ကိုယ်ကိုယ် နှိပ် စက်နေကြတဲ့ သူတွေကိုး ...

မင်း သူ့ကို ဒီလောက်ချစ်နေမှတော့ သူလည်း မင်းကို ချစ်ခဲ့မှာပဲ။ ဒါနဲ့များ ပြေလည်အောင် မညှိခဲ့ကြ ဘဲနဲ့ ...

အခုလည်း နောက်မကျသေးပါဘူး၊ မင်း တောင်းပန် မယ်ဆိုရင်"

"ဟော့ကောင် ... မင်း ဘာစကားပြောတာလဲ၊ ငါ ယောကျ်ား ကွ ယောကျ်ား၊ နားလည်လား။ ကိုယ့်ကို စွန့်နိုင်လို့ စွန့် ခွာသွားတဲ့ မိန်းမတစ်ယောက်ကို ခြေသလုံးဖက်တောင်း ပန်ပြီး ဆွဲထားရအောင် ငါ မမိုက်မဲသေးဘူး ...

မုဏ်းဘရဏီ ... မင်း ရွေးထားတဲ့လမ်းမှာ မင်း ပျော်မှာလား။ တကယ်ပဲ မင်း ပျော်နိုင်မှာလား။ မုဆိုး တစ်ပိုင်း မိန်းမရိုင်းကြီးရဲ့၊ ဟင် ... ပြောခဲ့ပါဦး"

သူဟာ ဆက်ပြီးတော့ ဘာတွေပြောနေမှန်းလဲ သူ့ ...ယ်သူ မသိတော့ချေ။ သူသိတာက သူ့အသိဉာဏ်တွေ လုံးဝ



www.burmeseclassic.com

www.burmeseclassic.com

ကို ပိန်းမှောင်စ ပြုလာပြီဆိုတာပဲ ဖြစ်သည်။ သူ ဘာကိုမှ ဆ[illegible]
တွေး၍ မရတော့။

ခေါင်းငိုက်စိုက်၍ ကျသွားခဲ့ပြီးနောက် သူ့ရဲ့ဆ[illegible]
ပြည့်ဝစွာပင် ...

လောကကြီးတစ်ခုလုံးနှင့် အဆက်အသွယ် ပြတ်သွ[illegible]
ခဲ့လေသည်။

---

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။





## ချစ်ခြင်းယဉ်ကျေးမှု(၂)

❣ ဝတ်မှုန်တွေ အလှာကျူးတဲ့
တို့နှစ်ယောက် နှုတ်ခမ်းက
ချစ်တတ်တဲ့ သံစဉ်တွေကြားမှာ
တွေ့ရှိခဲ့တဲ့ သံယောဇဉ်ရတနာတွေ။

❣ မင်းရော ... ငါရော ...
အတူသုံးစွဲခဲ့လို့
အဝေမတည့်တဲ့ အခါမှာလည်း
ရန်ဖြစ်ပြီးရင် ပြန်ချစ်
ဒီစနစ်နဲ့ အချစ်တွေ သက်တမ်းရှင်ခဲ့တယ်။

❣ ဒါဆို အချစ်ဆိုတာ ဝိုင်တစ်ခွက်လိုလား
တို့နှလုံးသားတွေကို မူးယစ်ရီဝေစေလို့
သက်တမ်းရှည်တဲ့ အတွက်လည်း
ဂုဏ်ရှင့်စေတယ် မေ။


www.burmeseclassic.com

www.burmeseclassic.com

❣ သုံးနှစ်ပြောင်းခဲ့လည်းပဲ
ငါ့နှလုံးသားမှာ မင်းက အေးမြဆဲပဲ ...
ဆယ်မိုးမကလည်း
မင်းရဲ့နှလုံးသားမှာ ငါ တည်နေပါရစေ။

(မှုပိုင် – ခေတ်လမင်း)





## ၂

မုဏ်း ထွက်သွားပြီး တစ်လခန့်ရှိတဲ့အထိ သူ စာ ရေးနိုင်ခဲ့ချေ။ ဘာရေးလို့ ရေးရမှန်းလဲ မသိ။ ဝတ္ထုအသစ်စ,ဖို့ ပြောနဲ့ လက်ရှိရေးနေသော ဝတ္ထုကိုပင် အဆုံးမသတ်နိုင်သေး။ သူ့စိတ်တွေသည် ဘာကိုမှ မရှိတော့သလို ဟင်းလင်းပြင် ဖြစ်နေကာ ရင်ထဲမှာလည်း ဘာမှ မရှိတော့အောင်ကို ဟုန်နေသည်။

ဒီအချိန်မှာပဲ သူ့အခြေအနေကို လက်ပိုက်ကြည့် နေနိုင်တော့သော သူ့ထုတ်ဝေသူက ဖျောင်းဖျပြောဆိုလာတာ ဖြစ်သည်။ သူ့ထုတ်ဝေသူနဲ့ သူသည် တစ်ယောက်နှင့် တစ်ယောက် အင်မတန် နားလည်မှု ရှိကြကာ၊ ထုတ်ဝေသူ ကိုယ်တိုင်ကလည်း ငယ်စာပေသမားတစ်ယောက်ဖြစ်၍ ဒီအချိန်မှာ သူ့ခံစားချက် တွေကို နားလည်သည်။


www.burmeseclassic.com

www.burmeseclassic.com



"ဖိုးလမင်း ဘယ်လိုခံစားနေရသလဲ ဆိုတာ ကိုယ်နား လည်ပါတယ်ကွာ။ ဒါပေမဲ့ ဖိုးလမင်းလည်း ရည်မှန်းချက် ကြီးတဲ့ ခေတ်လူငယ်တစ်ယောက်ပဲ ...

အသည်းကွဲလို့ အလုပ်မလုပ်နိုင်ဘူးဆိုတာ ဖိုးလမင်း ရဲ့ ဝတ္ထုတွေထဲမှတောင် ထည့်ရေးခဲ့ဖူးလို့လား"

"ကျွန်တော့်စိတ်တွေ အရမ်းလေနေတယ် ကိုကျော်ဇင်ရာ"

"ဖြစ်နိုင်ပါတယ်။ ဒါကြောင့် ဖိုးလမင်းကို ကိုယ် အကြံ တစ်ခုပေးချင်တယ်။ ဖိုးလမင်းလည်း ခရီးမထွက်ဖြစ်တာ ကြာပြီလေ ...

ဒီတော့ စိတ်တွေလည်း Relax ဖြစ်သွားအောင် တစ်နေရာရာကို ခရီးထွက်လိုက်ပါလား။ ခရီးထွက်ပြီး စာရေးချင်ရင်လည်းရေး၊ မရေးချင်ရင်လည်း ကောင်းကောင်း အနားယူလိုက်ပေါ့ ...

ပြီးရင် လူသစ် စိတ်သစ်နဲ့ ပြန်လာခဲ့ပေါ့။ ကိုယ် ပြောချင်တာ တစ်ခုက စိတ်တိုင်းကျ ရွေးချယ်တည်ဆောက် ထားတဲ့ ဘဝတစ်ခုမှာ ပျော်ရွှင်အောင်နေပါ၊ အမိပ္ပာယ်မရှိ အောင်နေပါ ဆိုတာပါပဲ"

"ဟုတ်တယ် လမင်း။ မင်းကိုလည်း ငါ ခရီးထွက်စေချင် တယ်။ တစ်နေရာမှာ အေးအေးဆေးဆေး အနားသွားယူ ပြီး စိတ်အေးလက်အေး စာရေးပါလား ...

ဒီမှာကျတော့ မင်း စိတ်တွေ သိပ်မွန်းကျပ်နေမှာပေါ့"





သူက ဝင်ပြောပေးသော ဝတ္ထုရဲ့စကားကို ထောက်ခံ ...ဖြင့် ခေါင်းတဆတ်ဆတ် ညိတ်မိသည်။ တကယ်လည်း ...ခံမှာ သူ့စိတ်တွေ မွန်းကျပ်နေသည်။ အိမ်ထဲမှာနေတော့ ...း စာရေးချင်စိတ် မရှိသလို အပြင်ကို ထွက်တော့လည်း ...ကို သတိရတဲ့စိတ်ကသာ ကြီးစိုးနေသဖြင့် နေရတာ သွား ...တော အဆင်မပြေ။

တကယ်တော့ သူလည်း တစ်နေရာရာကို စိတ်ပြေ ...ပျောက် ခရီးထွက်ချင်နေခဲ့တာ ဖြစ်ပါသည်။

"ကျွန်တော် ခရီးထွက်ဖို့ စဉ်းစားထားပါတယ်"

ကိုကျော်ဇင်က သူ့စကားကို ပြုံးပြီး လက်မတစ်ချက် ...င်ပြကာ ...

"ဟုတ်ပြီ၊ ဘယ်ကိုသွားမလဲ။ ရှမ်းပြည်နယ်ဘက် သွား မလား။ beach တွေဘက် သွားမလား။ ဟိုတယ်ကောင်း ကောင်းရှိပြီး စားရေးသောက်ရေးပါ အဆင်ပြေတဲ့နေရာ ကို ရွေးပေါ့"

"ရှမ်းပြည်နယ်နဲ့ beach တွေဘက်တော့ ကျွန်တော်မသွား ချင်တော့ဘူး၊ ဆောင်းတွင်းဆိုတော့ ဟိုဘက်မှာ ကျွန်တော် အအေးဒဏ်ခံနိုင်မှာ မဟုတ်ဘူး ...

ကျွန်တော် အိမ်ကိုလည်း ခဏပြန်ချင်တယ်။ ဒါပေမဲ့ ပြည်လမ်းအတိုင်းပဲ ပုဂံကို အရင်သွားမယ်၊ ...မှာ လေ့



www.burmeseclassic.com

www.burmeseclassic.com



လာချင်တာတွေလည်း ရှိတော့ ပုဂံမှာပဲ အေးအေးဆေးဆေး အနားယူတော့မယ်။ ခါတ်ပုံလည်း ရိုက်ရင်းပေါ့။ ပြီးတော့မှပဲ မန္တလေးကနေ မုံရွာပြန်မယ် ...

အဖေနဲ့ အမေကိုခေါ်ပြီး မန္တလေးမှာ တစ်ပတ်လောက် နေပြီးတာနဲ့ မန္တလေးဘက်ကပဲ ရန်ကုန် ပြန်ခဲ့တော့မယ်"

ကိုကျော်ဇင်ကတော့ သူ့စကားကို ထောက်ခံဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်သည်။ ဝဏ္ဏသည် လက်ဖဝါးတစ်ဖက်ထဲသို့ လက်သီးတစ်ချက် ထိုးထည့်ရင်း ...

"ဟာ ... မင်းက သွားမယ့်သွားတော့လည်း နေရာအနှံ့ပဲကွာ၊ မင်း မုံရွာပြန်မယ်ဆို ငါလည်း လိုက်ချင်တာပေါ့။ ငါလည်း မြင်းမူကို မရောက်တာ ကြာနေပြီ"

ဝဏ္ဏက ကြိတ်မနိုင်ခဲမရ အသံဖြင့် မချိတင်ကဲပြောလျှင် သူ့မှာ အခုမှ ပြုံးနိုင်တော့သည်။ သူ့ရဲ့ဇာတိမှာ မုံရွာဖြစ်လျက် ဝဏ္ဏက မြင်းမူမြို့က ဖြစ်သည်။ သူ့မိဘတွေရဲ့ လက်ငုတ်လက်ရင်း စီးပွားရေးဟာလည်း အင်မတန်အဆင်ပြေကြွယ်ဝသူတွေ ဖြစ်တာရော၊ မိဘတွေဟာ အညာသူ အညာသားတွေပီပီ ဇာတိရပ်ရွာကို ခင်တွယ်လွန်းတာရောကြောင့် သူနှင့်အတူ ရန်ကုန်ကို လာနေဖို့ဆိုတာ ဘယ်လိုမှ ခေါ်၍မရသောသူတွေ ဖြစ်သည်။





တစ်သက်လုံးနေဖို့ မဆိုထားဘိ၊ တစ်လပြည့်အောင် မနေနိုင်ကြချေ။ သူတို့လူငယ်တွေကသာ အနာဂတ်ရည်မှန်း ...်တွေအတွက် ဇာတိမြေကို စွန့်ခွာထားခဲ့ရသူတွေ ဖြစ်လေသည်။

"ဒါဆိုလည်း လိုက်ခဲ့လေကွာ။ မင်းကို ဘယ်သူက မလိုက်နဲ့လို့ ပြောနေလို့လဲ"

သူ့ရဲ့ ဘုတောသံကို ကိုကျော်ဇင်က ရယ်နေပေ ... ဝဏ္ဏကတော့ ရှုံ့မဲ့ကာ သူ့စိတ်ချည်းပဲဟု ပြောသည်။ ...ျှင်လည်း ...

"မင်းတို့လို လွတ်လပ်တဲ့ဘဝ မဟုတ်လို့ပေါ့ကွ။ အဲဒီလောက် ရက်ရှည်ကြီး ဘယ်လိုလုပ် ခွင့်ယူလို့ရမှာလဲ။ ခရစ္စမတ်နဲ့ နယူးရီးယားပေါင်းပြီး ဟောလီးဒေးလည်း ပေးဦးမှာဆိုတော့ ဘယ်လိုမှ ခွင့်ယူလို့ရမှာ မဟုတ်ဘူး"

"အေးပါကွာ၊ အဲဒီကျမှ မင်းကို ချောင်းသာလိုက်ပို့ပါ့မယ်"

"နေပါ မောင်ရာ။ မင်းဟာမင်းသာ အဆင်ပြေအောင် နေခဲ့စမ်းပါ"

"ငါ တစ်လလောက်တော့ ကြာမှာနော်။ အဲဒီထက် ပိုဖို့ပဲ ရှိတယ်၊ မင်း တစ်ယောက်တည်း ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်ကွာ၊ နောက်ဆံတင်းမနေစမ်းပါနဲ့။ အေးအေးဆေးပဲ၊ မင်းသာ အားလုံးစွန့်ပြီး အသစ်အတိုင်း ပြန်လာခဲ့။ ဟုတ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ၊ ကဲ ... ကိုကျော်ဇင်၊ ဒါဆို ကျွန်တော်
ထွက်ဖို့ ပြင်တော့မယ်၊ ရှေ့တစ်ပတ်လောက် ထွက်
မယ်၊ လိုတာရှိရင် ကျွန်တော့်ဖုန်းကို လှမ်းဆက်လိုက်
"လိုတာမရှိပါဘူးကွာ၊ မင်းသာ စိတ်ချမ်းသာစွာနဲ့ ပြန်
ခဲ့ပါ။ တစ်ခုခု ခံစားမယ်ပြင်တိုင်း ငါ့ကို အားပေးနေ
ပရိသတ် ရှိပါလားဆိုပြီး အားတင်းလိုက်ပေါ့။ အဟဲ
ထုတ်ဝေသူမို့ ဒီစကားကို ပြောတာ မဟုတ်ဘူးနော်

ဒီခံစားချက် ဒီဖီလင်တွေကလည်း ယူတတ်
မင်းအတွက် ကုန်ကြမ်းတွေပဲ မဟုတ်လား။ ကိုယ်
တယ်၊ အခုနောက်ပိုင်း မင်းရေးတဲ့စာတွေက ပိုမိုက်
မယ် ထင်တယ်။ အနုပညာသမားတွေ အသည်းကွဲရင်
များတွေထက် ပိုအလုပ်ဖြစ်တယ်ကွ ...

အနှစ်တွေကိုပဲ ထုတ်သုံးတာကိုး ... ဟား ဟား

သူက ကိုကျော်ဇင်ရဲ့ ရယ်သံဝါဝါကြီးကို အီလည်
လည်ကြီးနှင့်သာ ပြုံးနေရလေသည်။ တကယ်လည်း ကိုကျော်
ပြောသောစကားဟာ မမှားချေ။ ဒီခံစားချက်တွေဟာ သူ စာ
သောနေရာမှာတော့ ကောင်းကောင်း အသုံးဝင်ပါသည်။

"ကျွန်တော့်ကို နားလည်ပေးတဲ့ ကိုကျော်ဇင့်ကို ကျေး
တင်ပါတယ်ဗျာ။ ဘာပဲပြောပြော ကျွန်တော့်တာဝန် 
ကွက်သလို ဖြစ်သွားခဲ့တယ်"





သူက ညည်းညည်းညူညူ ပြောလိုက်လျှင် ကိုကျော်
သူ့ပခုံးတစ်ဖက်ကို နွေးနွေးထွေးထွေး ဖျစ်ညှစ်ကာ ...

"မဖြစ်ပါဘူးကွာ။ နှလုံးသားနဲ့ စာရေးတဲ့လူတစ်ယောက်
က နှလုံးသားဖျားနေတော့ ဘယ်စာရေးနိုင်ပါတော့မလဲ။
အခု ပုဂံမှာ သွားအနားယူလိုက်ရင် နှလုံးသားက ပြန်နေ
ကောင်းလာမှာပဲပေါ့ ...

နှလုံးသား ဖျားနေတာပါ ညီလေးရာ၊ ဖျားနေတာပါ၊
နေကောင်းသွားမှာပါ"

သူက ကိုကျော်ဇင်ရဲ့စကားကို သဘောကျစွာဖြင့်
ပဲ ရယ်နိုင်တော့လေသည်။ ဟုတ်တယ် ... မုဏ်းနဲ့ လမ်းခွဲ
ကိစ္စတွင် သူ့ကိုယ်သူ အသည်းတော့မကွဲဘူးဟု ထင်သည်။
ကိုကျော်ဇင် ပြောသလို နှလုံးသားက ခဏတာ ဖျားသွား
တာပေါ့။

ဝဏ္ဏပင်လျှင် ကိုကျော်ဇင်ရဲ့ စကားကို သဘောကျ
ခဲ့ဟန်ဖြင့် ...

"ကိုကျော်ဇင်ရဲ့ ဒိုင်တွေက မိုက်တယ်ဗျာ၊ ကိုကျော်ဇင်သာ
စာရေးရင် ဒီထက်အောင်မြင်လိမ့်ဦးမယ်"

"ဟား ... နေပါစေတော့ကွာ၊ ဒီလောက်ဆို ရပါပြီ။ ဟား
ဟား ... ကဲ ... ဒါဆို ကိုယ်ပြန်တော့မယ် ဖိုးလမင်း။
သွားဖို့ရက် အတိအကျ သိရင် ဖုန်းဆက်လိုက်ဦးနော်။
သွားပြီ ... ဘိုင့်ဘိုင်"



www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်ဇင် ပြန်သွားပြီး နောက်ပိုင်းတွင် ...
တစ်ထိုင်တည်းနှင့်ပင် အစီအစဉ်တွေကို ဆွဲလိုက်သည်။ သူ...
တာတွေကို ဝဏ္ဏက ကူညီစဉ်းစားပေးသည်။

"မနက်ဖြန်ကျရင် ကားကို သွားစစ်ရမယ်၊ ညာဘက်...
ပန်းနည်းနည်း ပါးနေပြီဆိုတော့ တာယာလည်း လဲ...
မယ်။ ဝဏ္ဏ ... မင်းက ရှော့ပင်းထွက်နေကျဆိုတော့ ...
ကို လိုအပ်တဲ့ ဆေးလေးတွေ နည်းနည်းဝယ်ပေးထား...
အဓိက,က ရေသန့်ဘူးနဲ့ ပေါင်မုန့်ပဲ"

"ကဲပါကွာ ... မင်းက ကားကိစ္စပဲ တာဝန်ယူထား...
ကျန်တာ ဘာမှစဉ်းစားမနေနဲ့၊ လိုအပ်တာ ငါ အ...
လုပ်ပေးထားမယ်၊ ဟုတ်ပြီလား"

ဒီလိုနှင့် သူသည် တစ်ပတ်အတွင်းမှာပင် လို...
တာတွေအားလုံး ပြင်ဆင်ခဲ့ပြီးလျှင် သူ့ရဲ့နှလုံးသား နာလ...
လာရေး ခရီးစဉ်ကို စတင်ခဲ့လေသည်။

နံနက်ငါးနာရီခွဲတွင် သူမောင်းသော ကားလေး...
ရန်ကုန်မြို့မှ အပြေးပင် စတင်ထွက်ခွာလာခဲ့သည်။ ရန်ကု...
အတွက် တိုးဂိတ်အလွန်မှ စတင်၍ လတ်ဆတ်သန့်ရှင်း...
လေထုနှင့် စိမ်းလန်းနေသော ဝန်းကျင်သစ်သည် သူ့ကို အ...
အလွှားပင် ဆီးကြိုနှုတ်ဆက်သည်။

ထွက်ပေါ်စပြုဆဲဖြစ်သော နေမင်းကြီးကလည်း ...
ရဲ့ခရီးစဉ်အတွက် အားသစ်တွေ မွေးဖွားပေးနေသလိုပင်။ ...





...သော စပါးခင်း၊ တောက်ပသော နေမင်း၊ သာယာသော
...ခင်း၊ တေးဆိုသော ငှက်ငယ်တွေကြားတွင် သူ့နှလုံးသား
...လုံး အသက်ရှူဝ၍လာသည်။

ရာဇဝင်တို့နှင့် ခမ်းနားတင့်တယ်သောမြေကို ရောက်
...သော သူ့နှလုံးသားတစ်ခုလုံး နေကောင်းကျန်းမာသွားလိမ့်
... မျှော်လင့်ရပါသည်။ ပုဂံသည် ဒဏ္ဍာရီထဲက အားအင်မျိုး
... သူ့ကို ကြိုဆိုနေပေလိမ့်မည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၃

ငွေမင်သည် အခုမှ တံခါးတွေလှပ်ကာ စတင်ဖွင့်[illegible] ဟန်ပြင်နေသော "ငြိမ်းချမ်းနယ်မြေ"စာအုပ်ဆိုင်လေးကိုမြင်[illegible] အားတက်သရော ခြေလှမ်းများဖြင့် အမြန်ပြေးလာခဲ့သည်။ [illegible] သံ တဖတ်ဖတ်နှင့် ပြေးလာသော ငွေမင်ရဲ့ခြေသံကြောင့် တံ[illegible] ရွက်တွေကို လှပ်နေသော ဆိုင်ရှင်ဦးလေးကြီးက လှည့်ကြည့်က[illegible]

"ဟော ... မမလေး။ ရောက်တော်မူလာပြီလား"

ငွေမင်က ဦးလေးကြီးကို စပ်ဖြဲဖြဲ ရယ်ပြလိုက်[illegible] လက်နှစ်ဖက်ကို နောက်ပစ်၊ ကိုယ်ကို ကိုင်းယို့ကာ ...

"အဟဲ ... ဦးလေးစန်း၊ အခုမှ ဆိုင်ဖွင့်တာလားဟ[illegible] ငွေမင် ဘာကူပေးရဦးမလဲ"

"မကူပေးပါနဲ့၊ ဒီမှာ ပြီးနေပါပြီ"

"ပြီးနေပြီလား၊ ဒါဆို စားပွဲကို ဖုန်သုတ်ပေးမယ်နော်"





ဆိုင်ရှင်ဦးလေးကြီးက ငွေမင် တစ်ယောက် ဘာ[illegible]ကြောင့် မျက်နှာချိုသွေးနေတယ် ဆိုတာကို သဘောပေါက်ဟန် [illegible]ရက်စောင်းကြီးခဲကာ ...

"မိငွေမင်ရှည်ရယ် ... ညည်း ဘာလိုချင်လို့ ငါ့ကို ကပ်ဖားယပ်ဖား လုပ်နေသလဲဆိုတာ သဘောပေါက်ပါတယ် ...

ညည်း မဖားလည်းဘဲ ရောဂါသည်မှန်း သိလို့ကို ငါက ပေးမှာပါ"

"အံမယ် ... ဖားတာ မဟုတ်ပါဘူးနော်၊ ဒီက တကယ့်စေတနာနဲ့ပါ။ ဟို ... မနက်က ဦးလေးစန်း စာအုပ်တန်းကို သွားတယ်မဟုတ်လား။ အဲဒါ စာအုပ်အသစ်တွေ ချုပ်စရာရှိရင် ငွေမင် ချုပ်ပေးမယ်လေ"

"ကဲပါ ငွေမင်ရှည်ရယ်၊ ဒီအချိန်မှာ ညည်း စာအုပ်ချုပ်ချင်တာထက် ခေတ်လမင်းရဲ့ စာအုပ်ကိုယူပြီး အိမ်ကိုအပြေးပြန် တစ်ယောက်တည်း ငြိမ့်ပြီး ဖတ်ချင်နေပြီ မဟုတ်လား"

ငွေမင်က ဟုတ်နေသဖြင့် ဟိခနဲရယ်ကာ လျှာထုတ်[illegible]ပြလိုက်ရသည်။ စာရေးဆရာ ခေတ်လမင်းကို ငွေမင် ဘယ်လို[illegible]ကြိုက်မှန်းကို မသိချေ။ စာတွေကို ကြိုက်သလို လှကလည်း တစ်[illegible]မျိုးဆန်းသစ်သော ဒီဇိုင်းတို့ဖြင့် ပုံစံက လုံးဝမိနေတာကိုလည်း သဘောကျရသည်။ သူ့ကို အပြင်မှာတော့ မမြင်ဘူးပါ။ မဂ္ဂဇင်းထဲက အင်တာဗျူးတွေမှာသာ မြင်ဖူးလျက် သူ့ရဲ့ခပ်မာမာစတိုင်လ်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ခပ်ရှင်းရှင်း ပြေတတ်သော အပြေတို့ကို သဘောကျနှစ်ခြိုက်ရတာ ဖြစ်သည်။

သူ့စာတွေကိုတော့ ငွေမင်က အစွဲလမ်းဆုံးပင်။ သူ့ဝတ္ထုထဲက မင်းသား မင်းသမီးတွေရဲ့ ချစ်တတ်ပုံ၊ ကြိုးစားတတ်ပုံတွေသည် လောကကို အခုမှပင် တိုးဝင်စပြုနေသည့် ငွေမင်တို့လို လူငယ်တွေ အတွက်တော့ ရှေ့ဆောင်လမ်းပြကြယ်တွေပဲ ဖြစ်သည်။ ပြီးတော့ သူ့ဝတ္ထုထဲတွင် ပါလာတတ်သည့် ကဗျာတွေ၊ သူ့ရဲ့ဘယ်သူနဲ့မှ မတူသော ရေးနည်းစတိုင်လ်တွေ ဒါတွေအားလုံးကို သဘောကျ နှစ်ခြိုက်သည်။

အို ... ပြောရလျှင်တော့ ဆုံးမည်မထင်တော့။ စာရေးဆရာ ခေတ်လမင်း၏ စာအုပ်တွေကို ငွေမင်က ရူးရူးမူးမူးပဲ စွဲလမ်းနှစ်ခြိုက်ရလေသည်။ သူ့ဇာတ်လမ်းတွေသည် တစ်အုပ်နှင့်တစ်အုပ် လုံးဝကွဲပြားခြားနားကာ ဆန်းသစ်သော၊ ရင်ခုန်စေသော ဇာတ်လမ်းကောင်းတွေချည်းသာ ဖြစ်သည်။

ဒါကြောင့် သူ့စာအုပ် ထွက်တော့မည့်နေ့ဆိုလျှင် ငွေမင့်မှာ ရင်တခုန်ခုန်နှင့် ဂနာကိုမငြိမ်တော့။ သူ့စာအုပ်ကို ပထမဆုံး ဖတ်ခွင့်ရချင်သည်မှာ ငွေမင်ရဲ့ကြီးစွာသော စိတ္တဇပဲ ဖြစ်သည်။ အဲဒီလိုသာ မဖတ်ရလျှင် ငွေမင်သည် စာအုပ်ဆိုင်ပိုင်ရှင် ဦးလေးကြီးကို တဂျီဂျီနှင့် နားပူ၍ မဆုံးတော့ချေ။ ထို့ကြောင့် ထိုဦးလေးကြီးမှာ ခေတ်လမင်းရဲ့ စာအုပ်အသစ်ထွက်လျှင် ငွေမင် အတွက် သီးသန့်ဖယ်ထားတတ်သည်မှာ ထုံးစံလိုပင် ဖြစ်နေချေပြီ။





"ကဲ ... ကဲ ... ရော့ ကောင်မလေး။ ဒီလောက် အသည်းအသန် ဖြစ်နေတာ အပိုင်ဝယ်ထားလိုက်ပေါ့ဟာ"

ငွေမင်သည် လက်ထဲရောက်လာသော စာအုပ်လေး ကြည့်အားသေးဘဲ ရင်ခွင်ထဲသို့ပိုက်ကာ အခုတော့လည်း ...င်းတင်းဖြင့် ...

"မဝယ်နိုင်လို့ပေါ့ ဦးလေးစန်းရဲ့။ ဒါတောင် ဟောင်းသွားရင် ဦးလေးစန်းဆီက တောင်းဝယ်သားပဲနော်"

"သူ့စာအုပ်တွေကဟောင်းသွားလည်း ပြန်ဖတ်ကြတာပဲဟ။ နင့်လိုပဲသည်းတဲ့ ကြိုက်တဲ့လူတွေက အများကြီးပဲ။ တချို့ဆို မိတ်ဆက်စာတွေ ဘာတွေတောင် ရေးကြသေးတာ"

ငွေမင်သည် မျက်လုံးတွေ လင်းလက်တောက်ပသွားလူကလည်း ခုန်မိတော့မလို ဖြစ်သွားလျက် ...

"ဟယ် ... ဟုတ်လား၊ ဦးလေးစန်းမှာ သူ့လိပ်စာရှိလားဟင်။ ကြည့်စမ်း ... ဦးလေးစန်းကြီးက စိတ်ပုပ်တယ်တော့၊ လျှို့ထားတယ်။ ပြော ... ပြောစမ်းပါ။ သူက ဘယ်မှာနေတာလဲဟင် ...

စာ ... စာရေးရင်ရော စာပြန်လား"

ငွေမင့်မှာ စိတ်လှုပ်ရှားလွန်းသဖြင့် စကားတွေ...င် ထစ်ကုန်ရသည် အထိပင် သူ့ဆီက သူ့လက်ရေးနှင့် ...အားထားသော ပြန်စာလေး တစ်စောင်ရယ်၊ ဒီ့ထက်ပိုစွာဖြင့် ...ဓာတ်ပုံလေး တစ်ပုံလောက်သာ ရခဲ့မည် ဆိုပါလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



အမလေး ... အတွေးထဲမှာကို ငွေမင့် နှလုံးသား
တွေ တလှပ်လှပ် ရှိလွန်းလှသည်။ သူက အဲဒီလောက် သ
ကောင်းနိုင်ပါ့မလား မသိ။

"ဟ ... သူ့လိပ်စာကို ငါက ဘယ်သိမှာလဲ။ စာအုပ်တို့
လိပ်စာနဲ့ပို့ရင် ရောက်မှာပေါ့။ ထုတ်ဝေသူနဲ့ စာရေးဆ
ဆိုတာ အမြဲ အဆက်သွယ် ရှိနေကြတာပဲ ဥစ္စာ"

"ဟင် ... ဒါပေမဲ့ ရောက်ဖို့ မရောက်ဖို့က သေမှ
ချာတာ၊ ဒါနဲ့ နေပါဦး၊ သူ့ဆီ မိတ်ဆက်စာရေး
ဘယ်သူတွေလဲဟင်"

"ဟိုဘက်လမ်းထဲကပါဟာ ဥမ္မာကျော်တို့၊ ကြည်ကြည်
တို့ပေါ့၊ သူတို့စာထည့်တာ နှစ်လလောက် ရှိပြီလို့
တယ်၊ ပြန်စာလည်း ရောက်မလာဘူးတဲ့။ စာအုပ်တို့
ကို ဖုန်းဆက်ပြီး မေးတော့လည်း ရောက်လာတဲ့စာတွေ
ခေတ်လမင်းကို ပေး,ပေးပါတယ်တဲ့ ...

အဲဒါနဲ့ ခေတ်လမင်းရဲ့ ဖုန်းနံပါတ်ကို တော
ရော"

"ဟင် ... တောင်း ... တောင်းတော့ ..."

"တောင်းတော့ ပေးပိုင်ခွင့် မရှိလို့ပါတဲ့။ စိတ်မရှိပါနဲ့
အဲဒီလို ပြောသတဲ့။ အလကားပါဟာ နင်တို့ စာရေးဆ
က မာနခပ်ကြီးကြီးနဲ့ တူပါတယ်။ သူ့မှာ စာမပြန်
ရတာနဲ့ ဖုန်းမပြောချင်တာနဲ့ ...





နင်တို့ကလည်း ကဲကို ကဲတယ်နော်။ စာဖတ်ရင်
ပြီးရောပေါ့၊ ရုပ်ရှင်မင်းသားလည်း မဟုတ် ဘာမဟုတ်၊
စာရေးဆရာကအစ အလွတ်မပေးဘူး"

ငွေမင်သည် ဦးလေးစန်းရဲ့စကားကို ဆွေ့ဆွေ့ခုန်
အောင် နာသွားလျက် ...

"အယ် ... အယ် ... အဲဒါ ဘာစကားပြောတာလဲ။ ဦးလေး
စန်းနော်၊ ငွေမင်တို့က သူ့အနုပညာကို ရိုးရိုးသားသား
အားပေးတာ သိလား ...

မင်းသားမှပဲ မိတ်ဆက်စာ ရေးရတော့မှာလား။
ကိုယ့်နှလုံးသားကို ဆွဲကိုင်လှုပ်နိုင်တဲ့ ဘယ်အနုပညာရှင်
ကိုမဆို crazy ဖြစ်ခွင့်ရှိတယ် သိလား"

"တဲ့တွေးစင်လိုက်တာဟာ"

"သူများကျတော့ ပြောနေတယ်။ ဦးလေးစန်းတောင် မကြီး
မငယ်နဲ့ ဟိုစာရေးဆရာမအသစ်လေးဆီ စာရေးသေးတာပဲ
မဟုတ်လား ...

ဦးလေးစန်းလည်း အတူတူပဲ၊ စာရေးဆရာမကအစ
အလွတ်မပေးဘူး"

"အောင်မယ် ... အောင်မယ် ... လေသံက မာလာပြီ။ ဟဲ့
ငါစာရေးတာက ဟိုက လိုလိုလားလားနဲ့ကို လိပ်စာပေး
ပြီး ဖိတ်ခေါ်ထားလို့ ရေးရတာ။ ရေးတဲ့အတိုင်းလည်း
စာပြန်တာပဲ မဟုတ်လား ...



www.burmeseclassic.com

www.burmeseclassic.com



နင့်စာရေးဆရာက စာပြန်လို့လား"

"ကြည့်စမ်း စွာလိုက်တာ။ ဒီကစာကို ရေးမနေတော့ဘူး။ အိမ်အထိကိုသွားပြီး မိတ်ဆက်မှာ သိရဲ့လား ... ဟွန်း"

ငွေမင်သည် ဦးလေးစန်းကို အနိုင်နှင့်ပိုင်း၍ ပြောပြီးထွက်လာခဲ့လေသည်။ လမ်းရောက်တော့မှပင် ခေတ်လမင်းရဲ့ စာအုပ်လေးကို စိတ်ဝင်တစားနှင့် ငုံ့ကြည့်ရသည်။ သူ့စာအုပ်တွေဟာ မျက်နှာဖုံးဒီဇိုင်းတိုင်းကလည်း အထူးအဆန်းချည်းပဲဖြစ်သည်။ စာအုပ်ဒီဇိုင်းနှင့် ဝတ္ထုနာမည်ကိုက ဖတ်ချင်စရာဖြစ်အောင် ဆွဲဆောင်နေတာပဲ ဖြစ်ပါသည်။

အခုလည်းကြည့်၊ သူ့ရဲ့ဝတ္ထုသစ်အမည်မှာ "ဧဝမသိရှိခဲ့တဲ့ နောက်ဆုံးအမှန်တရားတစ်ခု"တဲ့။ အာဒမ်နဲ့ ဧဝ ဆိုတာ ကမ္ဘာဦးအစက လူသားတွေ ဖြစ်လေရာ ဒီနှစ်ယောက်တည်းရှိသည့်ဘဝမှာ ဧဝ မသိခဲ့တဲ့ အမှန်တရားတစ်ခုက ဘာပါလိမ့်။ အာဒမ်က ကမ္ဘာဦးအစရဲ့ တစ်ဦးတည်းသော ယောကျ်ားမို့ အဲဒီအချိန်တည်းက ဧဝကို ဘာတွေများ လျှို့ဝှက်ခဲ့လို့ပါလိမ့် စသဖြင့် အတွေးတွေနက်ကာ စိတ်ဝင်စားရတာဖြစ်သည်။

ငွေမင်သည် စာအုပ်ကို အင်မတန် ဖတ်ချင်စိတ်ဖြင့် ခြေလှမ်းတွေကို သွက်ပစ်ကာ အိမ်သို့ ခပ်မြန်မြန်ပဲ လျှောက်ခဲ့တော့သည်။





"ငွေမင်ရေ ... ခဏလာပါဦးဟေ့"

အိမ်ရှေ့ခန်းမှ အစ်မက ခေါ်သည်မို့ ငွေမင်သည် ...းလက်စဝတ္ထုစာအုပ်ရဲ့ စာမျက်နှာကို တစ်ချက်မှတ်ကာ ထထွက်...ာရသည်။ ကိုယ်တိုင်က စာပေဝါသနာပါသူ တစ်ယောက်မို့ ...ွေမင်ဟာ စာအုပ်တွေဆိုလျှင် ဘယ်တော့မှ ခေါက်ချိုးပစ်ခြင်း ...ရှိပါ။ အခုလည်း ခေတ်လမင်းရဲ့စာအုပ်ကို နှစ်ကြိမ်တိုင်တိုင် ...ြန်ဖတ်မိခဲ့ပြီး အထဲမှာပါသော ကဗျာတွေကို ဗလာစာအုပ်လေး ...ဲသို့ ကူးရေးနေခြင်းသာ ဖြစ်လေသည်။

ငွေမင်က အိမ်ရှေ့သို့ ထွက်လာလျှင် အစ်မက ...ည့်ခန်းထဲမှာ ကလေးအငယ်ကို နို့တိုက်ကာနေသည်။

"ဘာခိုင်းမလို့လဲဟင် မမ"

မမက ငွေမင့် မျက်နှာကို ကြင်နာစွာ တစ်ချက်စိုက်ကြည့်ကာ သက်ပြင်းရှိုက်သည်။ ပြီးလျှင် သူ့ရင်ခွင်ထဲက ...လေးကို ငုံ့ကြည့်သည်။ တကယ်တော့ ဒီအစ်မဟာ လောကမှာ ...ွေမင့်ရဲ့ တစ်ဦးတည်းသော ဆွေမျိုးဆိုလည်းဟုတ်၊ သွေးသား...င်းချာဆိုလည်း ဟုတ်သော လူတစ်ယောက်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဖေက လွန်ခဲ့သော နှစ်နှစ်ခန့်က ဆုံးပါးသွားခဲ့ပြီ ဖြစ်လေရာ ငွေမင်တို့မှာ မိဘတွေလည်း မရှိကြတော့တာ ကြာခဲ့ပြီဖြစ်သည်။ အစ်မကတော့ အဖေရှိစဉ်ကတည်းက အိမ်ထောင်ကျခဲ့တာ ဖြစ်လေရာ အခုချိန်မှာ ကလေးနှစ်ယောက်ရဲ့မိခင် ဖြစ်လို့နေပြီ။ မိဘအမွေဖြစ်သော ဒီအိမ်လေးထဲတွင် အစ်မတို့ မိသားစုလေးယောက်နှင့် ငွေမင်တို့ နေထိုင်ကြခြင်းဖြစ်သည်။ အိမ်ရဲ့ဝင်ငွေကို ရှာဖွေသူကတော့ အစ်မရဲ့ယောကျ်ားတစ်ယောက်သာလျှင် ဖြစ်လေသည်။

အဖေ ရှိခဲ့တုန်းကတော့ အဖေ့ရဲ့ လစာငွေလေးနှင့် သားအဖနှစ်ယောက် သီးသန့်သုံးစွဲလို့ ရခဲ့ကြသေးသည်။ အစ်မယောကျ်ားရဲ့ ဝင်ငွေဟာလည်း ကြီးမြင့်လာသော ကုန်ဈေးနှုန်းနှင့်အတူ ကလေးနှစ်ယောက်ရဲ့ စရိတ်ကြောင့် စစ်စိစွာ သုံးနေတာတောင်မှ အံကိုက်အနေအထားပဲ ရှိသည်။ စုမိဆောင်းမိ ပိုလျှံတယ်ဆိုတာ မရှိခဲ့။

ငွေမင်သည် အစ်မ ဘာပြောမယ်ဆိုတာကို ရိပ်မိသလိုရှိကာ မျက်နှာမသာမယာနှင့်ပင် အစ်မအနားသို့ ဝင်ထိုင်မိသည်။

"ခိုင်းစရာ မရှိပါဘူးဟယ်။ နင့်ကို ပြောစရာရှိလို့ပါ"

ပြောစရာရှိတယ်ဆိုတာ အစ်မက ချက်ချင်းလည်း မပြောသေးချေ။ ပါးစပ်က မထွက်ရက်သလိုနှင့် တွန့်ဆုတ် တွန့်ဆုတ် ဖြစ်နေလျှင် ငွေမင်သည် နားလည်စွာဖြင့် သက်ပြင်းတစ်ချက် ရှိုက်ရသည်။ အစ်မ ဘာပြောတော့မယ်ဆိုတာ ငွေမင် သိ





သည်။ အင်မတန် စရိတ်ကြီးသော ငွေမင့်ရဲ့ ဆေးတက္ကသိုလ်ကို အစ်မတို့ မတတ်နိုင်တော့ဘူး ဆိုတာ ငွေမင် ရိပ်မိသည်။

အစတည်းကလည်း ငွေမင့်ရဲ့ ကျောင်းစရိတ်ကို တို့က ထောက်ပံ့ခဲ့ရတာ မဟုတ်သော်လည်း အဖေစုဆောင်းသော ငွေလေးဖြင့် ငွေမင် ကျောင်းဆက်တက်ခဲ့ရတာဖြစ် ၊ အခုချိန်မှာတော့ အဲဒီငွေတွေလည်း ပွန်းပဲ့ကုန်ပြီဆိုတော့ င် ရိပ်မိလေသည်။ ငွေမင့် အနေဖြင့် ထမင်းကျွေးထားသော ကို ကျေးဇူးတောင် တင်ရပါဦးမည်။ ကျောင်းစရိတ်ကတော့ ည်း ဘယ်လိုမှ မတတ်နိုင်တာ ငွေမင် သိလေသည်။

"မမ ပြောစရာရှိတာကိုသာ ပြောပါ။ ငွေမင် နားလည်ပါတယ်"

"ဟင်း ... ငါလည်း နင့်ကို သနားပါတယ် ငွေမင်ရယ်။ ငါ့ညီမကိုလည်း ဆရာဝန်မကြီး ဖြစ်စေချင်ပါတယ်။ ဒါပေမဲ့ ငါတို့က မတတ်နိုင်တော့ဘူးလေ ...

နင်သိတဲ့အတိုင်းပဲ ငွေမင်၊ ကိုမြင့်သူ ရတဲ့ လစာလေးနဲ့ လူငါးယောက်စားနေရတာ။ ကလေးနှစ်ယောက်စရိတ်ကလည်း အတက်ချည်းပဲ။ ဒီကြားထဲ ဖျားတာနာတာများရှိရင် လိပ်ပတ်ကို မလည်တော့ဘူး ...

ငါကလည်း အလုပ်လေးတစ်ခု လုပ်ဖို့ဆိုတာ ဒီကလေး လက်လွှတ်လို့ရမှ လုပ်နိုင်မှာ၊ ဒီတော့ နင့်ကျောင်းဆက်တက်ဖို့ ဘယ်လိုစိတ်ကူးထားသလဲ ငွေမင်"



www.burmeseclassic.com

www.burmeseclassic.com



ငွေမင်းသည် ရုတ်တရက် အသက်ရှုရပ်သွားသော...
မလို ဖြစ်သွားသည်။ ချက်ချင်းပင် မျက်လုံးထဲ၌ မျက်ရည်ကြ...
တို့က ရင်သိုင်း၍ လာလေသည်။ ကျောင်းစရိတ် မတတ်နိုင်သော...
သဖြင့် ကျောင်းထွက်ရမည်ဟူသော အဖြစ်သည် ငွေမင့်ရဲ့နှ...
သားကို အကြီးအကျယ်ပဲ နာကျင်စေပါသည်။

အစ်မက ကျောင်းထွက်လိုက်ပါလားဟု မပြောသော်...
လည်း အစ်မ မျက်ဝန်းတွေက အဲဒီအဓိပ္ပာယ်ပဲမို့ ငွေမင့် ရင်...
တဆစ်ဆစ်ဖြင့် အောင့်လာသည်။ အစ်မမှာလည်း ဘာအဖြ...
မရှိရှာပါ။

ငွေမင်းသည် ကံကြမ္မာကိုပဲ ရိုးမယ်ဖွဲ့ရမည်လော...
ဘာကို နာကြည်းရမှန်း မသိဘဲ နာကြည်းချင်လေသည်။ ငွေမင်...
အေးဆေးစွာ ပညာသင်ရမည့် ကံဇာတာ ပါမလာဘူး ထင်ပါ...

"နင် တစ်ခုခုကို ဆုံးဖြတ်ရတော့မယ် ငွေမင်"

ငွေမင် ဘာကို ဆုံးဖြတ်ရမည်နည်း။ ငွေမင့် ...
ထဲမှာလည်း ပိုက်ဆံတစ်ထောင်ပြည့်အောင်ပင် မရှိ။ အလုပ်...
မရှိ။ ဒါဆို ငွေမင် ကျောင်းထွက်ရတော့မှာလား။ ဒါတော့ ...
မဖြစ်နိုင်ချေ။ ဖေဖေသည် ငွေမင့်ကို ဆရာဝန်တစ်ယောက်အ...
အင်မတန် မြင်ချင်ခဲ့သူဖြစ်သည်။

ငွေမင် ကိုယ်တိုင်လည်း ဆရာဝန်တစ်ယော...
ဘဝကို အင်မတန် နှစ်သက်လိုလားခဲ့သည်။ ဒီအတွက် ငယ်...
တည်းက စာကြိုးစားခဲ့ရသည်။ ဆယ်တန်းမှာလည်း ဘာ...





...ထူးဖြင့် အောင်မြင်ခဲ့၍ အမှတ်များစွာနှင့်ပင် ဆေးတက္ကသိုလ်
... တက်ခွင့်ရခဲ့သည်။ 2nd MB အထိတောင် တက်ရောက်လာနိုင်
...ပြီးမှ ငွေမင်ဟာ ကျောင်းဆက်တက်ဖို့ ငွေမရှိတာလေးနှင့်
...ဖြစ်ချင်သော ဆရာဝန်ဘဝကို ကျောခိုင်းပစ်ရတော့မှာလား။

ငွေမင်သည် တွေးရင်းမှနေ၍ ဦးနှောက်တွေတောင်
...ပွက်ဆူလာသည်ဟု ထင်မိလေသည်။ ဘဝကို လွယ်လွယ်နှင့်
...ာ ငွေမင် အရှုံးမပေးလိုချေ။

အရှုံးပေး၍ ကျောင်းထွက်လိုက်တာနှင့် ငွေမင့်ဘဝက
...၍အဆင်ပြေလာနိုင်စရာ အကြောင်းမရှိပေ။ ဒီ့ထက် နိမ့်ကျသွား
...ာ ရှိတော့သည်။

ဆရာဝန်လောင်းတစ်ယောက် အဖြစ်ကနေ၍ ရိုးရိုး
...လုပ်လက်စား မိန်းမတစ်ယောက် ဖြစ်သွားတာကို ဖေဖေသာ
...ပါက ဘယ်လိုခံစားရရှာမလဲ။

ဟင့်အင်း ... ဒီလိုတော့ ငွေမင် အဖြစ်မခံနိုင်ချေ။
...သည် အလုပ်တစ်ခုခုလုပ်ကာ ကျောင်းဆက်တက်ဖို့ သန္နိဋ္ဌာန်
...ချက် ချလိုက်သည်။ ပြီးလျှင် မမကို ရဲရင့်သောမျက်လုံး
...ဖြင့် မော့ကြည့်ကာ ...

"ငွေမင် အလုပ်တစ်ခုလောက်ရှာပြီး ကျောင်းဆက်တက်မယ် မမ"

"အလုပ်တစ်ခု ! ။ ဘယ်လိုရှာမှာလဲ ငွေမင်ရယ်။ နင်က ကျောင်းတစ်ပိုင်းတစ်စနဲ့ ဖြစ်ပါ့မလား။"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်အောင် လုပ်ရမှာပေါ့ မမ။ ငွေမင့်မှာ ကိုယ်စွမ်း
ဉာဏ်စွမ်းရော ထုတ်သုံးလို့ ရနေတာပဲ။ ငွေမင် ကျော
ပြီးအောင် တက်ချင်တယ် ...

ကျောင်းပြီးရင် အစစအရာရာ အဆင်ပြေသွားမှာ
ကျောင်းမပြီးခင်လေးပဲ ငွေမင် ဒုက္ခခံရမှာ ခံနိုင်ပါတယ်
ရပ်ကွက်ထဲမှာ ကလေးတွေကို စာပြပေးမယ်၊ ကိုက်ဒ်လု
မယ်။ လုပ်လို့ရတဲ့ သမာအာဇီဝ အလုပ်မှန်သမျှ ငွေ
လုပ်မယ်။ ဒါဆို ထိုက်သင့်တဲ့ ငွေကြေးလေးတော့ ရ
မှာပါ"

"ငွေမင်ရယ်"

မမက ငွေမင့် အဖြစ်ကို စိတ်မချမ်းသာစွာနှင့်
ကြည့်ရုံမှအပ ဘာမှမပြောသာချေ။ ငွေမင်က မမကိုပင် အား
သည့်အပြုံး ပြုံးပြလိုက်ရင်းမှ ...

"ငွေမင့် အတွက် စိတ်မကောင်း မဖြစ်ပါနဲ့ မမ။ လူ့ဘ
ဆိုတာ တချို့အတွက်တော့ အစစအရာရာ အဆင်သ
ရှိနေတတ်ပြီး တချို့အတွက်တော့ ရုန်းကန်မှ အဆင်ပြေ
မယ့် အနေအထားမျိုး ရှိတယ်လေ ...

ရုန်းကန်ရမယ့် ဘဝထဲကို ရောက်လာပြီးတော့
မရုန်းကန်ချင်ပါဘူး ဖြစ်သလိုလေးပဲလို့ နေသွားလိုက်ရင်
ဖြစ်သလိုဘဝပဲ ရောက်တော့မှာပေါ့ ...





ကိုယ့်ဘဝကိုယ် အကောင်းဆုံးဖြစ်အောင် တည်
ဆောက်ခွင့်တော့ လူတိုင်းမှာ အခွင့်အရေး ရှိကြတာပဲ။
တချို့က အဲဒီအခွင့်အရေးကို အသုံးမချဘဲ ကံကိုပဲလွှဲချ
နေလို့ပါ ...

ငွေမင်ကတော့ အခွင့်အရေးကို အသုံးချကြည့်ချင်
တယ်၊ ဒီ့ထက် အခြေအနေဆိုးလာစရာ အကြောင်းတော့
မရှိဘူးလေ"

ငွေမင်သည် ကိုယ့်စကားနှင့်ကိုယ် အားရှိသွားကာ
အတောက်ပဆုံး ပြုံးပြလိုက်သေးသည်။ ပြီးလျှင် အခန်း
ပြန်ဝင်လာရင်း ကိုယ့်ကိုယ်ကိုယ် အားပေးသည့် အနေဖြင့်
တံတောင်ဆစ်ကိုကွေး လက်သီးဆုပ်ကာ "ကြိုးစားထား" ဟု ရေ
ရွတ်လိုက်သေးသည်။

လောကမှာ ကိုယ့်ကို အနီးကပ်ဆုံး အားပေးမည့်သူ
မှာ ကိုယ်သာဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၄

အခုဆိုလျှင် ငွေမင်သည် ရပ်ကွက်ထဲက ကလေး...
ကို စာပြသောအလုပ်ကို လုပ်ကိုင်ခဲ့သည်မှာ တစ်ပတ်ကျော်...
ရှိပြီဖြစ်သည်။ ငွေမင်က စာတော်သော ဆေးတက္ကသိုလ်ကျောင်း...
တစ်ယောက်မို့ စာသင်ဖို့ အလုပ်ရှာရတာ သိပ်တော့ မခက်ခဲ...
ပါ။ ကျောင်းပိတ်ထားချိန်မှာ သူတကာတွေလို ကျူရှင်ယူဖို့...
နေသာသာ နောက်နှစ် ကျောင်းပြန်ဖွင့်လျှင် ကျောင်းလခသွင်း...
နိုင်စေရန်အတွက် တစ်နေကုန် တစ်နေခန်း စာသင်ပြရသည့်
အလုပ်ကို မမောနိုင် မပန်းနိုင် လုပ်ရလေသည်။

ဒီကြားထဲမှာမှ စာဖတ်ဝါသနာပါသော ငွေမင်သည်
ထွက်သမျှ စာအုပ်တိုင်းကို မငှားဖတ်နိုင်သော်လည်း ခေတ်လမင်း
၏ စာအုပ်ထွက်ချိန် ဆိုလျှင်တော့ "ငြိမ်းချမ်းနယ်မြေ"စာအုပ်
ဆိုင်လေးသို့ ခြေလှမ်းတွေက အလိုလို ဦးတည်ပြီးသား ဖြစ်တော့
သည်။ ဆိုင်ရှင်ဦးလေးကြီးက ငွေမင့်ကိုမြင်လျှင် ...





"ဟော ... ငွေမင်ရည်၊ ပျောက်ချက်သား ကောင်းလှချည်လား။ ဆရာမ လုပ်နေတယ်ဆို"

"ဒီလိုပါပဲ ဦးလေးစန်းရယ်၊ ဝမ်းရေးအတွက်ပါ"

"အံမယ် ... အံမယ် ... စကားတွေက။ စာအုပ်အသစ်တွေ အများကြီး ထွက်တယ်ဟ၊ မဂ္ဂဇင်းအသစ်တွေ မဖတ်တော့ဘူးလား"

ငွေမင်သည် ကွာလတီမဂ္ဂဇင်း အကောင်းစားများထဲမှ ...ယ်တွေ၊ မင်းသမီးတွေရဲ့ ပုံတွေကို အားကျစိတ်ဖြင့် တဖျပ် ... လှန်လှောကြည့်ရင်းမှပဲ ခေါင်းကို ဖြည်းညင်းစွာ ယမ်းပြရသည်။

"မဖတ်နိုင်ပါဘူး ဦးလေးစန်းရယ်၊ မဂ္ဂဇင်းတစ်အုပ်ကို နှစ်ရာ နှစ်ရာ့ငါးဆယ် ဘယ်လိုလုပ် ဖတ်နိုင်မှာလဲ၊ ဒီမှာပဲ မြည်းသွားတော့မယ် ...

အိမ်ကိုတော့ ခေတ်လမင်းကို ယူသွားမယ်လေ၊ ဖြစ်တယ်မဟုတ်လား"

ဦးလေးစန်းက ငွေမင့်ကို မျက်ထောင့်နီကြီး ထောင့်...ကြည့်ကာ ...

"ဟင်း ... ဒါမျိုးကျတော့ ပိုက်ဆံမနမြောဘူးလား"

"သြော် ... ဦးလေးစန်းကလည်း ဖတ်တာတော့ စာအုပ်တိုင်းကို ဖတ်ချင်တာပေါ့၊ ဦးလေးစန်းတို့လည်း စာအုပ်



www.burmeseclassic.com

www.burmeseclassic.com



တွေကို ဈေးကြီးကြီးပေးဝယ်ရတာ နားလည်ပါတ
ဒီလောက်ဈေးနဲ့ ငှားမှလည်း ကိုယ့်အတွက် ကိုက်မှာပေ
မဂ္ဂဇင်းတိုက်တွေကလည်း စက္ကူတွေကို ဈေးကြ
ပေးဝယ်ရတာပဲ။ မဂ္ဂဇင်းက ဒီမှာပဲ အမြည်းဖတ်သွား
ရတယ်လေ။ ဝတ္ထုကျတော့ ဒီမှာဖတ်လို့မှ မရတာ။ ဟု
တယ်ဟုတ်"

ဦးလေးကြီးက ငွေမင့် အဖြစ်ကို မရယ်ရက်တော
ဘဲ သနားသွားဟန်ဖြင့် ...

"ကဲပါ ... ငွေမင်ရယ်၊ ညည်း ဒီလောက်ဖြစ်နေတာကို
ပိုက်ဆံ မယူရက်တော့ဘူးဟာ၊ ကြိုက်တဲ့စာအုပ်ကိုသ
အလကားဖတ်ပေတော့ပဲ"

"အယ် ... ဒီလိုတော့လည်း မဖတ်ချင်ပါဘူး။ မြည်းလို့
ရရင် တော်ပါပြီ ဟဲ ... ဟဲ ။ ဦးလေးစန်းရဲ့ဆိုင်မှာ
စာတန်းကပ်ထားတာကိုက မှားနေတာ၊ သင် စာရေးဆရာ
ဖြစ်လျှင် စာအုပ်တစ်အုပ် အခမဲ့ ဖတ်ခွင့်ရပါသည် ဆိုတာ
ကြီးက ဒီနားမှာ စာရေးဆရာမှ မရှိတာ ...

မရှိမှန်းသိလို့ ရေးထားတာကြီး၊ တကယ်ဆို သင်
ပိုက်ဆံမတတ်နိုင်လျှင် စာအုပ်တစ်အုပ် အခမဲ့ ဖတ်ခွင့်ရ
မည်လို့ ရေးထားရမှာ ... ဟား ဟား"

"ဟေ"





ဦးလေးစန်းက ပါးစပ်အဟောင်းသား ပွင့်သွားချိန်
ငွေမင်က သဘောတကျ ရယ်မောကာ ခေတ်လမင်းရဲ့
အုပ်ကို ကြည်နူးစွာ ငုံ့ကြည့်မိသည်။ ဒီတစ်ခါ စာအုပ်လေး
တော့ သူ့ရဲ့ အုပ်သုံးဆယ်မြောက် အမှတ်တရစာအုပ်လေးပဲ
သည်။ အုပ်သုံးဆယ်မြောက် အမှတ်တရစာအုပ် ဖြစ်သည်နှင့်
ညီ သူ့ရဲ့ဓာတ်ပုံလေးနှင့် အမှတ်တရ ကျေးဇူးစကားလေး
ထားသော စာရွက်ချောလေးများကိုမြင်လျှင် ငွေမင့်မှာ လှိုက်
ဝမ်းသာသွားရသည်။

"ဟယ် ... ကြည့်စမ်း။ ဒီ ... ဒီမှာ သူ့ဓာတ်ပုံနဲ့ ကျေးဇူး
တင်စကားလေးပါတယ် ဦးလေးစန်းရယ်၊ ဒီ ... ဒီစာအုပ်
လေး ဟောင်းသွားရင် ငွေမင့်ကို ပြန်ရောင်းနော် ...

အို ... ဟောင်းသွားရင် မကောင်းပါဘူး၊ အသစ်ပဲ
ဝယ်တော့မယ်။ ဒီစာအုပ်တစ်အုပ်ကို ဘယ်လောက်ရှိလဲ
ဟင်"

"ငွေမင်ရယ် ... ညည်းမလဲ ဒီလောက်ပဲ ရူးရလားဟဲ့"

"ရူးတာ မဟုတ်ဘူး။ ငွေမင် သဘောကျလို့ပါ၊ ငွေမင်
ကြိုက်လို့ပါ။ ဒီစာအုပ်လေးကိုတော့ ငွေမင် အသစ်အတိုင်း
ပဲ သိမ်းထားချင်တယ် ဦးရယ် ...

နော် ... ဦးလေးစန်း၊ စာအုပ်တန်းကို သွားရင်
ဝယ်ခဲ့ပေးပါ။ ငွေမင် ပိုက်ဆံပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးစန်းက ငွေမင့်ကို ကရုဏာသက်ဟန်ဖြင့် အတန်ကြာ ငေးကြည့်နေပြီးမှ ...

"ငွေမင် ... ညည်းကို ငါ တစ်ခုပြောမယ်။ ညည်းအနေ ပညာသင်ဖို့ အခက်အခဲ ဖြစ်နေတာ ငါလည်း သိတယ်။ ညည်း ဘယ်လောက် စာကြိုးစားတယ် ဆိုတာလဲ သိ နေတာပဲ။ ဒီတော့ နှစ်ခုလုံးအဆင်ပြေသွားအောင် ညည်း ငါ့ဆိုင်မှာ ဆိုင်ထိုင်ပေးမလား။ ညည်းကို လခနဲ့ထားမယ်။ ဘယ်လိုလဲ"

ငွေမင်သည် ဦးလေးစန်းရဲ့ စကားကြောင့် မျက်လုံး ပြူးသွားကာ တော်တော်နှင့် စကားပြန်မပြောနိုင်ချေ။ ပြီးတော့ အထစ်ထစ် အငေါ့ငေါ့ဖြင့် ...

"ဦး ... ဦးလေးစန်းက ဘယ်သွားမှာမို့လို့လဲ"

"ငါက ဒီဘက်မှာ အခွေငှားဆိုင် ထပ်ချဲ့မလို့ဟ။ ငါ့ ကတ်စတန်မာတွေက ဒီမှာ စာအုပ်ငှားပြီးရင် အခွေတွေ ကျတော့ ဟိုလမ်းထိပ်ထိ သွားငှားရတာ ဆိုတော့ သိပ် အဆင်မပြေဘူးပေါ့ဟာ ...

ဒါကြောင့် ဝန်ဆောင်မှု ထပ်ဖြည့်ပေးတာ။ ဘယ်လို လဲ မကောင်းဘူးလား"

"ကောင်းတာပေါ့။ ဒီ့ထက်ကောင်းတာတောင် ဒီလောက် မကောင်းဘူး။ တကယ်နော် ... အမလေး ဝမ်းသာလိုက် တာ ဦးလေးစန်းရယ် ...





သိပ်ကျေးဇူးတင်တာပဲ တကယ်။ ဘယ်လိုဝမ်းသာ မှန်းကို မသိပါဘူး"

"အေးပါ ... အေးပါ။ ညည်း ဆရာဝန်ဖြစ်ရင်သာ ငါ့ကို ဆေးအလကားထိုးပေးဖို့ မမေ့နဲ့"

"ဟား ... မေ့စရာလား။ ရှေ့ဆုံးက ထိုးပေးမှာ။ အမလေး ဒီနေ့အဖို့တော့ လပ်ကီးဒေးပဲ။ ရင်တွေတုန်လွန်းလို့ သွား တော့မယ် ဦးလေးစန်းရယ် ...

ဪ ... ဒါနဲ့ ငွေမင်က ဘယ်တော့ အလုပ်စဝင် ရမလဲဟင်"

"ညည်း အဆင်ပြေတဲ့အချိန်ဝင်"

"ဒါဆို မနက်ဖြန်ကစပြီး ဝင်မယ်နော်၊ ဒီနေ့တော့ ..."

"ဒီနေ့တော့ ခေတ်လမင်းရဲ့ စာအုပ်ကိုပဲ ဖီးလ်အပြည့်နဲ့ ဖတ်တော့မယ်ပေါ့။ ကဲ ... ကဲ ... သွား ... သွား"

ငွေမင်သည် စိတ်ချမ်းသာ ကျေနပ်လွန်းသဖြင့် သို့ပြန်လာရာ လမ်းတစ်လျှောက်တွင် မြေကြီးနှင့် ခြေထောက် တယ်လို့ မထင်ရဘဲ ပေါ့ပါးလွှတ်လပ်လို့ နေလေသည်။ ပ်အငှားဆိုင်လေး တစ်ဆိုင်မှာ ဆိုင်ထိုင်စာရင်းမှတ်အဖြစ် ရတာလေးကို ဒီလောက်တောင် ပျော်နေရသလားဟု ထင် င်လည်း ထင်ကြတော့။

ငွေမင့် အတွက်တော့ ငြိမ်းချမ်းနယ်မြေ စာအုပ်ဆိုင် သည် နာမည်နှင့် လိုက်ဖက်အောင်ပင် တကယ့် ငြိမ်းချမ်း



www.burmeseclassic.com

www.burmeseclassic.com



စရာ နယ်မြေလေးပင် ဖြစ်တော့သည်။ စာအုပ်တွေ ... စာအုပ်တွေ ဖတ်ချင်လွန်းလှသည့် များပြားလှသော စာအုပ်တွေကို စိတ်တိုင်းကျ ဖတ်ခွင့်ရတော့မည်။ ဒါတင်မကသေး လစာငွေလည်း ရတော့မည် ဆိုသောအခါ ဟိုကြော်ငြာထဲကလိုပင် ကဲ ... ဘာလိုသေးလဲ ဦးကြီးရာဟု အော်ပစ်လိုက်ချင်တော့လေသည်။

ဒီပုံစံအတိုင်းဆိုလျှင် ကျောင်းတက်ဖို့ရာမှာ သိပ် အခက်အခဲ မရှိတော့ချေ။ စာအုပ်ဆိုင်က ညနေဘက်မှ ဖွင့်တာမို့ ငွေမင့် အတွက်လည်း လုံးဝအဆင်ပြေသည်။ အိမ်နဲ့လည်း ဘယ် လောက်မှမဝေး။ ငွေမင်သည် တပျော်ပျော် တပြုံးပြုံးဖြင့် ပြန်လာ ခဲ့ရာ မမကတောင် မေးယူရသည် အထိပင်။

"ငွေမင် ပါးစပ်တောင် မပိတ်နိုင်အောင် ဘာတွေသဘော ကျစရာ တွေ့လာလို့လဲ"

ငွေမင်သည် မမရဲ့လက်ထဲမှ တူကလေးရဲ့ပါးပြင် ကို အားပါးတရ မွှေးကြူပြီးမှ ...

"ငွေမင်လေ နောက်ထပ် အလုပ်တစ်ခု အဆင်ပြေလာ ပြန်ပြီ မမရဲ့။ ငြိမ်းချမ်းနယ်မြေမှာ ညနေပိုင်း ဆိုင်ထိုင် စာရင်းမှတ်ပေးရမှာ ...

အဲဒီ အလုပ်ကလေ ကျောင်းဖွင့်လည်း ငွေမင်လုပ် လို့ရတယ် သိလား၊ အဲဒီမှာ စာကျက်လို့လည်း ရတာပဲ။ ညနေ ခြောက်နာရီကနေ ကိုးနာရီအထိပဲ။ ဦးလေးစန်းဘာ အရွေ့ငှားဆိုင် ထပ်ချဲ့မှာမို့လို့လေ"





"ပင်ပန်းမှာပေါ့ ငွေမင်ရယ်။ တစ်နေ့ကုန်လည်း စာသင် နေရပြီးတော့"

"မပင်ပန်းပါဘူး မမရယ်။ အလုပ်ရတာကိုပဲ ကျေးဇူးတင် ရဦးမှာ၊ ငြိမ်းချမ်းနယ်မြေမှာ အလုပ်ရတာကိုတော့ အပျော် ဆုံးပဲ ...

စာအုပ်တွေ အလကား ဖတ်ရတော့မှာလေ ... ဟီး ဟီ"

"အေးပါ ... နောက်ပိုင်း နင့်စာတွေ မနိုင်လို့ မလုပ်ဖြစ် တော့ရင်လည်း နင့်အစား ငါ ဝင်လုပ်ပေးပါ့မယ်ဟယ်"

"ဟာ ... အဲဒါတော့ ရတယ် မမ။ ငွေမင် လုပ်နိုင်တယ်။ တွေ့တယ်နော် မမ။ ကြိုးစားရင် အခွင့်အရေး ဆိုတာ ကြိုးစားသလောက် ကိုယ့်ဆီကို ရောက်လာတာပဲ ...

ငွေမင်သာ အရှုံးပေးပြီး ဖွဲလျှော့လိုက်ရင် ဒီအလုပ် တွေ ဘယ်ရတော့မလဲ။ ငွေမင်တော့ ယုံတယ် သိလား။ နောက်ဆိုရင် ဒီ့ထက်ကောင်းတဲ့ အလုပ်တွေကိုတောင် ရချင်ရလာဦးမှာ"

ငွေမင်ရဲ့ အစ်မကတော့ ငွေမင် တက်ကြွနေတာကို ကြည့်လျက် ခေါင်းတညိတ်ညိတ်ဖြင့် ဘာမှမပြောသာတော့ချေ။ ငွေမင်ကတော့ ရလာသော အခွင့်အရေးလေးများဖြင့် အားတွေ တက်ကာ ဆက်ကြိုးစားချင်စိတ်တွေလည်း တဖွားဖွားဖြစ်လျက် ရှိလေသည်။ စာအုပ်တွေနှင့် နီးစွာသော နေရာကို ရောက်တော့



www.burmeseclassic.com

www.burmeseclassic.com



မှာမို့ ငွေမင့် စိတ်တွေသည် နွမ်းနယ်ခြင်းမရှိအောင်ပင် တက်ကြွကာနေသည်။

စာအုပ်တွေဆိုတာ ဝင်ခွင့်ဖြေစရာမလိုတဲ့ တက္ကသိုလ်တွေတဲ့။ ငွေမင့် အတွက်တော့ အဲဒီစကားလေးဟာ ဘဝအတွက်အားမာန်တွေကို ဆောင်ယူပေးလာတာပဲ ဖြစ်တော့သည်။

ကွ ✦✦ ကွ

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။





ခရီးထွက်ခြင်းသည် သူ့စိတ်တွေကို ထင်ထားတာထက်ပို၍ Refreshing ပြန်၍ ဖြစ်စေခဲ့ပါသည်။ ရန်ကုန်မှထွက်ကတည်းက ပြောင်းလဲသွားသော ပတ်ဝန်းကျင်ရှုခင်းများသည် သူ့စိတ်အာရုံတွေကို တခြားတစ်ကမ္ဘာသို့ ခေါ်ဆောင်သွားသည်။ သူက ပြည်လမ်းအတိုင်း ပြည်ကတစ်ဆင့် ပုဂံသို့သွားခဲ့ခြင်းဖြစ်ရာ အဲဒီ ဖြတ်သန်းသွားရာ လမ်းတစ်လျှောက်ဖြစ်သော ပြည်မြို့အတွက် ရှုခင်းသည် အင်မတန်လှပပါသည်။

သူက ပြည်ရောက်မှတော့ မထူးပါဘူး ဟူသောအားဖြင့် ပြည်တွင် နှစ်ရက်ခန့် ဝင်၍လည်ပတ်လိုက်သေးသည်။ ပြည်မြို့ရှိ မင်္ဂလာဂါးဒင်းဟိုတယ်မှာတည်းလျက် ပြည်မြို့ရဲ့အဆင်ကရနေရာတွေကို စာရေးဖို့အတွက် ဟိုဟိုဒီဒီ လေ့လာရတာမှာ နဝဒေးတံတားကြီးပေါ်မှာ ဓာတ်ပုံရိုက်၊ လေညင်းခံရတာနှင့် သူ့ ခံစားချက် တစ်စိတ်တစ်ဒေသတွေက လျော့ပါးကျဲစပြီဖြစ်သည်။

ပုဂံကို ရောက်သောအခါတွင်တော့ သူဟာ အတိတ်အနာဂတ်ကို တတ်နိုင်သမျှ မေ့လျော့ထားကာ လက်ရှိပစ္စုပ္ပန်



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ အကြီးအကျယ် စျာန်ဝင်နေခဲ့တော့တာ ဖြစ်သည်။ မနက် ခင်းပိုင်းတွေမှာ ပုဂံပတ်ဝန်းကျင်အနှံ့ လိုက်၍လေ့လာသည် နေ့ခင်းကျ ဟိုတယ်မှာ အနားယူချင်ယူသည်။ ဒါမှမဟုတ် စာရေ သည်။ ညနေဘက်ရောက်လျှင် တစ်ခါ ပြန်ထွက်ပြီး ဘုရားဖူ သည်။ ဈေးရောင်းသူတွေ၊ တိုးရစ်ဂိုက်လုပ်သော ကလေးတွေနှင့် စကားပြောသည်။

ညဘက်ရောက်လျှင်တော့ စာရေးချင်ရေး၊ မရေးချ လည်း အခန်းထဲရှိ Satellite TV မှလာသော ဘောလုံးပွဲတွေ ကြည့်ချင်ကြည့်သည်။ ဒီလိုနှင့် သူဟာ ဆယ်ရက်လောက်ကြာ လျှင် ပုဂံနှင့် အသားတကျ ရှိလာခဲ့သည်။ စိတ်ဝင်စားစရာကောင်း သော ပတ်ဝန်းကျင်အသစ်၏ ရှုခင်းများနှင့် အညာလူနေမှုစရိုက် သည် သူ့ရင်ကို အကြီးအကျယ်ပဲ ဖမ်းစားလို့ နေခဲ့သည်။

သူက မင်္ဂလာစေတီဘုရားမှာ ချိတ်ဆွဲထားသော ကြေးစည်တွေ၊ ခေါင်းလောင်းတွေကို သဘောကျလွန်းသဖြ မကြာခဏ သွားရာမှာ ဆိုင်ရှင်တွေနဲ့တောင် ရင်းနှီးနေပြီဖြစ်သည် ဟိုတယ် ရီဆပ်ရှင်က ကောင်မလေးတွေ၊ ဝန်ထမ်းကောင်လေး တွေလည်း သူ့ပရိသတ်တွေ ဖြစ်လာရာ သူ့မှာ မိတ်ဆွေလည် မရှား။ တွေ့ရခဲသော တကယ့်ပရိသတ်တွေနှင့် ဆုံတွေ့ရသည် သူ့အတွက် အားပေးစကားတွေ၊ အကြံပေးစကားတွေကြား စကားပြန်ပြောခွင့် ရတာလည်း သူ့စိတ်ကို အများကြီး ကျေနပ် ပျော်ရွှင်စေပါသည်။





သူ့ပရိသတ် ဝန်ထမ်းကောင်လေးတွေက ဂျူတီအား သ,ညဆိုလျှင် သူနှင့် စကားလက်ဆုံ လာကျလေ့ရှိကြသည်။ ,ကတော့ သူ့ကို ဆရာကြီးသဖွယ်ထားကာ ဇျူးကြသည် င် ပို့မှန်ပါမည်။

"ကိုလမင်းက ဒီမှာ ဘယ်လောက်ကြာကြာ နေမှာလဲ ဟင်"

"ဘာလဲ … မျိုးသက်၊ မင်းက မင်းဖိလင်တွေ ရင်ဖွင့်ပြီး ဝတ္ထုတစ်ပုဒ် ရေးခိုင်းမလို့လား"

"အာ … မဟုတ်ပါဘူးကွာ။ ငါက ကိုလမင်းနဲ့ အမြဲ စကားပြောချင်လို့ပါ။ ကိုလမင်းနဲ့ စကားပြောရတာ မိုက် တယ်ကွ။ ကိုလမင်းက ရန်ကုန်ကပဲလား"

"မဟုတ်ဘူး ညီလေး။ ဇာတိက မုံရွာကပါ။ ကိုယ် ဒီကနေ မုံရွာကို ဆက်သွားမှာလေ။ မိဘတွေက မုံရွာမှာပဲ"

"ဪ … ဒါဆို ကိုလမင်းက စာရေးဆရာ ဖြစ်ချင်လို့ ရန်ကုန်ကို တက်လာရတာပေါ့နော်။ ဒီလို အောင်မြင်လာ အောင် ဘယ်လိုကြိုးစားခဲ့ရလဲဟင်"

"ကိုယ် ရန်ကုန်ကို ရောက်ရောက်ချင်း အဆောင်တစ်ခု မှာနေတာ၊ အဲဒီမှာမှ အင်္ဂလိပ်စာသင်တန်းတစ်ခုနဲ့ ဓာတ်ပုံ သင်တန်းတစ်ခု တက်တယ်၊ နောက် ဝတ္ထုတိုလေးတွေ စ,ရေးပြီး မဂ္ဂဇင်းတိုက်တွေကို ပို့တာပေါ့ …



www.burmeseclassic.com

www.burmeseclassic.com



လေထန်ကုန်းတို့ ဘာတို့လဲ သွားပြီး စာပေသ… တွေနဲ့လည်း ဆွေးနွေးပေါ့ကွာ။ တစ်နှစ်ခွဲလောက်ကြ… ထုတ်ဝေသူနဲ့တွေ့ပြီး ထုတ်ဖြစ်သွားတာ"

"ဒါဆို ကိုလမင်းက ဝတ္ထုရှည်တွေ ချက်ချင်းရေး… မဟုတ်ဘူးပေါ့။ ဘာလို့ ဝတ္ထုတိုတွေပဲ စ,ရေးဖြစ်တာ…"

"အစိက,ကတော့ ထုတ်ဝေသူနဲ့ အလှမ်းဝေးတာလည်း… ပါတာပေါ့။ နောက်ပြီး ကိုယ့်လက်ကိုယ် ကျင့်တဲ့သ… ပါပဲ။ ဝတ္ထုတိုမှာ ပိုင်သွားရင် လုံးချင်းရေးရတာ မခ… ခဲတော့ဘူး။ ဝတ္ထုတိုရေးခဲ့တာဟာ ကိုယ့်အတွက်… test တွေ လုပ်ခဲ့ရသလိုပါပဲ"

"ဒါဆို နယ်ကလူတွေက အနုပညာအလုပ် လုပ်ဖို့၊ … ဝင်ဖို့ ဆိုတာ ခက်တော့ ခက်ခဲတာပေါ့နော်"

"အင်းပေါ့ ညီလေးရာ။ ခက်ခဲတယ်ဆိုပြီး လက်လျှော့… လိုက်ရင်တော့ ဘာမှဖြစ်လာမှာ မဟုတ်ဘူးလေ။ တချို့… လူတွေအတွက် ပန်းတိုင်ဆိုတာ မလှမ်းမကမ်းမှာ ရှိတယ်… လှမ်းမြင်နေရတယ်။ တချို့တွေအတွက်ကျတော့ လုံး… ကမ်းမမြင် လမ်းမမြင်ဘဲ …

ဒါပေမဲ့ အဲဒီနေရာဟာ ကိုယ်လိုချင်တဲ့ ပန်းတိုင်… ရှိနေတယ်ဆို ရောက်အောင် သွားရမှာပဲ။ ကံတရားကို… လွှဲချနေလို့ မရဘူး"





"ဟာ … အဲဒါ ဒီကောင် ကိုလမင်း။ ဒီကောင်က ကံ ဘာရားကို သိပ်ယုံတာ။ ဘာပဲဖြစ်ဖြစ် ကံစီမံရာပဲဆိုပြီး ခဏ ခဏ ပြောတယ် …

အဲ … အဲဒါကိုပဲ ကျွန်တော်တို့က အငြင်းနေကြ တာ။ ကံဆိုတာ ပြုပြင်ပြောင်းလဲလို့ ရလား။ အရာရာ တိုင်းဟာ ကံစီမံရာပဲလား။ အဲဒါလေး ဖြေပေးပါဦး ကိုလမင်းရာ"

သူက အခုမှ မျက်ခုံးပင့်ရတော့တာ ဖြစ်သည်။ သူ …တော့ ရှင်းသည်။ ပြတ်သည်။ ခေတ်နှင့်အညီနေသော၊ နည်း …ပညာသစ်တွေကို စိတ်ဝင်စားသော လူငယ်တစ်ယောက်ဖြစ်၍ …ကို သိပ်မယုံချေ။ သို့သော် သူဟာ အစွန်းရောက်ဝါဒီသမား …ယောက်လည်း မဟုတ်သည့်အတွက် သူ့အဖြေဟာ အားလုံး …တွက် မျှမျှတတ ဖြစ်စေချင်သည်။ သူသည် အခုမှ ချွေးပြန် …တော့တာ ဖြစ်သည်။

ဒီကြားထဲ ဝဏ္ဏ ထံမှ ဖုန်းဝင်လာသေးသဖြင့် သူ … ဖုန်းဖွင့်ကာ …

"ခဏနေဦးဟေ့ ပြီးမှ ငါ ပြန်ဆက်လိုက်မယ်၊ ဒီမှာ အရေးကြီးတဲ့ မေးခွန်းကို ဖြေနေတယ်"

ဝဏ္ဏတောင် ဘာမှပြန်မပြောရသေး သူက ဖုန်းကို …နှိပ်ပိတ်ချလိုက်လျှင် ကောင်လေးတွေက သူ့အပြုအမူကို သဘော …သွားဟန်ဖြင့် ဝိုင်း၍ အလေးပြုကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုရှိတယ် ညီလေးရ။ ဒါ ကိုယ့်အမြင်ပေါ့နော်။
တရားနဲ့ ပတ်သက်ပြီးတော့ ကိုယ့်အမြင်ကို ပြောတာ
ညီလေးတို့ မေးခွန်းအတွက် အဖြေဖြစ်ချင်မှ ဖြစ်မယ်

လောကမှာ ပြုပြင်လို့ရတဲ့ ကံတရားနဲ့ ပြုပြင်
မရတဲ့ ကံတရားဆိုပြီး နှစ်မျိုးရှိတယ်။ ဥပမာ ... ဒီအ
ဒီအမေရဲ့ ဘဝမှာ လူဖြစ်လာဖို့ ဖန်လာတဲ့ ကံတရား
က ရှေ့အဆက်ဆက်က အကြောင်းကြောင်းတွေကြော
ဖြစ်လာတဲ့ ကံတရားတစ်ခုပဲလေ။ ဒါက ကိုယ်တို့
ချယ်ခွင့်မှ မရှိတာ။ နောက်ထပ်ကွာ မိသားစုတစ်စုထဲ
အဖေဖြစ်သူ ဆုံးပါးသွားတယ်။ ဒီကံကြမ္မာမျိုးကို ဘယ်သူ
လိုချင်ကြမှာ မဟုတ်ဘူး ...

ဒါပေမဲ့ ကြုံလာရတယ်။ ဘယ်လိုမှ မတတ်နိုင်
ဘူး။ လက်ခံလိုက်ရတယ်။ ဘယ်လိုမှ ပြောင်းလဲလို့မရ
ကံတရားတစ်ခုပဲပေါ့နော် ...

တချို့ အကြောင်းအရာတွေဟာ ကံနဲ့သက်သ
ချည်းပဲ သက်ဆိုင်တဲ့ အကြောင်းအရာတွေ ရှိတယ်
လုံးဝ ပြောင်းလဲပစ်လို့ မရဘူး။ ဒါကို ကိုယ်တို့ လက်ခံ
ရမယ် ...

နောက်တစ်ခုကတော့ ပြောင်းလဲလို့ရတဲ့ ကံတရား
ပေါ့ကွာ။ ဘဝရဲ့ တိုးတက်ရာ တိုးတက်ကြောင်း၊ အောင်





မြင်ရာ အောင်မြင်ကြောင်းတွေမှာတော့ ကံကိုလွှဲချလို့
ရဘူး။ တို့ ဗုဒ္ဓကလည်း ဟောပြီးသားပဲ။ လောကမှာ
မိမိကိုယ်သာ ကိုးကွယ်ရာတဲ့။ ကိုယ့်အပေါ်မှာပဲ မူတည်
တယ် ...

ဖြစ်လာတာ မလာတာက နောက်ကိစ္စလေ။ ဖြစ်
ခလာဘူးလို့ ဘယ်သူပြောနိုင်လဲ။ ကြိုးစားဖို့က ကိုယ့်
တာဝန်ပဲ။ လောကမှာ ကိုယ်ဖြစ်ချင်တာကို ဖြစ်အောင်လုပ်
နိုင်တဲ့လူဟာ လူတော်ပဲ"

"ဒါဆို ကိုလမင်းက လူတော်ပေါ့"

"ဟာ ... အဲဒီလိုတော့ ဆိုလိုတာ မဟုတ်ဘူး။ လူဆိုတာ
တော်ရုံတင် မကသေးဘူး။ ကောင်းဖို့လည်း လိုသေးတယ်"

"ဒါဆို ကိုလမင်းက မကောင်းဘူးလား"

"အာ ... ဒါတော့ မဖြေပါရစေနဲ့တော့ကွာ။ ဟား ... ဟား"

သူ့စကားတွေကို လူငယ်တွေက တဟားဟားနှင့်
ရယ်နေကြသည်။

"ကျွန်တော်ကတော့ ကိုလမင်းကို အဲဒါမျိုးတွေ မမေးချင်
တော့ဘူးဗျာ၊ အချစ်အကြောင်းပဲ မေးမယ်၊ ကိုလမင်းက
အချစ်ဝတ္ထုရေးတဲ့နေရာမှာ Best seller ဆရာကြီးဆိုတော့
အချစ်အကြောင်းကို တော်တော်သိမှာပေါ့"

"ဟာ ... မသိပါဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ရောမချန့်ဗျာ။ ဝတ္ထုတွေမှာ အချစ်ကဗျာ…
တခမ်းတနားနဲ့ သ,ထားပြီး ရေးတတ်တဲ့ လူတစ်ယော…
အချစ်အကြောင်း မသိဘူးဆိုတာ ဖြစ်မှမဖြစ်နိုင်တာ…

အချစ်အကြောင်း မသိတော့တာ မဖြစ်နိုင်ဘူး၊ …
ချင်တာပဲ ဖြစ်နိုင်တယ်"

"အေး ... အဲဒါကတော့ အမှန်ဆုံးပဲ ညီလေး"

"ဟား ... တကယ်လား ကိုလမင်း"

ကောင်လေးတွေက တကယ်အားခဲထားသော … ကျမှ ဖြတ်ချခဲလိုက်ရလျှင် ကြိတ်မနိုင်ခဲမရ ပုံစံတွေ ဖြစ်လို့… ကြလေသည်။ သူဟာ စိတ်တော့မကောင်းမိချေ။ သို့သော် … ဟာ နှလုံးသားဒဏ်ရာကို ပြန်လည်မတူးဖော်ချင်တော့ပေ။ သူ… ထိုင်နေရာမှ ထရပ်လိုက်တော့ရင်း ...

"စိတ်တော့ မရှိကြပါနဲ့ကွာ။ ကိုယ် ဒီကို ရောက်လာ… အဲဒီခေါင်းစဉ်ကို မမြှုပ်ပစ်ဖို့ပါ။ ဒါကြောင့် နားလည်… ကြဖို့ တောင်းဆိုပါရစေ"

"ဟား ... ရပါတယ် ကိုလမင်းရာ။ ကျွန်တော်တို့က… တောင်းပန်ရမှာပါ။ ဒီကောင်က အလိုက်ကန်းဆိုး… မသိဘူး။ ဆောရီးပါဗျာ ... နော်"

"ရပါတယ်ကွာ၊ ပြဿနာ မရှိပါဘူး။ ကဲ ... ညဥ့်လည်… နက်ပြီ၊ နောက်နေ့မှ ထပ်ဆုံကြတာပေါ့။ အားလုံးပဲ ဥ… နိုက်ချ်ကွာ ... နော်"





သူက အားလုံးကို နှုတ်ဆက်ပြီးနောက် သူ့အခန်း… တက်လာခဲ့သည်။ လှေကားတက်နေစဥ်မှာပဲ ဖုန်းက …ည်လာသည်မို့ ဖွင့်လိုက်လျှင် ဝတ္တုပဲ ဖြစ်လို့နေသည်။

"ဪ ... ဝတ္တု၊ မင်းမလည်း ငါ့အသံ မကြားရမချင်း အိပ်လို့မပျော်ဘူးနဲ့ တူတယ်"

"အောင်မာ ... လေသံက အခုတော့ မာနေနိုင်ပါလား၊ အခြေအနေ ဘယ်လိုလဲ ဟောကောင်၊ နေကောင်းပြီလား"

ဝတ္တုက ဘာကိုဆိုလိုပြီး မေးမှန်း သိသဖြင့် သူက … ပြုံးကာ ...

"ကောင်းတော့မှာပါ"

"ဟုတ်လား ... သေချာလို့လား"

"သေချာပါတယ်"

"ဒါနဲ့ မင်း အခုနက ဘယ်သူတွေနဲ့ စကားပြောနေတာလဲ"

"ဟိုတယ်က ဘဲလ်မန်းလေးတွေနဲ့ပါကွာ။ ဒီလိုပါပဲ။ မင်းရော အဆင်ပြေလား"

"ပြေပါတယ်၊ ငါက ဘာမပြေစရာရှိလဲ။ မင်း ပုဂံမှာ ဘယ်လောက် ထပ်နေဦးမှာလဲ"

"ဆယ့်ငါးရက်လောက်ပါပဲ၊ မုံရွာမှာလည်း နှစ်ပတ်လောက် နေဦးမှာဆိုတော့ နှစ်ပတ်ကျော်နေပြီးရင် ပြန်တော့မယ်"

"ပုဂံမှာ အဆင်ပြေတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ပြေပါတယ်၊ အဆင်မပြေစရာ ဘာရှိလဲ။ ငါက နေ့
ဘက်လောက်နဲ့ ညနေဘက်ပဲ ဟိုတယ်မှာ နေဖြစ်
ပုဂံက ဆောင်းနေက ပြင်းတယ်ကွ။ ညကျတော့
တယ်။ အညာဆောင်းတွင်း စတိုင်လ်ကလည်း တ
ပဲ (တစ်မျိုးကြီးပဲ)"

"ဒါပေမဲ့ မင်း ပျော်တယ် မဟုတ်လား။ ဘယ်လိုလဲ
အိုက်ဒီယာအသစ်လေးတွေ လန်းတယ် မဟုတ်
စာရော ရေးဖြစ်လား"

"ရေးဖြစ်တယ်၊ ငါ ဆက်မရေးဖြစ်တဲ့ လုံးချင်းကို
စသတ်နေတယ်။ အိုက်ဒီယာ အသစ်ကတော့ ယွန်း
တွေအကြောင်း။ ဒီတစ်ခါရေးရင် ထည့်ရေးမယ် _

ကောင်းပါတယ်ကွာ။ ငါ့စိတ်တွေ တော်တော်
ဆန်းနေပါတယ်။ ရန်ကုန်မှာနေတာနဲ့တော့ မတူတာ
ပဲ။ ရန်ကုန်ကို လူသစ်စိတ်သစ်နဲ့ ပြန်ရောက်လာမယ်
တူတယ်"

"အဲဒီလိုပဲ ပျော်လင့်ပါတယ်ကွာ။ မင်းက ကိုယ့်ကိုယ်ကို
အကောင်းဆုံးဖြစ်အောင် ဖန်တီးနိုင်တဲ့ လူတစ်ယောက်ပဲ _

ကဲ ... ဒါဆို မင်း အိပ်တော့လေ။ တစ်ညလုံး
ပြီး စာရေးတဲ့ အလုပ်လည်း လုပ်မနေနဲ့ဦး"

သူက ဟာက်ခနဲ တစ်ချက်ရယ်ကာ ...





"လပြည့်တဲ့ ပုဂံညတွေကတော့ စာမရေးချင်ဘဲ ညလုံးပေါက် ထိုင်ငေးချင်လောက်အောင်ကို လှတာကွ ...

ရှေ့လပြည့်ညကျရင် အလိုတော်ပြည့်ဘုရားပွဲ ရှိတယ်တဲ့ကွ။ တော်တော်စည်တယ်လို့ ပြောကြတယ်။ ငါတော့ တိုက်တိုက်ဆိုင်ဆိုင် သွားဆုံတာပဲ။ ဆုတောင်းပွဲ လုပ်တာတဲ့"

"ဟုတ်လား ... ဒါဆို မင်းလည်း သွားဆုတောင်းပါလား။ စိတ်တူကိုယ်တူ ချစ်သူတစ်ယောက် ထပ်ရပါစေဆိုပြီး"

"တော်ပါပြီ မောင်ရာ။ ဒီဘဝလေးပဲ အေးချမ်းပါတယ်။ ကဲ ... ဒါပဲ မဟုတ်လား။ ငါ အိပ်ချင်ပြီ"

"အေးပါ ... ဂွတ်နိုက်ချ် ... ဂွတ်နိုက်ချ်"

သူက ဖုန်းပိတ်ပြီးလျှင် အိပ်ရာပေါ်သို့ လှဲချလိုက် ာ မျက်လုံးများကို အသာမှေးမှိတ်ရင်း တစ်ကိုယ်လုံးက ကြောတွေကို ဖြေလျှော့ပစ်လိုက်သည်။ ခမ်းနားသော ရာဇဝင် ဖြင့် အသရေတင့်တယ်သော ပထမမြန်မာနိုင်ငံတော်ကြီး တည် ရာ မြေပေါ်တွင် သူသည် လွတ်လပ်သော နှလုံးသားဖြင့် လွန် သော နှစ်တစ်ထောင်ဆီသို့ အိပ်မက်ရထားကိုစီးကာ ခြေဆန့် လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ချစ်ခြင်းယဉ်ကျေးမှု(၃)

❣ သူ့ရဲ့ကောင်းတို့ရဲ့ သွေးနဲ့
ခမ်းနားတင့်တယ်နေတဲ့
ဒီမြေကို ဘယ်သူဖန်ဆင်းထားသလဲ။

❣ အေဒီ(၁၁)ရာစုက
ပုဂံသူတစ်ယောက်ရဲ့ အချစ်ဆိုတာ
ပြတိုက်ထဲမှာများ သွားရှာလို့ရမလား။

❣ တွေ့များတွေ့ခဲ့ရင်တော့
နှမ့်နှာအချစ်ပုံစံလေးနဲ့တင်
ကမ္ဘာ့ရွာကြီး မျှားသွားအောင်
အင်တာနက်ပေါ် တင်ပြလိုက်မယ်။





❣ ပြောင့်မထားတဲ့ဆံပင်
ဆာကျူရိလုပ်မထားတဲ့ နှာခေါင်း
လိုးရှင်းလိမ်းမထားတဲ့ ရွှေဝါရောင်အသားနဲ့
ပုဂံသူတွေရဲ့ ရေခပ်ဆင်းချိန်ကို
www.bagan angel. com ! မှာ ဖွင့်ကြည့်လိုက်ပါ။
နှစ်တစ်ထောင်နောက်ကျပြီး မွေးဖွားလာတဲ့
ဒီနှလုံးသားက သည်းခြေပျက်ချင်သွားခဲ့ပြီ။

(မှူပိုင် – ခေတ်လမင်း)



www.burmeseclassic.com

## ၁

ငွေမင်သည် စာအုပ်ငှားသူတစ်ယောက်ကို စာ
မှတ်ပေးနေတုန်းမှာပင် အရှေ့သို့ ဘုတ်ခနဲ ပြုတ်ကျလာ
သတင်းစာစက္ကူခေါက်ကြောင့် မော့ကြည့်မိလျှင် ဖတ်ကြည့်
သော သဘောဖြင့် မျက်ခုံးပင့်ပြနေသော ဦးလေးစန်းကို တွေ့လိုက်
ရသည်။ လူကရှုပ်နေသဖြင့် ငွေမင်က ချက်ချင်းမဖတ်နိုင်အ
သေးချေ။ ဒါကို စိတ်မရှည်တော့ဟန်တူသော ဦးလေးစန်းက

"ကဲ ... မိငွေမင်၊ အဲဒီစာရင်းတွေ ငါ မှတ်ပါ့မယ်
သတင်းစာသာ အရင်ဖတ်စမ်းပါ"

"ဩော် ... ဘာတွေများ သတင်းထူးပါလို့လဲ ဦးလေး
ရယ်။ ခဏလေးပါ၊ ပြီးတော့မှာပါ ...

ဩော် ... ယမင်းရေ၊ ဒီလထုတ် Life Style
'နိုင်ငံခြား ကျောင်းသွားတက်မယ် ဆိုရင်'ဆိုတဲ့ အ
ဆောင်းပါး ပါတယ်နော်၊ ယမင်းက စင်ကာပူပိုလီတက်
လို့ စုံစမ်းနေတယ်ဆို"





"အဲ ... ဟုတ်တယ်၊ ပါလား အဲဒီအကြောင်းတွေပါလား"

"ပါတာပေါ့။ ကျောင်းသားတွေနဲ့ အင်တာဗျူးလည်းပါ
တယ်။ ကောင်းတယ် ... ယူသွားမယ် မဟုတ်လား"

"ယူမှာပေါ့ ကျေးဇူးပဲ မငွေမင်"

"ရပါတယ်။ ရော့ ... ဒီမှာသေချာဖတ်လိုက်ဦး။ တွတ်တွတ်
ရေ သားကြိုက်တဲ့ ဝိဇ္ဇာကာတွန်း အသစ်ထွက်နေပြီနော်"

"ဟာ ... ငွေမင်ရည်ကလည်း အဲဒါ ကျွန်တော် မှာထား
တာလေ"

"ဩော် ... မင်းခန့်ကလည်း ကလေးနဲ့အပြိုင် လုနေပြန်
ပါပြီ။ ရှင့်အတွက်လည်း သပ်သပ် ဖယ်ထားပါတယ်။
တစ်အုပ်တည်း ဝယ်ထားတာမှ မဟုတ်တာ။ ရော့ ...
ရော့"

"သိဘူးလေ။ ဒီက မရယ်ရရင် အိပ်မပျော်တတ်တဲ့ရောဂါ
ရှိလို့"

"ဒါဆို အကြည်တော်ပါ ယူသွားလိုက်။ ရယ်ရလွန်းလို့
ပါးစပ်ကို နားရွက်မှာ တိပ်နဲ့တစ်ခါတည်း ကပ်ထားရမယ်"

"ဟား ... အညွှန်းကတော့ ဖျားလောက်တယ်ဗျာ"

ဦးလေးစန်းကတော့ ဖောက်သည်တွေနှင့် လက်မ
သည်အောင် ဖြစ်နေသော ငွေမင့်ရည်ကို သဘောတကျနှင့် ပြုံး
ကြည့်နေမိသည်။ ငွေမင်ရည်ဟာ စာအုပ်စာပေနှင့် ပတ်သက်သော
လျှင် တကယ့်ကို ဝါသနာပါတာ သူများကိုပါ တွင်စေချင်

www.burmeseclassic.com



သိစေချင်သော စေတနာရှိသူ ဖြစ်သည်။ အင်း ... ဒီစေတနာ တွေအတွက် ဒီကလေးမ အကျိုးပေးသန်တော့မည်။

ငွေမင်က လှရှင်းသွားလျှင် ဦးလေးစန်းကို တစ်ချက် မော့ပြီး ပြုံးပြကာ သတင်းစာကို ကောက်ကိုင်လိုက်သည်။ နောက်တော့ ကြော်ငြာစာမျက်နှာတွေကို ဝေ့ဝဲကြည့်ရှုနေပြီး တစ်နေရာအရောက်တွင် ငွေမင့် မျက်လုံးတွေမှာ ပြူးကျယ်ဝိုင်း စက်လို့ သွားလေသည်။

ငွေမင်သည် ထိုကြော်ငြာကို ထပ်ခါ ထပ်ခါ ဖတ် သည်။ သေချာအောင် ဖတ်သည်။ ဘယ်လိုမှ မလွဲပါ။

"စာရေးဆရာ ခေတ်လမင်း အတွက် အချိန်ပိုင်းလက် ထောက်အလုပ် လုပ်ကိုင်ရန် ဝန်ထမ်းတစ်ဦး အလိုရှိပါ သည်။ စိတ်ပါဝင်စားသူများ အောက်ပါလိပ်စာအတိုင်း လာရောက်ဆက်သွယ်နိုင်ပါသည်"တဲ့။

ငွေမင်သည် ဦးလေးစန်းရဲ့မျက်နှာကို မော့ကာကြည့် မိလျှင် ဦးလေးစန်းက ဘယ့်နှယ်ရှိစ ဟူသော အပြုံးနှင့် လက်ပိုက် ကာ ပြုံးပြနေသည်။ ငွေမင်က သတင်းစာကို အရှေ့သို့ ပြန်လှန် ကြည့်ကာ ရက်စွဲကိုဖတ်ပြီးလျှင် ...

"ဟယ် ... သတင်းစာက နှစ်ပတ်တောင် ကျော်နေပြီ ဦးလေးစန်းရယ်။ ဘာလို့ အခုမှ လာပြရတာလဲ"

"ဩော် ... ငါလည်း အခုမှ သိရတာလေ။ ဘယ်လိုလဲ စိတ်မဝင်စားဘူးလား"





"ဟာ ... ဘယ့်နှယ် ပြောလိုက်တာပါလိမ့်။ သိပ်စိတ်ဝင် စားတာပေါ့။ အချိန်ပိုင်းလက်ထောက် ... အချိန်ပိုင်းလက် ထောက်။ အချိန်ပိုင်းလက်ထောက်ဆိုတာ ဘာကိုပြောတာ လဲဟင်"

"အချိန်ပိုင်းလက်ထောက် ဆိုတာ အချိန်ပိုင်းလေးပဲ လက် ကိုထောက်ထားရတာပေါ့။ ပြီးရင် လက်ချလို့ရပြီတဲ့"

"အာ ... အဲဒီ ဦးလေးစန်းကလည်းကွာ၊ လာမနောက်နဲ့၊ တကယ် မေးနေတဲ့ဟာကို"

"ဩော် ... ငါလည်း ဘယ်သိမလဲဟ၊ သိချင်ရင် နင်သွား ကြည့်ပေါ့"

အဲဒီစကားကိုကြားလျှင် ငွေမင်သည် ရင်တစ်ချက် ခုန်သွားခဲ့သည်။ သို့သော် ဒီရင်ခုန်သံဟာ ရိုးရိုးရင်ခုန်သံသာလျှင် ဖြစ်ပါသည်။ ကိုယ် သိပ်သဘောကျ နှစ်ခြိုက်ရသော စာရေးဆရာ တစ်ယောက်နဲ့ တွေ့ဆုံစကားပြောခွင့် ရတော့မည့် အဖြစ်ကို တွေးမိတော့ စိတ်လည်း လှုပ်ရှားသလို ရင်တုန်ပန်းတုန်လည်း ဖြစ်မိသည်။

"ငွေမင် သွားကြည့်ရင် ကောင်းမလား မသိဘူး။ အချိန် ပိုင်းဆိုတော့ စိတ်တော့ စိတ်ဝင်စားတယ်"

"အေးလေ ... ညည်းက ကျောင်းတစ်ဖက်နဲ့ ဆိုတော့ အဆင်ပြေတာပေါ့"

"အခုလောက်ဆို လူတောင် ရသွားရောပေါ့ ဦးလေးစန်း ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ညည်းက အတပ်ပြောနိုင်လို့လား၊ သူ့ကြော်ငြာထဲမှာ ပညာအရည်အချင်းတို့၊ ရက်အကန့်အသတ်တို့မှ မပါဘဲ ပြီးတော့ စာရေးဆရာဆိုတာ ဗီဇကြောင်ချင် ကြောင်မှာ ပေါ့ဟာ၊ အရည်အချင်း ဘာညာတွေထက် သူ့စိတ်ကြိုက် လူနဲ့တွေ့မှ ခန့်ချင်ခန့်မှာပေါ့ဟာ ...

သွားကြည့်တာ အမှားမရှိပါဘူး။ မသကာ ညည်း သူ့ကို မြင်ဖူးသွားတာပေါ့"

ငွေမင်သည် ဦးလေးစန်းရဲ့ စကားကြောင့် အား လည်းတက်သွားသလို ရှက်ပြုံးလေးလည်း ပြုံးမိသွားသေးသည်။ ဟုတ်တယ် ... သွားကြည့်တာတော့ အမှားမရှိနိုင်ဘူးဟု ငွေမင် ထင်သည်။ နောက်ဆုံး အလုပ်မရခဲ့စေဦးတော့ စာရေးဆရာတစ် ယောက်ရဲ့ အချိန်ပိုင်းလက်ထောက် အလုပ်ဆိုတာ ဘာပါလိမ့်ဆို တာ သိသွားရမည် ဖြစ်သည်။

ပြီးတော့ သူဟာ အခုချိန်ကျမှ ဘာကြောင့် လက် ထောက်ခေါ်ရတာလဲ ဆိုတာလည်း ငွေမင် သိချင်သည်။ သူ့အလုပ် တွေ မနိုင်နင်းဘူးလား။ မနိုင်နင်းဘူး ဆိုရင်တောင် ဒီအလုပ်က သုံ့မျှားဝင်ကူညီလို့ ရတဲ့အလုပ်လည်း မဟုတ်ချေ။ ငွေမင်သည် တွေးရင်း တွေးရင်း မတွေးတတ်တော့စွာဖြင့် မနက်ဖြန်တွင် သူ့ ဆီသွားရောက်တွေ့ဆုံဖို့အရေးကို တိကျစွာ ဆုံးဖြတ်ချက် ချလိုက် လေသည်။

✤ ✤ ✤





ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ ဆိုတဲ့ စကားရဲ့ ပွာယ်ကို အရင်တုန်းကတော့ သူ သေချာမသိခဲ့သေးချေ။ တော့ အဲဒီစကားရဲ့ အဓိပ္ပာယ်ကို သူ သေချာစွာ နားလည် ခဲ့ပြီဖြစ်သည်။ သူ့အဖြစ်ဟာ အဲဒီစကားနှင့် ကွက်တိကို နေသည်။ စကားပုံထဲက မိန်းမနှင့် သူက အပြင်ကယောက်ျား ကွာလေသည်။

သူဟာ ပုဂံ၌ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်ခဲ့ ာက် သူ့ဇာတိရပ်ရွာဖြစ်သော မုံရွာကို ဆက်သွားခဲ့သည်။ ာ မိဘောတွေနှင့် နှစ်ပတ်လောက် နေပြီးနောက် သူ့အမေကို ာ မန္တလေးမှာ ဘုရားဖူးရင်း တစ်ပတ်လောက် ထပ်နေသည်။ ာမှ အမေက ဒရိုင်ဘာနှင့်အတူ မုံရွာပြန်သွားသလို သူက ရန်ကုန်သို့ ပြန်လာခဲ့တာဖြစ်သည်။

ခရီးစဉ်အားလုံး စိတ်ချမ်းမြေ့ဖွယ် ကောင်းပါလျက် သူဟာ အပြန်လမ်း ခရီးကျမှပဲ ဒုက္ခရောက်ရတော့တာ ဖြစ် ၊ သူ မောင်းလာသော ကားဟာ ရွာတစ်ရွာကို ဖြတ်ရင်းမှ



www.burmeseclassic.com

www.burmeseclassic.com



ကဗ္ဗာရာလမ်းပေါ်ကို အတင်းပြေးတက်လာသော ကျွဲတစ်ကောင်
ကို ရှောင်ရင်းမှ ကားမှောက်ခဲ့ရတာဖြစ်သည်။ သေလောက်အောင်
မစိုးရိမ်ရခဲ့ပေမဲ့ သူ့ဒဏ်ရာဟာ အနည်းနဲ့ အများဆိုသလို
ပြင်းထန်ခဲ့တာပဲ ဖြစ်သည်။

သူဟာ အနီးအနားရှိ တိုက်နယ်ဆေးရုံတစ်ရုံ
တစ်ရက်တက်ခဲ့ရပြီးမှ သူ့ထုတ်ဝေသူ ကိုကျော်ဇင်နှင့် ဝ
ဆေးရုံကားနှင့်အတူ လာရောက်ခေါ်ဆောင်ခဲ့ရတာ ဖြစ်သည်
ဒီလိုနှင့် သူဟာ ဆေးရုံမှာ တစ်လလောက် ဆေးကုသမှု ခံယူ
ပြီးမှ ဆင်းခဲ့ရသည်။ ဒါတောင် အကောင်းပကတိ မဟုတ်သေး

သူ့အတွက် ရွှေလက်ဟု တင်စားရသော သူ့
ဘက်လက်ဟာ ကားမှောက်ခဲ့စဉ်က တံခါးကြားထဲမှာ ညပ်
သည့် ဒဏ်ရာကြောင့် အကြောတချို့ ထိခိုက်မိသွားကာ ဖ
ပစ္စည်းတွေကို မကိုင်တွယ်နိုင်၊ မကွေးမဆန့်နိုင်သောလက်
လို့သွားလေသည်။

အရိုးအကြော ဆရာဝန်ရဲ့ ပြောကြားချက်ကတော့
"ဒါက လေ့ကျင့်ခန်းယူရင် ပြန်ပြီးလှုပ်ရှားလာနိုင်မှာ
ဘာမှစိုးရိမ်စရာတော့ မရှိပါဘူး။ အေးပေါ့လေ ... စာ
ဆရာဆိုတော့ ဒီညာဘက်လက်က အသက်လို ဖြစ်နေ
ကိုး ...

တခြားခန္ဓာကိုယ်က တစ်ခုခု ဘာမှ ဆိုးဆိုးရွားရွား
မဖြစ်ခဲ့တာပဲ ဖြေသိမ့်စရာပေါ့၊ မဟုတ်ဘူးလား"





ဆရာဝန်က မဟုတ်ဘူးလား ဆိုတော့လည်း သူက
ပါတယ်ဟု ခေါင်းညိတ်ရုံပဲ ရှိတော့သည်။ စကားကို ပြန်
ချင်တောင် မရှိတော့ချေ။ အရာရာမှာ စိတ်မြန်ကိုယ်မြန်ရှိခဲ့
စိတ်သွားတိုင်း ကိုယ်မပါသောအဖြစ်သည် သူ့အတွက်တော့
ကို ခံရခက်သော ကသိကအောက် ဝေဒနာတစ်ခုပဲ ဖြစ်
သည်။

ဒီကြားထဲမှာ အဆိုးရွားဆုံး ပြဿနာကတော့ သူ
လို့ မရတော့ခြင်းပဲ ဖြစ်လေသည်။ သူဟာ ကိုယ့်လက်နှင့်
ဘောလ်ပင်ကို ကိုင်ကာ စာရေးရတာကို အနှစ်ခြိုက်ဆုံး
သည်။

ကွန်ပျူတာသုံးသော်လည်း စာရေးဖို့အတွက် သုံးခြင်း
ည်း မဟုတ်ပေ။ ကွန်ပျူတာသုံးပြီး စာရေးရတာကိုလည်း
မသန်ပါ။ စာအုပ်တစ်အုပ်နှင့် ဘောလ်ပင်တစ်ချောင်းရှိလျှင်
နေရာမှာမဆို စာရေးလို့ဖြစ်သည်။ အခုတော့ သူ့လက်နှင့်သူ
ရေးဖို့ဆိုတာ တော်တော် ခဲယဉ်းသွားခဲ့ပြီဖြစ်သည်။ ကားအက်
ဖြစ်ပြီးနောက် တစ်လခန့် ဆေးကုရတာ၊ တစ်လခန့် အနား
တာနှင့် စုစုပေါင်း နှစ်လလောက် စာမရေးနိုင်ခဲ့။ ဒီတော့ သူ
ရေးဖို့အတွက် တစ်ခုခု စီစဉ်ရတော့မှာဖြစ်သည်။

သူ့ထုတ်ဝေသူ ကိုကျော်ဇင် ကတော့ သူ့ကို အား
ဖျောင်းဖျရှာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ဓာတ်မကျပါနဲ့ ညီလေးရာ၊ ပေါ့စေလိုလို့ ကြော ရုပ်ထိုးကာမှ ဆေးအတွက်လေးသလို ဖြစ်သွားရတာတော ကိုယ် တကယ်ပဲ စိတ်မကောင်းပါဘူး ...

ညီလေး စိတ်ပါတဲ့အချိန် စိတ်သက်သာရာ ရတဲ့ အချိန်မှပဲ စာရေးပါ"

"ကျွန်တော် အခုပဲ စိတ်ပါနေတယ် ကိုကျော်ဇင်၊ ကျွန်တော် က လူတစ်မျိုးဗျ။ မလုပ်နဲ့ဆိုတဲ့ အလုပ်ကို ပိုလုပ်ချင်တယ် တားဆီးထားရင် ဖောက်ထွက်ချင်တယ်။ အခုလည်းဒီလိုပဲ

ကျွန်တော် စာမရေးဖြစ်အောင် စာရေးတဲ့အထဲကို စိတ်မပါအောင် အနှောင့်အယှက်က တစ်ခုပြီးတစ်ခု ဝင် နေတယ်၊ ပထမအနှောင့်အယှက်ကို ကျွန်တော် ဖြေရှင်း တယ်။ ဖြေရှင်းလို့ရတယ်။ ရပြီးတဲ့အခါမှ နောက်ထပ် အနှောင့်အယှက်တစ်ခုက ထပ်ဝင်လာပြန်တယ်။ ဒီတစ်ခါ က ပိုဆိုးတာပေါ့ ...

ကျွန်တော် လုံးဝဘောလ်ပင် မကိုင်နိုင်တော့အောင် ဖြစ်သွားရတယ်။ ဒါကို ကျွန်တော် စိတ်ဓာတ်ကျနေရင် ကျွန်တော်ပဲ အသုံးမကျတဲ့လူ ဖြစ်သွားမှာပေါ့ ...

ကျွန်တော့်ထုံးစံက အခက်အခဲတစ်ခု တွေ့လာရင် နည်းနည်း ဖီးလ်ဖြစ်ချင်တယ်။ အဲဒါကိုမှ နောက်ထပ်တစ်ခု ထပ်ဖြစ်လာရင်တော့ ဖီးလ်မဖြစ်တော့ဘူး။ ပြန်တိုက်ချင် လာတယ်။ စိန်ခေါ်ချင်တာပေါ့ ...





အခုလည်း ကျွန်တော် စာအရမ်းရေးချင်နေတယ် ကိုကျော်ဇင်၊ ကျွန်တော် စာရေးမှာပါ။ ကိုကျော်ဇင် တစ် ခါက တိုက်တွန်းဖူးတဲ့ ရိကောဒင်းလုပ်ပြီး စာရေးမယ်"

သူဟာ ဟိုးအရင်တုန်းက စာရေးလျှင် တစ်ခါတလေ ခင်းမေ့ ဟင်းမေ့ ရေးတတ်သလို ထိုင်ရာမှလည်း မထ ရေးတတ်သူမို့ ဇက်ကြောတက်ခြင်း၊ မျက်ရိုးကိုက်ခြင်း ကြာခဏ ဖြစ်တတ်သူ ဖြစ်သည်။

ဒါကြောင့် ကိုကျော်ဇင်က အသံဖမ်းစက်နှင့် အသံ ဘာ ဝတ္ထုတစ်ပုဒ်လုံးကို ပါးစပ်ကနေပြောသွားသော ရေးပုံ ရေးဖို့ တိုက်တွန်းခဲ့သေးသည်။ သို့သော် သူက လက်နှင့်ရေး ကိုပဲ အားသန်သောသူမို့ ရိကောဒင်းလုပ်ပြီး စာရေးတာကို ခဲ့ချေ။ အခုတော့ သူ့အတွက် ရွေးချယ်စရာလမ်း မရှိတော့

"တကယ်တော့ ရိကောဒင်းလုပ်ပြီး စာရေးတာဟာ used to ဖြစ်သွားရင်တော့ စာရေးဆရာတစ်ယောက်အတွက် ကောင်း ပါတယ် ...

ဘာလို့လဲ ဆိုတော့ လူတွေမြင်တာက ဦးနှောက် စွမ်းအား ထုတ်သုံးရတာကိုပဲ မြင်တာလေ။ တကယ်တမ်း ရေးပြီဆိုရင် လက်တွေကိုက်လာတာ၊ ဇက်ကြောတွေ အရမ်းထိုးထိုးတက်လာတာ၊ မျက်ရိုးတွေ ကိုက်လာတာတွေ ကို လူတွေက သိပ်မသိကြဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ငယ်တုန်းမှာ သိပ်မသိသာပေမယ့် အသက်ကြီး
ရင်ပဲဖြစ်ဖြစ် ကြာလာရင်ပဲဖြစ်ဖြစ် ထိလာတတ်တ
ဒါဆို ဖိုးလမင်းအတွက် စာပြန်ချရေးပေးဖို့ လူတစ်ယော
လိုမှာပေါ့"

"ဟုတ်တယ်၊ အဲဒီလူကတော့ ကျွန်တော့်စိတ်တိုင်း
ဖြစ်ဖို့တော့ လိုမယ်"

"ဒါဆို ကိုယ်ရှာပေးရမလား"

"အင်း ... ကျွန်တော် စဉ်းစားထားတာ တစ်ခုရှိတ
ကျွန်တော့်စာတွေကို ပြန်ရေးပေးမယ့်လူဟာ ကျွန်
ပရိသတ်၊ ကျွန်တော့် စာတွေကို ဖတ်တဲ့လူ ဖြစ်ရမ
စီးပွားရေးဆန်တဲ့ လခစားဝန်ထမ်းတစ်ယောက်ကို ကျွ
တော်မလိုချင်ဘူး ...

ဒါကြောင့် ကျွန်တော့်ကိုကြိုက်တဲ့ ပရိသတ်တွေ
လည်း အခွင့်အရေး ပေးရအောင် သတင်းစာထဲ
ကျွန်တော် ခေါ်လိုက်ပါ့မယ်"

"အေးလေ ... ဒါလည်း ကောင်းပါတယ်"

ဒီလိုနှင့် သူဟာ သတင်းစာမှာ ကြော်ငြာထည့်
ပြီးနောက် သူ့ထံသို့ လူငယ်တွေက ပုံစံအမျိုးမျိုးဖြင့် ရောက်
ခဲ့ကြသည်။ တစ်ချို့က သူ့ပရိသတ်လည်း မဟုတ်၊ စာအုပ်
ကိုလည်း စိတ်မဝင်စား၊ အလုပ်တစ်ခုအနေနှင့် လာလျှောက်
တာဖြစ်ပြီး တချို့ကျတော့လည်း အကျိုးတစ်စုံတစ်ရာကို မျှော





ပြီး ရောက်လာကြတာမှန်း အင်မတန် သိသာလေသည်။ သူ့
တစ်ဆင့် စာပေလောကကို တိုးဝင်ဖို့၊ ရေးထားသာ ဝတ္ထု
တွေကို ဖတ်ရှုအကဲဖြတ်ပေးဖို့ စသဖြင့် သူ့အလုပ်ကို လုပ်
ဒ့် စိတ်မဝင်စား။ သူတို့ဖြစ်ချင်တာတွေသာ ရှေ့တန်းတင်
ဆိုသွားကြပြီး သူက ဘာမှမဗျူး၍ သူ့ကိုသာ အသီးသီးပြန်
သွားကြလေရာ သူပဲမောပြီး ပါးစပ်ညောင်း ကျန်ရစ်ခဲ့ရတာ
ည်း ရှိသည်။

တချို့ကောင်မလေးတွေကျတော့လည်း ဘာကိုမှ
မဝင်စားဘဲ သက်သက် အီစီကလီလုပ်ဖို့ ရောက်လာတတ်ကြ
ဖြစ်လေရာ သူ့မှာ အတော်ပဲ စိတ်ပျက်ရပါသည်။ ဒီလိုနှင့်
တ်ကျော် ကြာတဲ့အချိန်အထိ သူ့စိတ်တိုင်းကျ တစ်ယောက်
မှ မတွေ့ခဲ့ချေ။

ဝဏ္ဏကပင်လျှင် သူ့ကို ပြောင်စပ်စပ်ဖြင့် ...

"မင်းစာတွေကို ငါပဲ ရေးပေးပါ့မယ်ကွာ။ ငါ အလုပ်က
ထွက်လိုက်မယ်လေ၊ မကောင်းဘူးလား ...

မင်းက တစ်အုပ်ကိုရေးပေးခ(...)တောင် ပေးမှာဆို
တော့မက်လောက်စရာကြီးပဲ။ ငါ ရေးပေးမယ်လေကွာနော်"

"တော်ပြီ ဟေ့ကောင်၊ မင်းတို့လို ဘော်ချက်တဲ့ကောင်တွေ
နဲ့တွေ့မှာ ကြောက်လွန်းလို့။ ငါ့စာတွေကို တကယ်စိတ်
မဝင်စားဘဲ ငွေမျက်နှာတစ်ခုတည်း ကြည့်တဲ့သူတွေ စိတ်
ပျက်လိုက်တာ ...



www.burmeseclassic.com

www.burmeseclassic.com



ငွေ ... ငွေ ... လူတွေ ငွေကို အဲဒီလောက်ထေ
ငဲ မက်ကြလား”

“ဟာ ... မက်တာပေါ့ကွ၊ မင်းကတော့ ပြောအားရ
ကောင်ကိုး”

"အဲဒီလိုတော့ မဟုတ်သေးပါဘူးကွာ။ တကယ်အောင်
တဲ့သူတွေဟာ ငွေမျက်နှာတစ်ခုတည်းကိုပဲ ကြည့်ခဲ့ကြ
မဟုတ်ဘူးကွ။ ငါ ထင်တာကတော့ ငွေကြေးဆို
အောင်မြင်မှုရဲ့ အစေအပါးလို့ပဲ မြင်တယ်”

“ဒါကတော့ မင်းက အောင်မြင်နေသူကိုး။ မင်းရဲ့လ
ထောက်အစီအစဉ်ကလည်း ဖြစ်မြောက်ဦးမှာလားကွာ

ကိုကျော်ဇင် ရှာပေးတဲ့လူကို လက်ခံလိုက်လ
ပြီးရော။ အခုတော့ မင်းပဲ ပင်ပန်းတာပဲ အဖတ်တင်တ

“ဟ ... ကိုကျော်ဇင် ရှာပေးတဲ့လူက ငါ့စိတ်တိုင်းကျ
ဦးမှကိုး။ ကိုကျော်ဇင့်ဆီမှာ အလုပ်လုပ်မှာမှ မဟုတ်တ
နေပါစေကွာ၊ ငါ စောင့်နိုင်ပါတယ်”

ဒီလိုနှင့် သူဟာ စိတ်တိုင်းကျ မတွေ့မချင်း ဆေ
ဆိုင်းခြင်း အလုပ်ကို စိတ်ရှည်လက်ရှည်ပဲ လုပ်ခဲ့သည်။ လော
တွင် ကိုယ့်စိတ်တိုင်းကျ လူဆိုတာ တကယ်ပဲ ရှားပါးလှကြော
သူ အခုမှ သိမြင်စပြုခဲ့လေသည်။





## ၆

ငွေမင်သည် ခြံဝင်းတံခါး အနက်ရောင်စိပ်စိပ်များဖြင့် ကာရံထားသော တစ်ထပ်တိုက်အဖြူလေးကို တစ်ချက်ငေးကာ ရင်ထဲတွင် နလုံးခုန်နှုန်းက ပို၍မြန်လာသည်ဟု ထင်မိလေသည်။ ခြံရှေ့မှာ ခြေစုံရပ်နေရင်းမှ ပြန်လှည့်သွားရင် ကောင်းမလားဟု စဉ်းစားမိသေးသည်။ သို့သော်အဲဒီလိုတော့လည်း ပြန်လှည့်ကာ မသွားချင်ပေ။

ဒီနေရာကို ရောက်လာပြီးမှတော့ သိပ်နှစ်ခြိုက်ရသော ခေတ်လမင်းကို တစ်ခါလောက်တော့ မြင်ဖူးသွားချင်သေးသည်။ အိမ်ထဲကို ကြည့်လိုက်တော့လည်း လူရိပ်လူခြေက ရှင်းလို့နေသဖြင့် အလုပ်လာလျှောက်တာ ကိုယ်တစ်ယောက်တည်းပါလားဟု တွေးမိလျှင် စိတ်မာတ်ကျသွားရသေးသည်။

ငွေမင် ရောက်လာတာ အတော်ကြီး နောက်ကျနေခဲ့ပြီပဲ။ ဒီပုံစံအတိုင်းဆို လူခန့် ပြီးသွားပြီ ထင်ပါရဲ့။ အို... ဘာ



www.burmeseclassic.com

www.burmeseclassic.com



ပဲဖြစ်ဖြစ် မေးကြည့်ရဦးမှာပေါ့လေ။ ငွေမင်သည် ကိုယ့်ကိုယ်ကိုယ် အားပြန်ခပေးပြီးနောက်တွင် ခြံတံခါးတွင် တပ်ဆင်ထားသော ဘဲလေးကို တစ်ချက် နှိပ်လိုက်လေသည်။

ပြီးလျှင် အိမ်လေးထဲသို့ လှမ်းကြည့်လိုက်သည်။ ဆီးသိုရောင်မှန်တံခါးချပ်တွေ ပိတ်ကာထားသော အိမ်လေးထဲမှ ဘာလှုပ်ရှားမှုမှ ထွက်မလာသေး။ ငွေမင်က နောက်ထပ်တစ်ခါ ထပ်နှိပ်လိုက်သည်။ ဒီတော့မှ စေ့ပိတ်ထားသော မှန်တံခါးက ဖျတ်ခနဲ ပွင့်လာကာ အထဲမှ ထွက်လာသောလူကို မြင်လျှင် ငွေမင့် နှလုံးသားက တစ်ချက်ဆောင့်ခုန်သွားသည်။ ငွေမင် သိပ်တွေ့ချင်နေသော ခေတ်လမင်း ကိုယ်တိုင် ထွက်လာတာပါလား။

ငွေမင်သည် ခပ်မှန်မှန် လျှောက်လာသော ခေတ်လမင်းကို နှောင်မတွေ့ရမှာစိုးသည့်အလား အသေအချာပင် မျက်နှာမလွှဲစတမ်း အကဲခတ်ကြည့်နေမိလေသည်။

အရပ်မြင့်မြင့်နှင့် လိုက်ဖက်သော ခန္ဓာကိုယ်အချိုးအစားရှိသည့် စာရေးဆရာသည် အိမ်ထဲမှာပဲ အသားမွေးကာ စာရေးနေသူမို့လို့လားတော့ မသိ။ အသားအရေကား နေမထိထားသလိုပင် ဖြူဖွေးဝင်းမွတ်နေကာ ငွေမင်တို့ မိန်းကလေးတွေ ရှက်လောက်အောင်ကို အသားအရေ ကြည်စင်သူဖြစ်သည်။ ခေတ်မီဆံပင်ပုံစံနှင့် ပန်ရလှသော ကြည်လင်သည့် မျက်နှာသည် မပြုံးမရယ်ဘဲ ခပ်တည်တည်သာ ဖြစ်သည်။





အိမ်နေရင်းမို့ တီရှပ်တစ်ထည်နှင့် ဂျင်းဘောင်းဘီ ...ည်ကို ရိုးရိုးမျှသာ ဝတ်ဆင်ထားသော်လည်း သူ့ပုံစံဟာ အတော် ... ကြည့်ကောင်းကြောင်း ဝန်ခံပါရစေ။ ငွေမင်သည် စာရေးဆရာ ... မှင်သက်ငေးမောနေရသဖြင့် အနားရောက်လာတာတောင် ...း ကြိုမနှုတ်ဆက်နိုင်ချေ။ သူကသာ ငွေမင့်ကို အကဲခတ်သလို ...ကြည့်လျက် စတင်မေးပါသည်။

"ဘာကိစ္စလဲ"

မေးပုံကတော့ ခပ်ပြတ်ပြတ်ပဲ ဖြစ်သည်။ ငွေမင် ...သည် ခြောက်သွေ့နေသော နှုတ်ခမ်းများကို မနည်းအားယူဖွင့် ... ...

"ဟို ... ဟိုလေ ... သတင်းစာထဲက ကြော်ငြာကိစ္စအတွက် လာခဲ့တာပါ"

သူ့မျက်နှာတွင် အရိပ်တစ်မျိုး ပြောင်းလဲသွားသည်။ ...င့်ကို တစ်ချက်စိုက်ကြည့်ပြီးနောက် သက်ပြင်းချတာလား၊ ...လား မကွဲပြားသောပုံစံဖြင့် ခေါင်းတဆတ်ဆတ် ညိတ်ပြီး ...ာက် အထဲမှ ချထားသော ကန့်လန့်ကို ဘယ်ဘက်လက်ဖြင့် ...ဖွင့်ပေးကာ ငွေမင့်ကို ဝင်ခွင့်ပြုလိုက်လျှင် ငွေမင်သည် ထိတ်ခနဲ ...်းသာသွားရလေသည်။

ဒါဟာ ငွေမင့်ကို အိမ်ထဲသို့ ဖိတ်ခေါ်လိုက်တဲ့ ...သောပေါ့။ မလိုတော့ဘူး၊ လူရသွားပြီး စသဖြင့် အငြင်းစကား ...းကိုသာ မျှော်လင့်လာခဲ့သော ငွေမင့် အတွက်တော့ သူကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တိုင် တံခါးဖွင့်ပေးသော ဖြစ်ရပ်နဲ့တင် အသက်ရှူရပ်မတတ် ဝမ်းသာနေရပြီ ဖြစ်လေသည်။

"ဝင်ပါ ... အိမ်ထဲမှာ စကားပြောကြည့်ကြတာပေါ့"

သူ့အသံသည် သံလိုက်အားတစ်မျိုး ပါနေသည် အသံနောက်သို့ လူက ပြေးကပ်ချင်စိတ်ပေါက်သည့် ရှတတအား တစ်မျိုး ဖြစ်သည်။ သူက ဦးဆောင်၍ မှန်တံခါးကို တွန်းဖွင့်ပြီး နောက် ဆက်မဝင်သေးဘဲ ငွေမင့်ကို လက်ညွှန်ပြ၍ ဝင်ထိုင်ပါ ဟူသော အသံတိတ်စကားကို ဆိုသည်။

ငွေမင်သည် မဝံ့မရဲလေးပြုံးကာ ခေါင်းလေးရို့ပြီး နောက် သူ ညွှန်ပြသော ဆိုဖာတစ်ခုပေါ်တွင် ခပ်ကျုံ့ကျုံ့လေး ထိုင်လိုက်ရသည်။ အပြင်က ရာသီဥတုနှင့် မတူစွာ အိမ်ထဲတွင် တော့ အေးစိမ့်မွှေးပျံ့ကာ City FM မှ တေးသီချင်းသံတိုးတိုး အသာလေး ကြားရတယ်ဆိုရုံ လွင့်ပျံ့နေသည်။ မီးချောင်းချော ထွန်းထားသဖြင့် လင်းအေးသော သူ့ဧည့်ခန်းရှင်းရှင်းလေးသည် ငွေမင့်စိတ်တွေကို တစ်မျိုး နွေးထွေးသွားစေပါသည်။

သူက ငွေမင်ရဲ့ရှေ့တည့်တည့်ခုံတွင် ခြေထောက် ချိတ်ရင်း ဝင်ထိုင်သည်။

"ကိုယ်က ခေတ်လမင်းပါ။ မင်းကတော့ သတင်းစာထဲက ကြော်ငြာကိုတွေ့ပြီး စိတ်ဝင်စားလို့ ရောက်လာတဲ့သူပေါ့ ဟုတ်လား ...

မင်းနာမည် ဘယ်လိုခေါ်သလဲ"





"ငွေမင်ရည်ပါရှင်"

"ငွေမင်ရည် ! ။ ဟုတ်ပြီ ... မင်းက သတင်းစာထဲက ကြော်ငြာကိုတော့ ဖတ်ပြီးသားနေမှာပါ။ အချိန်ပိုင်းလက်ထောက်လို့ ရေးထားတာ တွေ့တယ်နော်။ အဲဒါ ဘာလုပ်ရမယ်လို့ မင်း ထင်လဲ"

"အဲ ... ကျွန်မ မထင်တတ်ပါဘူး။ ဒါကြောင့် အဲဒီမေးခွန်းကိုပဲ ဆရာ့ကို မေးချင်နေခဲ့တာပါ"

ငွေမင်သည် ရောက်ခါစကလောက်တော့ သူ့ကို ရှိန်မနေတော့ပါ။ သူ့စာတွေကိုဖတ်ကာ စိတ်ထဲမှာလည်း လေးစားအားကျခဲ့ရသည်မို့ သူက စကားတွေပြောလာသောအခါတွင် ခင်မင်ရင်းနှီးသွားခဲ့ရပြီဖြစ်သည်။

"တကယ်တော့ မင်း လုပ်ရမှာက တစ်ခုတည်းပါ။ အဲဒါက ဘာလဲဆိုတော့ ကိုယ်အသံသွင်းထားတဲ့ ဝတ္ထုစာသားတွေကို မင်းက စာအုပ်ထဲမှာ လက်ရေးနဲ့ ပြန်ချရေးပေးဖို့ပဲ ...

မင်း နားလည်အောင် ပြောပြရရင် နေမကောင်းတဲ့ ကျောင်းသားတစ်ယောက် စာမေးပွဲဖြေသလိုပေါ့ကွာ။ ပါးစပ်ကနေ ပြောပေးမယ်၊ တစ်ယောက်က ကြားထဲကနေ ရေးပေးတယ်၊ သိတယ် မဟုတ်လား"

"ဟုတ်ကဲ့ ... သိပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အဲဒီလိုမျိုးပဲ။ ဘယ်လိုလဲ မင်း လုပ်ဖို့စိတ်ဝင်စားလား"

"ဟုတ်ကဲ့။ ကျွန်မ အရမ်းစိတ်ဝင်စားပါတယ်"

ငွေမင့်ရဲ့ ခပ်သွက်သွက် ဖြေချလိုက်သော အဖြေကြောင့် သူက ပြုံးချင်သွားဟန်ဖြင့် မျက်ခုံးတစ်ဖက် ပင့်သွားသည်။ ငွေမင် ထင်မထားအောင်ပါပဲလားနော်။ သူ့ဝတ္ထုဇာတ်လမ်းတွေကို ငွေမင်က စာနဲ့ရေးပေးရမယ်တဲ့။ ဘယ်သူမှ မသိရသေးတဲ့ သူ့ဇာတ်လမ်း အသစ်တွေကို ငွေမင်က ဦးဦးဖျားဖျား ဖတ်ခွင့် — အဲ ... နားဆင်ခွင့် ရတော့မှာပါလား။

ငွေမင်သည် အတွေးထဲမှာတင်ကို ပျော်လာရကာ ရင်တွေတလှပ်လှပ်ပင် ဖြစ်လာရသည်။

"စိတ်ဝင်စားတယ်။ ကောင်းပြီ ... ဒါဆို မင်းကို ကိုယ် မေးခွန်းတွေ မေးမယ်၊ မင်း ကိုယ့်စာတွေကို ဖတ်ဖူးသလား"

ငွေမင်သည် ကိုယ်သိပ်ကြိုက်ရသော စာရေးဆရာ တစ်ယောက်က သူ့စာတွေကို ဖတ်ဖူးရဲ့လားဟူသော မေးခွန်းကိုတော့ ဟိုဘက်ဘဝထဲက ဖြေချင်နေခဲ့သူပီပီ ...

"ကျွန်မ ဆရာရဲ့ ပရိသတ်တစ်ယောက်ပါ ဆရာ။ ဆရာ့စာတွေကို အရမ်းကြိုက်နှစ်သက်ပါတယ်။ ဆရာ့ရဲ့စာတွေကို ကြိုက်လွန်းလို့လည်း ဒီအလုပ်ကို လာလျှောက်ဖို့ စိတ်ဝင်စားခဲ့တာပါ"





ကောင်မလေးရဲ့ အားတက်သရော အဖြေစကား [illegible]ကြောင့် ခေတ်လမင်းသည် မျက်လုံးတစ်ချက် ပင့်သွားကာ သူမ[illegible] ဘစ်ချက် အကဲခတ်ကြည့်မိသည်။ ကောင်မလေးပုံစံက သူ့[illegible]တွေကို တကယ်ပဲ ရိုးရိုးသားသား ချီးကျူးဂုဏ်ပြု (Appreciate) [illegible]နေတယ်ဆိုတာ သိသာစေပါသည်။

သိပ်တောက်တောက်ပြောင်ပြောင်ကြီး ဝတ်စားထား[illegible] မဟုတ်ဘဲ ရိုးရိုးလူလတ်တန်းစားအလွှာက မိန်းကလေးတစ်[illegible]ယောက်မှန်း သိသာစေသော အပြင်အဆင်လေးနှင့် သူမသည် [illegible]တော့ မွန်မွန်ရည်ရည်နှင့် ကြည်လင်သော မျက်နှာပေးရှိသူ[illegible]သည်။ ရုပ်ရည်လှပလွန်းသော မိန်းကလေး စာရင်းထဲတွင် [illegible]ချေ။ သို့သော် သူက ဒါကိုပဲ သဘောကျပါသည်။ သူမ[illegible]ရည်ဟာ လှပတယ် ဆိုတာထက် ရုပ်ရည်သန့်ပြန့်ခြင်းကိုသာ [illegible]ဆောင်နေတာဖြစ်သည်။

"ဒါဆို မင်းက ကိုယ့်စာအုပ်တွေ အားလုံးကို ဖတ်ဖူးတယ်ပေါ့"

"ဟုတ်ကဲ့ ... ဖတ်ဖူးပါတယ်"

"ဒါဆို ကိုယ့်ရဲ့ ပထမဆုံးဝတ္ထုက ဘာများပါလိမ့်"

"နှလုံးသားကို မပေးနဲ့ဆိုတဲ့ ဝတ္ထုပါ"

သူမက မဆိုင်းမတွပဲ ပြန်ဖြေလေသည်။ သူက [illegible]င်းတစ်ချက် ဆတ်လိုက်ရင်း ...

"ကိုယ့်စာအုပ်တွေ ဘယ်နှအုပ် ထွက်ခဲ့ပြီးပြီလဲ သိလား"



www.burmeseclassic.com

www.burmeseclassic.com



"သိပါတယ်၊ ဒီလ နောက်ဆုံးထွက်ခဲ့တဲ့ စာအုပ်နဲ့ဆိုရင် အုပ်(၃၀)ရှိပါပြီ။ ဆရာ့ရဲ့ဓာတ်ပုံနဲ့ ကျေးဇူးတင်မှတ်တမ်း လေးလည်း ပါ,ပါတယ် ...

ဝတ္ထုနာမည်က "ကောင်းကင်ဘုံက နားတစ်စုံထံသို့" ပါ ...

"အင်း ... ဟုတ်ပါပြီ။ ကိုယ့်စာအုပ်တွေက မင်းကို ဘယ် လိုခံစားချက်တွေ ပေးနိုင်လို့ မင်းက ကြိုက်ရတာလဲ"

ငွေမင်သည် ဒီအဖြေတွေကို ဟိုးယခင်တည်းက ကိုယ့်ဘာသာကိုယ် အကြိမ်များစွာ ဖြေခဲ့ဖူးသည့်အတွက် သူ့မေး ခွန်းတွေကို ထစ်ငေါ့ခြင်းမရှိဘဲ ချက်ချင်းပဲ သွက်သွက်လက်လက် ဖြေဆိုနိုင်လေသည်။

"ကျွန်မ စာပေအကြောင်းကို သိပ်တော့ နားမလည်ပါဘူး ရှင်။ ဒါပေမဲ့ စာဖတ်ဝါသနာပါတဲ့အတွက် စာအုပ်တော် တော်များများကို ဖတ်ဖူးပါတယ်။ ဆရာ့စာအုပ်တွေကို ကြိုက်တဲ့အကြောင်းကတော့ ဇာတ်လမ်း ဇာတ်အိမ် ထူးခြား မှုရှိလို့ပါ ...

ပြီးတော့ အရေးအသားပါ။ ဆန်းသစ်တဲ့ အရေး အသားနဲ့ တွဲဖက်ထားတဲ့ ကဗျာတွေကို ကျွန်မ အရမ်း သဘောကျမိလို့ပါ"

"ဇာတ်လမ်း ဇာတ်အိမ် ထူးခြားတယ် ဆိုတာ ဘာကို ပြောတာလဲ"





သူ့မေးခွန်းကို ကောင်မလေးက ပခုံးတစ်ချက်ပင့် သည်။ ပြီးတော့ ချက်ချင်း ဆိုသလိုပင် ...

"ဆရာ့ဇာတ်ကောင်တွေရဲ့ ထူးခြားတဲ့ ကာရိုက်တာတွေကို ပြောတာပါ။ ဥပမာ နှစ်ဆယ့်ကိုးအုပ်မြောက်စာအုပ်ဖြစ် တဲ့ 'ဝေမသိရှိခဲ့တဲ့ နောက်ဆုံးအမှန်တရားတစ်ခု' ဆိုတဲ့ စာအုပ်မှာဆို ကောင်မလေးတွေကို အမြဲလိမ်တတ်တဲ့ ကောင်လေးတစ်ယောက် အကြောင်းပေါ့။ သူလိမ်တာတွေ က စိတ်ဝင်စားဖို့ကောင်းတယ်၊ ဆရာ့ရဲ့အရေးအသားက တော်တော့ သူ့ကို ပရိသတ်က အမြင်မကတ်တော့ဘဲ သဘောကျသွားကြတယ်။ ဟာသ plot ကလေးတွေလည်း ပါတော့ ပရိသတ်တွေက တော်တော်ကြိုက်ကြတာပေါ့"

"ပရိသတ်တွေ တော်တော်ကြိုက်တယ် ဆိုတာ မင်းက ဘယ်လိုလုပ် သိရတာလဲ"

ငွေမင်သည် ပခုံးမတွန့်မိစေရန် အတော်ကြိုး သတိ ကာ ထိန်းလိုက်ရသည်။ ဤစာရေးဆရာဟာ မခေတော့ ဘူးပေပဲ။ သူ့ကို ကပ်ဖားယပ်ဖားနှင့် မြှောက်ပြောလို့လည်း ဟုတ်ဆိုတာ သိ၍နေသည်။

"ကျွန်မက စာအုပ်ဆိုင်တစ်ဆိုင်မှာ အချိန်ပိုင်း ဝင်လုပ် နေတာပါ။ ဒီတော့ လက်ရှိစာအုပ်ဈေးကွက်နဲ့ နီးစပ်တယ် လို့ ပြောလို့ရပါတယ်"

"မင်းရဲ့ ပညာအရည်အချင်းကို ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ 3rd MB စတက်ရတော့မှာပါ"

သူက မျက်ခုံးနှစ်ဖက်ကို မြင့်တက်သွားတော့ ငွေမင့်ကို အတန်ကြာ စိုက်ကြည့်နေတော့လေသည်။ ဒီစာ ဆရာဟာ မျက်ခုံးသိပ်ပင့်တာပဲ။ ဒါကကို သူ့ရဲ့စတိုင်လ် ပါရဲ့။

"ကိုယ် တစ်ခုမေးမယ်။ စိတ်တော့ မရှိပါနဲ့။ ဒီအလုပ် မင်းလုပ်ချင်ရတာ မင်းရဲ့စားဝတ်နေရေးနဲ့ ဆိုင်မလား"

ငွေမင်က သူ့ကို ဖျတ်ခနဲ ကြည့်မိလျှင် သူ ငွေမင့်ရဲ့မျက်လုံးတွေထဲသို့ အရိပ်ဖမ်းသလိုဖြင့် ငေးမောကြည့် နေသည်။ ဒီစာရေးဆရာဟာ တစ်မျိုးတော့ တစ်မျိုးပါပဲလား အခုလည်း လူကို အကဲခတ်နေပုံဟာ ကုန်ကြမ်းရှာနေသလို ဖြစ်သည်။

"ကျွန်မရဲ့ စားဝတ်နေရေး ဆိုတာထက် ကျွန်မရဲ့ ပညာ ရေးအတွက်ဆိုရင် ပိုမှန်ပါမယ်။ ကျွန်မရဲ့ Biogra ကို ဆရာသိအောင် နည်းနည်းလောက် ပြောပြရ ကျွန်မမှာ မိဘတွေ မရှိတော့ပါဘူး။ အစ်မနဲ့ အတူတူ ပါတယ် ...

အစ်မက အိမ်ထောင်သည်ပါ။ ပြောရရင်တော့ အစ်မက ကျွန်မရဲ့ကျောင်းစရိတ်ကို တာဝန်မယူနိုင်ပါဘူး ကျွန်မဘာသာ ရှာဖွေရတာပါ"





"ဒါဆို ဒီအလုပ်ကို လိုချင်တာ မင်းရဲ့ကျောင်းစရိတ် အတွက်ပေါ့"

ငွေမင်သည် သူ့အမေးကြောင့် ရုတ်တရက် ဘာပြန် မှန်း မသိအောင် ဖြစ်သွားရသည်။ သူဟာ အလုပ်မခန့်ချင် ဘမင်ပဲ အပြစ်ရှာနေတဲ့ သဘောလား။ ဒါမှမဟုတ် စာရေး ပီပီ ဆိုက်ကိုတက်စ် လုပ်နေတာပဲလား။ ငွေမင် ဝေခွဲမရ ချေ။ စိတ်လည်း နည်းနည်းညစ်လာသလို ဖြစ်လာသည်။

ကျောင်းစရိတ်အတွက်ပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် အဓိက င်ငွေတစ်ခုရမှုပဲ မဟုတ်လား။ အလကား လာလုပ်ပေးမယ် င်ရော သူကလက်ခံမှာမို့လို့လား။ ဒီစာရေးဆရာဟာ ဘုကန့် ခွစာစာရေးဆရာနဲ့ တူပါရဲ့။

"ကိုယ့်မေးခွန်းကို မင်း မဖြေချင်ဘူးလား"

ငွေမင်က မဖြေသဖြင့် သူက ထပ်မေးလျှင် ငွေမင်မှာ ပြ၍ မရတော့ပေ။ ငွေမင်သည် အသက်ကို ဝဝရှူလိုက်ကာ ...

"ကျွန်မက ဆရာ့ရဲ့စာတွေကို နှစ်သက်အားပေးတဲ့ ပရိသတ် တစ်ယောက်ပါဆရာ။ ကိုယ်နှစ်သက်တဲ့ စာရေးဆရာတစ် ယောက်ရဲ့ ဝန်ထမ်းတစ်ယောက်လည်း ဖြစ်ချင်ပါတယ် ...

ဆရာ့ဆီက အလုပ်ကိုလည်း လိုချင်ပါတယ်။ ဒါဟာ ကျွန်မရဲ့ ကျောင်းစရိတ်အတွက်ချည်းပဲတော့ မဟုတ်တာ သေချာပါတယ်။ အနီးစပ်ဆုံး ဥပမာပေးရရင် ဆရာ့လို ဘဝမျိုး ဖြစ်ချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ သူက စဉ်းစားရသော အလှည့်ဖြ သည်။ မျက်ခုံးမပင့်နိုင်တော့ဘဲ မျက်ခုံးနှစ်ဖက်ကိုကျုံ့ကာ ဘ လိုအဓိပ္ပာယ်လဲဟု ချက်ချင်းပဲ ပြန်မေးလေသည်။

ငွေမင်သည် ဘုကျကျ စာရေးဆရာကို နှစ်လိုဖွယ် ပြုံးပြလိုက်ပြီးနောက် ...

"ဆရာ့ရဲ့ ဝါသနာဟာ ဆရာ့ရဲ့ ပရော်ဖက်ရှင်နယ် ဖြစ်နေတယ်လေ။ ဒီလို ကိုယ့်ဝါသနာနဲ့ ဘဝမှာ အောင်မြ စွာ ရပ်တည်ခွင့်ရတဲ့ လူတွေလောက် ကံကောင်းတာ ရှိ ပါ့မလား ...

ကိုယ့်ဝါသနာကနေ ကိုယ့်ဘဝရပ်တည်ရေးအတွ ဝင်ငွေတစ်ခု ရနေတဲ့အဖြစ်ဟာ ကျေနပ်စရာကောင်းလှ တယ်။ ဒီလိုပါပဲလေ၊ ကျွန်မလည်း ကိုယ်နှစ်သက်ရ စာရေးဆရာတစ်ယောက်ရဲ့ ဝန်ထမ်းဖြစ်ရတာ တစ်မျိုး ကျေနပ်စရာကောင်းမယ်လို့ ထင်ထားလို့ပါ"

သူက ငွေမင့်ရဲ့စကားကို ခေါင်းတဆတ်ဆတ်ညိတ် နေလေသည်။

ပြီးတော့မှ ...

"မင်းက 3rd MB ကို တက်မယ့်ကျောင်းသူ ... ဟုတ်လား အဲဒီတော့ မင်းအနေနဲ့ ဒီအလုပ်ကိုလုပ်ဖို့ အချိန်ပေးနိုင်ပါ့ မလား"





ဒီမေးခွန်းကို မေးလာပြီ ဆိုကတည်းက ငွေမင့် အတွက် မျှော်လင့်ချက်ရောင်ခြည်လေး သမ်းစပြုပြီဆိုတာကို သိလိုက်ရလျှင် ငွေမင့် ရင်ထဲ၌ လှိုက်ခနဲ ဝမ်းသာလိုသွားသည်။ သို့သော် အရမ်းဝမ်းသာဟန်လည်း သွားမပြရဲပေ။

"ကျွန်မ စနေ တနင်္ဂနွေ နှစ်ရက်၊ အချိန်ပေးနိုင်ပါ တယ်"

"အင်း"

သူက မေးစေ့ကို လက်နှင့်ပွတ်ကာ တစ်ခုခုကို ဆုံးဖြတ်နေသလိုရှိလျှင် ငွေမင်သည် ခေါင်းကို အသာငုံ့ထားကာ ကြမ်းပြင်ကိုပဲ စိုက်ကြည့်နေမိသည်။ စိတ်ထဲမှာ တွေးနေတာက သူ့အိမ်အကြောင်းဖြစ်သည်။ အခုထိ လူရိပ်လူခြေလည်း တစ်ယောက်မှ မတွေ့သေးသော သူ့အိမ်ထဲမှာ သူတစ်ယောက်တည်း နေတာများလား။ ဒါဆို ငါရောက်လာရင် သူနဲ့ ငါနဲ့ နှစ်ယောက် တည်းပဲ ရှိနေမှာပေါ့။

ငွေမင်သည် တွေးမိတွေးရာ လျှောက်တွေးနေရင်းမှ သူ့ထံက ချောင်းဟန့်သံကြားလျှင် ကမန်းကတန်း မော့ကြည့်ရသည်။ သူက ငွေမင့်ကို အဓိပ္ပာယ်တစ်မျိုး ယှက်ဖြာနေသော မျက်ဝန်းများဖြင့် ကြည့်နေကာ ...

"မင်းဆုံးဖြတ်ရအောင် ကိုယ် တစ်ခုပြောပြရဦးမယ်။ ဒီ အိမ်မှာ ကိုယ်နဲ့ ကိုယ့်သူငယ်ချင်းနဲ့ နှစ်ယောက်ပဲနေတယ် ...



www.burmeseclassic.com

www.burmeseclassic.com



သူက ကုမ္ပဏီဝန်ထမ်းတစ်ယောက်မို့ စနေ တနင်္ဂနွေ မှာပဲ အိမ်မှာရှိတယ်။ မင်းကလည်း စနေ တနင်္ဂနွေ အချိန်ပေးနိုင်တယ်ဆိုတော့ ...

မင်း ဘယ်လိုဆုံးဖြတ်ချင်လဲ။ အဆင်ပြေလား မင်းအတွက်"

"အဆင်ပြေပါတယ်"

"ကောင်းပြီလေ။ ကိုယ်က မင်းကို လခစားဝန်ထမ်းဆိုတာ မျိုးထက် တစ်အုပ်ချင်းရေးတဲ့ နှုန်းပေါ်မှာပဲ မူတည်ပြီး ပေးသွားမယ် ...

မင်း တစ်အုပ်ရေးပြီးရင် ပိုက်ဆံတစ်ခါ ရှင်းပေးမယ်။ ဘယ်လိုလဲ ကျေနပ်မလား"

"အဲဒီအကြောင်းအရာတွေကို ကျွန်မ သိပ်နားမလည်ပါဘူး ဆရာ။ ဆရာ အဆင်ပြေသလိုပဲ စီစဉ်ပါ"

"အိုကေလေ ...။ ဒါဆို ကိုယ်တို့ တစ်အုပ်လောက် စမ်း ရေးကြည့်ကြတာပေါ့။ အဆင်ပြေတယ်ဆိုရင် ရှေ့ဆက် လက်တွဲသွားကြတာပေါ့ ...

ပထမဆုံးတစ်အုပ် ရေးနေတဲ့ အတောအတွင်းမှာ မင်းဘက်က မကျေနပ်တာတွေ ရှိခဲ့ရင်လည်း မင်းသဘော အတိုင်းပဲ ဆုံးဖြတ်နိုင်ပါတယ် ...

ဒီတော့ ရှေ့လာမယ့် ဆတ်တခေးမှာ မင်း လာခဲ့လို့ ရပြီ၊ ဟုတ်ပြီနော်"





"ဟို ... ဘယ်အချိန်ကများ ..."

"ဪ ... ဟုတ်သားပဲ။ မနက်ကိုးနာရီ ဒီကိုရောက်ရ မယ်။ ညနေ ငါးနာရီအထိပဲ။ စာရွက် ဘောပင် မင်းဘာ မှယူလာစရာ မလိုဘူး။ အဲ ... မင်း ထမင်းချိုင့်တော့ မင်း ဘာသာ ထည့်ခဲ့ပေါ့။ ဆယ့်နှစ်နာရီကနေ တစ်နာရီအထိ ထမင်းစားချိန် နားလို့ရတယ် ...

ဘာသဘောမတူတာရှိလဲ"

"မရှိပါဘူး"

"အိုကေ ... ဒါဆို မင်း ပြန်လို့ရပါပြီ"

"ဟုတ်ကဲ့ ... ခွင့်ပြုပါဦးရှင်"

ငွေမင်က မတ်တတ်ထရပ်ပြီး နှုတ်ဆက်လိုက်လျှင် ... အသိအမှတ်ပြုသည့်သဘောဖြင့် ခေါင်းတစ်ချက်သာ ဆတ် ...သည်။ ဘာမှ ထပ်မပြောတော့။ ငွေမင်ကို ခြံပေါက်ဝထိ လိုက် ...ဘာမျိုးတွေ ဘာတွေလဲ ဘာမှမရှိပေ။ သူ့ဟာသူ ထိုင်ရာမှ ...တမ်း။

ငွေမင်သည် သူ့ ခြံလေးထဲမှ ပြန်ထွက်လာသော ...တွင်တော့ ပြီးပြည့်စုံမှု တစ်ခုကို ဆောင်ယူခဲ့ရသလိုပင် ...နပ်ပျော်ရွှင်နေခဲ့ပါသည်။

စာရေးဆရာ ခေတ်လမင်းဟာ အပြောအဆို သိပ် ...သာသော်လည်း စိတ်ရင်းစေတနာကတော့ မဆိုးဘူးဟု ထင် ...သည်။ ငွေမင် ကိုယ်တိုင်ကလည်း သူ့ ဒီလို ခပ်တည်တည်နေ



www.burmeseclassic.com

www.burmeseclassic.com



တာကိုပဲ နှစ်သက်ပါသည်။ ထင်မှတ်မထားစွာနှင့် ငွေမင်း
သူ့ထံမှာ အချိန်ပိုင်း အလုပ်တစ်ခုကို ရရှိခဲ့ပြီ။

ပြီးတော့ လုပ်ရမည့် အလုပ်ကလည်း ဘာမှ ခ
ခက်ခဲခဲ မဟုတ်။ သူ အသံသွင်းထားသာ ဝတ္ထုစာသားတွေ
စာရွက်ပေါ်မှာ ပြန်ချရေးပေးရုံသာပင်။

သူဟာ ဘာကြောင့်များ ကိုယ်တိုင်မရေးရတာ
လိမ့်။ ဒီမေးခွန်းရဲ့အဖြေကို သိချင်လှသော်လည်း ငွေမင်းက
ကို မမေးရဲချေ။ အကြောင်းတစ်ခုခုကြောင့် နေမှာပါဟုသာ မှ
ယူလိုက်တော့လျက် ငွေမင်းသည် အခုလောလောဆယ်မှာတော
ဝမ်းသာစရာသတင်းစကားကို ပါးဖို့အတွက် ဦးလေးစန်းကို
တွေ့ချင်နေမိတော့သည်။

~ ~ ~

> ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆက်စာများ ပေးပို့လိုပါလျှင်
> အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
> သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။





## ၇

သူသည် ဒီနေ့မနက်မှာတော့ ထူးခြားစွာပဲ စောစော
သဖြင့် စိတ်လက်ကြည်သာစွာပင် အနီးအနားသို့ လမ်းလျှောက်
ကာ မနက်ခင်းဈေးမှာ ဈေးဝယ်ထွက်လိုက်သေးသည်။
လျှင် ခြံထဲမှာ သစ်ပင်တွေကို ရေလောင်း၊ သူ့ကိုယ်သူလည်း
ချိုးပြီးလျှင် အတော်လန်းဆန်းလို့ သွားလေသည်။ အရင်က
တော့ သူ့ရဲ့အိပ်ချိန်၊ ထချိန်တွေကလည်း မမှန်ခဲ့ချေ။ လက်နဲ့ပဲ
ကို အပတ်တကုတ် ရေးရသဖြင့် စိတ်ကူးထဲကအတိုင်း အမိ
က်ရသည်ဖြစ်ရာ သူ့လက်တွေမှာ သိပ်မသက်သာလှ။

တစ်ခါတလေ ညလုံးပေါက် စာရေးနေတတ်ပြီး
စ်နေကုန် အိပ်နေတတ်တာမျိုးလည်း ရှိလျှင် ပုံမှန်အိပ်ချိန်
ချိန်တွေ မဟုတ်သည့်အတွက် ခေါင်းက သိပ်မကြည်ပေ။
မှန်တော့ သူ့အချိန်ဇယားနဲ့သူ အလုပ်လုပ်တာက အကောင်း
ဆုံးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရုံးပိတ်ရက်မို့ နောက်ကျမှ အိပ်ရာထတတ်သော ဝဏ္ဏက ရှစ်နာရီခွဲလောက်တွင် နိုးလာကာ ဧည့်ခန်းထဲတွင် ထိုင် ကြည့်နေသောသူ့ကို ထူးဆန်းအံ့သြဟန်ဖြင့် ...

"ဟာ ... ဒီနေ့ ရာသီဥတု တယ်ကောင်းပါလား။ စောနိုးနေတယ်ပေါ့"

"ငါ နိုးတာ မနက်ခြောက်နာရီတည်းက ဈေးလည်း ဝယ်ပြီးပြီ၊ မင်းအတွက် မုန့်ဟင်းခါး ဝယ်ထားတယ်၊ ဟင်းခြေက မီးဖိုပေါ်မှာ။ နွေးပြီးစားလိုက်"

"ဟား ... ဆပ်ပရိုက်စ်တွေကို ဆက်တိုက်ပေးနေပါလား ဘာလဲ ... ချယ်လ်ဆီးနည်းပြ မော်ရင်ဟို ချယ်လ်ဆီး အသင်းက နုတ်ထွက်သွားပြီ ဆိုတာနဲ့ ကယောင်ကတမ်းတွေဖြစ်ပြီး ညကတည်းက လုံးဝအိပ်မပျော်တာများလား"

"မဟုတ်ပါဘူးကွာ။ ငါ့အိပ်ချိန်တွေကို စနစ်တကျ ပြန်ပြီး ကွန်ထရိုးလ် လုပ်နေတဲ့ သဘောပါ ...

ဒါပေမဲ့ မင်းပြောသလို ဒီနေ့ပွဲကတော့ ပွဲကြီးပွဲကောင်းပဲ။ ချယ်ဆီးနဲ့ မန်ယူ ကျားနဲ့ဆင် လယ်ပြင်မှာ တွေ့သလို တွေ့ကြပြီပေါ့ကွာ ... ဟား ... ဟား"

"အမယ်လေး မြူးနေလိုက်တာ။ ချယ်လ်ဆီးက အသင်းသားတွေ မော်ရင်ဟို မရှိတော့တာနဲ့ စိတ်တွေ ကယောက်ကယက်ဖြစ်ပြီး ကောင်းကောင်းမှ ကန်နိုင်ပါ့မလား မသိဘူး ...





ဆိုက်ကိုအရ ဆိုရင်တော့ မန်ယူက အားသာနေတယ်၊ ကိုယ်တော့ ဒီနေ့ည မန်ယူဘက်ပဲ ... ဟဲ ဟဲ"

သူက ဝဏ္ဏရဲ့စကားကို ပြုံးရုံသာ ပြုံးနေလျှင် ဝဏ္ဏ သူ့အခြေအနေကို အကဲခတ်နေဟန်ဖြင့် ...

"ဒါနဲ့ မင်း စာရေးရေးဖြစ်ရဲ့လား။ ဟိုကိစ္စကရော ဘယ်လိုလဲ၊ မင်း ပရိသတ်တွေနဲ့ အရှမ်းအဆက်ပြတ်သွားမှာ စိုးလို့ ပြောတာပါ"

"စိတ်မပူပါနဲ့။ ဒီနေ့ တစ်ယောက် ရောက်လာလိမ့်မယ်"

"တစ်ယောက် ! ။ မင်းက ဘယ်လိုလုပ် သိနေတာလဲ။ အကြားအမြင်ရနေတာလား"

"မဟုတ်ပါဘူးကွာ။ သောကြာနေ့က ကောင်မလေးတစ်ယောက် ရောက်လာတယ်။ သိပ်တော့မဆိုးဘူး ထင်တာနဲ့ သူနဲ့ တစ်အုပ်လောက်တော့ စမ်းရေးကြည့်မလားလို့"

ဝဏ္ဏက ဒီကိစ္စကို အထူးတလည် စိတ်ဝင်စားနေသူ သူ့အနားသို့ပင် ကပ်လာကာ ...

"ဟုတ်လား ... မိလား၊ ဘယ်လိုပုံစံမျိုးလဲ"

သူက ဝဏ္ဏရဲ့ အရောင်လက်နေသော မျက်နှာကြီး ဘွန်းလွှတ်ကာ ...

"ဟော့ကောင် ... ဘာမှ ထွေလီကာလီ လျှောက်စဉ်းစားမနေနဲ့။ ဘာမှလဲ မမိဘူး။ လုံးဝရိုးရိုးသားသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်းကွာ၊ ငါကပဲ မရိုးသားတဲ့ပုံ။ ဩော်
မင်း ရွေးချယ်လိုက်တဲ့ လူဆိုတော့ စိတ်ဝင်စားလို့ပေါ့
မင်းက ဘာအချက်တွေနဲ့ကြည့်ပြီး ရွေးလိုက်ရတာလဲ"

"အဓိက,ကတော့ ရိုးသားမှုပေါ့ကွာ။ သူ့မျက်နှာပေါ်မှာ
အဲဒီရိုးသားမှုက ချိတ်ပြထားသလိုလို ထင်းထွက်နေတယ်

နောက်ပြီး talent ရှိတဲ့ပုံစံလို့ ငါမြင်တယ်။ ဒီ
ဆေးကျောင်းသူတဲ့ကွာ"

"ဟာ ... ဒါဆို မင်းကို တမင်သက်သက်များ ..."

သူက လက်ဝါးကာပြလိုက်ရင်းမှ ခေါင်းကို ခါယမ်း
လိုက်ပြလိုက်သည်။

"ရိုးသားပါတယ်လို့ ပြောပြီးပြီပဲကွာ။ ကောင်မလေးကြည့်
ရတာ ငွေကြေးအဆင်မပြေတဲ့ပုံပါ။ သူ့ကျောင်းစရိတ်
သူ့ဘာသာ ရှာတယ်လို့ ပြောတယ်။ ခဏနေ မင်း တွေ့
ပါလိမ့်မယ်"

သူ့စကားမှ မဆုံးသေးချေ။ ခြံဝမှာ ဘဲလ်သံကြား
ရ၍ သူက ဝဏ္ဏကို မျက်စပစ်ပြလိုက်လျှင် ဝဏ္ဏက သဘောပေါက်
စွာဖြင့် ခြံတံခါးကို သွားဖွင့်ပေးလာသည်။ သူက ညှော်ခန်း
တိုင်ကပ်နာရီကို တစ်ချက်မော့ကြည့်လိုက်လျှင် ကိုးနာရီမတ်တင်း
ခဏကြာလျှင် ဝဏ္ဏရဲ့နောက်မှ သူမက စတီးလ်ချိုင့်လေးတစ်လုံး
ကို လက်ကကိုင်ကာ အိတ်တစ်အိတ်ကို လွယ်လျက် ခပ်ယို့ယို့
လိုက်ပါလာသည်။





"ဒီမှာ လာထိုင်ပါ"

သူက ဖိတ်ခေါ်လိုက်လျှင် သူမက သူနှင့်ဘေး
ဆောင်း အနေအထားမှာရှိသောခုံတွင် ဝင်ထိုင်သည်။ ဝဏ္ဏက
ဘေးမှာ ဝင်ထိုင်ပြီးလျှင် သူက သူမနှင့် ဝဏ္ဏကို မိတ်ဆက်
ပေးလိုက်သည်။

"ဝဏ္ဏ ... သူက ငွေမင်းရည်လို့ ခေါ်တယ်။ ငါ့စာမူတွေ
ကို ရေးပေးမယ့်သူပေါ့။ ငွေမင်းရည် ... ဒါက ကိုယ်နဲ့အတူ
နေတဲ့ ကိုယ့်သူငယ်ချင်း ဝဏ္ဏပဲ"

"ဟုတ်ကဲ့ပါရှင့်"

အခုလို တွေ့ရတာ ဝမ်းသာပါတယ်တွေ ဘာတွေ
စကားမပြောသော ကောင်မလေးကို ဝဏ္ဏက လှိုက်လှိုက်လှဲလှဲ
ပြုံးပြလိုက်သည်။ ခေတ်လမင်း ပြောသလိုပဲ ရိုးသားဖြူစင်ပုံရသော
ကောင်မလေးသည် ကုပ်ပေါ်ဝဲရုံ ဆံပင်တိုလေးများကို စုစည်း
ထားသော်လည်း ဟိုမမိ ဒီမမိ ပြုတ်ကျနေသော ဆံနွယ်စလေး
များကြောင့် ပိုမိုနုနယ် ချစ်စဖွယ် ကောင်းနေသည်။

ရုပ်ကတော့ သိပ်အချောစားကြီး မဟုတ်ပါ။ သို့သော်
အသားဖြူဖြူမှာ ကြည်လင်သန့်ပြန့်သော ရုပ်ရည်ရှိသူဖြစ်သည်။
အင်္ကျီဘတ်မှာ ကာတွန်းရုပ်လေးများပါသော တီရှပ်အဖြူတစ်ထည်
နှင့် ကချင်လုံချည်တစ်ထည်ကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသော
ကောင်မလေးက အားလုံးခြုံကြည့်လိုက်လျှင်တော့ ရိုးသားအေးဆေး
သော သာမန်မိန်းကလေးတစ်ယောက်ပုံစံပဲ ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာမြင်နေရတဲ့ ကွန်ပျူတာဘောက စားပွဲဟာ မင်း
အတွက်ပဲ ...

စာရေးရမယ့် ပုံစံတွေကိုတော့ မင်းကို ကို
အသေးစိတ် ပြောပြမယ်။ ကဲ ... သွားကြစို့"

သူက အဲဒီလိုပြောလိုက်လျှင် သူမဟာ ဝဋ္ဌ
အပြုံးတစ်ချက်နဲ့ပဲ နှုတ်ဆက်ကာ သူ့နောက်သို့ လိုက်ပါ
သည်။ သူမ စာရေးရန်အတွက် သူစီစဉ်ထားသော နေရာမှာ
ခန်းရဲ့ဘေးတွင် မှန်ချပ်များဖြင့် အခန်းဖွဲ့စည်းထားသော သူ့
စာကြည့်ခန်းဖြစ်သည်။ အဲဒီအခန်းရဲ့ ပတ်ပတ်လည်တွင် စာအု
စင်အမြင့်ကြီးများကို ထားထားကာ သူတစ်သက်လုံး စုဆောင်း
ရသည့် အမြတ်နိုးဆုံး စာအုပ်များကို စနစ်တကျ ထားရှိသည်

အခန်းထောင့် တစ်နေရာတွင် ကွန်ပျူတာထားသော
စားပွဲ၊ မလှမ်းမကမ်းတွင် စာရေးစားပွဲ စသဖြင့် စနစ်တကျထား
တာကို သူမက သေချာအကဲခတ်ကြည့်ရှုနေတာကို သူ့မျက်ဝ
ထောင့်တွင် တွေ့မြင်နေရလေသည်။

"စာအုပ်တွေ အများကြီးပဲနော်၊ အားရစရာကြီးပဲ။ ဒါ
ဆရာ့စာအုပ်တွေပေါ့နော်"

သူမက အရောင်လက်သော မျက်လုံးများဖြင့် စာအု
တွေကိုကြည့်ကာ တရှိုက်မက်မက် ပြောလိုက်လျှင် သူက မျက်မှော
တစ်ချက်ကြုတ်သွားရသည်။ သူ့စာအုပ်တွေကို ဒီကလေးမငှား
ကြိုးစားနေတာလား။ သူက နှုတ်ခမ်းကို ခပ်တင်းတင်းစေ့ကာ





"ဟုတ်တယ် ...။ ဒါပေမဲ့ ကိုယ့်စာအုပ်တွေကို သူများကို
ငှားလေ့မရှိဘူး။ တစ်ယောက်ယောက်ကို ဖတ်စေချင်ရင်
တစ်ခါတည်း အပြီး လက်ဆောင်ဝယ်ပေးလိုက်တယ်"

"ဪ ... ကောင်းတာပေါ့နော်"

အရိပ်ပြလည်း အကောင်မြင်ဟန် မတူသော သူမ
သူ့ကိုပင် အထင်ကြီးလေးစားသော မျက်လုံးများဖြင့် မော့
ည့်လို့နေသေးသည်။ သူက အဲဒီမျက်လုံးတွေကို လွှဲဖယ်ပစ်
သူ့ဘောင်းဘီနောက်အိတ်ကပ်ထဲမှ မီနီဒစ် (mini dics)
ကို ဆွဲထုတ်ထောင်ပြလိုက်ကာ ...

"ဒီထဲမှာ ကိုယ်ရေးထားတဲ့ ဝတ္ထုပါတယ်၊ မင်းက စားပွဲ
ပေါ်မှာရှိတဲ့ စီဒီပလေယာ(CD player)ထဲကို အဲဒါထည့်ဖွင့်
ပြီး အဲဒီထဲက စကားတွေကို ပြန်ချရေးရမယ် ...

ဟိုမှာ တွေ့လား။ ပေပါအဖြူတွေ၊ အဲဒီစားပွဲပေါ်
မှာ စာရေးကိရိယာ အစုံရှိတယ်။ ကဲ .... အဲဒီစားပွဲမှာ
ထိုင်"

"ရှင်"

အရေးထဲ သူမက သူ့ကို မျက်လုံးပြူးဖြင့် ပြူးကြည့်
င် သူက စိတ်မရှည်သလို ဖြစ်လာသည်။

"ဪ ... မင်းကို စာရေးစားပွဲမှာ ထိုင်လို့ ပြောနေတာ။
မင်း ငါ့ကို နမူနာရေးပြရမယ်။ မင်း ရေးတာကို ငါကြည့်
ဦးမယ်။ လိုအပ်တာကို ပြောမယ်၊ နားလည်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... ဟုတ်"

ဒီတော့မှ ကောင်မလေးက စားပွဲရှေ့တွင် ဝင်ထိုင်သည်။ သူက စားပွဲပေါ်တွင်ရှိသော အိပ်ဆောင်စီဒီပလေယာ ထဲသို့ မိနီဒစ်ကိုထည့်ကာ ဖွင့်လိုက်လျှင် သူ့အသံသွင်းထား ဝတ္ထုစာသားတွေက ထွက်လာသည်။

"ကဲ ... မှတ်နိုင်သလောက်မှတ်ပြီး စက်ကိုပိတ်၊ ပြီး ရေးတော့ ...

နှစ်မျက်နှာလောက် အရင်ရေးကြည့်"

သူက လက်နှစ်ဖက်ကို ပိုက်ရင်းမှ ပြောလိုက်လျှ သူမက ခေါင်းကို တွင်တွင်ညိတ်ပြကာ အရှေ့မှ စာအုပ် တစ်အုပ်ကို ဆွဲယူလိုက်သည်။ ပြီးလျှင် ပထမဆုံး စာမျက်နှာ စတင်ရေးဖို့ပြင်သည်။

"ဟော ... အဲဒီမှာမရေးနဲ့လေ၊ ရှေ့ဆုံးတစ်ရွက်ကို စာရွ ချန်ရတယ်ဆိုတာ မင်း ကျောင်းတက်တုန်းက မသိခဲ့ ဘူးလား"

"ရှင် ... ဪ ... ဟုတ်ကဲ့။ ဆရာက ချန်မယ်လို့ မ လို့ပါ"

"ဪ ... ငါက အဲဒါကအစ လိုက်ပြောနေရဦးမှာလား မင်း သတိထားတတ်မယ် ထင်လို့ပေါ့"

"ဟုတ်ကဲ့ ... နောက်ဆို သတိထားပါ့မယ်"





သူက ဆင်ခြေချည်းပဲ ဟူသော အကြည့်မျိုးဖြင့် ကြည့်ပြီးလျှင် မလှမ်းမကမ်းမှာ ချထားသော တစ်လုံးတည်းသော ထိုင်ခုံပေါ်တွင် သွားထိုင်ရင်း သူမရေးတာကို စောင့်ကြည့်နေလိုက် သည်။

သူမက စက်ကိုဖွင့်လိုက် ပိတ်လိုက်နှင့် ရေးနေသည်။ ပြီးသွားလျှင် ရေးထားသော စာနှစ်မျက်နှာကို သူ့အား လာ၍ပြ သည်။ သူသည် လာပြသော စာနှစ်မျက်နှာကို ကြည့်ပြီးလျှင် ချက်ခြင်းခနဲ မြည်အောင် သက်ပြင်းကို ဆောင့်ချကာ အစွမ်းကုန် ငြီးငြူမိတော့သည်။

"ဟင် ... ဘယ်လိုတွေ ရေးထားတာလဲကွာ။ စကားပြော ခန်းရေးတဲ့ နေရာမှာ မျက်တောင်အဖွင့်အပိတ်နဲ့ ရေးရတယ် တယ် ...

စာပိုဒ်ကလည်း မခွဲဘူး။ သင့်တော်သလို စာပိုဒ်ကို ဖြတ်ဖြတ်ပေးရတယ်ဆိုတာ နားမလည်ဘူးလား။ ဒီလိုကြီး ပြွတ်သိပ်ရေးတာမျိုး ဝတ္ထုစာအုပ်တွေထဲမှာ မင်း ဖတ်ဖူးလို့ လား ...

ကြည့်ဦး ... ဒီလိုရေးထားတဲ့ ပုံစံကို ကွန်ပျူတာ စာစီသမားက ဘယ်လိုဖတ်ပြီး စာစီတတ်တော့မှာလဲ။ စိတ်ပျက်ဖို့ ကောင်းလိုက်တာ"

"ဟို ... ကျွန်မက တစ်ခါမှ မရေးဘူးလို့ပါ ဆရာ။ နောက်ဆို ဒီလို မဖြစ်စေရပါဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ဟို ... ဖြစ်နိုင်ရင်လေ ကျွန်မကို ဆရာရေးထားတဲ့ ပင်ကိုရေးစာအုပ် တစ်အုပ်လောက် ပေးဖတ်ပါလား ဆရာ ကျွန်မ နမူနာကြည့်ပြီးရေးရင် ပိုအဆင်ပြေမလားလို့ပါ

သူက အဲခနဲ ဖြစ်သွားသည်။ တကယ်လည်း အ တည်းက ဒီလိုစိစဉ်ပေးခဲ့ဖို့ ကောင်းပါသည်။ စာရေးဆရာတ ယောက်အတွက် စာရေးရတဲ့ နည်းဥပဒေသတွေကို တခြားအခြ သက်သက် လူတစ်ယောက်က ဘယ်လိုလုပ် ကြိုသိနိုင်ပါ့မလဲ

သို့သော် သူက သူမပြောမှ လုပ်ရသည်ဆို အဖြစ်မျိုးကိုလည်း အဖြစ်မခံချင်ပေ။ သူက သူ့ကို ဆရာ လျှင်ပဲဖြစ်ဖြစ်၊ နည်းနည်းလေး အတွန့်တက်ရင်တောင်မှ လုံး ကြိုက်သောသူ မဟုတ်ပါ။

"မလိုပါဘူး။ မင်း ပြောတော့ ကိုယ့်ဝတ္ထုတွေ ဖတ်ဖူးတာ ဆို။ အဲဒီဝတ္ထုထဲက ပုံစံအတိုင်းပဲ ရေးရမှာပဲလေ ...

စာသားဆို စာသားနေရာ သူ့အပိုဒ်နဲ့သူပဲ။ စကား ပြောတဲ့နေရာရောက်ရင် မျက်တောင်အဖွင့်အပိတ်နဲ့ ထ မယ် ...

တချို့နေရာတွေဟာ ပုဒ်ကလေးချတာ မဟုတ်ဘူ ဒါပေမဲ့ သူ့အဖြတ်လေးနဲ့သူ အစက်လေး သုံးစက်လော နဲ့ ခြားသွားပေးမယ် ...

ကဲ ... ပြန်ရေးကြည့်"

"ဟုတ် ... ဟုတ်ကဲ့"





သူမက စားပွဲမှာထိုင်ကာ ပြန်ရေးသည်။ ဒီတစ်ခေါက် ...ော့ ကြိုးစားပမ်းစား ရေးလာသည်ထင်သည်။ ပထမတစ်ခေါက် ... စာလျှင်တော့ အချိုးပြေလာသည်ဟု ပြောလို့ရသည်။ လက် ...တော့ သူ့ထက်ပင် လုပသပ်ရပ်ပါသည်။ သူက အဲဒါကို ...သဲမှုကိုတ်၍ ချီးကျူးလိုက်သော်လည်း ပါးစပ်ကတော့ ထုတ် ...ပို့ဆိုတာ အဝေးကြီးပဲ ဖြစ်လေသည်။

"အဆင်ပြေရဲ့လား ဆရာ"

သူမက လက်ကိုပိုက်ကာ ဆရာထံကို စာပြနေသော ...င်းသူတစ်ယောက်လို ပုံစံမျိုးနှင့် မေးသည်။ သူက ခေါင်းကို ...တ်ဆတ်ညိတ်ရင်းမှ ...

"အင်း ... မဆိုးတော့ မဆိုးပါဘူး။ ဒါပေမဲ့ မင်းကိုတစ်ခု ပြောမလို့။ မင်း ကိုယ့်ကို ဆရာ ... ဆရာနဲ့ မခေါ်စမ်းပါ နဲ့ ...

တစ်မျိုးပဲ၊ နားထောင်လို့ သိပ်အဆင်မပြေဘူး။ ရေရှည်မှာဆို အဲဒီနာမည်က အဆင်ပြေမှာ မဟုတ်ဘူး"

"ဩော် ... ဟုတ် ... ဟုတ်ကဲ့။ ဒါဖြင့်ရင် ဘယ်လို ခေါ်ရ မလဲဟင်"

သူက တစ်ချက် မျက်မှောင်ကြုတ်သွားမိပြန်သည်။ ...ပဲ သူမက အထူးအဆန်းသဖွယ် လိုက်၍ငုံ့ကြည့်နေပြန်လျှင် ... ဘာကြည့်တာလဲဟု ဘုပြန်တောမိတော့မလို ဖြစ်သွားသည်။ ...သော် ချက်ချင်းပဲ ထိန်းလိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ ကိုယ် မပြောတတ်ဘူး။ မင်း အဆင်ပြေရ[illegible] ခေါ်နိုင်တယ်"

"ဟုတ်ကဲ့ပါ ဆရာ၊ အဲ ... ကိုခေတ်လမင်း"

"ကဲ ... ကဲ ... ဒါဆို ဆက်ရေးတော့။ မင်း အဆင်မ[illegible] ဖြစ်နေမှာစိုးလို့ ငါ အပြင်ဘက် ထွက်နေပေးမယ် [illegible] ဒါပေမဲ့ ဧည့်ခန်းထဲမှာတော့ ရှိမယ်။ ဪ ... မနက်[illegible] ကျရင် မင်းရဲ့မှတ်ပုံတင်မိတ္တူနဲ့ ကိုယ်ရေးရာဇဝင်ကို [illegible] ပြီးယူလာခဲ့ပါ"

"ဟုတ်ကဲ့ပါ"

"ဆယ့်နှစ်နာရီထိုးရင် မင်း ထမင်းစားချိန် နားတယ်[illegible] တာ မမေ့နဲ့"

"ဟုတ်"

သူက ပြောပြီးလျှင် အခန်းထဲမှ ထွက်လာခဲ့သည်[illegible] ထမင်းစားခန်းနှင့် မီးဖိုချောင် တွဲစပ်နေသော အခန်းထဲသို့[illegible] လိုက်လျှင် နေ့ခင်းစာ ဟင်းထမင်း ချက်ပြုတ်နေပြီဖြစ်သော[illegible] ဝဏ္ဏကို တွေ့လိုက်ရသည်။ ဝဏ္ဏက ရုံးသို့ နေ့စဉ် ထမင်းချိ[illegible] ထည့်ရသူ ဖြစ်တာကြောင့်ရော။ သူ့အိမ်မှာ အလကားနေခွ[illegible] ရတာရောကြောင့် တာဝန်ခွဲယူသည့်သဘောဖြင့် စားစရိတ်ကိုအော[illegible] တာဝန်ယူထားသူဖြစ်သည်။ ငယ်စဉ်ကတည်းက အဘွားဖြစ်[illegible] ဟင်းချက်လျှင် ဝင်ကူရသော အကျိုးကျေးဇူးကို အခုခံစားနေ[illegible] ပြီဟု ဝဏ္ဏက အမြဲပြောလေ့ရှိသည်။





"ဘာဟင်းချက်နေတာလဲ"

"ဒီနေ့တော့ ဖွယ်ဖွယ်ရာရာလေးပေါ့ကွာ။ ဘူးသီးနဲ့ကြက်သား အရည်သောက်လေးပေါ့။ ငါးပိစပ်စပ်လေး ကြော်ထားတယ်။ ပဲတီချဉ်သုပ်မယ်လေ"

"အေး ... ကောင်းတယ်ကွာ။ ငါက မင်း မိန်းမရသွားမှာတောင် တအားစိုးရိမ်နေတာ"

"ဘာဖြစ်လဲ၊ မင်းလည်း မိန်းမယူလိုက်ပေါ့"

"ထွတ် ... တော်စမ်းပါကွာ။ ဒီစကား ဒီမှာတင်ပဲရပ်တော့"

"ဘာလဲ ... မိန်းမတွေကို စိတ်နာနေတာလား။ ဒါနဲ့ ဟိုကောင်မလေးက ဒီမှာ ထမင်းစားမှာလား"

"သူ့ထမင်းချိုင့် ပါတယ်လေ"

"မင်းက မကျွေးဘူးပေါ့။ ဟာကွာ ... မင်းက ထမင်းလေး တစ်နပ်နဲ့များ တစ်ယောက်စာတော့ ပိုချက်ရတာလည်း မဟုတ်ပါဘူးကွာ"

"ဟော့ကောင် ... နှမြောလို့ ပြောနေတာ မဟုတ်ဘူး။ အလုပ်သဘောအရထက် ပိုပြီး မပတ်သက်ချင်လို့ကွ ...

သူ့ဟာသူ စားစရာရှိတာစား၊ လုပ်စရာရှိတဲ့အလုပ်လုပ်၊ ပြီးပြီပဲပေါ့ကွာ၊ ဘာလုပ်ရဦးမှာလဲ"

"အေးပေါ့ကွာ၊ ဘာမှတော့ မလုပ်ရဘူးပေါ့၊ ဒါပေမဲ့ ငါ တစ်ခုလောက် ပြောပါရစေဦး။ မင်းအနေနဲ့ သူ့ကိုဆက်ဆံတာ နည်းနည်း မာနေသလို တန်းနေသလိုပဲကွာ



www.burmeseclassic.com

www.burmeseclassic.com



မင်း ရင်ထဲကလာတဲ့ စာသားတွေကို ရေးပေးနေ... သူလေ။ မင်းအနေနဲ့ ရင်းရင်းနှီးနှီး နွေးနွေးထွေးထွေး... ဆက်ဆံသင့်တာပေါ့"

သူက မိကျောင်းမင်း ရေကင်းလာပြနေပြန်ပြီ... သော အကြည့်မျိုးနှင့် ကြည့်လိုက်လျှင် ဝဏ္ဏကလည်း ချက်ချင်း... သဘောပေါက်လေသည်။

"မင်းကို ဆရာလုပ်တာ မဟုတ်ပါဘူးကွာ။ ဒါပေမဲ့ မေ... မုန်းချင်လည်းမုန်း၊ သူငယ်ချင်းကောင်း ဆိုတာ လိုအပ်... တော့ ပြောပြရမှာပဲ"

"မလိုပါဘူးကွာ။ ငါ့အနေနဲ့ မိန်းကလေးတွေနဲ့ လိုအ... တာထက် ပိုပြီးတော့လည်း မပတ်သက်ချင်တာ အမှန်ပဲ"

"ဟင်း ... ပြောရလည်း ခက်တယ်။ ဒါနဲ့ ဘယ်လိုလဲ ... ရေးတာရော အဆင်ပြေလား"

"အင်း ... အခုမှ အစိမ်းသက်သက်ဆိုတော့ ဒီလိုပါပဲ... လက်ရေးလက်သားကတော့ မဆိုးပါဘူး"

"ကောင်မလေး ကြည့်ရတာ ကြိုးစားတတ်မယ့် ပုံလေးပါ... ကော်ဖီလေး အအေးလေးတော့ တိုက်လိုက်ပါကွာ။ ငါ... သွားပို့ပေးပါ့မယ်"

"ရောဂါပဲ"

သူက မနိုင်တော့ဘူး ဆိုသော သဘောဖြင့် ... ထွန့်ကာ ထွက်ခွာလာလျှင် ဝဏ္ဏက ပြုံးစိစိဖြင့် ကျန်ရစ်ခဲ့သည်။





...ခဲ့သော် သူကလည်း ညှော်ခန်းထဲမှာ လမ်းလျှောက်ရင်းနှင့် ...သွင်းစက်လေးကိုကိုင်ကာ အသံသွင်းသည်။ ဒီလိုနှင့် အချိန် ...မှန်းမသိ ကုန်လာခဲ့ရာမှ နာရီကို ကြည့်လိုက်လျှင် ဆယ့်နှစ် ...ကို ဆယ်မိနစ်မျှ စွန်းနေပြီဖြစ်သည်။ ဒီတော့မှ အခန်းထဲက ...လေးမဟာ အခုထိ ထမင်းထွက်မစားသေးတာကို သတိရလျက် ...ဟာ တံခါးနှစ်ချက်ခေါက်ပြီးနောက် အခန်းထဲသို့ ဝင်ခဲ့လျှင် ...စားပွဲမှာပဲ ထမင်းချိုင့်လေးဖွင့်ကာ ထမင်းစားနေသော ...ကို မြင်တွေ့လိုက်ရသည်။

သူမက သူ့ကိုမြင်လျှင် ထမင်းစင်သွားသော ပုံစံဖြင့် ...ကာဟန်းရပ်ကာ ...

"စား ... အဲ ... သုံးဆောင်ပါဦး ကိုခေတ်လမင်း"

သူက သူ့စာကြည့်ခန်းထဲတွင် ထမင်းစားနေသော ...ကို ဒေါသချောင်းချောင်း ထွက်သွားရလေသည်။ သူ့ရဲ့စာ ကြည့်ခန်းကို သူက စာကြည့်တိုက်တစ်ခုသဖွယ် မြတ်နိုးတန်ဖိုး ...ရတာဖြစ်သည်။ ဒီအခန်းထဲမှာ သူကိုယ်တိုင်တောင် အစား ...တတ်ပါ။

"မင်း ဒီမှာ ဘာလို့ထမင်းစားနေရတာလဲ"

"ရှင် ... ကိုခေတ်လမင်းပဲ ကျွန်မကို ဒီမှာ ဆယ့်နှစ်နာရီ ထိုးရင် ထမင်းစားနားလို့ ရပြီဆိုလို့"

"ကျွတ် ... ဒါ ထမင်းစားတဲ့ နေရာလား။ မင်း ဒီလောက် လေးမှ နားမလည်ဘူးလား။ မသိရင်လည်း မေးပါလား"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ ခပ်ဆတ်ဆတ် အသံကြောင့် သူမက [illegible] နှာလေး ငယ်ကျသွားကာ ...

"ဟုတ် ... ကျွန်မ တောင်းပန်ပါတယ်ရှင်"

"ကျွတ် ... နောက်ကို မှတ်ထားစမ်းကွာ။ ဒီနေ [illegible] ထမင်းစားတဲ့နေရာ မဟုတ်ဘူး။ ငါ့စာရွက်တွေ [illegible] ပေကျံကုန်ပြီလား မသိပါဘူး ...

ဟင်းစော်တွေတော့ နံကုန်တော့မှာပဲ"

သူက စိုးရိမ်စိတ်ဖြင့် သူ [illegible] သားနေသော [illegible] နားသို့ လျှောက်သွားကာ စာအုပ်တွေကို ငုံ့ကြည့်ရင်းမှ သူ [illegible] လက်စ ထမင်းချိုင့်လေးကို တွေ့မြင်လိုက်ရသည်။ နှစ်ဆင့် [illegible] ရှုံးထားသော ချိုင့်သေးသေးလေးထဲတွင် တစ်ချိုင့်က သိပ် [illegible] သော ထမင်းနှင့် တစ်ချိုင့်ကတော့ ပန်းမုန်လာပွင့်ကြော် [illegible] သာပဲဖြစ်သည်။

ကစ်ချိန်တည်းမှာပဲ သူမက ပြောသည်မှာ —

"ကျွန်မက ဆီပြန်ဟင်း ထည့်မလာနိုင်တော့ ဟင်း [illegible] မနံပါဘူး ကိုခေတ်လမင်း"

"ဟင်း ... ကဲ ... ကဲ ... မင်း ထမင်းချိုင့်ကို ယူလာ [illegible]

သူမက တိတ်ဆိတ်စွာပင် ဘာမှမပြောတော့ [illegible] ထမင်းချိုင့်လေးကို အသာဆင့်ကာ သူ့နောက်မှ ခပ်ယို့ယို့ [illegible] လိုက်ပါလို့ လာလေသည်။ ထမင်းစားခန်းထဲသို့ ရောက်လျှ [illegible] သူက ထမင်းစားပွဲဝိုင်းကို ညွှန်ပြကာ ...





"နောက်နေ့ကို မင်း လာတာနဲ့ ထမင်းချိုင့်ကို ဒီအခန်းထဲမှာပဲ လာထည့်ထား။ တစ်ခါတည်း ပြောထားမယ်။ ဒီဘက်ကထွက်ရင် ဟိုမှာ အိမ်သာနဲ့ ရေချိုးခန်း။ ထမင်းစားခန်းဘေးက လှေကားက ဆင်းသွားရင် ခြံထဲကိုရောက်တယ် ...

မင်း နားချိန်မှာ ခြေဆန့်လက်ဆန့် သွားလို့ရတယ်"

"ဟုတ်ကဲ့ပါ"

သူမက ဘာမှပြန်မပြောတော့ဘဲ အသာရပ်နေလျှင် [illegible] သူက ထမင်းစားခန်းထဲက အသာပြန်ထွက်လာခဲ့သည်။ အဲဒီနောက် [illegible] နေ့ခင်းတစ်နာရီမှ သူနဲ့ ဝေဠုက နေ့လယ်စာ ထမင်းစားဖြစ်ကြ [illegible] လျှင် သူသည် စိုပြည်နေသော ထမင်းဝိုင်းနှင့်ယှဉ်ကာ သူမရဲ့ [illegible] ခြောက်ကပ်ကပ် ထမင်းနှင့်ဟင်းကို သွားပြီး မြင်ယောင်လျှင် [illegible] စိတ်ထဲမှာ တစ်မျိုးတစ်မည်တော့ ဖြစ်သွားသည်။

သို့သော် သူဟာ အဲဒီအကြောင်းအရာကို ခေါင်းထဲ [illegible] က ချက်ချင်းပင် ထုတ်ပစ်လိုက်လေသည်။ သူ့ဘဝတွင် ဘယ်သူ့ [illegible] အတွက်မှ သူ တွေးမပေးချင်တော့ပေ။ လောကမှာ သူ့အလုပ်သူ [illegible] လုပ်၊ ကိုယ့်အလုပ် ကိုယ်လုပ်ပြီး သီးသန့်နေတာပဲ အကောင်း [illegible] ဆုံး ဖြစ်သည်ဟု သူက လက်ခံထားလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တာ လုပ်ငန်းခွင် ပြီးဆုံး၍ အိမ်ပြန်လာရသော အချိန်တွင် ငွေမင်ရဲ့ခြေလှမ်းများက တက်ကြွစွာ လျှောက်လှမ်းနေခဲ့သော်လည်း စိတ်ကတော့ ခေတ်လမင်းရဲ့အကြောင်းကိုပဲ တွေးနေမိခဲ့တာဖြစ်သည်။ သိပ်မကျယ်သော်လည်း နေချင်စရာ ခြံဝင်းလေးနှင့် တိုက်အိမ်လေးကို ငွေမင် သဘောကျလှသည်။ ပြီးတော့ ယောကျာ်းလေးနှစ်ဦးတည်းသာ နေတယ်ဆိုသော်လည်း တစ်အိမ်လုံး ဖုန်တစ်စက်မှ မရှိအောင် သန့်ရှင်းတောက်ပြောင်နေတာကိုလည်း ချီးကျူးမိသည်။

အိမ်ထဲမှာ မျက်စိရှုပ်စရာ ဘာအပြင်အဆင်မှ မရှိဘဲ အိမ်ထဲကို ဝင်လိုက်တာနှင့် အေးချမ်းသွားသော ခံစားမှုကြောင့် ငွေမင် ပျော်ရွှင်ကျေနပ်ရပါသည်။ ငွေမင် စိတ်အဝင်စားဆုံးကတော့ သူ့ရဲ့စာကြည့်ခန်းပဲ ဖြစ်သည်။ သာမန်အခန်းတစ်ခန်းထက် ကျယ်ဝန်းသော သူ့စာကြည့်ခန်းထဲရှိ ပတ်ပတ်လည် စာအုပ်စင်ကြီးများထဲမှ စာအုပ်တွေဟာ တစ်နေ့တစ်အုပ် ဖတ်တာတောင် လ,ပေါင်းများစွာ ဖတ်ရပေလိမ့်မည်။





သူ့ဘဝလေးကို ငွေမင် သိပ်အားကျပေတယ်။ တစ်နေ့ တစ်နေ့ စာဖတ်လိုက် စာရေးလိုက်၊ ဒီလိုအေးချမ်းတဲ့ ဘဝမျိုးလေးထဲမှာ ရှင်သန်ခွင့်ရတဲ့သူဟာ ကံအကောင်းဆုံး လူသားတွထဲက တစ်ယောက် အပါအဝင်ပဲ ဖြစ်ပါမည်။

ငွေမင်သည် သူ့အကြောင်းတွေးနေရင်းမှ ဦးလေးစန်း၏ စာအုပ်ဆိုင်လေးရှေ့က အဖြတ်တွင် ...

"ဟော့ ... ငွေမင်ရည်။ ဘယ်လိုလဲ အဆင်ပြေလားဟ"

"ပြေပါတယ်၊ ရေချိုးပြီးရင် လာခဲ့မယ် ဦးလေးစန်း"

"အေးပါ ... နားနားနေနေပဲ လုပ်ပါ"

ငွေမင်သည် အိမ်ပြန်ရောက်တာနှင့် ခဏနား၊ ရေချိုးပြီးလျှင် အစ်မနှင့်အတူ ထမင်းစားကာ ပြီးလျှင် ငြိမ်းချမ်းနယ်မြေ စာအုပ်ဆိုင်လေးသို့ ထွက်လာခဲ့လေသည်။

ငွေမင် ရောက်သွားသောအချိန်မှာ ခြောက်နာရီထိုးခါနီး ဖြစ်သောကြောင့် စာအုပ်ငှားသူတွေ တဖွဲဖွဲ ရောက်လို့လာသဖြင့် ဦးလေးစန်းနှင့်တောင် စကားကောင်းကောင်း မပြောနိုင်သေးချေ။

လူရှင်းတော့မှာပဲ ငွေမင့်ရဲ့ အတွေ့အကြုံကို စိတ်ဝင်စားနေသော ဦးလေးစန်းက အနားသို့ ကပ်လာကာ ...

"ကဲ ... ပြောစမ်းပါဦး ငွေမင်ရည်ရဲ့၊ ညည်းရဲ့ ပထမဆုံးနေ့ လက်တွေ့အတွေ့အကြုံလေးကို"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါပဲ ဦးလေးရဲ့။ စာကြည့်ခန်းထဲမှာ ငွေ
အသံသွင်းထားတဲ့ ဝတ္ထုစာသားတွေကို လက်ရေး
ရေးပေးရတာပါ"

"ညည်းစာရေးဆရာက ဘယ်လိုလဲ၊ သဘောကောင်းလာ

ငွေမင်းသည် ညည်းစာရေးဆရာ ဟူသော အ
ကြောင့် ပြုံးမိသွားရကာ ...

"သဘောကတော့ မကောင်းဖို့များတယ် ဦးလေးစန်း

"ဟော ... ဟုတ်လား၊ သူ့မိသားစုကရော"

"အဲဒါမျိုးတော့ မတွေ့ဘူး ဦးလေးစန်းရဲ့။ သူနဲ့ သူ့သူ
ချင်းနဲ့ နှစ်ယောက်တည်းပဲနေတာ။ စာရေးဆရာက
ကည်တည်ပဲ။ ဓိဇာကြောင်ပုံလည်း ရတယ်။ ဘာ
ကိုယ်ကိုယ်တိုင်မှ မလုပ်ရရင် သိပ်စိတ်တိုင်းကျပုံ မ
ဘူး ...

သူ့သူငယ်ချင်းကတော့ ဖော်ရွေပါတယ်"

"အေးပေါ့ဟာ၊ သတိဝီရိယနဲ့တော့ နေပေါ့။ ဒါထ
စာရေးဆရာက ဘာလို့ သူ့ဟာသူ ကိုယ်တိုင်စာမရေး
တာလဲ။ နေမကောင်းတဲ့ပုံ ပေါက်နေလို့လား၊ အိပ်ရာ
လဲနေတာလား"

"မလဲပါဘူး။ သန်သန်မာမာပါပဲ။ အခုထိတော့ သူ့
အကြောင်းကို ဘာမှမသိသေးပါဘူး ဦးလေးစန်းရယ်၊ သူ
က စပ်စုတာတွေ ဘာတွေလဲ ကြိုက်တဲ့ပုံ မပေါ်ဘူး ...





အမလေး ... သူ့စာအုပ်တွေကတော့ ငွေမင့်ကို
ရက်ရက်စက်စက် ဖြားယောင်းနေတော့တာပါပဲ။ အရမ်း
ဖတ်ချင်တာပဲ။ ရှေးရှေးက စာအုပ်တွေလေ။ ဘာသာပြန်
တွေရော အင်္ဂလိပ်ဝတ္ထုတွေရော"

"ညည်း ငှားဖတ်ပေါ့။ ညည်းကလည်း စာအုပ်မြင်ရင်
ဝါးစားချင်နေတဲ့ သရဲမလိုပဲ"

"ဟာ ... ဟား ... ဟုတ်တယ်။ ငွေမင်ကတော့ မဖတ်ရင်
မနေနိုင်တာက လွဲလို့ပဲ"

"ငွေမင် ... ညည်းရဲ့ အဲဒီလက်ထောက်အလုပ်က ဝင်ငွေ
ဖြောင့်တယ် ဆိုရင်လည်း ဒီစာရင်းမှတ်တဲ့ အလုပ်ကို
လုပ်ရင်လည်း လုပ်မနေပါနဲ့တော့လား ...

ညည်းအတွက် စာကျက်ချိန်ရော ရှိပါ့မလား"

"ရှိပါတယ် ဦးလေးစန်းရဲ့။ ကလေးတွေ စာသင်တဲ့အလုပ်
က မလုပ်ဖြစ်တော့ဘူးလေ။ မနက်ဆို လေးနာရီထပြီး
စာကျက်တယ်။ ခုနစ်နာရီခွဲဆို ကျောင်းသွားဖို့ ကားဂိတ်
ရောက်ပြီ။ ညပိုင်းလည်း စာကျက်ချိန် ရှိပါတယ်"

"အေး ... ညည်းအတွက် ပြောတာပါ။ ကျန်းမာရေးလည်း
ဂရုစိုက်ဦးပေါ့"

"စိတ်ချပါ ဦးလေးစန်းရဲ့။ ဂိုက်တီးလေ ... ဂိုက်တီး ...
ဟဲ ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



ငွေမင်က ပြောင်စပ်စပ်ဖြင့် လက်တစ်ဖက်ကို တံတောင်ဆစ်ကကွေး၊ လက်သီးလေးဆုပ်ကာ ပြောလိုက်လျှင် ဦးလေးစန်းက မျက်မှောင်ကုတ်ကာ ...

"ဘာဂိုက်တီးလဲ ... ညည်းမလဲ လုပ်လိုက်ရင် လိုက်မ... တာချည်းပဲ"

"သြော် ... ဦးလေးစန်းကလည်း ခေတ်လူကြီး မပီသလိုက်... တာ။ ကိုရီးယားကားတွေထဲမှာ စိတ်ဓာတ်မကျဖို့ စိတ်... အားထက်သန်ဖို့ ကြိုးစားထားလို့ ပြောတဲ့စကားလေး... ဒီလို အမူအရာလေးနဲ့ပေါ့။ ဂိုက်တီး ... မဟုတ်ဘူးလား... ဟဲ ဟဲ"

"အာ ... ဒီကောင်မလေးကတော့"

ဦးလေးစန်းက ခေါင်းကုတ်ပြီး ထွက်သွားလျှင် ငွေမင်မှာ တဟားဟား ရယ်မောရင်း ကျန်ခဲ့ရသည်။ ဘဝရဲ့အမော တွေထဲမှာ အမောပြေစရာ မိဘရင်ခွင်ရယ်လို့ မရှိရှာတဲ့ ငွေမင့် ဘဝမှာ ဒီလို ရှာကြံပျော်တတ်ခြင်းကသာ ဘဝအမောတွေကို ပြေစေတာဖြစ်သည်။

ဘဝကို ကိုယ်တတ်နိုင်သလောက် စွမ်းအားလေးနဲ့ အရိုးသားဆုံး ကြိုးစားကျော်ဖြတ်သွားမယ့် ငွေမင့်ကို ကံတရားက ဥပေက္ခာပြုမထားတန်ကောင်းပါဘူးလေဟု မျှော်လင့်မိပါသည်။





## အခန်း ၈

ဒီနေ့ကတော့ ငွေမင့်ရဲ့ လက်ထောက်သက် ဒုတိယ ...ပ်လည်လာသော နေ့တစ်နေ့ပဲဖြစ်သည်။ ပထမတစ်ပတ်က ...ာ့ အတွေ့အကြုံသစ်ဖြစ်၍ သိပ်အဆင်မပြေခဲ့ချေ။ ရေးကျင့် ...ဘာရော တစ်နေကုန် တစ်နေခန်း တကုပ်ကုပ်နှင့် ထိုင်ရေး ...တာရောကြောင့် လက်တွေရော၊ ခါးတွေပါ ညောင်းကိုက်လို့ ...သည်။ ကြာလာလျှင် မျက်လုံးတွေပါ ကိုက်လာမလားတောင် ...င်မိလေသည်။

ဒါကြောင့်များ စာရေးဆရာဟာ ရေးတဲ့လူ ငှားရေး ...သလားဟု တွေးမိသေးသည်။ ခေါင်းသာအပူခံမယ် လက်ထော ...ညောင်းမခံတော့ဘူးဆိုတဲ့ စိတ်နဲ့ နေမှာပေါ့။ ငွေမင်သည် ...တွေးမိသွားရင် ပြုံးမိကာ စာရေးဆရာရဲ့အိမ်ရှေ့သို့ ရောက် ...ခဲ့လေသည်။ ဘဲလ်တီးလိုက်လျှင် ငွေမင့်ကို တံခါးလာဖွင့် ...သူမှာ စာရေးဆရာရဲ့သူငယ်ချင်း ဖြစ်သည်။ ဒီလူကတော့ ...ရွေသဘောကောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"အချိန်မှန် ရောက်လာပြီပေါ့။ ဘယ်လိုလဲ စာရေးရတာ အဆင်ပြေရဲ့လား"

"အင်း ... ဒီလိုပါပဲ၊ လက်တွေတော့ အရမ်းညောင်းတာပဲ ဇက်ကြောလည်း ထိုးတယ်နော်"

ငွေမင့်ရဲ့ ညည်းညည်းညူညူ အပြောကို ကိုဝဏ္ဏ သဘောတကျပင် ရယ်မောလေသည်။ ငွေမင်က သိချင်နေတာ မဝံ့မရဲနှင့်ပင် ...

"ဟို ... ဒါကြောင့်များ စာရေးဆရာက ရေးတဲ့လူ ငှာ တာလားဟင်"

"သြော် ... မဟုတ်ပါဘူး၊ ဒီကောင်က သူ့လက်နဲ့သူ ရေး ရတာကိုပဲ အင်မတန် အားသန်တဲ့ကောင်ပါ။ ကွန်ပျူတာ တောင် သုံးတာမဟုတ်ဘူး ...

ပြီးခဲ့တဲ့ နှစ်လလောက်က အက်ဆီးဒင့်တစ်ခုဖြစ်ပြီး လို့ လက်က စာရေးလို့ မရတော့ဘူး ဖြစ်သွားတာ။ လက် ချောင်းတွေက အကြွေးအဆန့် မရတော့ဘူးလေ"

ငွေမင်သည် မျှော်လင့်မထားသော ဖြစ်ရပ်ကြောင့် မျက်လုံးပြူးသွားရကာ ...

"ဟင် ... ဟုတ်လား၊ သနားပါတယ်နော်"

"အင်း ... သိပ်တော့လည်း သနားစရာ မကောင်းပါဘူး ပန်းချီဆရာဆိုမှသာ သနားစရာ ကောင်းသွားမှာ"

"သြော် ... ကိုဝဏ္ဏကလည်း၊ ဟင်း ဟင်း ဟင်း"





ငွေမင်သည် ကိုဝဏ္ဏ ပြောသော စကားတို့ကို သဘောတကျနှင့် ရယ်မောနေတုန်းမှာပဲ စာရေးဆရာကား တံခါး ... ထွက်ပေါ်လာလျက် ခပ်တည်တည်ဖြင့် လှမ်းကြည့်နေတာကို ... လေသည်။ အဲဒီအကြည့်ကိုမြင်လျှင် ငွေမင်သည် ချက်ချင်း ... ဖက်ပုသွားလျက် ကိုဝဏ္ဏကို ခပ်မြန်မြန်ပဲ နှုတ်ဆက်ကာ ... လာခဲ့ရသည်။

"သွား ... သွားတော့မယ်နော် ကိုဝဏ္ဏ"

ငွေမင်က သုတ်သုတ် သုတ်သုတ်နှင့် လျှောက်လာ ... သူ့အနားသို့ ရောက်လျှင် ခေါင်းကိုညွှတ်ကာ နှုတ်ဆက် ... သည်။ သူက ငွေမင့်ကို မျက်မှောင်ကြုတ်လျက်သားမှပဲ ... ကြည့်နေကာ ...

"မင်းမှာ အာလာပသလ္လာပပြောဖို့ အချိန်မရှိဘူးနော် ငွေ မင်ရည်"

"ရှင် ... ဟုတ် ... ဟုတ်ကဲ့။ ဟိုလေ ... ကိုဝဏ္ဏကမေး လို့ ပြေပေးနေရတာပါ"

"ဒါဆို မင်းမျက်နှာက ဘာလို့ပြုံးနေသေးလဲ"

"ရှင်"

"ကဲ ... တရှင်ရှင် လုပ်မနေနဲ့။ သွား ... ငါ ဒီနေ့ မင်းကို ပြောစရာတွေရှိတယ်"

"ဟုတ်ကဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ငွေမင်က အရင်ဆုံး ထမင်းချိုင့်ကို ထမင်းစားခ… ထဲ သွားထားလာပြီးမှ စာကြည့်ခန်းထဲသို့ ဝင်လာခဲ့လျှင် သူ… ဆိုဖာပေါ်တွင် ခြေထောက်ချိတ်ထိုင်ကာ ငွေမင့်ကို စောင့်နေသည်… ငွေမင် ရောက်လာလျှင် ကွန်ပျူတာစာစီထားသော A4 စ… တစ်ထပ်ကြီးကို ကမ်းပေးကာ …

"ဒီနေ့အဖို့ မင်း စာမရေးခင် အဲဒါကို အရင်ဆုံး pr… ဖတ်လိုက်။ proof ဖတ်တယ်ဆိုတာ သိလား"

"ဆရာမှ … အဲ … ကိုခေတ်လမင်းမှ မပြောဘဲ ကျွန်မ… ဘယ်လိုလုပ် သိမှာလဲ"

သူက ငွေမင့် အပြောကို ဆတ်ခနဲ မော့်ကြည့်ကာ…

"ဒီမှာ … မင်း ငါ့ကို ဘာလေသံနဲ့ ပြန်ပြောနေတာလဲ"

"ရှင် … ဟိုး … ဘယ် … ဘယ်လိုလေသံနဲ့မှ …"

"ဒီမှာ ငါ မေးရင် ရှင် … ရှင်နဲ့ မျက်လုံး ကလ… ကလယ် ပြန်ကြည့်နေတာမျိုးကို မကြိုက်ဘူး။ ပြီးတော… မေးရင် မေးတာကိုပဲဖြေ၊ ဆင်ခြေဆင်လက်နဲ့ မဖြေနဲ့… မသိရင် မသိဘူးပဲပြော …

ဘာကြောင့် မသိတာပါ၊ ဘယ်ဝါ့ကြောင့် မသိတာ… ပါဆိုပြီး ဘာမှပြန်မပြောနဲ့"

ငွေမင်သည် စာရေးဆရာရဲ့ စကားကြောင့် စိတ်… ညစ်သွားရကာ ခေါင်းကုတ်မိလေသည်။ ဒါကို စာရေးဆရာ… မျက်မှောင်ကုတ်ကြည့်ကာ …





"ငါမေးနေတာကို ဖြေလေ"

"ကိုခေတ်လမင်းက မေးနေတာမှ မဟုတ်ဘဲ၊ ပြောပြနေတာပဲ"

သူ့မျက်နှာက ပိုမိုနီရောင်သမ်းသွားကာ …

"ကျွတ် … မင်း ဘယ်လိုမိန်းကလေးလဲ ငွေမင်ရည်။ မင်း ငါ့ကို ရွဲ့နေတာလား"

"အို … ကျွန်မ မရွဲ့ရပါဘူး၊ ကျွန်မ နှစ်သက်တဲ့ စာရေးဆရာ၊ ကျွန်မရဲ့အလုပ်ရှင်ကို ဘာလို့ရွဲ့ရမှာလဲ"

သူက အတည်ပေါက်နှင့် ပြောနေသော ငွေမင်ရဲ့ …ကို ရှုတည်တည်နှင့် တစ်ချက်ကြည့်ကာ ဘာမှရှည်ရှည်ဝေးဝေး …က်မပြောချင်တော့သည့်ဟန်ဖြင့် …

"ကဲ … ကြာတယ်ကွာ။ အချိန်မရှိဘူး။ ငါ သွားစရာရှိတယ် သေချာနားထောင်၊ proof ဖတ်တယ်ဆိုတာ ဒီစာမူထဲက အမှားရှာတာပဲ။ စာလုံးပေါင်းသတ်ပုံ မှားနေတာ၊ လွဲနေတာတွေကို စစ်ရတာပဲ။ မင်နီဘောပင်တစ်ချောင်းကိုင်ပြီး မှားတဲ့စာလုံးပေါင်းကို ဝိုင်းလိုက်၊ ပြီးရင် မြားနဲ့ဆွဲထုတ်ပြီး အမှန်ပြန်ပြင်ပေးထား၊ တချို့သော စာသားနေရာတွေက အဆက်အစပ် မရှိဘူးထင်ရင် စာမျက်နှာနံပါတ်ကို မှတ်ထား။ ငါ ပြန်ရောက်လာရင် ငါ့ကိုပြော"

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



သူက ငွေမင်းရဲ့ ညောင်နာနာလေးသံကို တစ်ချ
အကဲခတ်ကာ ...

"မင်း ဝတ္ထုတစ်ပုဒ်ဖတ်ရင် ဘယ်နနာရီလောက် ကြာ"

"တစ်နာရီလောက်ပါပဲ၊ ပုံမှန်ဝတ္ထုဆိုက် ဆိုရင်ပေါ့"

"ဟုတ်ပြီ။ ဒါဆို နှစ်နာရီလောက်ကြာအောင် ဖတ်ရ
မယ်။ မင်းကို အရသာခံ ဖတ်ခိုင်းတာ မဟုတ်ဘူးနော်
စာလုံးပေါင်းသတ်ပုံ အမှားအမှန် သေချာစစ်ခိုင်းတာ _
မင်း ဖတ်ပြီးရင် ငါက တစ်ခါထပ်စစ်ပြီး ထပ်ဖ
ဦးမှာ"

"ဟုတ်ကဲ့ ... စိတ်ချပါ"

"ကောင်းပြီ ... ဒါဆို ငါ သွားမယ်"

ဩော် ... ဒါကြောင့် စာရေးဆရာဟာ အခါတိုင်
ထက် မွေးပျံ့သပ်ရပ်နေတယ် ထင်မိတာ အပြင်သွားမလို့ကိ
ဒီစာရေးဆရာဟာ ရေးတဲ့စာတွေ စတိုင်လ်မိုက် ကောင်းမွန်ရုံတ
မကဘဲ လူပုံစံကလည်း သားနားသန့်ပြန့်လွန်းလေသည်။ ဒါ
တော့ ...

celebrity တွေတိုင်းမှာ ရှိတတ်သည့် အရှိန်အဝ
တစ်မျိုးလားတော့ မပြောတတ်ပါ။ သူတို့တွေသည် ဘာမှထူးထူ
ခြားခြား ပြင်ဆင်မထားတောင် အရှိန်အဝါတစ်မျိုးက လင်းဖြ
ထွက်နေလေ့ရှိသည်။





စာရေးဆရာ ထွက်သွားပြီးလျှင် ငွေမင့်လည်း ကွန်
ာစာစီထားသော စာမူကော်ပီကြမ်းကို သေချာစွာ စစ်ဆေး
ရသည်။ ငွေမင်သည် ဘယ်သူမှတောင် မဖတ်ဖူးသေးသော
သစ်တစ်ပုဒ် ဖြစ်သည့်အတွက် စာမူဖတ်ရတာကို အတော်
ိ စိတ်ချမ်းသာလို့နေသည်။ မှားသောနေရာလေးတွေမှာ စာလုံး
င်းသတ်ပုံ ပြင်ပေးလိုက်၊ စိတ်ဝင်တစားဖတ်လိုက်နှင့် ဆယ့်
ာရီတောင် ဘယ်လိုထိုးသွားမှန်း မသိပေ။

စာမူတစ်ပုဒ်လုံးကို အချောသတ် ဖတ်ရှုပြီးသွားလျှင်
ယ့်နှစ်နာရီကို ငါးမိနစ်မျှတောင် စွန်းနေပြီဖြစ်သည်။ ငွေမင်သည်
ကို စားပွဲပေါ်တွင် တင်ထားခဲ့ပြီးနောက် ထမင်းစားခန်းထဲ
့ ရောက်လာခဲ့လျှင် စာရေးဆရာ၏ သူငယ်ချင်း ကိုဝဏ္ဏကို
င်းစားနေတာနှင့် ကြုံတွေ့ရသည်။ ငွေမင်က အိုးတိုးအမ်းတမ်း
သွားသဖြင့် ...

"လာလေ ... ငွေမင်၊ လာ ... လာ"

"ဟို ... စားပါ၊ ကိုဝဏ္ဏ စားပြီးမှပဲ ငွေမင် စားပါ့မယ်"

"ဟာ ... မဟုတ်တာ၊ လူလေးနှစ်ယောက်ရှိတာ ခွဲစားနေ
ရမယ်လို့။ မဟုတ်သေးပါဘူး ... လာ ... ထိုင် ငွေမင်၊
တစ်ခါတည်းစားပါ"

ငွေမင်သည် ဗိုက်လည်းဆာနေတာကြောင့် နှစ်ခါ
ငြင်းနိုင်တော့ဘဲ ထမင်းစားပွဲတွင် ဝင်ထိုင်လိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပုစွန်တုပ်ဆီပြန်ဟင်း၊ ကင်မွန်အစပ်သုပ်၊ ပဲကြာဆံဟင်းချို နှင့် တစ်စေ့ချင်းစီ ကော့ပျံမွှေးတက်နေသော ပေါ်ဆန်းမွှေးထမင်း ဝိုင်းရှေ့တွင် ငွေမင်သည် ကိုယ့်ထမင်းချိုင့်လေးကို ဖွင့်ရမှာ အား နာနေမိသည်။ ရှက်တာတော့ မရှက်ပါ။

ဝမ်းရေးမပြေလည်၍ အလုပ်လာလုပ်ရသော သူ ယောက်ဟာ ဘယ်လိုမှ ထမင်းကောင်း ဟင်းကောင်း ထည့် နိုင်မှာ မဟုတ်ဘူးဆိုတာ လူတိုင်းသိမှာပဲပင်။ ငွေမင်က ထမင်း ချိုင့်လေးကို ဖွင့်လိုက်ကာ တစ်ခွက်တည်းသောဟင်းဖြစ်သည့် ခရမ်းသီးနှပ်ချိုင့်လေးကို ချလိုက်သည်။

မာခဲခဲထမင်းလေးကို ဇွန်းနှင့် စတင်ဖဲ့စားဖို့ ဟ ပြင်နေတုန်းမှာပင် ...

"ပန်းကန်ပြားထဲ ထည့်စားပါလား ငွေမင်ရဲ့၊ ဒီအတိုင်း စားရတာ ကျပ်နေမှာပေါ့။ ရော့ ... ပန်းကန်ပြားထဲထည့် ပြီး လွတ်လွတ်လပ်လပ်သာစား"

ပြောလည်းပြော ပန်းကန်ပြားလည်း ထယူပေးနေ သဖြင့် ငွေမင်က အားနာပါးနာနှင့်ပင် ထမင်းတွေကို ပန်းကန် ပြားထဲ ထည့်လိုက်ရသည်။ ပန်းကန်ပြားထဲမှာ ထမင်းတွေ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်သွားလျှင် ကိုဝဏ္ဏက ချက်ချင်းပဲ ဟင်း တွေကို ထည့်ကာပေးသည်။

"အို ... နေပါစေ၊ ရပါတယ် ကိုဝဏ္ဏရဲ့"





"စားစမ်းပါဟာ၊ နင့်ဟင်းကိုလည်း ငါ စားမှာပါ၊ ဘာမှ အားနာမနေနဲ့၊ ငါတို့ အညာသားတွေက စားတဲ့သောက်တဲ့ ခန့်ရာမှာ ဟန်မလုပ်တတ်ဘူး"

ကိုဝဏ္ဏကား မျက်နှာချိုချို၊ အပြုံးဖော်ဖော်ရွှေရွှေနှင့် ...သည် သူ့ကို တရင်းတနှီး ခင်မိလာလေသည်။ သူ့ ပုံစံ ...မင့်ကို ရောချင်တာ မဟုတ်ဘဲ ညီမရင်းတစ်ယောက်လို ...ဘာ့ ဘာကို ကရုဏာသက်မှန်းမသိသက်ကာ ခင်မင် ဖော်ရွေ ...ပုံစံမျိုးဖြစ်သည့်မို့ ငွေမင်ကလည်း စိတ်ချလက်ချပဲ ခင်မင် ...သည်။

"ကိုဝဏ္ဏက မန္တလေးသားလား"

"မဟုတ်ပါဘူး မြင်းမူက။ ကြားဖူးလား မြင်းမူ"

"ကြားဖူးပါတယ်။ သြော် ... ဒါဆို ကိုခေတ်လမင်းကလည်း မြင်းမူကပေါ့"

"နို့ ... ဖိုးလမင်းက မုံရွာက။ မုံရွာသား။ သူ့မိဘတွေ ကလည်း မုံရွာမှာပဲ။ နင်ကလည်းဟာ ကိုယ့်ဆရာအကြောင်း တောင် ကိုယ်မသိဘူးလား"

"ကိုဝဏ္ဏ သူငယ်ချင်းက စပ်စုတာမှ မကြိုက်တာ၊ တစ်မျိုး ကြီးပဲနော်"

ငွေမင်ရဲ့ ညည်းညည်းညူညူ အပြောကို ကိုဝဏ္ဏက ...င်းသီးမတတ် အားပါးတရ ရယ်မောလေသည်။ မြန်မာတွေရဲ့ ...ပုံထုံးစံအရ ထမင်းတစ်ဝိုင်းတည်း လက်ဆုံစားလိုက်ရလျှင်



www.burmeseclassic.com

www.burmeseclassic.com



အလိုလို ရင်းနှီးခင်မင်သွားကြသည်ဖြစ်ရာ ငွေမင်သည်လ
ဟန်ဆောင်ပန်ဆောင်ကင်းသော အညာသား ကိုဝဏ္ဏကို ခင်
သွားပါပြီတည်း။

"ဖိုးလမင်းက စိတ်ရင်းကတော့ ကောင်းပါတယ်။ ဒါ
ဒီကောင့်စရိုက်က ဂျစ်ကန်ကန် စရိုက်ဟ။ စကား
ရင်လည်း သူ့စိတ်နဲ့မတွေ့ရင် ဘုချည်းချတာ ...

ဒီနှစ်ပိုင်းမှာ သူ့အတွက် စိတ်သောကရောက်
တွေများတော့ ပိုဆိုးတာပေါ့"

"ဩော်"

ငွေမင်သည် နဂိုကမှ စာရေးဆရာကို နှစ်သက်
ကျရသည်ဖြစ်လေရာ အခုလို ကြားရတော့လည်း တက
စိတ်မကောင်းပါ။ ငွေမင်က အားကျရသောသူ၊ ကံကောင်းသော
စိတ်ချမ်းမြေ့ဖွယ် အောင်မြင်သော ဘဝလေးကို ပိုင်ဆိုင်ထား
စသဖြင့် သတ်မှတ်ခြင်း ခံထားရသော သူတစ်ယောက်မှာလ
စိတ်သောကဖြစ်စရာတွေ ရှိပါလားဟု တွေးမိလျှင် ပြည့်စုံတယ်
တာ မရှိသော လောကကြီး၏ သဘောသဘာဝကိုလည်း နားလ
မိသလိုလို ရှိသွားသည်။

"ကိုဝဏ္ဏနဲ့ ကိုခေတ်လမင်းနဲ့က အတူတူတောင် နေ
တယ်ဆိုတော့ ငယ်ငယ်တည်းက သူငယ်ချင်းတွေပေါ့နော်"

"မဟုတ်ဘူး။ ငါတို့နှစ်ယောက်က တစ်မြို့စီကလေ၊ ဆ
တန်းအောင်ပြီး ရန်ကုန်ရောက်လာကြကာ၊ လှည်းတန်း





အဆောင်တစ်ခုမှာ စ,တွေ့ရင်း ခင်သွားကြတာပေါ့။ ငါနဲ့
စ,သိတုန်းက ဒီကောင်က ဘာမှမဖြစ်မြောက်သေးဘူး။
ကြိုးစားတုန်းပေါ့ဟာ ...

နိုင်တိုနိုင်းလောက်တည်းက တွဲလာကြတာဆိုတော့
အခုချိန်မှာ ညီအစ်ကိုတွေလို ဖြစ်နေကြပြီပေါ့"

"ဩော် ... မသြော် ... ဒါဆို ကိုခေတ်လမင်းကလည်း ဒီလို
ဖြစ်လာဖို့ တော်တော်ကြိုးစားခဲ့ရတာပေါ့နော်"

"ကြိုးစားရတာပေါ့။ ဝတ္ထုတိုလေးတွေ စပြီးရေး၊ ကဗျာလေး
တွေ ရေးပို့၊ ဒီလိုနဲ့ တစ်ထစ်ချင်း လှမ်းတက်လာရတာ"

ထိုအချိန်မှာပဲ ခြံဝက ဘဲလ်မြည်လာသည်မို့ ငွေမင်
ပဲ အပြေးသွားလိုက်လျှင် စာဝေသော စာပို့သမားတစ်ယောက်
က ငွေမင့်လက်ထဲသို့ စာတွေတစ်ထပ်ကြီး ထည့်ပေးလေသည်။
ငွေမင်သည် စာရေးဆရာထံသို့ ရောက်လာသော စာပေါင်းမြောက်
များစွာကိုကြည့်ကာ ကိုယ့်ထံသို့ ရောက်လာသလိုပင် ပျော်ရွှင်မိ
လသည်။

ကိုဝဏ္ဏထံ ခုန်ဆွ ခုန်ဆွနှင့် ပြေးလာမိကာ ...

"ကိုဝဏ္ဏ ... ဒါ စာရေးဆရာဆီ လာတဲ့စာတွေပေါ့နော်၊
အများကြီးပဲ"

ငွေမင်က ထမင်းစားပွဲပေါ်တွင် စာတစ်ထပ်ကြီးကို
ချလိုက်ရင်းမှ ဘယ်မြို့တွေကလာသော စာတွေပါလိမ့်ဟု တ
ဆောင်ချင်း ဖတ်ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"စာရေးဆရာက မိတ်ဆက်စာရေးတဲ့လူတွေကို စာမပြန်ဘူးနော်"

"နင်က ရေးဖူးလို့ သိနေတာလား"

ငွေမင်က ခစ်ခနဲရယ်ကာ ဆိတ်ဆိတ်နေရင်း ထ ခံလိုက်သည်။ ကိုဝဏ္ဏက ဆက်ပြောသည်မှာ ...

"ဒီစာတွေက တစ်ပတ် တစ်ပတ် စာတွေစုပြီး လာပို့တာ ဟ။ တစ်ပတ်ကို အစောင် ငါးဆယ်ကျော်ကျော် လာနေတာ ဘယ်လိုလုပ် စာပြန်နိုင်တော့မှာလဲ ...

စာပြန်တဲ့အလုပ်ကလည်း အချိန်မနည်းဘူး ဆေး တာလေ"

"အင်း ... ဒါတော့ ဒါပေါ့။ ဒါပေမဲ့ စာရေးတဲ့လူတွေက တော့လည်း မျှော်နေကြမှာပေါ့နော်။ စာရေးဆရာကို ငွေမင် တိုက်တွန်းကြည့်ဦးမှပါ"

ကိုဝဏ္ဏက ပြုံးမဲ့မဲ့ဖြင့် ပခုံးတစ်ချက်သာတွန့်ကာ ငွေမင့်ကို ဘာမှဆက်မပြောတော့ပေ။ ငွေမင်သည် နေ့လယ်ခင်း ကျမှ ပြန်ရောက်လာသော စာရေးဆရာကို ။ ။ ဖတ်ထားသော ကော်ပီစာမူကြမ်းကို ပြရင်းမှ စကားစကြည့်သည်။

"စာရေးဆရာ ဒီနေ့ မိတ်ဆက်စာတွေလေ၊ အများကြီးပဲ လာတယ်"

"အင်း"





သူက သိပ်စိတ်မဝင်စားဟန်ဖြင့် ငွေမင် ပြင်ထား သော အမှားတွေကိုသာ လိုက်လံကြည့်ရှုနေသဖြင့် ငွေမင်က ဘာမှဆက်မပြောသေးချေ။ တစ်အုပ်လုံးကို သူ အသေးစိတ်ကြည့် ပြီးတော့မှ ...

"ဟို ... ဒီမိတ်ဆက်စာတွေကို စာရေးဆရာက စာမပြန် ဘူးလားဟင်"

သူက ငွေမင့်ကို ရုတ်ခနဲ တစ်ချက်မော့ကြည့်သည်။ ငွေမင်သည် ကိုယ်အင်မတန် နှစ်သက်ရသော စာရေးဆရာ၊ ပြီးတော့ မြင်ဖူးနေကျ ယောက်ျားများလိုတောင် မဟုတ်ဘဲ သပ် ရပ်ချောမောနေသည့် စာရေးဆရာက ဒီလိုတည့်တည့်ကြီး လာ ကြည့်ခြင်းကြောင့် ရင်ထဲမှာ တစ်မျိုး ဖြစ်ကာသွားသည်။

ဒါဟာ မရိုးသားသည့် စိတ်ကြောင့်တော့ မဟုတ်ပါ။ ငွေမင့် ဘဝတွင် ဒီလို ရုတ်ရဲစွာ စိုက်ကြည့်ခံရတာမျိုး မကြုံခဲ့ဘူး ဖြစ်ပါသည်။

"မင်း အလုပ်ကဘာလဲ ငွေမင်ရည်"

"ရှင်"

သူက ငွေမင်ရဲ့ "ရှင်"ဟူသော အာမေဍိတ်တ,သံ စိတ်ပျက်ဟန်ဖြင့် ကျွတ်ခနဲ ခေါင်းယမ်းပုံမှာ စတိုင်လ်မိုက် သဖြင့် ငွေမင်က အဲဒါကိုပဲ ငေးနေမိသည်။ သူက ငွေမင့်ကို ဆတ်ခနဲကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ် ... ငါ မေးနေတာ ဖြေလေ။ မင်းကို ဘာမေး
တာလဲ"

"ဟို ... ကျွန်မရဲ့အလုပ်က စာရေးဆရာရဲ့ စာမူတွေ
ရေးပေးဖို့ပါ"

"အေး ... အဲဒါပဲ။ မင်းကို ငါ ခန့်ထားတာ အဲဒီအလု
တစ်ခုတည်းအတွက်ပဲ ခန့်ထားတာ၊ ငါ့ရဲ့ပီအေ ခန့်ထား
တာ မဟုတ်ဘူး ...

မင်းနဲ့ မဆိုင်တာတွေ ငါ့ကို လာမပြောနဲ့"

ငွေမင်းသည် စာရေးဆရာရဲ့အပြောကြောင့် စိတ်
တွင် မခံချင်ဖြစ်သွားရကာ ...

"ကျွန်မက စာရေးဆရာကို စေတနာစိတ်နဲ့ ပြောနေတာ
ကျွန်မ အလုပ်ရှင်အတွက် ကောင်းကျိုးမှန်သမျှကို စဉ်းစာ
ပေးတာဟာ စာရေးဆရာအတွက် ဘာများထိခိုက်နစ်နာ
မို့လို့လဲ"

ငွေမင်းရဲ့စကားကြောင့် စာရေးဆရာသည် ရုတ်တ
ရက် ဘာပြန်ဖြေရမှန်းမသိ ဖြစ်သွားသည်။ တကယ်တော့
စာရေးဆရာဟာ အတွင်းစိတ်သဘောထား ကောင်းမွန်ပါလျက်
တစ်ခုခုကို အမြဲအလိုမကျ စိတ်တို စိတ်ရှုပ်၊ အထူးသဖြင့် မိန်း
ကလေးတစ်ယောက်အပေါ်မှာ ပိုပြီးမပတ်သက်ချင်၊ ကင်းကင်း
ပြတ်ပြတ် နေချင်သော စိတ်ရှိမှန်း ငွေမင်းက ရိပ်မိလို့နေသည်။





အကြောင်းပြချက် တစ်စုံတစ်ရာ မရှိပါဘဲနှင့် အပြု
သဘောဆောင်သော ခင်မင်မှုလေးတောင် မထားနိုင်သည့် စာရေး
ဆရာကို ငွေမင်းကလည်း အရောင်ချွတ်ပေးနေချင်တာ ဖြစ်သည်။

"ဒါပေမဲ့ မင်း အကြံဉာဏ်တွေ ငါမှ မလိုချင်ဘဲ ငွေမင်း
ရည်။ ကိုယ်က စေတနာနဲ့ လုပ်ပေးတဲ့ကိစ္စ ဖြစ်သော်ငြား
တစ်ဖက်သားအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်စေတယ် ဆိုရင်
အဲဒီစေတနာတွေက အလကားပဲ ...

ဘာအရာမှ မထင်ဘူး"

"ဒါပေမဲ့ ကျွန်မက စာရေးဆရာရဲ့ ပရိသတ်တွေနေရာက
ခံစားပြီး ပြောတာပါ ...

လူတစ်ယောက်က တစ်ယောက်ထံ ကိုယ်တိုင်စာရေး
သားတယ်ဆိုတာ ကြီးစွာသော စိတ်ခံစားမှုတို့ရဲ့ တွန်းအား
တွေကြောင့် ရေးသားကြတာပါ။ အထူးသဖြင့် စာရေးဆရာ
ထံ အားပေးစာရေးတဲ့ စာရေးသူတွေဟာ ဖတ်နေရုံတင်
မတင်းတိမ်ဘဲ သူတို့အားပေးနေကြောင်း ဆရာ သိစေချင်
ပီတိဖြစ်စေချင်တဲ့စိတ်နဲ့ စာလှမ်းရေးကြတဲ့သူတွေပါ ...

စာရေးဆရာရဲ့ စာတွေကို မျှော်လင့်ခြင်းမဲ့ အားပေး
ခြင်းမျိုးနဲ့ ဖတ်ရှုအားပေးနေတဲ့ ပရိသတ်တွေအတွက်
ပြန်စာလေး တစ်စောင်လောက်သာ ရခဲ့ရင် သူတို့ ဘယ်
လောက် ကျေနပ်ပျော်ရွှင်ကြမလဲ"



www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာက ငွေမင့်ကို တမင်မှေးကျဉ်းထားသော မျက်ဝန်းများဖြင့် ကြည့်လာကာ ...

"မင်းက ဒီခံစားချက်ကို တော်တော်သိနေရအောင် ... ရော ငါ့ဆီ စာရေးဖူးတယ်နဲ့ တူတယ်"

"မရေးဖူးပါဘူး"

ငွေမင်ရဲ့အဖြေကြောင့် ဒီအဖြေမျိုး မျှော်လင့်မထား... သော စာရေးဆရာက ချက်ချင်း မျက်မှောင်ကြုတ်သွားသည်။ ငွေမင်သည် ဒါကို ရယ်ချင်သွားသော်လည်း ဒီအခြေအနေ... ရယ်လို့မဖြစ်ဆိုတာကို သိသဖြင့် ရယ်ချင်စိတ်ကို မျိုသိပ်ထား... သည်။

"ဒါဖြင့်ရင် ဘာလို့ ငါ့ကို ဒီလိုစကားကြီး စကားကျယ်... တွေ လာပြောနေရတာလဲ၊ မင်း ပြောချင်တာတွေ လာ... နေတာလား။ လျှောက်ရှီးနေတာလား"

"ကျွန်မ မရှီးပါဘူး၊ စာရေးဆရာဆီကို စာရေးတဲ့ ကျွန်... သူငယ်ချင်းတွေက ပြောပြလို့ပါ။ သူတို့က မျှော်လင့်ချက်... အပြည့်နဲ့ စာပေါင်းများစွာ ရေးပေမယ့် ပြန်စာမရကြောင်... ဝမ်းနည်းကြောင်း စသဖြင့်ပေါ့ ...

ကျွန်မလည်း စာရေးဆရာရဲ့ ပရိသတ်တစ်ယော... အနေနဲ့ စာတစ်ပုဒ်ကို ဖတ်လိုက်လို့ အရမ်းကြိုက်ရင်... စာရေးချင်စိတ်တွေ တဖွားဖွားပေါ်တာပဲ။ ဒါပေမဲ့ ဆရာ... စာမပြန်ဘူးဆိုတော့ သိတော့ စာမရေးခဲ့ပါဘူး"





သူက ယောက်ျားကြီးတန်မဲ့နှင့် ငွေမင့်ကို မျက်စောင်း... လသည်။ ပြီးတော့မှ ငွေမင် လိုလားနေသော ချေပစကားတွေ ဆိုသည်။

"မင်းက မနေ့တစ်နေ့ကမှ စာရေးဆရာရဲ့အနားကို ရောက်လာတဲ့သူပါ ငွေမင်ရည်။ တစ်လတစ်အုပ် စာအုပ်ထွက်ဖို့ တောင် အနိုင်နိုင် ရေးနေရတဲ့ အချိန်မှာ ဒီပရိသတ်ပေါင်း များစွာထဲကို တစ်ယောက်ချင်းဆီ ဘယ်လိုလုပ် မိတ်ဆက်စာ ပြန်ရေးဖို့ အချိန်ပေးနိုင်ပါ့မလဲ ...

တစ်လတစ်အုပ် ရေးတယ် ဆိုတဲ့နေရာမှာလည်း လျှာခနဲ လျှာခနဲ ခေါင်းထဲကနေ အလိုအလျောက် ထွက်ကျလာတာမျိုးမှ မဟုတ်တာ။ ဦးနှောက်ခဲပြီး ဆက်ရေးလို့ မရတာတွေလည်း ရှိတတ်တာပဲ ...

မင်းပြောသလို ရေးဖို့ဆိုရင် ငါ့အိပ်ချိန်တွေထဲက ဖဲ့ပေးဖို့ ရှိတော့တယ်"

"ဩော် ... ကျွန်မ ပြောနေတာက တစ်နေ့တည်းနဲ့ စာတွေအားလုံး စုပြန်ရမယ်လို့ ဘယ်ဟုတ်ပါမလဲ။ ကိုယ်နိုင်သလောက်လေ တစ်နေ့ကို ငါးစောင်ဆိုလည်း ငါးစောင် အဲဒီလိုရေး,ရေးသွားရင် အချိန်အများကြီးလည်း ပေးစရာ မလိုတော့ဘူးပေါ့ ...

တစ်ပတ်ဆိုရင် သုံးဆယ့်ငါးစောင်တောင် ရေးပြီးသွားပြီ။ အများကြီးပဲ"



www.burmeseclassic.com

www.burmeseclassic.com



ငွေမင်က လက်ဖဝါးနှစ်ဖက်ကိုတောင် ဖြန့်
ဟန်ပါပါ ပြောလိုက်လျှင် စာရေးဆရာက ပြောတတ်တယ်
သော မျက်လုံးများ၊ လှောင်ချင်သော အပြုံးများဖြင့် ခါးထောက်
ပြန်ပြီးကြည့်လို့နေလေသည်။

"မင်းတွေးသလိုမျိုး ငါက မတွေးတတ်ဘူးများ ထင်
လား ငွေမင်ရည်"

"ကျွန်မက အဲဒီလို ဆိုလိုတာ မဟုတ်ပါဘူး။ ဟို
စာရေးဆရာကို တစ်ခုလောက် ခွင့်တောင်းချင်တယ်
လား မသိဘူး"

"မရဘူး"

BURMESE CLASSIC .com

သူက တုံးတိဖြတ်ချလိုက်သဖြင့် ငွေမင်မှာ ဘာဆ
ပြောရမှန်းမသိ ဖြစ်သွားသည်။

"ဟို ... ကျွန်မတောင် ဘာမှမပြောရသေးဘူးလေ"

ငွေမင်ရဲ့ အူကြောင်ကြောင် ပုံစံကို သူက ခပ်တ
တင်း လှည့်ကြည့်ကာ ...

"မင်း မပြောလည်း မင်း ဘာပြောပြော ငါ လက်ခံသ
ကူဖို့ကိစ္စဆိုတာ ခဲယဉ်းနေလို့ပဲ ငွေမင်ရည် ...

မင်း သိအောင် တစ်ခုတော့ ပြောထားမယ်။ ငါ
တဲ့ကောင်က သူများပြောတာကို အလွယ်တကူ လက်
တတ်တဲ့၊ လိုက်လျောတတ်တဲ့ အကျင့်မရှိဘူးကွ ...





ဒီတော့ မင်း ငါ့ကို ဘာမှထပ်ပြောဖို့ မကြိုးစားတော့
နဲ့"

"မဟုတ်ဘူးလေ ... ကျွန်မ ပြောချင်တာက ..."

"မင်း ထပ်ပြောမယ်ဆိုရင် ငါ့ကို စိတ်အနှောင့်အယှက်ဖြစ်
အောင် လုပ်နေတာနဲ့ အတူတူပဲ ငွေမင်ရည် ...

ငါ့ကို စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်တဲ့သူ
တစ်ယောက်ကို အလုပ်ဆက်ခန့်ဖို့ဆိုတာ ငါ စဉ်းစားရမယ့်
အချက်တစ်ချက် ဖြစ်သွားပြီ"

ငွေမင်သည် စာရေးဆရာရဲ့ ပိုင်နိုင်သလို မျက်စပစ်
ာ အပြောတစ်ခုအောက်၌ မချင့်မရဲ ဖြစ်သွားပြီးလျှင် ဘာ
ံမပြောနိုင်တော့ချေ။ သူ့ဆန်စားရဲမှု ဟူသော စကားပုံတစ်ခု
ား‌သတိရမိလျက် နှုတ်ခမ်းကိုကိုက်ကာ အသာငြိမ်သက်လိုက်
ံလည်း စာရေးဆရာကိုတော့ တကယ်ပဲ မကျေနပ်မိပါချေ။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ကန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၉

ညက ဓာတ်လမ်းတွဲတစ်ခုကို အစအဆုံး အပြီး ထိုင်ကြည့်ပစ်လိုက်သဖြင့် ဒီနေ့မနက်တွင်တော့ နေမြင့်မှ နိုး လာခဲ့သည်။ သူ နိုးလာသောအချိန်တွင် ဝဏ္ဏကား မီးဖိုခန်း အိမ်ရှင်မ တစ်ယောက်နှယ် ချက်ပြုတ်နေပြီဖြစ်သည်။ နေမြ အိပ်ရာထသဖြင့် နောက်ကျိနေသောခေါင်းကိုဖိကာ သူက ထ စားပွဲ၌ ထိုင်လိုက်လျှင် ...

"ဓာတ်ဘူးထဲမှာ ကော်ဖီဖျော်ထည့်ထားတယ်။ လန်း အောင် ရေချိုးလိုက်ပါလားကွ"

"အင်း ... ပြီးမှချိုးမယ်"

သူက ခေါင်းကြည်သွားအောင် နက်စ်ကော်ဖီ မွှေးကိုထည့်ကာ လျှာပေါ်မှာ မြှုပ်လိုက်သည်။ တစ်လက်စတ မှာပင် မနေ့က မကျေမနပ်နှင့် ရှုပုပ်သွားသော မျက်နှာတစ် ပါ ဖျတ်ခနဲ သတိသွားလျှင် ...





"ဟိုကောင်မလေးရော၊ လာလား"

"ဘယ်ကောင်မလေးလဲ"

"ငွေမင်းရည်ပေါ့ကွ၊ ဘယ်သူရှိရဦးမှာလဲ"

"သိဘူးလေ၊ မင်းက အထူးတဆန်း မေးနေလို့ကိုး။ လာ တယ်လေ၊ အခန်းထဲမှာ စာရေးနေပြီပေါ့ ...

မနေ့က သူ့ကို မင်း ဆူလိုက်တာလား"

သူက ဝဏ္ဏရဲ့ မျက်နှာကို အဖြေရှာသလို တစ်ချက် ကြည့်လျှင် ဝဏ္ဏက သူ့ကို အေးအေးဆေးဆေးပဲ ပြန်ကြည့် နေသည်။

"မင်းကို ပြောလို့လား"

"သူ အဲဒီလို အကျင့်မရှိမှန်း မင်းလည်း သိပြီးသား နေမှာ ပါကွာ"

သူက သက်ပြင်းတစ်ချက်ကို ချရင်းမှ ...

"မင်းလည်း ငါ့စိတ်ကို သိပါတယ်ကွာ။ ငါ့စိတ်တွေ သိပ် မွန်းကျပ်နေတယ်၊ တော်တန်ရုံကိုလည်း စိတ်မရှည်ဘူး ...

ငါ့ကိုယ်ငါတောင် မနည်း stand လုပ်နေရတဲ့အချိန် မှာ သူများခံစားချက်ကို လိုက်နားလည်မပေးချင်ဘူး။ ငါ့ စိတ် ငါ့ဆန္ဒအတိုင်းပဲ နေချင်တယ်"

"အဲဒီလောက်လည်း မလိုအပ်ပါဘူးကွာ၊ ငါ ပြောချင်တာက အလိုက်သင့်လေးပေါ့၊ ငါနဲ့ စကားပြောသလို မင်း ဆက် ဆံမယ်ဆို အဆင်ပြေမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီဟာမလေးက သိပ်စကားများတယ်ကွ"

သူ့အပြောကို ဝဏ္ဏက ခပ်တိုးတိုး ရယ်သ
နောက်တော့ သူပါ လိုက်ရယ်မိတော့သည်။ ဝဏ္ဏက သူ့ကို
ပြုံးပြုံး ကြည့်လာရင်းမှ ...

"မင်း စိတ်တွေကို သူနဲ့ Relax လုပ်လို့ ရပါတ
ကွာ"

"ဟာ ... ဟုတ်ကောင်၊ မင်း ပြောတဲ့ အဓိပ္ပာယ်က"

"ငါ ဆိုလိုတာက အဲဒါမျိုး မဟုတ်ဘူး၊ မင်းက လူတွေ
ကာရိုက်တာကို စိတ်ဝင်စားတဲ့ကောင်ပဲကွာ။ သူ့က
တာနဲ့ မင်း ဝတ္ထုတစ်ပုဒ်တောင် ရေးလို့ရတယ်။
မလေးက ရိုးသားဖြူစင်ပါတယ်ကွာ ...
မင်းကိုလည်း ကြောက်ရှာပါတယ်"

"ဟွန်း ... ကြောက်လို့သာ တော်တော့တယ်"

သူ့အပြောကို ဝဏ္ဏက ပခုံးလှုပ်အောင် တသိမ့်
ရယ်ကာ ...

"ဒါကိုက မင်းအတွက် အဟောင်းပဲ မဟုတ်လားကွ"

"ဟုတ်ကောင် ... အသစ်ပဲ လုပ်စမ်းပါကွာ။ အသစ်
ကြားဖူးပါတယ်"

သူ့စကားကို ဝဏ္ဏက ဆရာကြီးစတိုင်လ်နဲ့
နောက် လက်ညှိုးလေးတစ်ချောင်းကို ယမ်းပြကာ ...





"နိုး ... နိုး ... သူဟာ မင်းအတွက် အသစ်မဟုတ်ဘူး
ဖိုးလမင်း။ အဟောင်းပဲ။ မင်းကို လိုအပ်တာတွေ ဝေဖန်
ထောက်ပြတာ အကြံဉာဏ်ပေးချင်တာတွေဟာ မင်းကြုံခဲ့
ရဖူးတဲ့ အဟောင်းတွေပဲ မဟုတ်လား"

ဝဏ္ဏရဲ့စကားက ဘာကိုဆိုလိုတယ် ဆိုတာကို သိ
က်ရလျှင် သူ့နှလုံးသားတစ်ခုလုံး ကျဉ်ခနဲ ဖြစ်သွားရလေသည်။
က်ချင်းပင် မျက်လုံးထဲ၌ သူ့ကို ဒေါသမျက်ဝန်းတွေနှင့် စိုက်
ကြည့်တတ်သော မုဏ်းရဲ့ပုံရိပ်တွေကို မြင်ယောင်လာခဲ့လျှင်
က်လုံးတွေကိုတောင် ယောင်ယမ်း၍ မှိတ်ပစ်လိုက်ရသည်။

"မင်း မုဏ်းကို သတိရသွားပြီ မဟုတ်လား"

သူနှင့် ရှစ်နှစ်လောက် တွဲလာခဲ့သူ ဝဏ္ဏက ပြောင်းလဲ
သွားသော သူ့ပုံစံကိုကြည့်ကာ အတပ်သိသလိုနှင့် မေးလာခဲ့သည်။
က ဘာမှပြန်မပြောဘဲ နှုတ်ဆိတ်နေလျှင် ...

"ဒါပေမဲ့ သူက မုဏ်းနဲ့ မတူဘူး။ မုဏ်းက မင်းကို ဆရာ
လုပ်တာ၊ မင်းကိစ္စတွေမှာ ဝင်ပါတာက သူ့အတ္တအတွက်၊
ဒီကလေးမကျ မင်းအတွက် စေတနာသက်သက်နဲ့ပါကွာ...

မနေ့က သူ့မျက်နှာလေး မကောင်းရှာဘူး။ မင်း
အနေနဲ့ ကိုယ့်ဆီမှာ စားဝတ်နေရေး မပြေလည်လို့ လာ
အလုပ်လုပ်နေတဲ့ မိန်းကလေးတစ်ယောက်ကို သိပ်ပြီး
တင်းတင်းမာမာကြီး မဆက်ဆံပါနဲ့ကွာ"

"ဟုတ်ကောင် ... လာပြီး ဓာတ်နာမနေနဲ့"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ဓာတ်နာတာ မဟုတ်ဘူး၊ ဒီမှာ ဖိုးလမင်း၊ ရက်စက်တယ် ဆိုတဲ့ လူတွေဟာ ကိုယ့်နှောင်တအတွက် ပိုပြီးပေးဆပ် တယ်၊ ပုံမှန်နေထိုင်တာဟာ အကောင်းဆုံးပဲ"

"ဟူး … ငါက မိန်းကလေးတွေနဲ့ သိပ်ကို မပတ်သ ချင်တော့ဘူးကွာ။ ဒါကြောင့် အလုပ်သဘောအရပဲ ဆ ဆံပြီး ခပ်ကင်းကင်းပဲ နေတာ"

"ဒါကိုက မင်းစိတ်မှာ မခိုင်မာတာကို ပြနေတာပဲ လူတွေရဲ့စိတ်ကို မင်းက ငါတို့ထက် ပိုသိပါတယ်ကွာ

ငွေမင်းရည်က မင်းအတွက် အန္တရာယ်မရှိပါဘူ သူ ကြည့်ရတာ မင်းကို အင်မတန် လေးစားအားကျ မင်းပရိတ်သတ်စစ်စစ် တစ်ယောက်ပါ။ မင်းသာနေတ မယ်ဆိုရင် သူ့ဆီကနေ အကူအညီတွေ အကြံဉာဏ် အများကြီး ရနိုင်တယ် …

မင်းလို ရိုးကောဒင်းနဲ့ စာရေးတဲ့ စာရေးဆရာတ ယောက်အတွက် ကိုယ့်ရင်ဘတ်ထဲက စကားလုံးတွေ အတိအကျ ပုံဖော်ပေးနိုင်တဲ့လူ၊ မျက်နှာလွှဲ စိတ်ချ လူမျိုး ဘယ်လောက်လိုအပ်တယ်ဆိုတာ မင်း အသိ နေမှာပါ"

သူက ဘာမှမပြောတော့ဘဲ ထထွက်လာကာ စာ ကြည့်ခန်းထဲသို့ ဝင်လိုက်လျှင် စာရေးနေသော သူမကို တွေ့လို ရပါသည်။ နက်ပြာရောင်အစင်းလေးများ ပါဝင်သော အဖြ





လောက်စ်အင်္ကျီလေးနှင့် လုံချည်နက်ပြာရောင် ဖြောင်လေးကို ဝတ်ဆင်ထားသော သူမသည် သူ့ကို တစ်ချက်သာမော့ ကြည့်ပြီးနောက် သူ့အလုပ်သူ ဆက်လုပ်နေသည်။

သူက သူမစာရေးနေသော အနားသို့သွားကာ တစ် ဘတာမျှ ရပ်ကြည့်နေလျှင် သူမရေးနေသော လက်တို့က နည်းငယ် တုံ့သွားသည်။

သူက ဒါကိုပဲ ဆက်ပြီးရပ်ကြည့်နေလျှင် သူမက ဘောပင်ကို လွှတ်ချပစ်လိုက်ကာ …

"စာရေးဆရာ ဘာလိုချင်လို့လဲ မသိဘူး"

သူမစကားကြောင့် သူက မျက်မှောင်တစ်ချက် ကုတ်သွားရကာ …

"ငါက ဘာကိုဆိုလိုချင်ရမှာလဲ"

"မသိဘူးလေ။ ဒါဆို ကျွန်မဘေးမှာ ဘာဖြစ်လို့လာရပ် နေတာလဲ"

"အောင်မာ … မင်း ဘာစကားပြောတာလဲ"

သူ့စကားကို သူမက စိတ်ရှုပ်သွားသော ရယ်ချင် ဟန်မျိုးဖြင့် မျက်နှာကို တစ်ဖက်သို့လှည့်ကာသွားသည်။ သူက အဲဒီပုံစံကို ပိုမိုစိတ်တိုသွားရကာ …

"ငါမေးနေတာ ဖြေလေ"

ဒီတော့မှ သူမက သူ့မျက်နှာကို တည့်တည့်မော့ ကြည့်လာသည်။ တစ်ဖက်သို့ လှည့်သွားသော အချိန်ခဏစက္ကန့်



www.burmeseclassic.com

www.burmeseclassic.com



လောက်တွင် မျက်နှာကို ပြင်ယူလိုက်ပုံကတော့ သူပင် မှား...
စရာ။ အာဂကောင်မလေးပါလား။

အခုတော့ သူ့ကို ပြန်ကြည့်သော အကြည့်တို့သည်
အလင်းတန်းတစ်ခု ဖြာထွက်လာသလိုကို စူးရှဖြောင့်တန်းလွ...
လှသည်။

"ကျွန်မ မေးတဲ့အထဲမှာ စာရေးဆရာကို စိတ်ဆိုး...
အကြောင်း ဘာများပါသွားလို့လဲ။ ကျွန်မ စာရေးနေတာ...
ဘေးကရပ်ကြည့်နေတော့ တစ်ခုခု ပြောချင်တာများ ရှိ...
လားလို့ပါ ...

ဒါကြောင့် အမှားတွေ ပါသွားမှာစိုးလို့ ဆက်မ...
တော့တာ"

သူမ ပြောသွားတော့လည်း ချောလို့နေသည်။ ...
သည် ဘာပြောပြော အပြုံးမပျက် ခံနိုင်ရည်ရှိသော မျက်နှာလေး...
ကို မကျေနပ်စွာဖြင့် ...

"မင်းကို ပြောချင်တာရှိရင် ငါပြောမှာပေါ့။ မပြောတာ...
ဘာမှမပြောချင်လို့ပေါ့"

"သြော် ... ဒီလိုလား။ ကျွန်မက နားမလည်လို့ပါ။ ဒါ...
ကျွန်မ စာဆက်ရေးရတော့မှာလား"

"ရေး"

သူ့ရဲ့ တစ်ခွန်းတည်းသော အမိန့်ကို သူမက နှ...
ခမ်းဖျားများ ကော့တက်သည်ဆိုရုံပြုံးကာ ပခုံးတစ်ချက်တွန့်လျ...





...ဆက်ရေးဖို့ ပြင်သည်။ ပြင်ရင်းမှနေ၍ ပါးစပ်ကလည်း ပြော...
...သည်မှာ ...

"ကျွန်မ စာရေးဆရာရဲ့စာမူကို နောက်တစ်ပတ်ဆိုရင်
အားလုံးရေးပြီးမယ်လို့ ထင်တယ်။ အဲဒါ ..."

"ဘာလဲ ... မင်းကို အလုပ်ဆက်ခန့်,မခန့် မေးချင်တာ
လား။ ဒါက ငါဆုံးဖြတ်ရမယ့် အပိုင်းပါ။ မင်းလည်း
ရေးတာပြီးမှ မပြီးသေးဘဲ။ ငါ မပြောနိုင်သေးဘူး"

"ကျွန်မ ပြောချင်တာ အဲဒီအကြောင်းအရာ မဟုတ်ပါ
ဘူး"

သူမက သူ့ကို မျက်လုံးလှန်ပြီး မော့ကြည့်ပြီးနောက်
...အေးအေးပဲ ဆိုသည်။

"ကျွန်မ ငွေထုတ်ချင်လို့ပါ။ 3rd MB အတွက် လိုအပ်တဲ့
စာအုပ်တွေ ဝယ်ရမှာမို့ အခုရက်မှာပဲ ငွေထုတ်သွားလို့
မရဘူးလားဟင် ...

အဲဒါလေး ပြောချင်တာပါ"

သူက ရုတ်တရက် ဘာပြန်ပြောရမယ်မှန်းမသိ ဖြစ်
...သည်။ ဒါကို အဓိပ္ပာယ်ကောက် လွဲသွားဟန်တူသော သူမ
... ချက်ချင်းပင် ...

"စာရေးဆရာက အလွယ်တကူ လိုက်လျောတတ်တဲ့အကျင့်
မရှိဘူးလို့ ဆိုထားတော့ ကျွန်မအနေနဲ့ ဘယ်လိုတောင်း
ပန်ရမှန်းတောင် မသိတော့ဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကျွန်မအတွက် အဲဒီစာအုပ်တွေက အ
အရေးကြီးနေလို့ပါ။ ဟို... ကျွန်မကိုမယုံဘူးဆိုရင်
ရဲ့ မှတ်ပုံတင်ကို ထားခဲ့ပေးပါ့မယ်”

“ကျွတ် ... တော်စမ်းပါ”

သူက စိတ်ပျက်သလို စုတ်သပ်လိုက်လျှင် သူ
မျက်နှာလေးက ချက်ချင်းဆိုသလိုပင် ညှိုးနွမ်းကျသွားတာ
လျှင် သူ့ရင်ထဲ၌ ဘယ်လိုကြီး ဖြစ်သွားမှန်းကိုမသိပါ။ တ
တော့ သူ့ရဲ့ပင်ကိုစိတ်ရင်းဟာ သူ့တစ်ပါးအပေါ်မှာ စာနာ
ထောက်ထားကင်းမဲ့သောသူတစ်ယောက် လုံးဝမဟုတ်ချေ။

နယ်မှနေခဲ့တုန်းကဆိုလျှင် အတော့်ကို ပျော်
ကူညီတတ်သော လူချစ်လူခင်များသည့် လူငယ်လေးတစ်ယော
ဖြစ်ခဲ့ဖူးသည်။

နောက်ပိုင်း ရန်ကုန် ရောက်လာတဲ့အခါမှာ
ရောမရောက်လျှင် ရောမသားလိုကျင့် ဆိုသည့် စကားအ
သူဟာ ပတ်ဝန်းကျင်အသစ်နှင့် လိုက်လျောညီထွေစွာ နေ
ရင်း စိတ်ဓာတ်တွေပါ ပြောင်းလဲလာခဲ့ရခြင်း ဖြစ်ပါသည်။

နယ်မှာနေတုန်းက သူ့ငယ်ချင်းတစ်ယောက်ရဲ့အ
ဆုံးသွားစဉ်က အသုဘစရိတ် မရှိခဲ့တုန်းကတောင် သူ့ရဲ့
ကို အလွယ်တကူ ချွတ်ပေးခဲ့ဖူးသေးလေရာ သူ့ထက် ငယ်
သော သူ့ဝန်ထမ်း မိန်းကလေးတစ်ယောက်ရဲ့ အခက်အခဲ
မျက်နှာလွှဲရသည်အထိ သူ့နှလုံးသားက မမာကျောချေ။ သို့





သူဟာ သူမကို လိုတာထက်လည်း ပိုပြီးမပတ်သက်ချင်။ အထူး
သဖြင့် သူ့ကို အသနားသော မျက်လုံးများဖြင့် ကြည့်လာသော
မျက်ဝန်းတွေရဲ့ဒဏ်ကို ပိုပြီးမခံနိုင်ချေ။

“စာရေးဆရာက ကျွန်မကို အဲဒီလောက်တောင် မယုံဘူး
လားဟင်”

သူ ငြိမ်သက်တွေဝေနေတာကို သူမက အဓိပ္ပာယ်
တစ်မျိုး ထပ်ပေါက်သွားကာ နင့်နဲသော အသံတစ်မျိုးဖြင့် မေး
လာလျှင် သူသည် ဆံပင်တွေကို ကုတ်ဖွကာ အော်ဟစ်ပစ်ချင်
စိတ် ပေါက်သွားသည်။

မုဏ်းနဲ့ ရန်ပွဲတွေ၊ စကားစစ်ထိုးပွဲတွေ တခြိမ်းခြိမ်း
ကြုံခဲ့ဖူးရတာတောင် ဒေါသထွက်တာကလွဲ၍ စိတ်ထိခိုက်ခံစားမှု
မရှိခဲ့သောသူသည် မိန်းကလေးတစ်ယောက်ရဲ့ အားငယ်ရိပ်ဆင်
သော စကားတွေကို ဘာကြောင့် ခံနိုင်ရည် မရှိပါလိမ့်။ ဒါဟာ
ယောကျ်ားတိုင်းလိုလိုရဲ့ အားနည်းချက်များလား။

သူရဲကောင်းတို့ဟာ ဓားတစ်လက်ထက် မျက်ရည်
တစ်စက်ကို ပိုကြောက်တယ်ဆိုရင် သူဟာ သူရဲကောင်းတော့
ဖြစ်လိုတော့ပြီ။

“မင်းလိုနေတာ ဘာစာအုပ်လဲ”

“စာရေးဆရာက ကျွန်မ ဆေးကျောင်းသူဆိုတာ မယုံလို့
လား၊ ဒါဖြစ်ရင် ကျွန်မရဲ့ ကျောင်းသားကတ်ကို ...”

“ကျွတ် ... ရှည်လိုက်တာကွာ၊ ငါ မေးတာကိုပဲ ဖြေစမ်းပါ”



www.burmeseclassic.com

www.burmeseclassic.com



သူမ ရွတ်ပြသော စာအုပ်သုံးအုပ်နာမည်ကို သူက အသည်းအသန်လိုက်မှတ်ရသည်။ ပြီးလျှင် ညှိုးရော်နေမည်ဖြစ်သော သူမ မျက်နှာကို မကြည့်မိအောင် ထိန်းထားရကာ ...

"မင်းက ညနေ ငါးနာရီအထိတောင် မစောင့်နိုင်တော့ဘူးလား၊ အခု ပြန်တော့မှာလား"

"အို ... အဲဒီလို မဟုတ်ပါဘူး၊ ကျွန်မက စာရေးဆရာကြီးကို ပြောထားတာပါ။ အို ... ကျွန်မ ပြောတာ ဖြစ်နိုင်မဖြစ်နိုင် ..."

"ကဲ ... ညနေကျတော့ မင်း အဆင်ပြေရင် ပြီးတာပဲ မဟုတ်လား"

ဒီလောက်ဆိုလျှင်တော့ မျက်နှာကြည်လင်ကောင်းပြီဟု တွေးမိသော သူဟာ သူမ မျက်နှာကို အသာအယာငဲ့ကြည့်မိလျှင် ဒီတော့မှ ပိုဆိုးတော့သည်။ အရည်တဖျပ်ဖျပ်လက်ကာ မျက်ရည်ကြည်တွေတောင် ရစ်သိုင်းသလိုဖြစ်နေသည့် မျက်ဝန်းတောက်တောက်ပပတစ်စုံကို သူဟာ အသာအယာစိုက်ကြည့်မိလို့သွားသည်။

ဘာနာမည်ကြီး မက်စ်ကာရာနဲ့မှ ကော့မထားသော ကော့ရှွန်းမျက်တောင်များဖြင့် ဘောင်ခတ်ထားသော ပုလဲနဲ့ မဟုတ်ပေါင်းစပ်ထားသလို လှပသည့်မျက်ဝန်းများထဲတွင် သူ့ကို ကျေးဇူးတင်သောအရိပ်အယောင်တွေ ပြည့်နှက်လို့နေလျှင် သူသည် အဲဒီမျက်ဝန်းတွေရဲ့ စက်ကွင်းထဲမှ ရုတ်ကိုပဲ ရုန်းထွက်ခဲ့ရတော့သည်။





"ကျေး ... ကျေးဇူးတင်ပါတယ်နော်"

သူက ကျောလေးထွက်လာစဉ်မှာပဲ ဆိုနင့်သောအသံ...တုန်လေးဟာ သူ့နောက်ကျောပြင်သို့ အသာအယာပဲ လာ...ခတ်လျှင် သူသည် အဲဒီစကားသံလေး ထွက်ကျလာရာ နှုတ်...များဆီကိုတော့ လှည့်မကြည့်ဖြစ်တော့ချေ။

သူ့အခန်းထဲသို့ပင် ဝင်ရောက်လာခဲ့ကာ ခုတင်ပေါ်... အသာအယာလှဲချမိသည်။ ပြီးလျှင် နဖူးပေါ်လက်တင်ပြီး ...စားသေးသည်။ သို့သော် ဒီကိစ္စဟာ ပညာပါရမီကို ဖြည့်ပေး...ာကိစ္စ။ သူ့ဝါသနာရဲ့ ပါရမီကိုလည်း ဖြည့်ရာရောက်သော ...နှမို့ သူဟာ သူ့မိတ်ဆွေတစ်ယောက်ဖြစ်သော စာအုပ်မျိုးစုံ...ာင်းချသူထံ ဖုန်းခေါ်လိုက်သည်။

"ဟယ်လို ... ကိုမြင့်ဦးလား ကျွန်တော်ပါ၊ အင်း ... ဟိုဟာလေဗျာ 3rd MB တွေကိုင်တဲ့ ပြဋ္ဌာန်းစာအုပ်တွေပါ သုံးအုပ်။ Macleod's ရယ်၊ Davidson's ရယ်နဲ့ S.DAS ရယ် ...

အဲဒါတွေရှိလား ... ရှိရင် အင်း ... လာပို့ပေးရင်တော့ ကောင်းတာပေါ့။ ဟုတ် ... ဟုတ် ... သင့်ခ်ယူပဲဗျာ။ ဟုတ်ပြီ ... ဆီးယူနော် နောက်မှတွေ့မယ်"

သူက ဖုန်းပိတ်ပြီးလျှင် အသက်ကို ပြင်းပြင်းရှူကာ ...သက်နေခဲ့မိသည်။ နောက်တော့ သူ့ဆုံးဖြတ်ချက်ဟာ မမှား...ဟု တွေးမိသွားပြီးလျှင် သူဟာ သိပ်မကြာမီမှာ ရောဒီလာ



www.burmeseclassic.com

www.burmeseclassic.com



သော စာအုပ်ထုပ်ကြီးကို ဝဏ္ဏရဲ့လက်ထဲသို့ အပ်လိုက်လျ... အကျိုးအကြောင်း ပြောပြလိုက်တော့ ဝဏ္ဏက သူ ထင်ထားသ... သူ့ကို ရိတိတိမျက်လုံးတွေ ပြောင်နောက်သော စကားမျိုး... ထွက်မလာပါ။

(တမင်ထိန်းချုပ်ထားတာလည်း ဖြစ်နိုင်သည်။ ... သေးလို့ နောက်မှ ဆိုတာမျိုး ...)

သူကတော့ လေးနာရီလောက်တည်းက သူ့အခန်း... မှ မထွက်တော့။ သူ အိပ်နေတယ်ဟု ပြောထားမှာဖြစ်သ... တံခါးလာခေါက်သံမျိုးကိုလည်း မကြားရတော့။ အဲဒါတွေထ... သူဟာ ရွှန်းလဲ့သည့်မျက်ဝန်းတစ်စုံနှင့် ဆုံတွေ့မှာကို မလို... ခြင်းကြောင့်ပဲ ဖြစ်ပါသည်။

ထိုညက သူသည် မရေးတာကြာပြီဖြစ်သော က... တစ်ပုဒ်ကို ပါးစပ်ဖြင့် လက်တန်းရွတ်ဆို အသံသွင်းခဲ့သ... သို့သော် ဝတ္ထုထဲမှာထည့်သုံးဖို့အတွက်တော့ မဟုတ်ချေ။ ထို့ကြော... ကဗျာပိုင်ရှင်မှာ မူပိုင် ခေတ်လမင်းသာ ဖြစ်လာသည်။





ချစ်ခြင်းယဉ်ကျေးမှု (၄)

- နွေရက်လွန်မှာ ပျောက်ရှသွားတဲ့ ...
ရွက်ကြွေတစ်စလိုပဲ ...
ငါ့နှလုံးသားကို ဘယ်အရပ်မျက်နှာမှာ ...
ပြန်ရှာဖွေရမလဲဆိုတာ မသိဘူး။

- ပထမအချစ်မှာ လွဲပြီးရင် ...
ဒုတိယအချစ်မှာ မြဲမှာလား ...
အချစ်နတ်သမီး ဗီးနပ်စ်ရေ ...
ငါ့အတာကို တစ်ချက်လောက် စစ်ပေးပါဦး။

- ဒီအချိန်မှာတော့ မိုးနတ်မင်းလည်း မကယ်နိုင် ...
ဘုရားသခင်လည်း အလိုမရှိတဲ့ ငါ့နှလုံးသားဟာ ...
နွေလွင်ပြင်မှာလည်း ဖိနပ်စီးခွင့်မရှိသလို ...



www.burmeseclassic.com

www.burmeseclassic.com



မိုးရွာရင်လည်း ထီးဆောင်းခွင့်မရှိဘူး ...

ရက်စက်တဲ့ နှင်းခါးတွေကြားမှာ ...

နှလုံးသားတစ်ခုလုံး အခဲခဲရင်း ...

အရည်ပျော်ပေးမယ့် အချစ်တစ်ခုကို မျှော်ရတယ်။ ။

(မှုပိုင် ခေတ်လမင်း)





ငွေမင်သည် အိမ်ကိုပြန်လာရာ လမ်းတစ်လျှောက် ခင် ကိုဝဏ္ဏပေးလိုက်သော အထုပ်ကြီးကိုပိုက်ကာ နားမလည်ခြင်း များစွာကိုပါ သယ်ဆောင်လျက် ပြန်လာခဲ့ရသည်။ ခေတ်လမင်း ဆိုသော ခေတ်စာရေးဆရာကို ငွေမင် ဘယ်လိုနားလည်ပေးရမှန်း အောင် မသိတော့ချေ။ သဘောကောင်းတာလား၊ သဘောဆိုးတာ လား ဝေခွဲမရတော့။

အခုလည်း ရှေ့တစ်ပတ်မှာ ထုတ်ရမည့်ပိုက်ဆံကို တစ်ပတ်စာစောထုတ်ရုံလေးတောင် သူ့မှာ လိုက်လျောမပေးနိုင်။ အတွေ့တောင်မခံတော့ဘဲ ကိုဝဏ္ဏကတစ်ဆင့်သာ အထုပ်တစ်ထုပ် ကို ပေးခိုင်းလိုက်ပြန်သည်။ ဘာအထုပ်ကြီးမှန်းလည်း မသိရဘဲ ပိုက်ပြန်လာရသော ငွေမင်ကို အစ်မက ကြည့်ကာ ...

"ငွေမင်တောင် ပြန်လာပြီ၊ အလုပ်လုပ်ရတာ အဆင်ပြေရဲ့ လား ငွေမင်"

"ပြေပါတယ်၊ အဲကွန်းခန်းထဲမှာ စာပဲထိုင်ရေးရတာပဲ မမရယ်၊ ဘာပင်ပန်းစရာရှိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... နင်က တစ်နေ့ကုန်ကြီး ဒီလိုပဲ ရေးနေရတာပေါ့"

"ထမင်းစားချိန် တစ်နာရီလောက်တော့ နားရတယ်လေ"

"အမလေး ... မညောင်းဘူးလားဟင်၊ ဩော် ... ဒါကြောင့် စာရေးဆရာက နင့်ကို ငှားတာပေါ့ ဟုတ်လား"

"သူ ညောင်းလို့ ငှားတာတော့ မဟုတ်ပါဘူး။ သူက ကားအက်ဆီးဒင့်ဖြစ်ပြီး လက်ချောင်းတွေက အကြွေးအဆ မရသေးလို့ပါ။ ကြာကြာရေးရင် လက်တွေက မခံမရပ်နိုင်အောင် ကိုက်လာတတ်တယ်လို့ ပြောတယ် ...

ဩော် ... ဒါနဲ့ မမ၊ မမဆီမှာ ပိုက်ဆံနှစ်သောင်းလောက် မရှိဘူးလားဟင်။ ငွေမင့်ကို ခဏလောက် ချေးပါလား။ နောက်တစ်ပတ် စနေဆိုရင် ပြန်ပေးမှာပါ၊ တစ်ပတ်တည်းပါ"

လက်ညှိုးတစ်ချောင်းထောင်ကာ ညှိုးငယ်သော မျက်နှာလေးနှင့် ငွေမင့်ကို အစ်မက နားမလည်သလိုကြည့်ကာ ...

"နှစ်သောင်း ဟုတ်လား။ တစ်ပတ်တည်း နင်က ဘာသုံးမှာမို့လို့လဲ"

"ငွေမင် ကျောင်းစာအုပ်တွေ ဝယ်ရမှာမို့ပါ။ သူများတွေမှာ အားလုံးရှိတယ်၊ ငွေမင်ပဲ မဝယ်ရသေးတာ ...

နောက်တစ်ပတ်နေမှ စာရေးဆရာဆီက ပိုက်ဆံရမှာမို့ နောက်တစ်ပတ်မှ ပြန်ဆပ်မယ်လို့ ပြောတာပါ"





"ငွေမင်ရယ် ... ငါ့လက်ထဲမှာ နှစ်သောင်း ဘယ်လိုလုပ်ရှိမှာလဲဟယ်။ လကုန်ခါနီးပြီဆိုတော့ ပိုတောင်ခြစ်ခြုတ်နေရတာ။ နင်ကလည်း အကျိုးအကြောင်းပြောပြပြီး ကြိုထုတ်ခဲ့ရောပေါ့"

စာရေးဆရာက ကြိုထုတ်မပေးဘူးဟူသော အပြော ...တော့ ငွေမင်က ပြန်မပြောမိချေ။ ငွေမင်ဟာ ကိုယ့်ဘဝပေး ...ခြအနေအပေါ်မှာ စိတ်ပျက်အားငယ် အလိုမကျဖြစ်နေသည့် ...ဘလေးမျိုးတော့ မဟုတ်ပေ။ လက်ရှိဘဝထက် ပို၍ တိုးတက် ...တ်နှင့် ကြိုးစားချင်စိတ်လည်း ရှိသော်လည်း ဒီအခြေအနေမှာ ...တော့ တကယ့်ကိုပဲ စိတ်ပျက်မိရသည်။

"ဒီအထုပ်က ဘာအထုပ်လဲ"

အစ်မက စားပွဲပေါ်မှာတင်ထားသော အထုပ်ကို ...ဝင်တစားမေးတော့မှပင် ငွေမင်သည် အဲဒီအထုပ်ကို ဖောက်ကြည့်ဖို့သတိရသည်။ စိ...မပါလက်မပါဖြင့် အထုပ်ကို ဖောက် ...က်လျှင် အထဲကထွက်လာသောအရာများကို မြင်လျှင်မြင်ချင်း ငွေမင်ရဲ့ မျက်လုံးတွေက ပြူးကျယ်ဝိုင်းစက်သွားရတော့သည်။

"ဟဲ့ ... အဲဒါ ဘာစာအုပ်တွေလဲ"

ငွေမင်သည် မမရဲ့မေးခွန်းကိုတောင် ပြန်မဖြေနိုင် ... တဆတ်ဆတ်တုန်နေသော လက်များဖြင့် စာအုပ်များကို ယူကြည့်မိသည်။ ငွေမင် လိုအပ်နေသော Macleod's၊ Davidson's၊ ...ASစသည့် အသစ်ကြပ်ချွတ်စာအုပ်များသည် ငွေမင့်ကို ကြိုဆို



www.burmeseclassic.com

www.burmeseclassic.com



လှောင်ပြောင်နေသလိုပဲဖြစ်သည်။ ငွေမင်သည် စာအုပ်များ
ကြည့်ကာ ရင်ထဲတွင် ခံစားချက်တစ်မျိုးဖြင့် ပြည့်နှက်အင့်
သည်။ ဝမ်းနည်းနေရာမှဝမ်းသာမှု၊ အဲဒီ ဝမ်းသာမှုကနေ ဝမ်းနည်း
ခံစားချက်တွေဟာ မတည်ငြိမ်ဘဲ အမျိုးမျိုး စီးဆင်းနေသ
ငွေမင်သည် ငုတ်တုတ်အသက်မဲ့သလို ဖြစ်နေရသည်။

စာရေးဆရာရယ် ... ရှင်က တကယ်ပဲ နားလည်
ခက်သူကြီးပါ။

"ဟဲ့ ... အဲဒါ ဘာစာအုပ်တွေလဲလို့"

"ကျောင်းစာအုပ်တွေပါ၊ ရ ... ရပြီ မမ။ ပိုက်ဆံ
တော့ဘူး"

ငွေမင်သည် ပြောလည်းပြော ထိုင်ရာမှထလည်းအ
စာအုပ်တွေကို ပွေ့ကာ အခန်းထဲသို့ ဝင်သွားလျှင် အစ်မက
မလည်သလို မျက်မှောင်ကြုတ်ကြည့်ကာ ကျန်ရစ်ခဲ့သည်။ ငွေ
သည် အခန်းထဲသို့ရောက်လျှင် စာအုပ်တွေကို တစိမ့်စိမ့်
ကြည့်ကာ မျက်ရည်ဝဲသည်အထိ ကြည်နူးစွာ ခံစားရသည်
မပြောပါနှင့်တော့။

ငွေမင် သဘောကျနှစ်ခြိုက်ရသော စာရေးဆရာ
ငွေမင်ရဲ့ အခက်အခဲကို ကူညီပေးတယ်ဟူသော ဖြစ်ရပ်သ
ငွေမင်ရဲ့ နှလုံးသားကို အမှန်တကယ်ပဲ အကြိမ်တစ်ထောင်
အပ်သော ဂွမ်းဆီထိသကဲ့သို့ ပျော့ပျောင်းနူးညံ့ ပီတိဖြစ်စေသ
ဘယ်လိုဂုဏ်ယူဝမ်းသာမှန်းကို မသိပါ။





ဒါဟာ တခြားမိန်းကလေးတွေလို ကိုယ့်ဘက်ကိုယ်
ယက်တွေးတတ်သောစိတ်မျိုးနှင့် စာရေးဆရာကိုလည်း အထင်
အမြင်သေးတာမျိုး မဟုတ်ချေ။ ကိုယ့်အပေါ်မှာထားသော စာရေး
ဆရာရဲ့ စေတနာကို ဂုဏ်ယူဝမ်းမြောက်တာဖြစ်ပါသည်။

ငွေမင်ဟာ ဒီနေ့ တနင်္ဂနွေနေ့ဖြစ်သွားခြင်းကို နာ
ဒို့ကိုမဆုံးတော့ချေ။ ဖြစ်နိုင်လျှင် စာရေးဆရာကို အခုပဲ ကျေးဇူး
တင်စကားသွားပြောချင်လှသည်။ အခုတော့ ငါးရက်တိတိမျှ ရင်
ထဲင်းစကားတို့ကို မျိုသိပ်ရပေဦးတော့မည်။ ပီတိစိတ်ဖြင့် ထမင်း
အောင် သိပ်စားမဝင်သည့် ငွေမင်သည် ဦးလေးစန်းရဲ့ စာအုပ်ဆိုင်
ဆီသို့ သွားတာတောင် Macleod's စာအုပ်ကို ပိုက်ကာ ရောက်
သွားတာဖြစ်သည်။ ဦးလေးစန်းကပင်လျှင် မျက်ခုံးတပင့်ပင့်ဖြင့် ...

"ဘာလဲဟ ... ဈေးကျောင်းသူမှန်း လူသိအောင် ကြွားတာ
လား"

"အထင်တော်မလွဲနဲ့။ အကြောင်းရင်းကို နားထောင်"

ဦးလေးစန်းသည်လည်း ငွေမင် ပြောပြတာတွေကို
နားထောင်ပြီးလျှင် မျက်ခုံးပင့်ရာမှ မျက်လုံးပြူး ပါးစပ်ပြဲကာ
ဟပြုံးပြုံးရယ်ပြီး သဘောတွေကျနေတော့လျှင် ငွေမင်သည် မျက်လုံး
ထဲမှာ စာရေးဆရာရဲ့ စူပုပ်ပုပ်ရုပ်တည်ကြီးကို မြင်ယောင်လာကာ
ပြုံးမိလေသည်။

စာရေးဆရာကြီးကို ငွေမင် သိပ်ခင်တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

ဒီနေ့ဟာ ငွေမင့်ရဲ့ သူငယ်ချင်း မေမိရဲ့ မွေးနေ့ဖြ
တာကြောင့် မေမိက တစ်နေရာရာမှာ ကျွေးဖို့စီစဉ်သည်။ သူငယ်
ချင်းတွေအားလုံးရဲ့ဆန္ဒအရ ပန်းဆိုးတန်းက ဂျေဒိုးနတ်မှာ
စားကြဖို့ ဆုံးဖြတ်သည်။ ဒါကို ငွေမင်ကပဲ ဝင်ပြီး လျှာရှည်ကာ

"ဟဲ့ ... ဂျေဒိုးနတ်က ငါ စားဖူးတယ်။ မဟာဗန္ဓုလလမ်း
က Mr. Brown ကိုပဲ သွားပါဟာ"

ဝင်းလဲ့ကပါ ငွေမင့်ရဲ့စကားကို ထောက်ခံသည်

"ဟုတ်တယ် ... ဟုတ်တယ် ... Mr. Brown ကိုပဲ သွား
အောင်၊ အဲဒီက နည်းနည်းရှင်းတယ်"

ငွေမင်တို့ 3rd MB မှာ မနက်ပိုင်း၌ ကျောင်း
လက်ချာချိန်တက်ရကာ နေ့လယ်ခင်းမှာ ဆေးရုံတွေ၌ လက်တွေ့
ဆင်းရတာမို့ ဆေးရုံမသွားခင် မေမိက သူ့မွေးနေ့ကို ကြားဖြတ်
ကျင်းပတာဖြစ်လေသည်။ ဒီလိုနှင့် Mr. Brown သို့ ငွေမင်၊ ဝေ





ဝင်းလဲ့ရည်နှင့် မေမိုရည်းစား ထူးထက်၊ သန့်စင် စသဖြင့် အုပ်စု
လိုက် ချီတက်လာခဲ့တာဖြစ်တော့သည်။

အားလုံးဟာ ဆယ်တန်းတည်းက တစ်ကျောင်းထဲ
အတူတက်တွေဖြစ်၍ မောင်နှမတွေလိုပဲ စည်းစည်းလုံးလုံး ခင်ခင်မင်မင်
ရှိကြသည်။ ကော်ဖီဆိုင်သို့ရောက်လျှင် စားကြသောက်ကြရင်းမှ
အားလုံးက ငွေမင့်ရဲ့အခြေအနေကို စိတ်ဝင်တစား မေးမြန်းကြလေ
သည်။

အားလုံးဟာ ချမ်းသာကြွယ်ဝသူတွေ မပါသော်လည်း
လုတန်းစေ့နေနိုင် ဝတ်နိုင် စားနိုင်သောသူများ၊ ကျောင်းစရိတ်
အတွက် မပူမပင်တက်ရသူများဖြစ်လေရာ ငွေမင်ထက်တော့
အခြေအနေသာသူများသာဖြစ်ကြသည်။

"ဟဲ့ ... ငွေမင် ... နင် ခေတ်လမင်းဆီ အလုပ်လုပ်တာ
အဆင်ပြေလား"

"ပြေပါတယ်"

"နင် လခထုတ်ပြီလား။ မုန့်ဝယ်ကျွေးရမယ် ... ဟိ ဟိ"

"ငါက လခရယ်လို့ မဟုတ်ဘူးဟ။ တစ်အုပ်ချင်းရေးတဲ့နှုန်း
နဲ့ ရှင်းပေးမယ်ပြောတာပဲ။ အခု ငါ စာစရေးတာက ရှေ့
မှာ သူ တစ်ဝက်ရေးထားပြီးသားလေ ...

ကားအက်ဆီးဒင့်ဖြစ်လို့ ဆက်မရေးနိုင်တော့တာနဲ့
အသံသွင်းထားတော့ ငါက ဆက်ရေးရတာ။ ဒီတစ်ပတ်
ရေးပြီးရင် ပြီးပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ နင့်ကို တစ်အုပ်ရေးပေးရင် ဘယ်လောက်ပေး
မယ်တဲ့လဲ"

"(---)သောင်းတဲ့"

"ဟုတ်လား အများကြီးပဲ။ ဘယ်ဆိုးလို့လဲဟ၊ တခြားအလုပ်
တွေထက်စာရင် သက်လည်းသက်သာတယ် ...

နင့်စာရေးဆရာက လူထပ်မခေါ်တော့ဘူးလားဟင်
ငါတောင် လုပ်ချင်လာပြီ ... ဟီး ဟီး"

ငွေမင်က ဝင်းလဲ့ကို မျက်စောင်းအသာထိုးကာ ...

"ငါလည်း အစက နင်တို့လိုပဲ ထင်ခဲ့တာပဲ။ ဒါပေမဲ့
ဘယ်အလုပ်မှ ထင်သလို မလွယ်ဘူးဟ။ တစ်နေကုန်ကြီး
ထိုင်ရေးနေရတာ ဝါသနာမပါရင် ပျင်းစရာအရမ်းကောင်း
တယ် ...

ပြီးတော့ စာရေးဆရာ စိတ်တိုင်းကျဖို့လည်း လိုသေး
တယ်။ သူ့အထာကို ညက်နေမှ အပိုဒ်တွေခွဲရတာကအစ
အားလုံး အဆင်ပြေပြေ လုပ်ပေးတတ်ရတယ်"

ငွေမင့်စကားကို မေမိုရည်းစား ထူးထက်က ဝင်
ရောက်ထောက်ခံလေသည်။

"ဒါတော့ ဟုတ်တယ်ဟ၊ ငါသာဆိုရင် လုံးဝ လုပ်နိုင်မှာ
မဟုတ်ဘူး။ ငါက စာရေးလည်း ပျင်းတယ်၊ တစ်နေရာထဲ
မှာ အဲဒီလို အငြိမ်ကြီးလည်း ထိုင်မနေနိုင်ဘူး။ ပိုက်ဆံ
ဘယ်လောက်ရရ မလုပ်နိုင်ဘူးဟေ့"





စာကြမ်းပိုး သန့်စင်ကတော့ ခေါင်းတဆတ်ဆတ်
တ်ကာ ...

"အင်း ... ခေတ်ကြီးက ပြောင်းလဲလာတာနဲ့အမျှ အလုပ်
အကိုင် အခွင့်အလမ်းတွေလည်း ပိုပေါလာတယ်နော်။
အရင်က ဒါမျိုး မကြားဖူးပါဘူး။ ရှဲဒိုးပဲ ကြားဖူးတယ်။
နင်က ရှဲဒိုးတော့ မဟုတ်ပါဘူးနော် ... ဟဲ ဟဲ"

သန့်စင်ကိုတော့ ငွေမင်က မျက်စောင်းအကြီး
ကျယ်ထိုးပစ်ကာ ...

"ကောင်စုတ်နော် မဟုတ်က ဟုတ်ကတွေ လျှောက်မပြော
နဲ့၊ ငါလား သူ့လို ရေးတတ်မှာ။ ဘိုးတော်များ သိပ်တော်
တာပဲ၊ ကဗျာတွေကို လက်တန်းရွတ်သွားတာ မှားချင်စရာ
ကောင်းတယ်"

"ဘိုးတော်ခေတ်လမင်းက အသက်ဘယ်လောက်ရှိပြီမို့လဲ"

သန့်စင်ရဲ့ အကြောင်ကြောင်စကားကို အားလုံးက
ရယ်ကြလေသည်။ ဒီအချိန်မှာပဲ အပေါက်ဝဘက်ကို မျက်နှာမူ
င်နေသော မေမိက မျက်လုံးပြူးနှင့်ပင် လက်တယမ်းယမ်းဖြင့်
န့်စင်ကိုလည်း ညွှန်ပြ၊ ငွေမင့်ကိုလည်း မေးတပင့်ပင့် ထိုးပြ
...

"ဟဲ့ ... ဟိုဟာ ခေတ်လမင်း မဟုတ်လား။ ဟင် ...
ငွေမင်။ သန့်စင် အဲဒီမှာကြည့် အသက်ဘယ်လောက်ရှိ
ထင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



ငွေမင်တို့ တစ်အုပ်စုလုံးရဲ့ အာရုံဟာ ခေတ်လ ထံသို့ စုပြုံကျရောက်လို့သွားလေသည်။ သူဟာ ဒီဆိုင်ထဲသို့ မိတ်ဆွေတစ်ယောက်နှင့် ဝင်လာတာဖြစ်သည်။ ငွေမင်တို့ လုံးသည် စာရေးဆရာတစ်ယောက်ထက် မင်းသားတစ်ယော ပိုတူနေသော ခေတ်လမင်းကို ဝိုင်းငေးကာနေမိကြသည်။ ရောင်လည်းမကျ၊ ဖုန်ရောင်လို့ခေါ်မလား၊ ဘာအရောင်မှန်း ခေါ်လို့မတတ်သည့် ဆံပင်အရောင်သည် သူ့မျက်နှာ၊ သူ့ပုံ တမင်ရွေးချယ်ဆိုးထားသလို 100%လိုက်ဖက်စတိုင်လ်ကျလို့နေ ဝတ်စားထားပုံကလည်း သူ့ကို ပိုသိက္ခာရှိစေသည်။

ဂျယ်လ်တွေနှင့် ထောင်ကာထားသော လှပသ ဆံပင်ပုံစံနှင့် ဆံပင်အရောင်၊ နားတစ်ဖက်မှာ ဝတ်ဆင်ထားသေ စိန်တစ်ပွင့်နားကပ်၊ မိုးပြာရောင်ဖျော့ဖျော့ အော်လ်တာရှပ်လက် အနက်ပေါ်တွင် အစင်းလေးများပါသော တန်ဖိုးကြီးမှန်း သိ သည့် စတိုင်လ်ပန်အရှည်၊ နောက်ဆုံး စီးထားသောရှူးဖိ စသည်ဖြင့် သူ့တစ်ကိုယ်လုံးဟာ တောက်ပလင်းထင်းလို့နေ သည်။

"နင့် စာရေးဆရာကလည်း မိလှချည်လား"

မေမီပင်လျှင် ရည်းစားကို ဘေးမှာ ငုတ်တုတ် လျက် မစားရဝခမန်းအသံနှင့် ပြောလေသည်။ ဝင်းလဲ့ဆိုတာ ပြောဖွယ်မရှိတော့။ ဆွေ့ဆွေ့ခုန်အောင်ပင် စာရေးဆရာကို အ အကျယ် သဘောကျကာနေသည်။





"ဟဲ့ ... သန့်စင် အသက်မှန်းစမ်း။ နင်တို့က ယောကျ်ားလေးချင်း ဆိုတော့ ပိုသိမှာပေါ့။ ချောလိုက်တာ။ လှလိုက်တာ။ စာရေးဆရာမလုပ်ဘဲ မင်းသားလုပ်ပါလားဟယ်"

"နင် ဒီလောက်ငမ်းနေတာ ငါတို့ သိက္ခာကျတယ်နော်။ ယောကျ်ားချင်း မနာလိုလောက်အောင် မိနေတဲ့အတွက် ဒီဘဲရဲ့အသက် သုံးဆယ်"

"ဖွီ ... သန့်စင်ဇုတ်၊ အူပုပ်ကောင် လုံးဝ မဖြစ်နိုင်ဘူး"

ငွေမင်ကပဲ ကျေနပ်စွာနှင့်ပြုံးကာ ရန်ဖြစ်နေသော စ်ယောက်ကို ဝင်ဖြေပေးလိုက်ရသည်။ သူ့အတွက် ငွေမင် ဏ်ယူပါသည်။ ဒီလိုလူတစ်ယောက်ရဲ့ ဝန်ထမ်းတစ်ယောက် ဖြစ်ရခြင်းအတွက်လည်း ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူသည်။ ပြော လျှင် ငွေမင်သည် စာရေးဆရာကို ကိုယ့်အစ်ကိုတစ်ယောက်လို ် ရင်းနှီးချစ်ခင်လေးစားစိတ်တို့ ယိုစီးကျနေတာဖြစ်တော့သည်။

"ကဲပါ ... ငြင်းမနေပါနဲ့၊ သူ့အသက်က နှစ်ဆယ့်လေးနှစ်ပါ"

"ဟဲ့ ... ငွေမင် ... နင် သူ့ကို သွားမနှုတ်ဆက်ဘူးလား"

"အင်း ... သွားနှုတ်ဆက်ရင် ကောင်းမလားလို့"

ငွေမင်ရဲ့ တွေးဆဟန်ဖြင့် အပြောလေးကို သူငယ် ချင်းတွေက ကျိုးကန်းအာသလို ဝိုင်းအာကြတော့သည်။ ဝင်းလဲ့ က အဆိုးဆုံးပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အမလေး ... သူကပဲ ဂိုက်ခံနေသေးတယ်။ ဒေါ်ဂိုက်
နင် မသွားချင်နေ ငါ သွားမယ်"

တကယ်တော့ ငွေမင်မှာ ကိုယ့်ဝမ်းနာကိုယ်ပဲသိတာ
ဖြစ်သည်။ သူ့မိတ်ဆွေနဲ့ သူနဲ့ အေးအေးဆေးဆေး စကားပြော
တာကို အနှောင့်အယှက်ပေးရာများကြမလား။ ဒီထက်ပိုတာ
တော့ သူ ငွေမင့်ကို နှုတ်ဆက်ချင်စိတ် ရှိ,မရှိဆိုတာပဲဖြစ်သည်
ငွေမင့်ကို မြင်သွားပြီး သူ စိတ်အနှောင့်အယှက် တစ်စုံတစ်
ဖြစ်မှာကိုတော့ မလိုလားပါ။

ငွေမင်ကတော့ စာရေးဆရာရဲ့အကြောင်းကိုသိ
ချိတုံချတုံ စဉ်းစားနေပေမယ့် စိတ်မြန်သော ဝင်းလဲ့ကတော့
ထိုင်ရာမှ ငေါက်ခနဲ ထ,ကာ စာအုပ်နှင့် ဘောပင်ယူသွားလျက်
သူ့ထံသို့ လျှောက်သွားပြီဖြစ်သည်မှာ ငွေမင်တောင် တားချိန်မ
လိုက်ပေ။ တကယ်တော့ ငွေမင်သည် သူ့ကို မြင်ကတည်းက
စာအုပ်တွေအတွက် ကျေးဇူးတင်စကား သွားပြောချင်နေခဲ့တာ
ဖြစ်သည်။ လူကြားထဲမှာ သူဟောက်တာ ခံရမှာလည်း ကြောက်နေ
ပြန်သေးရာ ဝင်းလဲ့ကတော့ သူ့အနားသို့ ခပ်တည်တည်ပဲ
ရောက်သွားပြီ။

ငွေမင်သည် ရင်တွေပန်းတွေတောင် တုန်လာသည့်
ကြားမှ သူ ဘယ်လိုတုံ့ပြန်မည်လဲဟု တထိတ်ထိတ်နှင့် မိုးကြည့်
နေမိလေသည်။





"ဟို ... ဒီက စာရေးဆရာ ခေတ်လမင်းလားဟင်"

သူသည် မိတ်ဆွေ အယ်ဒီတာနှင့် စကားပြောနေရာ
သံကြား၍ လှည့်ကြည့်လိုက်လျှင် သူ့ပရိသတ်ဖြစ်ဟန်တူ
ကောင်မလေးတစ်ယောက်က ပြုံးရွှင်သော မျက်နှာထားဖြင့်
ကြည့်နေတာနှင့် ကြုံလျှင် သက်ပြင်းတစ်ချက်ကို ရင်ထဲမှာ
က်လိုက်ရသည်။

အခုခေတ်ဟာ အရင်ခေတ်ကနှင့် မတူတော့တာက
ဟာတွေမှာ ရုပ်ရှင်မင်းသား မင်းသမီးတွေတင်သာမကတော့ဘဲ
၊ ပန်းချီ စသဖြင့် နယ်ပယ်မျိုးစုံက အနုပညာရှင်တွေနှင့်ပါ
ဆုံဖော်ပြနေသဖြင့် ပရိသတ်တွေဟာ ဘယ်သူက ဘာဆိုတာ
ဘာနှင့် တန်းခနဲသိကြသည်။ နာမည်ကြီးမိတ်ကပ်ဆရာ၊
ည်ကြီးဒီဇိုင်နာ၊ နာမည်ကြီးသီချင်းရေးဆရာ၊ နာမည်ကြီး
ယ်ဒီတာ စသဖြင့် လူတွေက စိတ်ဝင်တစားကြည့်တာတွေနှင့်
ဘောင် ကြုံရ၏လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ ရောက်လေရာမှာ ဒီလိုမျိုး လာနှုတ်ဆက်

တာတွေကတော့ ရိုးလို့တောင်နေချေပြီ။ အခုလည်း သူ

ကောင်မလေးကို ဖော်ရွေစွာပဲ ပြုံးပြလိုက်သည်။ သူ့အပြုံး

မြင်လျှင် ကောင်မလေးက အားတက်သွားဟန်ဖြင့် ...

"ဟို ... ဝင်းလဲ့က ဆရာ့ရဲ့ပရိသတ်ပါ။ ဆရာ့စာတွေ

အမြဲအားပေးနေတဲ့သူပါ"

"သြော် ... ကျေးဇူးတင်ပါတယ် ညီမလေး။ သင့်ခ်ယူ

"ဆရာ ... အခု အသစ်ထွက်မယ့်စာအုပ်က ဘာပါလဲဟင်"

"နတ်သမီးဖော်တဲ့အဆိပ်"

"နာမည်ကြားတာနဲ့ စိတ်ဝင်စားသွားပြီ။ ဆရာက စာ

တာ အရမ်းတော်တာပဲနော်။ ကဗျာတွေဆိုလည်း အ

မိုက်တာပဲ ...

ကဗျာစာအုပ် သီးသန့်မထုတ်ဘူးလားဟင်"

"အင်း ... ထုတ်တော့ထုတ်ဖြစ်မယ်ထင်တယ်။ မဂ္ဂဇင်း

မှာပါတဲ့ ကဗျာတွေလေ၊ သေချာတော့ မစီစဉ်ရသေးပါဘူး"

"ဟုတ်ကဲ့ ... ထုတ်ပါနော်၊ ဒါနဲ့လေ ဆရာ့လက်က

သက်သာလားဟင်"

ကောင်မလေးက ထင်မှတ်မထားသောစကား

ဖြတ်မေးသဖြင့် သူက ကြောင်တောင်တောင်ပဲ ဖြစ်သွားရသည်

သူ ကားအက်ဆီးဒင့်ဖြစ်တာကို တော်တန်ရုံ ဘယ်သူကမှ သိ

မသိကြချေ။ နီးစပ်ရာ သူနဲ့ သိပ်ခင်မင်မှသာ သိကြတာဖြစ်လေ





သို့ သာမန်ပရိသတ်ကောင်မလေးတစ်ယောက်က မေးမြန်းလာ

အပေါ် သူက ဘယ်လိုပုံစံနှင့် ဖြေလိုက်ရမှန်းမသိအောင်

သွားသည်။

သူ အံ့ဩသွားတာကို ကောင်မလေးက နားလည်စွာ

လှစ်ခနဲ တစ်ချက်ပြုံးလိုက်ကာ လက်မကို နောက်ပစ်ပြ

က် ...

"ဝင်းလဲ့က ၃rd MB တက်နေတာလေ ဆရာ။ ငွေမင်းရည်ရဲ့

သူငယ်ချင်းပါ"

"သြော် ..."

ဒီတော့မှ သူက နားလည်သွားကာ သူမ ရှိသောနေ

ကို ဝေ့ဝဲရှာဖွေမိသည်။ သူ ကြည့်လာမှာကို သိသည့်အလား

ငွေမင်းရည်က သူ့ကို ပုန်းလျှိုးကွယ်လျှိုးဖြင့် ပြန်ချောင်းနေတာကို

င်ရလေသည်။ ဒီကလေးမ ဘာတွေများ နှုတ်ဖွာထားပါလိမ့်။

သူ စာအုပ်ဝယ်ပေးသော အကြောင်းတွေကိုလည်း ပြောပြလိုက်ပြီ

လား။

ဒါတွေကို တွေးမိသွားလျှင် ဟန်မဆောင်တတ်သော

သူ့မျက်နှာက ချက်ချင်းလိုပဲ ကုပ်ကျသွားသည်။

"ဆရာ့လက်က သက်သာရင်လေ ဝင်းလဲ့ကို အမှတ်တရ

တစ်ခုခုလောက် ရေးပေးပါလားဟင်"

"အင်း ... သိပ်တော့ လက်ရေးလှမှာ မဟုတ်ပါဘူး"

"အာ ... နဲဗားမိုင်း ဆရာ ပလိစ်"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက မှတ်စုစာအုပ်ကို ဖွင့်ကာ ဘော
တစ်ချောင်းကို ထိုးပေးလျှင် သူက Thankyou ဆိုသော စာလုံး
လက်မှတ်ကိုသာ ထိုးပေးလိုက်နိုင်သည်။

"ကျေးဇူးတင်ပါတယ်နော် ဆရာ၊ ဝင်းလဲ့ကို ခွင့်ပြုပါဦး"

"ကောင်းပါပြီ"

သူက ပြုံးရွှင်စွာ နှုတ်ဆက်လိုက်လျှင် ကောင်မလေး
က ကျေနပ်စွာလှည့်ထွက်သွားသည်။ သူ့အဖြစ်ကို ပြုံးကြည့်နေသေ
မိတ်ဆွေ အယ်ဒီတာကို သူက အားနာပြုံးလေးနှင့် ခေါင်းညိတ်
တောင်းပန်လိုက်လျှင် ...

"ခေတ်လမင်းတို့များ ကိုယ်တို့နဲ့ အဲဒါတွေ ကွာတာ
ရောက်တဲ့နေရာမှာ လာမနှုတ်ဆက်တဲ့ ပရိသတ်ဆိုတာ
မရှိဘူး ...

ကဲတာနဲ့ မကဲတာ ဒါပဲကွာတယ်"

"ဒီလိုပါပဲဗျာ၊ ဒါကလည်း ကိုဝေလွင်တို့ အပြစ်တွေကြောင်း
ပါနော်၊ ကျွန်တော့်ဓာတ်ပုံနဲ့ အင်တာဗျူးတွေထည့်တာ
လူတွေ သိကုန်တာပေါ့"

"လွဲမချပါနဲ့ကွာ၊ မင်းစာတွေကို စိတ်ဝင်စားလို့ နောက်ဆက်
တွဲပါလာရတဲ့ အကြောင်းအရာတွေပါ။ မင်းကို ရုပ်မြင်သံ
ကြားတွေမှာလည်း မြင်ဖူးနေကြတာပဲကို၊ ဒါနဲ့ မင်း စာမူ
တွေကို ရေးပေးတဲ့တစ်ယောက်က ဆေးကျောင်းသူလား"





"အင်း ... ဟုတ်တယ်။ ဗမာအင်္ကျီ အပွင့်နုပ်နုပ် အစိမ်း
ဝမ်းဆက်ဝတ်ထားတဲ့ကောင်မလေး"

သူက တစ်ခါတည်းပဲ ကိုဝေလွင့်ကို ပြလိုက်သည်။
ကိုဝေလွင်က တစ်ချက်လှမ်းကြည့်ကာ ...

"ဆေးကျောင်းသူဆိုတော့ အဆင်ပြေပါ့မလား"

"ပြေပါတယ်၊ စနေ တနင်္ဂနွေပဲ ကျွန်တော်က ခေါ်လိုက်
တာ၊ နေ့တိုင်းကျတော့လည်း နည်းနည်းရှုပ်တယ် ထင်
သလားလို့လေ။ အခုတော့ သူလည်း အဆင်ပြေ ကိုယ်
လည်း အဆင်ပြေပေါ့"

"မင်း စိတ်တိုင်းရော ကျရဲ့လား"

ကိုဝေလွင်က သူ ရန်ကုန်ကို စရောက်တည်းက
ခင်မင်ခဲ့ရသော စာနယ်ဇင်းသမားတစ်ယောက်ဖြစ်တာမို့ သူ့အထာ
ကို သိစွာနှင့် မေးတာဖြစ်သည်။

"perfect တော့ မဟုတ်ဘူးပေါ့ဗျာ။ တခြားသူတွေနဲ့စာရင်
တော့ မဆိုးဘူးထင်လို့ ရွေးခဲ့တာပဲ"

"မင်းစာတွေကတော့ သူ ညက်တယ်ပေါ့"

"ဟုတ်တယ်၊ လက်တွေ့ဆန်တဲ့ ပရိသတ်တစ်ယောက်ပါ"

"အင်းလေ ... အဲဒါမျိုးက ပိုကောင်းတာပေါ့။ ဒါနဲ့ မင်း
ကိုပြည့်ဝပြောတဲ့ ဓာတ်ညွှန်းကိစ္စကရော"

ဒီလိုနှင့် သူတို့စကားဝိုင်းက အလုပ်ကိစ္စတွေဘက်
ပြန်ရောက်သွားသည်။ သူသည် စကားပြောရင်းမှ တစ်ချက်တစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



သူမ ထိုင်နေသောဝိုင်းဘက်သို့ အကြည့်ရောက်သွားလျှင် သူမ
လည်း ဒီဘက်ကို မသိမသာလှည့်ချောင်းနေတတ်သည်။ စကား
အလွန်များသော ကောင်မလေးဟာ အခုတော့လည်း သူ့
ဘာကြောင့် လာစကားမပြောသလဲ။

ပထမတော့ သူဟာ တစ်နေ့က စာအုပ်တွေ ထ
ပေးခဲ့သောကိစ္စကို သူမများ စကားလာပြောလေမလားဟု တိတ်
တိတ်လေး မျှော်လင့်နေခဲ့မိသေးသည်။ သို့သော် အဲဒီလိုလာပြေ
လိုက်မှာကိုလည်း တစ်ဖက်က စိုးရိမ်မိပြန်သေးသည်။ လာမပြေ
တာကိုလည်း မကျေနပ်။ သူ့စိတ်တွေဟာ ဘာတွေကို ဖြစ်နေမှန်း
မသိပါ။

စကားနေတော့ သူမတို့ဝိုင်းက စားသောက်ပြီးသွား
ပြန်ကြဖို့ထ,နေကြလျှင် သူက တမင်ပဲ သူမကို စိုက်ကြည့်
နေလိုက်လေသည်။ ဒီတော့လည်း မချောက ကြောက်ရဲကြောက်
ပုံစံဖြင့် ခေါင်းလေးညွှတ်ကာ အဝေးမှပဲ လှမ်းနှုတ်ဆက်သည်။
ကျန်တဲ့သူတွေကလည်း ပြုံးသလိုလို မပြုံးသလိုလို မျက်နှာ
ဖြင့် သူ့ကို ကွက်ကြည့် ကွက်ကြည့်လုပ်သွားကြလေသည်။
ကိုဝေလွင်ကတောင် သူမကို တစ်ချက်လှည့်ကြည့်လျက် ...

"ကောင်မလေးက မဆိုးပါဘူး။ Bright ဖြစ်မယ့်ပုံလေးပါ
ဒါနဲ့ မင်းကိုတောင် လာနှုတ်မဆက်ဘူးနော်။ မင်း မော
ထားတယ်နဲ့တူတယ် ... ဟား ဟား"

"မဟုတ်ရပါဘူးဗျာ"





သူက မချင့်မရဲ ညည်းတွားလိုက်သော်လည်း
ဘာကယ်ပဲ အဲဒီလိုဖြစ်နေပြီလားဟု တွေးမိလေသည်။ မိန်းကလေး
ပြင်လျှင် မပတ်သက်ချင် ဝေးဝေးကရှောင်ဖို့ သိပ်မျက်နှာမပေးဖို့
ဆုံးဖြတ်ထားသော သူ့ရဲ့ဆုံးဖြတ်ချက်တွေဟာ ဒီကောင်မလေး
အတွက် သင့်လျော်မှန်ကန်ပါ့မလား။

အို ... မှန်ကန်နိုင်ပါတယ်။ သုံးနှစ်လောက် ချစ်
လာခဲ့တဲ့ ချစ်သူတစ်ယောက်ကတောင် သူ့ကို နားမလည်နိုင်ခဲ့တာ
နောက်ထပ်တွေ့လာမယ့် မိန်းကလေး ဘယ်လောက်နားလည်
ပေးနိုင်မှာမို့လို့လဲ။ အချစ်ဆိုတာ သူ့အတွက်တော့ ပျော်ရွှင်စရာ
အဘွဲ့ ဘယ်တော့မှ မပေးတတ်သူဟု ထင်သည်။

သူ့ကို ပျော်ရွှင်စိတ်ချမ်းသာစေမည့် ချစ်သူမျိုးဆို
တာ ရှိမလာနိုင်တော့ဘူးဟု ထင်ပါသေးသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

ငွေမင်သည် မှန်ချပ်တံခါးကို တွန်းဖွင့်၍ အိမ်ထဲသ
လှမ်းဝင်လိုက်လျှင် စာရေးဆရာကို ဧည့်ခန်းထဲ၌ 5 m
မှလာသော ရုပ်ရှင်ကားတစ်ကား ကြည့်နေတာနှင့် ကြုံသည်
ရုပ်ရှင်ထဲသို့ ရှာန်ဝင်စားနေသော စာရေးဆရာကို နှုတ်ဆက်
ကောင်းနိုး မကောင်းနိုး စဉ်းစားဆုံးဖြတ်နေတုန်းမှာပဲ သူက
ငွေမင်ရှိရာသို့ လှမ်းကြည့်လို့လာသည်။

အဲဒီတော့မှ ငွေမင်က ကမန်းကတန်း ခေါင်းညိတ်
နှုတ်ဆက်ပြလိုက်လျှင် သူက တီဗီကို ရီမုတ်ဖြင့် အသံတိုးလိုက်
ကာ ...

"ရောက်လာပြီလား"

"ရှင် ... ဟုတ် ... ဟုတ်။ ဟိုလေ စာရေးဆရာကို ကျွန်
ကျေးဇူးအရမ်းတင်ပါတယ်"

"ဘာအတွက်လဲ"





"ကျွန်မလိုနေတဲ့ စာအုပ်တွေ ပေးလိုက်တဲ့အတွက်ပါ။ ကျွန်မ ပြောပြလို့မတတ်အောင် ကျေးဇူးတင်ပါတယ်ရှင်။ တကယ်ပါ"

စာရေးဆရာက တစ်မျိုးကြီးပြုံးကာ ...

"သိပ်တော့လည်း ကျေးဇူးမတင်ပါနဲ့လေ။ မင်းရဲ့ဆန္ဒကိုမှ ငါက မဖြည့်ဆည်းပေးချင်တာ၊ ဒီတော့ ဒီလိုပဲ လုပ်ရတော့မှာပေါ့"

ငွေမင်သည် ကူညီသော်လည်း အကူညီခံရတဲ့သူ
ဘာချမ်းသာအောင် မနေတတ်သော စာရေးဆရာကို နားလည်စွာ
ငြ အေးချမ်းစွာ တစ်ချက်ပြုံးပြလိုက်လျှင် စာရေးဆရာသည်
းခံအတိုင်း မျက်မှောင်ကြုတ်လို့သွားလေသည်။

"မင်းက ဘာပြုံးတာလဲ"

ဟော ကြည့်။ ပြုံးတာတောင် သူက စွဲချက်တင်ချင်
သည့်ပုံ။

"ပြုံးတယ်ဆိုတာ သဘောကျလို့ပြုံးတာပေါ့ စာရေးဆရာရဲ့၊ စာရေးဆရာက ဘယ်လိုသဘောထားနဲ့ပဲပေးပေး ကျွန်မအတွက်က အဆင်ပြေနေတော့ ကျွန်မက ကျေးဇူးတင်တာက တင်တာပဲ ...

ဒီလိုသဘောထားနဲ့ ပေးတာပါလားလို့ သိရတဲ့ အတွက်လည်း ကျေးဇူးတင်တာ လျော့မသွားပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာသည် တမင်ပင် ပခုံးတွန့်လျက် မဲ့ပြုံး တစ်ချက်ပြုံးကာ ...

"ဒိုင်ယာလော့ခ်တွေကတော့ မိုက်ပါတယ်။ ဒါပေမဲ့ လေး တွေက ဝတ္ထုစာအုပ်ထဲက လေသံမျိုးတွေလိုပဲနော်"

"May be စာရေးဆရာ။ ဘာလို့လဲဆိုတော့ ကျွန်မ ဆရာ့ရဲ့ စာဖတ်ပရိသတ်စစ်စစ်တစ်ယောက်ကိုး"

စာရေးဆရာသည် သူ ပြောသမျှ တစ်ချက် အပြုံးမပျက်သော ငွေမင့်ကို တစ်ချက်မျှ စိုက်ကြည့်ပြီးလျှင် ...

"ဒါနဲ့ နေပါဦး။ ဟိုတနေ့က မင်းကို Mr. Brown တွေ့လိုက်ပါတယ်"

"ဟုတ်ကဲ့။ စာရေးဆရာ ဝင်လာကတည်းက ကျွန်မ တာပါ"

"ဪ ... ဒါနဲ့ပဲ မင်းက မင်းကိုယ်စား သူငယ်ချင်း နှုတ်ဆက်ခိုင်းတယ်ပေါ့။ ပြီးတော့ ဘာလဲ မင်းက သူငယ်ချင်းတွေကို ငါ့ဆီမှာ အလုပ်လုပ်တဲ့အကြောင်း ပြောပြထားသလား"

"အဲဒီအကြောင်းအရာက စာရေးဆရာကို ထိခိုက်စေလို့လား ဟင်"

ဒါကိုတော့ ငွေမင်က တကယ့်ကိုပဲ စိုးရိမ် မေးမိတာဖြစ်ပါသည်။ စာရေးဆရာဟာ ဒီအကြောင်းကို လူသိ ချင်လား မခံချင်လား စသဖြင့် ငွေမင် သေချာအောင် မသိရသေး





အကယ်၍ သူက လူသိမခံချင်သော ကိစ္စဖြစ်နေလျှင် ငွေမင် ဒီကောင်းမည် မဟုတ်ပါ။

"ငါ မေးတာကိုပဲ မင်း ဖြေပါ"

ငွေမင်သည် ဒီတစ်ခါတော့ မပြုံးနိုင်တော့ဘဲ မျက် ကယ်လေးဖြင့်သာ မျက်ဝန်းမှုတစ်ဆင့် တောင်းပန်ရင်း ...

"ဟို ... ကျွန်မက စာရေးဆရာကို ထိခိုက်စေလိုတဲ့စိတ်မျိုး နဲ့ ပြောတာမဟုတ်ပါဘူး။ သူတို့ကလည်း ပါးစပ်ဖွာတဲ့သူ မျိုးတွေ မဟုတ်ကြပါဘူး ...

ကျွန်မရဲ့အနေအထားကို နားလည်တဲ့သူတွေဆိုတော့ ကျွန်မ ကျောင်းစရိတ်ရအောင် အလုပ်တစ်ခုလုပ်တာ သူတို့ သိကြပါတယ် ...

အဲ ... အဲဒါနဲ့"

ငွေမင်ရဲ့ စကားမဆုံးမီ စာရေးဆရာက လက်ကာပြ ကာ ...

"ဟိုး ... ဟိုး ... ရပါပြီ။ ကိုယ် သဘောပေါက်တယ်။ ဒါပေမဲ့ စကားဆိုတာ လိုအပ်တာထက် ပိုမပြောရင် အကောင်းဆုံးပဲ"

"ဟုတ်ကဲ့ပါ"

အဲဒီအချိန်မှာပဲ ခြံဝက ကားဟွန်းတီးသံကြားလျှင် ငွေမင်သည် သွက်သွက်လက်လက် လုပ်ကိုင်တတ်သော ထုံးစံ အတိုင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ညှို့သည်လာတယ်နဲ့တူတယ် စာရေးဆရာ။ ကျွန်
တံခါးသွားဖွင့်ပေးလိုက်မယ်နော်"

"နေပစေ ခြံထဲမှာ မာလီကုလားလေးရှိတယ်။ သူ ဖွင့်
ပေးလိမ့်မယ်။ မင်း သွားလို့ရပြီ။ မင်းရေးတဲ့စာအုပ်
မနက်ဖြန်ပြီးမှဖြစ်မှာနော်။ သေချာ ဝီရိယစိုက်ပြီးရေးပါ"

"ဟုတ်ကဲ့"

ငွေမင်က ထမင်းချိုင့်ကို နောက်ထဲသွားထားလျှင်
မီးဖိုခန်းထဲ၌ ချက်ပြုတ်နေပြီဖြစ်သော ကိုဝဏ္ဏက နှုတ်ဆက်လေ
သည်။

"ကိုဝဏ္ဏ ဘာတွေချက်နေတုန်း"

"ဝက်သားနဲ့ မှျစ်ချဉ်ဟော့၊ နင် ဝက်သားစားတယ် မဟုတ်
လား"

"ခုတင်ခြေလေးချောင်းကလွဲလို့ ကျန်တဲ့ခြေလေးချောင်း
အကုန်စားတယ်။ မှုမှုတတပဲ အားလုံးစားတယ်။ ဘာ
အသားမှ မရှောင်ဘူး"

"အေး ... အဲဒါကောင်းတယ်။ နို့မို့ဆို တိရစ္ဆာန်တွေအပေါ်
ခွဲခြားသက်ညှာရာရောက်တယ်။ ဟိုတစ်ပတ်က နင် ရသွား
တဲ့စာအုပ်တွေက နင် လိုအပ်နေတဲ့ စာအုပ်တွေ မဟုတ်
လား"

"ဟုတ်တယ် ... ဟုတ်တယ်၊ ငွေမင်လေ သိပ်ဝမ်းသာတာပဲ
သိလား။ အဲဒီညက အိပ်တောင်မပျော်ဘူး။ စာရေးဆရာ





ကြီးက ထင်မထားအောင် သဘောကောင်းတာပဲနော်။
ကိုဝဏ္ဏကြီးကလည်း အတည်ပေါက်နဲ့ ပြောတောင်မပြော
လိုက်ဘူး ...

အဲဒါ ကိုဝဏ္ဏ သွားဝယ်ပေးတာ မဟုတ်လား"

"မဟုတ်ပါဘူးဟာ၊ ငါ့မှာ ဒီနှစ်ရက်လေးပဲအားတာ၊
ဘယ်အပြင်မှကို မထွက်ဘူး။ အဲဒါ ဖိုးလမင်း ဖုန်းဆက်မှာ
လိုက်တာဟ"

"သြော် ... သြော် ... အခုလည်း အိမ်ရှေ့မှာ ညှို့သည်
ရောက်နေတယ် ကိုဝဏ္ဏ တစ်ခုခုနဲ့ ညှို့မခံဘူးလား"

"အဲဒါ သူ့ထုတ်ဝေသူလေ၊ ရတယ် ခဏနေမှ ငါ ကော်
ဖီ သွားပို့လိုက်မယ်"

"ဟုတ် ... အဲဒါဆို ငွေမင် စာသွားရေးလိုက်ဦးမယ်နော်"

"အေး ... အေး"

ငွေမင်သည် စာကြည့်ခန်းထဲသို့ ဝင်လာပြီးနောက်
ဘာရယ်မဟုတ်ဘဲ ခန်းဆီးစလေးထဲမှ အသာချောင်းကြည့်ဖြစ်လျှင်
သူ့ထုတ်ဝေသူနဲ့ သူ့ကို စကားတွေ ရယ်မောပြောဆိုနေတာကို
တွေ့ရလေသည်။ ငွေမင်ဟာ စာရေးဆရာတစ်ယောက် ရယ်မောနေ
တာကို မဆိုထားနှင့် ပြုံးတာကိုတောင် မမြင်ဖူးသည်ဖြစ်လေရာ ...

အထူးအဆန်းဖြစ်လျက် ငေးကြည့်နေရလေသည်။
စာရေးဆရာက စိတ်ရင်းစေတနာ ကောင်းသူတစ်ယောက်ဆိုတာ
တော့ ငွေမင် သိခဲ့ရပြီးပြီ။ အနေတည်တဲ့တာကိုလည်း လေးစားချီး



www.burmeseclassic.com

www.burmeseclassic.com



ကျူးမိပြီးဖြစ်လေရာ အပြောအဆို အထေ့အငေါ့လေးတွေကိုတော့ တမင် တင်းမာချင်ယောင်ဆောင်ထားသည်ဟု ငွေမင်က ထင်ေ သည်။

စာရေးဆရာရဲ့လက်ထဲမှာ ကိုင်ထားသော ဝတ္ထု အသစ်လေးကလည်း ငွေမင့်ကို တကယ်ပဲ ထူးထူးခြားခြား ဆွဲ ဆောင်နေသေးသည်။ သိပ်မကြာခင်မှာ ဖြန့်တော့မှာမို့ စာရေး ဆရာကို ထုတ်ဝေသူက ဦးဦးဖျားဖျားလာပို့တာ ဖြစ်နိုင်လေသည်။

ငွေမင်သည် အဲဒီစာအုပ်လေးကို ဦးဦးဖျားဖျား ဖတ်ချင်လေရာ စာရေးဆရာထံက လက်မှတ်လေးနှင့်တကွ မေတ္တာ လက်ဆောင်ရဖို့ မျှော်လင့်လှသည်။ ဒီမျှော်လင့်ချက်လေးဖြင့် စာတွေကို ဖိရေးနေသည်မှာ ဘယ်လိုပင် အချိန်တွေကုန်သွားလဲ မသိပေ။ ညနေစောင်းရောက်တိုင်း တစ်နေ့တာရေးပြီးသမျှ စာရေး ဆရာက စစ်ဆေးဖတ်ရှုသည်ဖြစ်လေရာ ငွေမင်သည် အငြိမ်မနေနိုင် သေးဘဲ စာရေးဆရာကို လျှာရှည်အကြံပြုလိုက်သေးသည်။

"စာရေးဆရာ ... ဟို ကျွန်မ တစ်ခုလောက်အကြံပြုလို့ရ မလားဟင်"

စာရေးဆရာက သူ့ထုံးစံအတိုင်း ငွေမင့်ကို မျက်လုံး တစ်ချက်လှန်ကြည့်ကာ ...

"ပြောကြည့်လိုက်လေ"

ငွေမင်သည် စာရေးဆရာရဲ့ အပြောကြောင့် မျက်လုံး ပြူးသွားကာ ခေါင်းခါလိုက်ရင်းမှ ...





"ရှင် ... ဟို ... ဒါဆိုလည်း မပြောတော့ပါဘူး"

စာရေးဆရာက ငွေမင့်ကို မျက်မှောင်ကြုတ်ကြည့်

...

"မင်း ဘာဖြစ်နေတာလဲ၊ နောက်ပြီး မင်းကို တစ်ခုပြောဦး မယ်။ ငါနဲ့ စကားပြောရင် အထစ်ထစ် အငေါ့ငေါ့တွေ မလုပ်နဲ့။ အဓိပ္ပာယ်မရှိတဲ့ စကားတွေ ထည့်မပြောနဲ့။ ဟို ဟို တို့ ... ဟိုဟာတို့ ဒီဟာတို့ မပါနဲ့ ...

ပြောစရာရှိတဲ့စကားကို တစ်ခါတည်း လိုရင်းတန်း ပြော၊ အဲဒီ ဟိုတွေ ဒီတွေက လူရာမဝင်ဆံ့ဘူး"

"ဟုတ်ကဲ့ပါ"

"ကဲ ... ပြော"

"မပြောတော့ပါဘူး"

"ဘာဖြစ်တယ်၊ မင်းက ငါ့ကို အရူးလုပ်နေတာလား။ အခု ပြောချင်တယ် အခု မပြောတော့ပါဘူးနဲ့ ဘာဖြစ်နေတာ တုန်း"

စာရေးဆရာက ခပ်ဆတ်ဆတ်မေးလျှင် ငွေမင်သည် နှာလေး ငယ်ကျသွားကာ ...

"စာရေးဆရာက ကျွန်မကို ပြောကြည့်လိုက်လေလို့ ခေါက် တော့ ကျွန်မက မပြောရဲတော့တာပါ"

"ဘာ ... ငါက မင်းကို ခေါက်တယ်။ ပြောကြည့်လိုက် လေလို့ပြောတာ မင်းကို ဘာခေါက်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာက တကယ့်ကို နားမလည်သည့်ဟ
ဖြင့် ပြန်မေးလျှင် ငွေမင်သည် အကြောင်းကြောင်းနှင့်ပင် ...

"ဟိုလေ ... အဲ ... တချို့တွေပြောတာကြားဖူးတာ
ကျွန်မတို့ သူငယ်ချင်းတစ်တွေထဲမှာလည်း ပြောတယ်
ငါ လုပ်လိုက်မှာနော်ဆိုရင် လုပ်ကြည့်လိုက်လေလို့ ဘာ
အဲ ... အဲဒီလိုမျိုး"

ဒီတော့မှ ငွေမင်ဆိုလိုတာကို သဘောပေါက်ဟ
တူသော စာရေးဆရာက ကျွတ်ခနဲ စုတ်သပ်ကာ ...

"ဟင်း ... မင်းနဲ့ ကြာကြာနေရင် ငါတော့ ရူးမှာသေ
တယ်။ ဒီမြန်မာစကားကိုပဲ တစ်မျိုးစီ အဓိပ္ပာယ်ကော
လွဲနေကြတယ်။ ငါ ပြောတာ မင်းကို ခြောက်တာလည်
မဟုတ်ဘူး။ လှန့်တာလည်း မဟုတ်ဘူး ...

ငါ့ဘာသာ ရိုးရိုးပြောတာ၊ ကဲ ... ပြော မင်း အ
ပြောချင်တာလဲ"

ငွေမင်သည် တံတွေးကို တစ်ချက်မျို ချလိုက်ရင်းမှ ...

"စာရေးဆရာကို ဝေဖန်တာတော့ မဟုတ်ပါဘူး။ ဒီဝတ္ထု
ထဲမှာလေ မင်းသမီးက နှုတ်ခမ်းကို Lip liner နဲ့ဖော်ပြီး
ဆိုးထားတယ်ဆိုတာ အဲဒီစတိုင်လ်က နိုင်တီးအိတ် နိုင်တီ
နိုင်းလောက်တည်းက လုပ်ခဲ့တာ။ အဲဒီတုန်းကပဲ ခေတ်စား
တယ် ...





အခုခေတ်မှာ ဒါမျိုး မသုံးကြတော့ဘူး။ ရိုးရိုးပဲ
ဆိုးတယ်။ နှုတ်ခမ်းနီအခြောက်လည်း ခေတ်မရှိတော့ပါဘူး၊
တချို့ဆို အကြည်လေးတွေပဲ ဆိုးတယ်၊ Gloss ပေါ့"

စာရေးဆရာက ရုတ်တရက် မျက်မှောင်ကြုတ်သွား
ကလည်း ဘာမှမပြောသေးချေ။ ခဏကြာမှ "မင်းပဲ ရှာရှာ
ဖွေဖွေ"ဟု သူ့ဟာသူ ဘီးတိုးရေရွတ်နေလျှင် ငွေမင်သည်
ပဲတော့ အခြေအနေမဆိုးဟု သုံးသပ်ရလေသည်။ သူ့အဖြေကို
စောင့်စားနေသော ငွေမင့်ကို စာရေးဆရာက တစ်မျိုးသော
မျက်လုံးဖြင့် လှမ်းကြည့်ကာ ...

"မင်း ကြည့်ရတာ အလှအပကိုလည်း စိတ်ဝင်စားတဲ့ပုံ
မပေါ်ဘဲနဲ့ ဒါမျိုးတွေကို ဘယ်လိုလုပ်သိနေတာလဲ"

"ကျွန်မက ခေတ်ပေါ်မဂ္ဂဇင်းတွေကို လတိုင်းဖတ်တယ်
လေ"

"ငါလည်း ဖတ်တာပဲ"

စာရေးဆရာက သူတော့ မသိရကောင်းလားဟု
ကျေနပ်သံဖြင့် ခပ်ဆတ်ဆတ်ပြန်ပြောလျှင် ငွေမင်သည် ရယ်
ချင်စိတ်ကို အတော့ထိန်းချုပ်ထားရကာ နည်းနည်းတော့ပြုံးလိုက်
ရင်းမှ ...

"စာရေးဆရာက အလှအပဆောင်းပါတို့ ဖက်ရှင်အမေး
အဖြေတွေကို ဖတ်လေ့ရှိလို့လား"

"အဲဒါတွေတော့ ငါမှ စိတ်မဝင်စားပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ မသိရခြင်းရဲ့အဖြေပဲပေါ့ဟူသော အဓိပ္ပာယ် ကို ဖော်ဆောင်သည့် အပြုံးမျိုးနှင့် ငွေမင်က ပခုံးတစ်ချက်တွန့် ပြလိုက်လျှင် စာရေးဆရာက ငွေမင့်ကို လေးလေးနက်နက် စိုက် ကြည့်လို့လာလေသည်။ ငွေမင်သည် စာရေးဆရာထံက အဲဒီ စိုက်ကြည့်တာကို ခံလိုက်ရလျှင် ရုတ်တရက် လက်ဖျားတွေ အေးစက်လာသလို ခံစားရလေသည်။

စာရေးဆရာရဲ့ အကြည့်တွေကို ငွေမင် အဓိပ္ပာယ် မဖော်တတ်ချေ။ ဒါကြောင့် အကြည့်တို့ကို တန်ပြန်ရင်မဆိုင် ဘဲ မျက်နှာလွှဲလိုက်လျှင် စာရေးဆရာထံမှ စကားသံ ထွက်ပေါ် လာသည်။

"ငါ မင်းပြောတဲ့ အကြောင်းအရာကို လက်ခံသင့်လား"

ငွေမင်သည် စာရေးဆရာထံမှ ထင်မှတ်မထားသော မေးခွန်းကြောင့် ရုတ်တရက် ဘာပြန်ဖြေရမှန်းမသိပေ။ ဒီ အကြံဉာဏ်ပေးထားတဲ့လူတစ်ယောက်ကို ဒီလို လက်ခံသင့်လား ပြန်မေးနေခြင်းက ဘာအဓိပ္ပာယ်မှန်းကို မသိတော့။

စာရေးဆရာဟာ တစ်ခါတစ်ခါတော့ အတော့် နားလည်ရခက်လှသည်။

"ဒါတော့ စာရေးဆရာရဲ့ ဆုံးဖြတ်ချက်အတိုင်းပါပဲ ကျွန်မက တိုက်တွန်းတဲ့ သဘောလည်း မဟုတ်ပါဘူး စာရေးဆရာရဲ့ဇာတ်လမ်းနဲ့ အရေးအသားကို ဝေဖန်တာ လည်း မဟုတ်ပါဘူး ...





စာရေးဆရာ အမှတ်တမဲ့ ဖြစ်သွားတဲ့ ကိစ္စလေးကို ထောက်ပြတဲ့သဘောပါပဲ"

"ငါ အဲဒါကို မပြင်လိုက်ရင် ဘာဖြစ်သွားနိုင်မလဲ"

"ဘာမှတော့ ဖြစ်မသွားနိုင်ပါဘူး။ ဒါပေမဲ့ စာရေးဆရာရဲ့ စာဖတ်ပရိသတ်တွေထဲမှာ ဒီခေတ်မိန်းကလေးတွေ အများ ကြီးပဲ။ သူတို့တစ်တွေကတော့ စာရေးဆရာကို ခေတ် နောက်ကျတဲ့စတိုင်လ် ရေးထားတယ်လို့ မြင်ကြမှာပေါ့ ...

ကျွန်မ ပြောသလိုသာ ပြင်လိုက်ရင်တော့ သိပ်ခေတ် မီတာပဲလို့ သဘောတွေကျကြမှာပေါ့"

"အင်း ... ဖြစ်နိုင်လောက်ပါတယ်"

စာရေးဆရာက ခေါင်းတဆတ်ဆတ်ညိတ်ကာ ကားမှလွှဲ၍ ဆက်မပြောတော့ချေ။ ငွေမင်က အသာနှုတ်ဆက် ာ ထွက်လာခဲ့ရသည်။ ခြံထဲမှာ စာအုပ်တစ်အုပ်ကို ဖတ်နေသော ဏ္ဏက ထုံးစံအတိုင်း ပြုံးပြနှုတ်ဆက်ကာ ...

"တစ်နေ့တာ အလုပ်တွေတော့ ပြီးဆုံးသွားပြန်ပြီပေါ့။ အားလုံး အဆင်ပြေတယ် မဟုတ်လား"

"အင်း ... ပြေပါတယ်၊ ဒါနဲ့နော် ကိုဝဏ္ဏတို့ အညာဘက် က စကားပြောတာတွေက တစ်မျိုးပဲနဲ့တူတယ်။ စာရေး ဆရာက စကားပြောရင် ပြောကြည့်လိုက်လေတို့ ဘာကြည့် လိုက်လေလို့ သိပ်သုံးတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ငွေမင်ဖြင့် လန့် လန့်သွားတာပဲ။ နပန်ထ...
မလားတောင် ထင်ရတယ်"

ကိုဝဏ္ဏသည် ငွေမင့်စကားကို အူတက်မတတ်...
ရယ်မောလေသည်။ ငွေမင့်မှာ သူ ရယ်ပြီးသည်အထိ စောင့်နေ...
မှ ...

"နင့်ဆရာသမားပဲ အဲဒီလို ပြောတတ်တာပါဟာ၊ သူ...
အဲဒီလိုပဲ စကားလုံးအသစ်တွေ ထွင်ပြောနေတာ၊ တစ်...
ဆို စားကြည့်၊ သွားကြည့်၊ လုပ်ကြည့်၊ ခိုင်းချင်ပြီဆို...
လည်း မင်း ကြက်သားနပ်ချင်ဟန်ဆောင်လိုက်ပါလား...
ခုနစ်လွှာပေါက်ဆီ သွားဝယ်ချင်ဟန်ဆောင်လိုက်စမ်း...
တို့ အမြဲပြောတယ် ...
အဲဒါ သူ့စတိုင်လ်"

ဒီတော့မှ ငွေမင်သည် တအံ့တသြနှင့် ခေါင်းညိတ်...
ရသည်။ စာရေးဆရာဟာ ဒီလိုအဆန်းအပြားတွေလည်း ...
တတ်တာပါပဲလား။ သို့သော် ငွေမင်ရဲ့စိတ်ထဲတွင် အဲဒါထ...
ပို၍ နေရာယူနေသည်မှာ စာရေးဆရာရဲ့ ဝတ္ထုအသစ်ပဲဖြစ်သည်...
ဒါကြောင့် ကိုဝဏ္ဏကို အပူကပ်ဖို့ ဆုံးဖြတ်လိုက်ပြီးလျှင် ...

"ကိုဝဏ္ဏ ... ဟိုဟာလေ ..."

ငွေမင်တောင် စကားဆုံးအောင် မပြောရသေး...
ကိုဝဏ္ဏက ငါ သိပါတယ်ဟူသော အပြုံးမျိုးဖြင့် လက်ထဲ...
စာအုပ်ကို ကမ်းပေးလို့လာလေသည်။ ငွေမင်သည် အဲဒီစာအု...





...းကို မြင်လျှင်တော့ ဘယ်လိုပင် ပျော်ရွှင်ကျေနပ်သွားမှန်း
...သဲ့ ကိုဝဏ္ဏကို ကျေးဇူးတင်စကားတောင် ပြန်မပြောနိုင်ခဲ့ချေ။
...ဒီစကား အကြိမ်တစ်ရာနှင့် ညီမျှသော အပြုံးကိုသာ ပြုံးပြလျက်
...မင်ရဲ့ အိမ်အပြန်လမ်းခရီးဟာ လှပခဲ့သည်။

ကံကောင်းထောက်မစွာ ဘတ်စ်ကားပေါ်တွင်လည်း
...းသည်တစ်ယောက်က ဆင်းသွားသဖြင့် ငွေမင်ဟာ တစ်လမ်း
... ပြတင်းပေါက်နား၌ လေအေးအေးတိုက်ခတ်မှုကို ခံစားရင်း
...ားစီးခွင့်ရလာရသည်။ ငွေမင်တို့လို လူတန်းစားတွေအတွက်
...တော့ တစ်နေ့တာရဲ့ ကံကောင်းခြင်းဆိုသည်မှာ အိမ်အပြန်
...ပ်ညပ်နေသော ဘတ်စ်ကားပေါ်တွင် ခုံနေရာရခြင်းနှင့်အတူ
...င်းပမှ တိုးဝင်လာသော သဘာဝလေနုအေးကို ရှူရှိုက်ခွင့်ရတာပဲ
...ဖြစ်တော့သည်။

ဒီနေ့ကတော့ နှစ်ထပ်ကွမ်းကံကောင်းခြင်းဟု ဆိုရပါ
...သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

သူဟာ ဆုံးဖြတ်ထားသည့် အတိုင်းပင် ငွေမင်ရ
ကို သူ့စာမူတွေ ဆက်လက်ရေးသားပေးဖို့ အလုပ်ခန့်လိုက်သည်
သူ လေ့လာမိသလောက်ဆိုလျှင် သူမဟာ အလုပ်ကို စေတ
ထားသူတစ်ယောက်ဆိုတာ ပေါ်လွင်နေ၍ဖြစ်ပါသည်။ လက်
လက်သားနှင့်အတူ ဖျက်ရာမပါဘဲ သပ်သပ်ရပ်ရပ် ရေးတတ်
လိုအပ်သည့် အကြံဉာဏ်တွေကို (အတင်းရောကာရော) ပေးတတ်
စသဖြင့် အလုပ်အပေါ်တွင် အာရုံစူးစိုက်မှုအပြည့်လည်း ရှိသ
သူက စိတ်ထဲမှာတော့ ကျိတ်ပြီး အမှတ်ပေးရတာဖြစ်၏။

ပါးစပ်ကတော့ ယောင်လို့တောင် သွားပြီးမချီးကျ
ရဲပေ။ ထိုကလေးမက သူ ဒီလောက်တင်းမာတာတောင် 
ကာမကျ ဖြုံလည်းမဖြုံပေ။ အခုဆိုလျှင် သူ့ရဲ့စာအုပ်ကို သုံးအ
အထိ ရေးသားပေးပြီးသွားပြီမို့ သူမဟာ သူ့ အားကိုးရသော
မျက်နှာလွှဲ၍ရသော ဝန်ထမ်းတစ်ယောက်ဆိုတာထက် ကိုယ်
လေးတစ်ယောက် ဖြစ်လို့နေပြီဖြစ်သည်။





ကိုကျော်ဇင်ပင်လျှင် သူမ ရေးသားထားသော
စာအုပ်တွေကို သဘောတကျဖတ်ရှုကာ ...

"ကောင်မလေးက မဆိုးဘူးနော်။ တော်တော်လေးကို
သပ်သပ်ရပ်ရပ်လုပ်နိုင်တယ်၊ ဖိုးလမင်း တော်တော်မောင်း
ရသေးလား"

တကယ်ဆို သူဟာ သူမကို ဘာမှ စနစ်တကျ
သွန်သင်ပြတာမျိုး မရှိခဲ့ပါ။ ယုတ်စွအဆုံး သူ ရေးထားသော
နမူနာစာအုပ်ပုံစံလေးတောင် မပြခဲ့ချေ။ သူမဘာသာ တော်သလို
ကြည့်လုပ်ပြီး သူကပဲ လိုအပ်တာလောက်ကို ပြင်ပေးခဲ့တာဖြစ်
သည်။ နောက်ဆုံးမှာတော့ သူ့စာအုပ်တွေကို တကယ်ပဲ crazy
ဖြစ်သည့် သူမဟာ သူ အသံသွင်းထားသည့် ဝတ္ထုဇာတ်လမ်းတွေ
ကို သူကိုယ်တိုင်ရေးထားသည့်အလား အဆင်ပြေဆုံးရေးပေးနိုင်
ခဲ့တာပဲဖြစ်တော့သည်။

"ကျွန်တော်က လိုအပ်တာလောက်ပဲ ပြောပေးတာပါ။
သူ့ဘာသာပဲ အစအဆုံး ယူသွားတာပဲ၊ အဓိက,ကတော့
သူက ကျွန်တော့်စာတွေကို ကြေတယ်လေ ...

အဲဒါက သူ့အတွက် အဓိကအကြောင်းအရာတစ်ခု
ပါပဲ"

"အင်း ... မဆိုးပါဘူး။ တကယ်တော့ ရီကောဒင်းနဲ့
စာရေးတဲ့သူတွေအတွက် ကိုယ့်စာကို ကြေနေတဲ့သူတစ်
ယောက်က အမှန်ကို လိုအပ်တယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဒါမှလည်း ကိုယ်လိုချင်တဲ့ပုံစံအတိုင်း ကွက်တိ ထွက်မှာကိုး၊ ဒါနဲ့ ဒီကောင်မလေးက ဆေးကျောင်းသူဆို တော့ နောက်ပိုင်းကျ အဆင်ပြေပါ့မလား"

ကိုကျော်ဇင်က ထုတ်ဝေသူပီပီ ရှေ့ရေးကို အစအဆုံး တွေးတတ်ကာ စိုးရိမ်သလိုမေးလျှင် သူက ပြုံးပြုံးလေးပဲ ပြန်ဖြေ လိုက်သည်။

"အဲဒီလောက်ထိတော့ ကျွန်တော် တွေးမထားဘူး နောက်ပိုင်းလည်း သူ့ဟာနဲ့သူ အဆင်ပြေသွားမှာပါ ...

ကျွန်တော်ကလည်း အမြဲတမ်း ဒီလို ဖြစ်သွားမှာ မဟုတ်တာ။ စိတ်ကြိုက်လူ မရှိတော့ရင်လည်း ကိုယ့်လ ပဲ ကိုယ်အားကိုးရမှာပေါ့။ စိတ်ကြိုက်လူ ရှိတော့လည်း ရေးဖို့အပ်ရမှာပေါ့၊ ဒီလိုပါပဲ"

"အင်း ... ဟုတ်ပါတယ်လေ"

သူ့ထုတ်ဝေသူက သူ့ဆီ မကြာခဏလာနေ သူမနဲ့လည်း ဆုံဖြစ်ကာ ခင်မင်နေလျှင် တစ်နေ့မှာတော့ သူ ရှေ့တင်ပဲ သူမကို အမ်ပီဖိုး (MP4)စက်ကလေးတစ်ခုကို လ ဆောင်ပေးပါသည်။

သူမက ပထမတော့ အားတုံ့အားနာဟန်ဖြင့် ငြ သေးသည်။ နောက်တော့ ကိုကျော်ဇင်က ဖွင့်ပေးသဖြင့် မတ သာပဲ လက်ခံလိုက်ရသည်။





"ယူပါ ငွေမင်းရည်ရဲ့။ ဒါ မင်းကို ဂုဏ်ပြုတဲ့လက်ဆောင်၊ ကျေးဇူးတင်တဲ့ အထိမ်းအမှတ်နဲ့ အမှတ်တရပေးတဲ့ လက် ဆောင်တစ်ခုပါ ...

မင်းက ခေတ်လမင်းကို ကူညီနေတဲ့သူ ဆိုတော့ ကိုယ့်ကို ကူညီနေတဲ့သူဆိုလည်း မမှားပါဘူး။ မင်းရဲ့ ကြိုးစားမှုကို အသိအမှတ်ပြုတဲ့သဘော လက်ဆောင်ပေး တာပါ။ သိပ်တန်ဖိုးမကြီးပါဘူး။ လူတိုင်း သုံးနေကြတဲ့ ပစ္စည်းပါ"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်"

ကိုကျော်ဇင် ပြန်သွားလျှင် သူမက အဏ္ဏာမြူစိမ်း ရောင်နှင့် ငွေမင်းရောင် ရောစပ်ထားသော တောက်ပြောင်သားနား သည့် ချစ်စဖွယ် အမ်ပီဖိုးစက်ကလေးကို အင်မတန် မြတ်နိုးတွယ် တာသော မျက်လုံးများဖြင့် ဝမ်းသာအားရ လှည့်ပတ်ကြည့်ရှုနေ လျှင် သူဟာ အဲဒီပုံစံကို အတော်ကြည့်မရ ဖြစ်လို့သွားသည်။

တကယ်တော့ ကိုကျော်ဇင်ကလည်း သဘောကောင်း က်ရောတတ်သူပီပီ ရိုးရိုးသားသားပေးတာဖြစ်သလို သူမကလည်း သားသည့် ပကတိစိတ်လေးနှင့် ဝမ်းသာနေရှာတာဖြစ်သည်။ ကို သူက သိနေပါရက်နဲ့ ဘာကြောင့်များ ကြည့်မရဖြစ်ချင် သလဲ ဆိုတာကိုတော့ သူ့စိတ်သူ ဝေခွဲ၍မရချေ။

"စာရေးဆရာ ဒါလေးက ဘယ်လိုဖွင့်ရတာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး"

"ဟင် ... စာရေးဆရာကလည်း သိရဲ့သားနဲ့၊ ကျွန်မ ဝမ်းသာလိုက်တာ မပြောပါနဲ့တော့ သိလား။ ကျွန်မ သီချင်းနားထောင်တာ အရမ်းဝါသနာပါတာ၊ စီဒီဖွင့် စက်နဲ့ ဆောင်းဘောက်စ်သေးသေးလေး တစ်စုံလော သိပ်လိုချင်တာပဲ၊ ကိုယ့်အခန်းထဲမှာကိုယ် သီချင်းဖွင့် အေးအေးဆေးဆေး နားထောင်ချင်တာပေါ့နော် ...

တစ်နေ့တော့ ပိုက်ဆံစုပြီး ဖြစ်အောင်ကို လုပ် မယ် ...

အခုတော့ မိုးနတ်မင်းက ကျွန်မကို သနားလို့နဲ့ တယ်။ ဒါလေးလည်း ဦးကျော်ဇင်က ဘာမှ မတန်ပါဘူ သာပြောတာ ငါးသောင်း ခြောက်သောင်းလောက် တန်မှာပဲ ...

ကျွန်မ အရမ်းပျော်တာပဲ၊ ဒီအထဲကို ကိုယ်ကြိုက် သီချင်းတွေ ရွေးပြီးကူးလို့ရတယ်ဆို၊ စာရေးဆရာရဲ့ ကွ ပျူတာနဲ့ လုပ်လို့ရတယ်မဟုတ်လား၊ ထည့်ပေးပါ ကျွန်မ ..."

"ဘုံး ..."

"အမလေး"

သူမရဲ့စကားမဆုံးသေးခင်မှာပဲ သူက ဖတ်လ စာအုပ်ကို စားပွဲပေါ်သို့ ဝုန်းခနဲ ပစ်ချလိုက်တာ ဖြစ်သည်





ကေ ကိုယ့်အတွေးနဲ့ကိုယ် ပြောချင်ရာပြောနေတာမို့ သူ့ရဲ့ တရက် အပြုအမူပေါ်တွင် လန့်ဖျပ်သွားကာ သူ့ကို အထိတ် လန့်ကြည့်လာလေသည်။

"မင်းကိုယ်မင်း ဘာထင်နေသလဲ ငွေမင်းရည်"

"ရှင် ..."

"ဒါပဲ ပြောလိုက်ရင် အဲဒါပဲ။ မျက်လုံးဝိုင်းပြီး တရှင်ရှင်နဲ့ လုပ်ပြမယ်။ ဒီစက်လေးတစ်ခု လက်ဆောင်ရတာနဲ့ ဘဝင် လေဟပ်ပြီး ငါ့ကိုတောင် ခိုင်းချင်လာပြီ ဟုတ်လား ...

မင်းကို ငါ ဘာတွေပြောထားလဲ၊ မင်းနဲ့ နည်းနည်း လေး လိုက်လိုက်လျောလျော ဆက်ဆံလိုက်တာနဲ့ပဲ ဆက်ဆံ ပုံအချိုးက ပြောင်းလာတာလား ...

ကျွတ် ... မင်းတို့ မိန်းမတွေ အဲဒီအတိုင်းပဲ၊ နည်းနည်းမှ မျက်နှာသာပေးလို့မရဘူး"

"အို ... အဲဒီလိုသဘောနဲ့ပြောတာ မဟုတ်ပါဘူး။ စာရေး ဆရာ ကျွန်မကို အထင်လွဲနေတာပါ"

"ငါက မင်းကို ဘာမှအထင်လွဲစရာ အကြောင်းမရှိဘူး။ မင်းကသာ ကိုယ့်အခြေအနေ ကိုယ်မသိဘဲ ငါ့ကို ပြော ချင်ရာလာပြောနေတာ"

အဲဒီအချိန်မှာ သူမ မျက်လုံးထဲ၌ အဓိပ္ပာယ်တစ်မျိုး ပြောင်းသွားကာ သူ့ကို ရုတ်တရက်ပဲ စိုက်ကြည့်လိုက်လာလေသည်။ မျက်ဝန်းတွေထဲ၌ ဝမ်းနည်းနာကျင်သော အရိပ်အယောင်တွေ



www.burmeseclassic.com

www.burmeseclassic.com



ထင်ဟပ်လို့လာလျှင် သူသည် မျက်မှောင်တစ်ချက် ကြုတ်ကာ ဘာလဲဟု ခပ်ဆတ်ဆတ် ပြန်အော်မိသည်။

မိန်းမတစ်ယောက်က သူ့ကို အဓိပ္ပာယ်တစ်ခု ပါသည့် အကြည့်မျိုးတွေဖြင့် ကြည့်တာကို သူ လက်မခံတတ်ချေ။ သူမက တဆတ်ဆတ်တုန်ယင်နေသော နှုတ်ခမ်းများဖြင့် —

"ဟုတ်ပါတယ် စာရေးဆရာ။ ကျွန်မ မှားသွားပါတယ်။ ကျွန်မဟာ စာရေးဆရာ ငှားထားတဲ့ အခိုင်းအစေတစ် ယောက်ပါ။ ဒီလို အခိုင်းအစေတစ်ယောက်က ကိုယ် မတတ်နိုင်တဲ့ပစ္စည်းတစ်ခုကို လက်ဆောင်ရတဲ့အတွက် ဝမ်းသာလွန်းအားကြီးလို့ ပြောမိပြောရာ ပြောထွက်သွား တာပါ ...

နောက်ကို ဒီလို မဖြစ်စေရပါဘူး။ ကျွန်မ ကိုယ့် အဆင့်ကိုယ် သိပါ့မယ်"

သူမက နောက်ဆုံးစကားကို တိုးတိတ်စွာ ပြောပြီး နောက် လှည့်ထွက်လို့သွားလျှင် သူသည် အားခနဲ အော်ပစ်ချင် စိတ်ကို အထူးချိုးနှိမ်ထားရလေသည်။ ဒီမိန်းကလေးဟာ ဘယ်လို မိန်းကလေးလဲ ...။

သူ ပြောသမျှတွေကို ဘာလို့ ဒီလောက်တောင် အစွယ်ကျိုးပြီး ငြိမ်ခံနေရတာလဲ။ နာတတ်တဲ့ နှလုံးသားမရှိဘူးလား။ ဟင့်အင်း ... အဲဒီလိုတော့ မဟုတ်။ သူမရဲ့ မျက်လုံးတွေထဲမှာ အင်မတန် နာကျင်သွားသော အရိပ်အယောင်တွေကို သူ မြင်တွေ့





က်ရသည်။ ဒါနဲ့များတောင် သူမက ခွန်းတုံ့မပြန်ဘဲ ဘာလို့ ချပြောဆိုသွားရတာလဲ ...။

မိန်းကလေးတစ်ယောက်ကို သူ အင်မတန်ရက်စက် များ ကျသွားခဲ့ပြီလား။ သူသည် စိတ်တွေ အင်မတန် ပ်ထွေး လာရကာ ထမင်းတောင်စားချင်စိတ် မရှိတော့ပေ။ ဘ္ဘက လာခေါ်တာတောင် မစားချင်သေးဘူးဟု ပြေလျှင် ဘ္ဘက သူ့ခံစားချက်တွေကို နားလည်နေသည့်အလား သက်ပြင်း သဲ့သဲ့ချသည်။ ဘာမှတော့မပြော။

သူများက မပြောလျှင် ကိုယ်ကပဲ စပြောတတ်သည့် ူတို့ရဲ့ထုံးစံအတိုင်း သူကပဲ ဝဏ္ဏကို စကားစလိုက်သည်။

"မနက်ဖြန်တော့ ငွေမင်းရည် ရောက်လာပါ့မလား မသိ ဘူး"

"လာမှာပါ၊ မနက်ဖြန်မှာ မင်း စာမူတစ်ပုဒ်ကို ကိုကျော်ဇင် လာယူဦးမှာ မဟုတ်လား။ ၂၈၀၀ ဖတ်ပြီးသား စာမူဆိုတာ လေ"

"အေး ... ဟုတ်သား၊ပဲ၊ အဲဒါကိုတောင် မဖတ်ရသေးဘူး။ အတော်ပဲ အဲဒါဖတ်ရမယ်"

သူက ခုတင်ပေါ်မှ လှူးလဲထလိုက်လျှင် ဝဏ္ဏက သူ့လက်တွေကို ဆွဲထားကာ ...

"မရှိဘူး။ ငွေမင်းရည် ယူသွားတယ်၊ သူ့အိမ်ကနေ ဖတ် လာခဲ့မယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် ... ဒီကောင်မလေးကတော့ သူ့သဘောနဲ့ ... လုပ်သွားပြန်ပြီ"

သူ့ရဲ့ မကျေနပ်သလိုအပြောကို ဝဏ္ဏက တရားခံ သလိုကြည့်ကာ ...

"အရင်တုန်းကလည်း သူပဲ ဖတ်နေရတာ မဟုတ်ဘူးလား ကွာ။ မင်းက ဒီလောက်ပြောထားမှတော့ မင်းကို ဘယ် လာမေးရဲနေပါတော့မလဲ။ လာမေးပြန်ရင်လည်း မင်းက အပိုတွေလာမေးနေပြီ၊ ကိုယ့်အလုပ်ကိုယ် နားမလည်ဘူး လားဆိုပြီး ဟောက်ဦးမယ်။ ဟူး ... ပြောရလည်းခက် တယ် ...

မနက်ဖြန်ကျရင် ကိုကျော်ဇင် ပေးထားတဲ့ MP4 ကို ပြန်ပေးမလို့တဲ့၊ ဒီမှာ ထားသွားတယ်"

"ဘာ ... သူက ဘာကိစ္စနဲ့ ထားသွားရတာလဲ"

"ဒီပစ္စည်းမျိုးတွေက သူတို့လိုလူတွေနဲ့ မကိုက်ပါဘူးတဲ့၊ အသုံးဝင်တဲ့ပစ္စည်းမျိုးလည်း မဟုတ်တဲ့အပြင် နောက်က လိုက်ရမယ့်ကိစ္စတွေအတွက်လည်း မလိုက်နိုင်ဘူးတဲ့ပေါ့ ကွာ၊ အစုံပေါ့။ အဲဒါ ပြန်ပေးရင်း တစ်ခုကိုပဲတောင်းဆို တော့မယ်တဲ့"

"ဘာကိုတောင်းဆိုဦးမှာလဲ၊ ဟား ... ဒီကောင်မလေးကတော့ ဘာတွေ လျှောက်လုပ်ဦးမှာလဲ မသိဘူး"

ဝဏ္ဏက သူ့ကို အဓိပ္ပာယ်ပါပါကြည့်ကာ ...





"အဲဒီဟာအစား မင်းရဲ့ထွက်ပြီးသား စာအုပ်တွေ အစမှ အဆုံးတိုင် အားလုံးကိုပဲ တောင်းမယ်တဲ့"

သူက ဝဏ္ဏကို ရုတ်တရက် ဘာပြန်ပြောရမှန်းတောင် ...တော့ချေ။

စိတ်ရှုပ်စွာဖြင့် မျက်မှောင်ကြီးကိုသာ ကုတ်ချထားမိ ...ည်။ ဝဏ္ဏက သူ ကြားအောင်ပင် သက်ပြင်းတစ်ချက်ကို အသံ ...ယ်ကျယ်ချရင်း ...

"မင်းအနေနဲ့ သူ့ကို သိပ်သဘောမကျဘူးဆိုရင်လည်း ဆက်ရေးခိုင်းမနေနဲ့တော့ပေါ့ကွာ။ မင်းအစား ငါ မျက်နှာ ပူလွန်းလို့ပါ။ မင်းဟာ လွန်ခဲ့တဲ့ရှစ်နှစ်လောက်က ငါ့သူငယ် ချင်း ခေတ်လမင်းမှ ဟုတ်ပါလေစဆိုပြီး သံသယတောင် ဝင်မိတယ် ...

ဒီနေ့ မင်း ပြောလိုက်တဲ့ စကားတွေက အင်မတန် ရက်စက်တယ်"

"ကျွတ် ... ဝဏ္ဏရာ ... ငါ ..."

သူက ဝဏ္ဏကို ဘာပြန်ပြောရမှန်းမသိပေ။ သူ ...ာလိုက်သောစကားတွေဟာ တမင်နှိမ်ချပြောလိုက်တာတော့ ...ုတ်။ ဒေါသစိတ်ကြောင့် ပြောမိပြောရာပြောထွက်သွားခြင်း ...သော်လည်း သူဟာ တခြားတစ်ယောက်ဆိုလျှင်တောင် ဒီလို ...ာမိမှာ မဟုတ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



သည်းခံတတ်မှန်းသိလို့ နိုင်စားသွားမိတာပဲ

"ပြီးတော့ မင်းဟာက အလုပ်ကိစ္စနဲ့ပတ်သက်ပြီး ဆု ပေါက်တာဆိုရင်လည်း တစ်မျိုး၊ အလုပ်ကိစ္စနဲ့လည် ဘာမှ မဆိုင်ဘူး ...

မင်းနှလုံးသားတွေကို မုဏ်းက ဒီလောက်တော နာကျင်အောင်၊ ရက်စက်တတ်အောင် လုပ်ပေးသွားတ ပေါ့ ဟုတ်လား"

"ဟော့ကောင် မဆိုင်တာတွေ ဆွဲမထည့်နဲ့ကွာ"

"ဒီမှာ ဖိုးလမင်း။ ငါပြောနေတာ မင်းနဲ့ ဆိုင်တာ ချည်းပဲပြောနေတာ၊ မဲဆိုင်တာတစ်ခုမှ မပါသေးဘူ မင်း သူများကိုသာ သွားညာရင်ညာလို့ရမယ်၊ ငါ့ကိုတော မင်း ဘာတစ်ခုမှ ညာလို့မရဘူး ...

ဘေးလူဆိုတာ ကာယကံရှင်ထက် ပိုမြင်တတ်တ ဆိုတဲ့စကားကို တစ်ချိန်က မင်းပဲ အများဆုံးပြောခဲ့ဖူးတာ

"အဲဒီတော့ ဘာဖြစ်လဲကွာ"

သူက ဘုပြန်တောလိုက်လျှင် ဝဏ္ဏက သူ့ရင်ဘ နေရာကို စိုက်ကြည့်ကာ တစ်မျိုးပြုံးလေသည်။

"မင်း ကြည့်ရတာ ငွေမင်းရည့်ကို မချစ်မိသွားအောင် အသေအလဲ ခုခံကာကွယ်နေရတဲ့ပုံမျိုးနဲ့တူတယ်"

"ဘာကွ ... မင်း"





သူက ခုတင်ပေါ်မှ ဝုန်းခနဲခုန်ကာ ဝဏ္ဏထံသို့ ကျက်သွားလျှင် ဝဏ္ဏက မျက်ခုံးပင့် ခေါင်းကိုတစ်ချက်ငုံ့ကာ ...

"ဘာလဲ ... မင်းက ငါ့ကို ထိုးချင်လို့လား။ ထိုးချင်ရင်လည်း ပြီးမှထိုး၊ ငါ့စကားကို ဆုံးအောင်နားထောင်၊ မင်းအနေနဲ့ ငွေမင်းရည်ဟာ ဘယ်ဘက်ကမှ အပြစ်ပြောစရာ မရှိတဲ့သူတစ်ယောက်ကို ကောင်းကောင်းမွန်မွန် အလိုက်သင့်ဆက်ဆံရမှာကို မလိုလားဘူး ...

သူနဲ့ တရင်းတနှီး ခင်မင်မိမှာကို မင်း ကြောက်နေတယ်။ လုံးဝကို စည်းတစ်ခုခြား တံ့ပိတ်ထားတဲ့သဘောပဲ။ ငါဆိုရင် ငွေမင်းရည်နဲ့ ဘာမှ တိုက်ရိုက်သက်ဆိုင်တာမဟုတ်ဘူး၊ မင်းနဲ့ ပတ်သက်ပြီးမှ သိကျွမ်းရတာ ...

ဒါပေမဲ့ ခင်ခင်မင်မင် ရင်းရင်းနှီးနှီးပဲ၊ မင်း သူ့ကို ပုံမှန်မဆက်ဆံနိုင်တာကိုက မင်းစိတ်မှာ သူနဲ့ပတ်သက်ပြီး နော်မယ်လ် မဟုတ်တာပဲ"

"ဘာဆိုင်လို့လဲ၊ ငါက သူ့ကို ဘာကိစ္စ ရင်းရင်းနှီးနှီး နေ့နေရဦးမှာလဲ"

"တမင်တကာကြီး လိုက်လုပ်နေရတာမျိုးကို မဆိုလိုဘူးလေ။ လောကကြီးမှာ ဘယ်ကိစ္စမဆို သူ့ဟာနဲ့သူ အစီအစဉ်တကျသွားပြီးသား။ လူတွေက တွေ့ဆုံတာကြာလာရင် ရင်းနှီးခင်မင်တတ်တဲ့ သဘာဝရှိတာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



ငွေမင်ရည်ဟာ မင်းရဲ့ဝန်ထမ်းဖြစ်တာ ခြောက်
ကျော်လောက်ရှိနေပြီ။ ငါနဲ့ဆို မောင်နှမလိုပဲ၊ မင်းနဲ့
ဒီလိုပဲ ဖြစ်ရမှာပဲ ...

ဒါပေမဲ့ မင်းက ရင်းနှီးမှုမှာသာ ပိုမလာတာ
ပေါက်ငမ်းအနိုင်ကျင့်တဲ့နေရာမှာတော့ ပိုပိုဆိုးလာတယ်
ပုံမှန်အနေအထားအတိုင်းပဲ ဆက်ဆံပါကွာ။ မင်းကိုယ်
မညှဉ်းဆဲစမ်းပါနဲ့"

"ငါ နောက်ထပ်တစ်ခါ စိတ်မညစ်ချင်တော့ဘူး"

သူ့ခံစားချက်ကို ဝဏ္ဏက နားလည်သည့်အလေး
သူ့လက်မောင်းတစ်ဖက်ကို ဖျစ်ညှစ်လာကာ ...

"မင်း နှလုံးသားဟာ အပြင်ပန်းမှာ မာကျောဟန်ဆောင်
ထားပေမယ့် တကယ်တမ်းတော့ အခုမှ အသစ်ထပ်မွေးဖွား
လာတဲ့ နှလုံးသားနုနုပေါက်စနလေးပါကွာ ...

ဒဏ်ရာတွေနဲ့ နှလုံးသားက သေသွားခဲ့ပြီးပြီ
နှလုံးသားနုနုလေးကို ဘောင်မခတ်ထားချင်စမ်းပါနဲ့"

"မင်းက တော်တော်သိနေပါလား"

"ခေတ်လမင်း မင်းလောက် အပီအပြင်အချစ်ဝတ္ထုတွေ
ဖွဲ့နေတာလည်း မင်းပဲရှိတယ်။ ဒါနဲ့များတောင် ကိုယ့်နှလုံး
သား အခြေအနေကို ကိုယ်မသိဘူးဆိုရင် စာရေးဆရာ
ခေတ်လမင်းအဖြစ် လုပ်စားဖို့ သိပ်မလွယ်လှတော့ဘူး"

"ဟူး ... မပြောတတ်တော့ပါဘူးကွာ"





သူက စိတ်ပျက်လက်ပျက်ပုံစံဖြင့် ခုတင်ပေါ် ကန့်
န်ဖြတ်လှဲချလိုက်လျှင် ဝဏ္ဏ အပြုံးဖြီးဖြီးနှင့် သူ့မျက်နှာအနား
 တိုးကပ်လာကာ ...

"ခေတ်လမင်း စိတ်ကို ထိန်းချုပ်ရတာနဲ့ နှလုံးသားကို
ထိန်းချုပ်ရတာမှာ နှလုံးသားကို ထိန်းချုပ်ရတာ ပိုပင်ပန်း
ပါတယ်။ လွှတ်ပေးလိုက်စမ်းပါ။ ကြည်နူးစရာကောင်းတဲ့
ကိစ္စတွေကို အပြည့်အဝခံစားပြီး စာတွေရေးပါ"

ဝဏ္ဏက အဲဒီစကားကို ပြောကြားရင်းမှ သူ့လက်ထဲ
သို့ တစ်စုံတစ်ရာကို ထည့်ပေးရင်း တစ်ချက်ပြုံးပြကာ ထွက်သွား
သည်။ သူက လက်ဖဝါးကို ဖြန့်ကြည့်လိုက်လျှင် သူမ ထားသွား
ခဲ့သော အမ်ပီဖိုးစက်ကလေး။ အဲဒီခဏတွင် သူ့မျက်လုံးထဲ၌
မ်းနည်းနာကျင်သွားသော သူမ အရိပ်အရောင်တွေက တန်းစီ
ပြီးပေါ်လာသည်။

မျက်လုံးပြူးပြီး အံ့သြပြတတ်သော တရှင်ရှင် အသံ
တွေကို မကြားချင်တာထက် ကြားမိရင် မခံနိုင်တာမို့ တားမြစ်ခဲ့
တာလား။

ဝဏ္ဏကတော့ သူဟာ သူမကို မချစ်မိအောင် ခုခံ
ကာကွယ်နေရတဲ့သူတဲ့။ စွပ်စွဲသွားသည်။ သူ ဆက်မစဉ်းစားချင်
တော့။ ဒီအချိန်မှာ သူ့စိတ်ကို အပြောင်းအလဲလုပ်သည့်သဘော
ဖြင့် သူက ကွန်ပျူတာကို ဖွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက်မှာတော့ သူ့ကွန်ပျူတာထဲတွင် သိ...
ဆည်း ထားသော သူ့စိတ်ကြိုက် သီချင်းများကို သူမရဲ့ အခ...
စက်ကလေးထဲသို့ တစ်ပုဒ်ချင်း စိတ်ရှည်လက်ရှည် သွင်းထ...
ပေးနေတာပဲ ဖြစ်တော့သည်။

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။





## ၁၃

ငွေမင်သည် စာရေးသားနေရာမှ စားပွဲပေါ်သို့ ...တင်ပေးလိုက်သော အမ်ပီဖိုးစက်ကလေးကို မြင်လျှင် အသာ ...ကြည့်မိတော့ ရှုတည်တည်မျက်နှာပေးနှင့် စာရေးဆရာကို ...ွေ့ရသည်။ ဒီစာရေးဆရာဟာ အင်မတန်ရက်စက်တတ်သော ...ပေပဲ။ သို့သော် ထူးဆန်းအံ့ဩစရာကောင်းတာက သူ့ကို ...မင်စိတ်ဆိုးဒေါသထွက်၍ မရခြင်းပဲဖြစ်သည်။

သူ ဘာပြောပြော ဝမ်းနည်းနာကျင်ရတာသာ အမြင့် ...ဖြစ်တတ်လျက် တော်ရုံလောက်ကတော့ ပန်းနဲ့ပေါက်သလောက် ...ဖြစ်သည်။ မနေ့ကကိစ္စကပေါ့ တကယ့်ကိုပင် ငွေမင် စိတ် ...ကောင်းပါ။

"မင်းက ဒီစက်ကို ကိုကျော်ဇင်ကို ပြန်ပေးမလို့ဆို။ လုပ်မနေနဲ့ တစ်ခါတည်းယူသွား။ ပေးတုန်းကတော့ လက်ခံထား ပြီး နောက်မှ မလိုချင်တော့ပါဘူးဆိုပြီး ပြန်ပေးတာ ကောင်း တဲ့ကိစ္စ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ဒါမျိုးက ..."

"ကဲ ... ကဲ ... သိပ်လည်း ဘဝသရုပ်ဖော်ကားတွေ ရိုး
မနေနဲ့။ အသုံးမဝင်လည်း သိမ်းသာထားလိုက်တော
မင်း မနေ့က ယူသွားတဲ့စာမူ ငါ့ကိုပေး"

စာရေးဆရာက ဘာမှ မဖြစ်သလိုဖြင့် ခပ်တည်တည်
ပြောလျှင် ငွေမင်သည် သက်ပြင်းကို အသာရှိုက်ကာ proof
ပြီးသားစာမူကို ယူပေးလိုက်ရသည်။ စာရေးဆရာက ဟိုဟို
လှန်လှောကြည့်ရင်းမှ ငွေမင့်ကို မကြည့်ဘဲ စကားစသည်။

"မင်းမှာ ရည်းစားရှိလား ငွေမင်ရည်"

ငွေမင်သည် ထင်မထားသော မေးခွန်းကြော
မျက်လုံးပြူးသွားကာ ဘာပြန်ဖြေရမှန်းမသိပေ။ စာရေးဆရာ
ပြောလေဟူသော သဘောဖြင့် ငွေမင့်ကို မေးဆတ်ကာပြသည်

"မရှိ ... မရှိပါဘူး"

"မရှိဘူး !အိုခေ၊ ဒါဖြင့်ရင် ချစ်သူရော"

သူက ငွေမင့်မျက်လုံးထဲသို့ တည့်တည့်စိုက်ကြည့်
မေးလေရာ ငွေမင်သည် အဲဒီမေးခွန်းကို ဖြေဖို့အတွက် အားအင်
မရှိဘဲဖြစ်ရသည်။ ပြီးတော့ ချက်ချင်းလိုပင် ရယ်ချင်လာ
ဒီလိုစကားတွေများလာပုံထောက် ဒါဟာလည်း ချော့နည်းတစ်မျိုး
ပါလားဟု မှတ်ယူရလေသည်။

"ဟင့်အင်း .... မရှိပါဘူး"





"သေချာလား၊ ဒါဖြင့် ချစ်သူဆိုတဲ့ ဝေါဟာရနဲ့ ရည်းစား
ဆိုတဲ့ ဝေါဟာရတို့ ကွဲပြားခြားနားပုံကိုရော သိရဲ့လား"

"သိပါတယ်၊ ရည်းစားဆိုတာက ချစ်သူလောက် မလေးနက်
ဘူး။ ပြီးတော့ သူက တစ်ဦးနဲ့တစ်ဦး အပြေပေးထားပြီး
တွဲတာမျိုးကို ဆိုလိုတာ ...

ချစ်သူဆိုတာကတော့ ကိုယ့်ရင်ထဲက တိတ်တိတ်
ကလေးချစ်နေရတဲ့သူကိုလည်း ချစ်သူလို့ ခေါ်ခွင့်ရှိတာပဲ
လေ"

ငွေမင်ရဲ့အပြောကို စာရေးဆရာက နှုတ်ခမ်းများမှာ
တော့တက်အောင်ပြုံးကာ ခေါင်းတစ်ချက်ညိတ်လေသည်။ ငွေမင်
သည် ကိုယ့်ရှေ့မှာ ဒီတစ်ခါပဲ သူ ပြုံးတာကို မြင်ဖူးသဖြင့် မျက်
တောင်ကာ သေချာအောင်ကြည့်မိသွားသည်။ ဒါတောင် သူက
ငွေမင့်ကို တိုက်ရိုက်ပြုံးပြတာမဟုတ်။ သူ့ဟာသူပြုံးနေတာဖြစ်သည်။

"မင်းဘဝမှာ အချစ်ကို တစ်ခါမှ မကြုံဖူးဘူးပေါ့နော်"

ငွေမင်သည် အထူးအဆန်းတွေ လာမေးနေသော
စာရေးဆရာကို အံ့အားတကြီး ကြည့်နေမိလျှင် စာရေးဆရာက ...

"ငါ မင်းကို အင်တာဗျူးနေတယ်လို့ သဘောထားပြီးဖြေ
ပေးပါ ငွေမင်ရည်။ ငါ စာတစ်ပုဒ်ရေးချင်တယ်။ ဝတ္ထု
တိုလေးတစ်ပုဒ်ပါ ...

မင်းကိုယ်တိုင် လက်နဲ့ပြန်ရေးပေးရမယ့် ဝတ္ထုတိုတစ်
ပုဒ်ပေါ့။ မင်းကို အကြောင်းမဲ့မေးနေတာ မဟုတ်ပါဘူး...



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့လို ဘဝကို ရုန်းကန်နေရတဲ့ မိန်းကလေး
ယောက်ရဲ့ အချစ်အယူအဆ ဒဿနတွေကို သိချင်
မေးကြည့်နေတာပါ"

ငွေမင်းသည် စာရေးဆရာထံက အေးဆေးသက်
သော အပြုံးတစ်ခုနှင့် ကိုယ့်ကို အရေးတယူမေးမြန်းကာ စာ
ပုဒ်ရေးသားတော့မည်ဟူသော အပြောကို မျက်ရည်လည်မတ
ကြည်နူးသွားကာ စာရေးဆရာရဲ့ အဆုအပေါက်တို့ကို မြူတင်
စာမျှပင် အပြစ်မမြင်နိုင်တော့ချေ။

ပြီးတော့ အချစ်ဆိုသော အကြောင်းအရာအတွ
လည်း ရှက်ကိုးရှက်ကန်းဖြစ်မိလေသည်။

"အချစ်ဆိုတာကို မင်း ဘယ်လိုမြင်လဲ"

"အင်း ... အဲဒါ ကျွန်မ တစ်ခါမှ မစဉ်းစားဖူးတဲ့ ခေါ
စဉ်ဖြစ်နေတယ်"

"may be !။ ဒါဆိုရင် ငါ မေးတာကို စဉ်းစား။ အ
ဆိုတာ လူနှစ်ယောက်ကို ချည်နှောင်လား၊ Yes or N
ဖြေလို့ရတယ်"

ဒါကိုတော့ ငွေမင်းသည် တစ်ခဏမျှ စဉ်းစားကာ

"အဲဒီနှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက် ချည်နှော
ချင်တဲ့စိတ်တွေရှိရင် ချည်နှောင်နိုင်တယ်။ သူတို့နှစ်ယော
ကမှ ဒါမှမဟုတ် တစ်ယောက်ယောက်ကမှ ချည်နှောင်
တဲ့စိတ် မရှိတော့ဘူးဆိုရင်တော့ No ပဲ ...





အချစ်ကို ဗန်းပြပြီး ဘာမှ ချည်နှောင်လို့မရဘူးနဲ့
တူတယ်။ ဘာလို့လဲဆိုတော့ အချစ်ဆိုတာ လွတ်လပ်မှု
ရှိတာကိုး"

"ဟုတ်လား။ ဘယ်လို လွတ်လပ်မှုရှိတာလဲ ...
ဆိုပါစို့ မင်းကိုတစ်ခုမေးမယ်။ မင်းအနေနဲ့ ချစ်သူ
နဲ့ ဘဝဟာစ်ခုခုကို ရွေးချယ်ရတော့မယ်ဆိုပါတော့၊ ဘာကို
ရွေးချယ်မလဲ"

ဒါကိုတော့ ငွေမင်းသည် လေးလေးနက်နက် စဉ်းစား
ကာ ဘစ်လုံးချင်းပြောမိလေသည်။

"ကျွန်မအတွက်ကတော့ အချစ်နဲ့ဘဝ တင်ထပ်ကည်းကျနေ
တယ်လို့ မြင်တယ်။ ဘာလို့လဲဆိုတော့ ကျွန်မဘဝမှာ
ဘဝဆိုတာကိုလည်း ရေရေရာရာ ပိုင်ဆိုင်ရခြင်းမရှိသလို
အချစ်ဆိုတာကိုတော့ ဘာမှန်းတောင် မသိရတဲ့အခြေအနေ
ဘစ်ခုပါ ...

ကိုယ့်ဘဝကိုယ် ကျောင်းနေရတဲ့သူမို့ ကျွန်မ ၇လုံး
သားက တကယ်ချစ်မြတ်နိုးတဲ့ လူတစ်ယောက်ကို တွေ့လာ
ခဲ့ပြီဆိုရင် ကျွန်မ အချစ်ကိုပဲ ရွေးချယ်မိမယ်ထင်တယ်။
ဒါဟာ ရူးမိုက်တာမဟုတ်ဘူး။ တန်ဖိုးထားတာ။ ကျွန်မ
ချစ်သူကို တန်ဖိုးထားတာပါ"

ငွေမင်းသည် အဲဒီအပြောလေးကို ပြောပြီးလျှင်
ကြက်သီးမွေးညင်းများတောင် ထမိလေသည်။ ဟုတ်တယ်။ ငွေမင်

www.burmeseclassic.com



မှာသာ ချစ်သူရှိခဲ့လျှင် သူ့ကို တမြက်တနိုးနဲ့ တန်ဖိုးထားချ
မှာအမှန်ပါပဲ။ ငွေမင်ဟာ လောကကြီးထဲမှ ဘာမှ သိပ်များများ
စားစား မမျှော်လင့်ပါ။ ဆရာဝန်တစ်ယောက်ဖြစ်ခွင့်ရကာ အေ
ချမ်းသာယာသောကာဝလေး၌ ချစ်ကဲ့သူတစ်ယောက်နှင့်သာ ဆုံ
ခွင့်ရမည်ဆိုလျှင် ကျေနပ်နိုင်ပြီဖြစ်သည်။

ငွေမင်သည် ကိုယ့်အတွေးနဲ့ကိုယ် ကျေနပ်စွာ ပြုံး
မှ စာရေးဆရာကို အမှတ်တမဲ့ ကြည့်ဖြစ်လျှင် ကိုယ့်ကို ငေး
ကြည့်နေသော အဲဒီအကြည့်ဘွေရဲ့ စိုက်ကြည့်မှုအောက်တွ
ငွေမင့် နှလုံးသားတစ်ခုလုံး လှုပ်ရှားသွားသည်။

ဘုရားရေ ... ဒါ ရင်ခုန်နေတာပါလား။ ရင်ခုန်
တာပါလား။ ငွေမင်က နောက်ထပ်တစ်ခါ အလန့်တကြား
ကြည့်မိလျှင် စာရေးဆရာက သင့်ခ်ယူပုဟု ခပ်တိုးတိုးပြော
အသာထ၍ ထွက်သွားခဲ့လေသည်။

❧ ❖ ❧





အခုနောက်ပိုင်းမှာ စာရေးဆရာဟာ ငွေမင့်ကို
ခေါက်အံ့မေးတွေ သိပ်မလုပ်တော့ချေ။ တစ်ခါတုန်းက ကိစ္စ
ကြောင့် အားနာသွားတာလား၊ သနားသွားတာလား ဘာမှန်းတော့
ကွဲကွဲပြားပြားမသိရ။ သူ့ဟာသူ ပြောစရာရှိတာပြော၊ မေးစရာရှိတာ
နှင့် အေးအေးဆေးဆေးပဲဖြစ်သည်။ ဒီအတွက်လည်း ငွေမင်က
စိတ်ချမ်းသာရပါသည်။

ဒါကြောင့် စာရေးဆရာအလစ် ထမင်းစားချိန်တွင်
ဝဏ္ဏကိုတောင် ဖွင့်ပြောပြလေးသည်။ ကိုဝဏ္ဏဆိုသူကတော့
အချိန်တွင် ငွေမင်ရဲ့မိတ်ကောင်းဆွေကောင်း အစ်ကိုအရင်းတစ်
ယောက်လို ရင်းနှီးခင်မင်နေသူဖြစ်နေချေပြီ။ စာရေးဆရာနှင့်
ငွေမင့်ထဲတွင်သာ ဘာစည်းမှန်းမသိသော စည်းတစ်ခုက ခြားနား
နေသေးတာဖြစ်သည်။

"ကိုဝဏ္ဏ ခုတလောလေ စာရေးဆရာကြီး စိတ်ကောင်း
ဝင်နေတယ်နော်"

"ဘောင်မယ် ... နင်ကများ ငါ့သူငယ်ချင်းကို။ ငါ့သူငယ်ချင်း
က ဘယ်တုန်းက စိတ်ပုပ်လို့လဲ၊ ပြန်ပြောလိုက်ရမလား"



www.burmeseclassic.com

www.burmeseclassic.com



ကိုဝဏ္ဏ နောက်မှန်း သိသိကြီးနှင့်ကို ငွေမင့်
မျက်လုံးပြူးမျက်ဆံပြူးဖြင့် ...

"အမလေး ... သွားတော့မပြောလိုက်ပါနဲ့"

"ဟာ ... ဟ နင့်ကြည့်ရတာ ဖိုးလမင်းကို တော်တော်
သန့်ပုံပဲ။ အလကားနောက်တာပါဟာ၊ ဒီကောင့်အကြောင်
ငါ သိပါတယ်။ စကားပြောရင် သူများကို စိတ်ချမ်းသ
အောင် သိပ်မပြောတတ်ဘူး ...

နင်နဲ့ စတွေ့ခါစ အချိန်ကွေတုန်းကတော့ ဒီကော
လုံးဝ မျောနေတာဟ၊ စိတ်တွေက ကြွပ်ဆတ်နေတာပဲ
တော့ သည်းခံရတာပေါ့ ...

နင့်ကိုလည်း တော်တော်ချီးကျူးတယ်ဟာ၊ တော်
တော်ကို သည်းခံနိုင်ကယ်နော်"

ငွေမင်သည် ကိုဝဏ္ဏရဲ့အပြောကို ပြုံးပြုံးလေး
ပင် ...

"ဪ ... သူက ငွေမင် နှင်သက်တဲ့ စာရေးဆရာပဲလေ
သူ စိတ်ကောင်းရှိတာလည်း ယုံတာလည်း ပါတာပေ
ပြီးတော့ စာရေးဆရာဆိမှာ အလုပ်လုပ်ရတာ စိတ်ချ
သာတယ်လေ၊ ငွေမင့်အတွက်လည်း အစစအရာ
အဆင်ပြေတော့ ဒီလိုပဲ သည်းခံရတာပေါ့။ ပါးစပ်
ပြောတာလေးကိုကတော့ ငွေမင်ဂရုက မမှုပေါင်"





"ဟွန်း ... ကြားရဲ့ရင် အဆန်းချည်းပဲ၊ ဒီလောကအပြောဆိုး၊
စိတ်ကြောင်တဲ့ စာရေးဆရာဆိမှာ အလုပ်လုပ်ရတာများ
စိတ်ချမ်းသာသတဲ့၊ ဒါကြောင့် မြန်မာစကားပုံရှိတာ၊
အရိုးကွဲအောင်ရိုက်မှ အသည်းစွဲအောင် ချစ်တယ်ဆိုတာ
ဖြစ်နိုင်တယ်။ နင်လည်း အဲဒီလို မိန်းမမျိုးထဲကပဲ နေမှာ"

ငွေမင်သည် ကိုဝဏ္ဏရဲ့ စကားကြောင့် မျက်နှာရဲ
အောင်ပင် ရှက်သွားရလေသည်။ တစ်ချိန်တည်းမှာပင် အမိပ္ပာယ်
တစ်မျိုးနှင့် ကြည့်တတ်သော စာရေးဆရာရဲ့အကြည့်တချို့ကို
ပြင်ယောင်လာလျက် နှလုံးသားထဲသို့ တစ်ခုတစ်ခုက ဖြတ်စီးပြီး
ဝင်ရောက်လာသည်။

ကိုဝဏ္ဏက ဘာကိုရည်ရွယ်ပြီး ပြောနေတာပါလိမ့်။
စာရေးဆရာနဲ့ ကိုဝဏ္ဏက နှစ်ကိုယ့်တစ်စိတ်တွေမို့ ကိုဝဏ္ဏက
တစ်ခုခုကို သတိထားပြီး အာ ... ငွေမင် ဆက်မတွေးရဲတော့ချေ။
ငွေမင်သည် မျက်နှာခ်နီနှင့်ပင် ...

"ကိုဝဏ္ဏနော် ... ဘာစကားကြီး ပြောနေတာလဲ။ ငွေမင်
က ရိုးရိုးသားသားပြောတာ"

"ဟင် ... ဘယ်သူကရော ဆန်းပြားနေလို့လဲ။ ဖိုးလမင်း
ဆိုတဲ့ကောင်က ဘာစတိုင်လဲမှန်းကိုမသိဘူး။ မိန်းကလေး
တွေနဲ့ စကားပြောရင် အရေးမစိုက်သလို ဘာလိုလိုနဲ့၊
သူ့ရည်းစားနဲ့ဆိုလည်း တစ်ချိန်လုံး ရန်ဖြစ်သက်ပုတ်နေ
ကြတာ"



www.burmeseclassic.com

www.burmeseclassic.com



ငွေမင်သည် တစ်ခါမှ မကြားဖူးသော ခေါင်းစဉ် အဆန်းကြောင့် မျက်လုံးပြူးလျက် စိတ်ဝင်တစား အံ့အားသင့် သွားကာ ...

"ဟင် ... စာရေးဆရာက ရည်းစားရှိလားဟင်"

"အရင်တုန်းကပါဟာ၊ ပြတ်သွားတာ တစ်နှစ်လောက် တောင်ရှိပြီ။ သူက သူ့ရည်းစားကိုတောင် အလျှော့ပေးသည် ခံခဲ့တာ မဟုတ်ဘူး။ ဒါကြောင့် အရိုးကွဲအောင်ရိုက် အသည်းစွဲအောင်ချစ်တယ်ဆိုတာ အဲဒါကို ဆိုလိုတာ"

ငွေမင်သည် မျှော်လင့်မထားသော စာရေးဆရာ နှလုံးသားရေးရာကိစ္စကို ကြားရလျှင် သိချင်စိတ်ဖြင့် ရင်တွေ တောင် တဒိန်းဒိန်းခုန်လာရလေသည်။ ဘုရားရေ ... အမြဲတမ်း မှုန်ဟင်းနေတဲ့ စာရေးဆရာထံမှာ ချစ်သူတစ်ယောက် ရှိခဲ့ဖူးသတဲ့ စာရေးဆရာဟာ သူ့ချစ်သူကို ဘယ်လိုနှလုံးသားမျိုးနဲ့ ချစ်ခဲ့တာ ပါလိမ့်။ ပြီးတော့ ဘယ်လိုနားလည်မှုတွေကြောင့် ဝေးသွားကြရတာ ပါလိမ့်။

ငွေမင်သည် အထူးအဆန်းသတင်းကို စပ်စုလိုက် သည်။

"ဘာလို့ ပြတ်သွားကြတာလဲဟင်"

"အင်း ... မုဏ်းဘရဏီက တိုးတက်ချင်စိတ် အရမ်းကြီး တယ်ဟ။ သူတို့ဖြစ်တာ သုံးနှစ်လောက်ရှိပြီဆိုတော့ လက် ထပ်ဖို့ ပြောကြဆိုကြမှာပေါ့ဟာ ...





မုဏ်းဘရဏီက အမေရိကားကို ထွက်ဖို့လုပ်နေတာ အဆင်ပြေတယ်လေ၊ အဲဒါ နောက်ဆုံး ကုန်ကုန်ပြောရရင် တော့ဟာ ဟိုကောင်က လုံးဝ မလိုက်နိုင်ဘူး၊ ဘယ်သူက မှ မလျှော့ကြတော့ ပြတ်ကရော ဘိုင့် ဘိုင် လုပ်ကြတာပေါ့၊ အဲဒါပဲ"

ငွေမင်ဟာ သုံးနှစ်ဆိုသော ချစ်သူကာလကို ကြား နှမြောတသစွာဖြင့် ...

"ဟယ် ... သုံးနှစ်ကြီးများတောင် ချစ်လာခဲ့ပြီးမှ ဘာလို့ ကွဲသွားရတာလဲ။ နည်းနည်းပါးပါးတောင် မညှိကြဘူးလား ဟင်"

"တစ်ယောက်က ဟိုနိုင်ငံကိုမှ မထွက်ရရင် သေမလိုဖြစ်နေ တယ်၊ တစ်ယောက်က ဒီက စာရေးဆရာဘဝကို သေ တောင် မစွန့်လွှတ်ဘူး။ ဘယ်လိုလုပ် ညှိလို့ရတော့မှာလဲ ဟာ"

"ဒါဆို စာရေးဆရာက အသည်းကွဲသွားတာပေါ့"

"အသည်းကွဲတယ်လို့တော့ မဟုတ်ဘူးပေါ့ဟာ။ ခံတော့ ခံစားရတာပေါ့၊ စိတ်လေတာပေါ့။ ဘယ်သူပဲဖြစ်ဖြစ်ပေါ့ ဟာ ကိုယ် တကယ်ချစ်တဲ့ ရည်းစား လက်ထပ်ဖို့ ရည် ရွယ်ထားတဲ့ချစ်သူနဲ့ လုံးဝ လမ်းခွဲလိုက်ရတာ ဘယ့်နှယ်မှ မနေပါဘူးဆိုတဲ့လူတော့ ဘယ်ရှိပါ့မလဲ ...



www.burmeseclassic.com

www.burmeseclassic.com



အရမ်းကြီး မခံစားရတောင် တဆစ်ဆစ်တော့ ဖြ
နေမှာပဲ။ အဲဒါနဲ့ ဒီကောင် ပုဂ်ကို ထွက်သွားတာ အဲဒီ
အပြန် ကားအက်ဆီးဒင့်ဖြစ်တာပေါ့ဗျာ"

"ဪ ..."

ငွေမင်ရဲ့ မျက်လုံးထဲတွင် စာရေးဆရာရဲ့ ကျစ်ကျ
ကန် မာကျောကျောသဏ္ဌာန်ကို မြင်ယောင်လာကာ သနားကရုဏာ
သက်လာရသည်။

တစ်ချိန်တည်းမှာပဲ အချစ်ကိုခံစားဖူးတယ်ဆိုသော
စာရေးဆရာရဲ့ (တစ်ချက် တစ်ချက်) နူးညံ့ရီဝေသော မျက်လုံးများ
ကို မြင်ယောင်ကာ အမျိုးအမည်မဖော်ပြနိုင်သော ဝေဒနာတစ်ရပ်ကို
ခံစားလိုက်ရသည်။

ဒါဟာ ဘာလဲဆိုတာတော့ ငွေမင် မဆန်းစစ်တတ်
ချေ။

"ဒါဆို စာရေးဆရာက မိန်းမတွေကို စိတ်နာနေတာပေါ့
နော်"

"ဟား ဟား ဟား ... အဲဒီလိုတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့
ဘယ်လိုပြောရမလဲ၊ သူ့စိတ်ထဲမှာ မိန်းမတွေက ဒီပုတ်ထဲက
ဒီပဲ,ပဲလို့ သဘောထားလို့နေမှာပေါ့ ...

ဒါကြောင့် မိန်းမတွေဆို သိပ်သည်းမခံတတ်ဘူး။
တချို့ဆို ဒီကောင့်ဟန်းဒ်ဖုန်းနံပါတ်တွေ ဘယ်လိုလုပ်ရ





သလဲတော့ မပြောတတ်ဘူး၊ ရိုးရိုးသားသားဆိုရင်တော့
အေးဆေးပဲ၊ အလိုက်အထိုက်ပေါ့။ ညတုတုတွေဆိုရင်တော့
ပြတ်ပြတ်ပဲ။ သွား ကျောင်း ဆောရီးဆိုပြီး လုပ်ဘာ"

"ဪ ... ဪ ... ဪ ... ဒီလောက်တောင်ပဲလား"

ငွေမင်သည် အခုမှ ထပ်သိလာရသော စာရေးဆရာရဲ့
...လုထူး အကျင့်စရိုက်များတွင် ခေါင်းတညိတ်ညိတ် ရှိနေရသည်။
...ယ့်ဆက်သာသော မိန်းကလေးတွေကိုတောင် ဒီလို ဒီလိုတွေ
...က်ဆံသည်ဆိုမှတော့ ငွေမင့်ကို ပြောတာဆိုဘာလောက်တော့
...းစားချင်နေ၍မရတော့ပေ။ သို့သော် စာရေးဆရာ ခေတ်လမင်း
...့ ထူးခြားချက်သည် အဲဒီ ခပ်မာမာ ခပ်တည်တည်စတိုင်လ်ဟာ
...ဒကြောင့်သက်သက်သာဖြစ်လျက် စိတ်ထား ကိုယ်ကျင့်တရား
...တော့ ကောင်းမွန်ပုံထွက်လို့နေတာကြောင့် သူ့ပုံစံနှင့် အပြော
...ဆိုကို ဘယ်လိုမှ အပြစ်ယူ၍ မရခြင်းပဲ ဖြစ်ပေလိမ့်မည်။

"နောက်တော့ နားလည်လာမှာပါဟာ၊ နင့်ကိုတော့ သူက
သဘောကျပုံရပါတယ်"

ငွေမင်က ရှက်ပြုံးလေး စွန်းစွန်းဖြင့် ...

"ဘာကို သဘောကျတာလဲ၊ သူ ပြောသမျှ ငြိမ်ခံနေလို့လား"

"မဟုတ်ဘူး။ အလုပ်မှာ တော်တာ၊ ကိုယ့်ဘဝအတွက်
ကြိုးစားရုန်းကန်နေရတာ၊ ရိုးရိုးသားသားနည်းလမ်းနဲ့ပေါ့
ဟာ၊ နောက် သူ့အတွက် အကြံဉာဏ်တွေ ပေးနိုင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အံ … ဟုတ်လား၊ အဲဒါကို သူက ကြိုက်တယ်တဲ့လား ပြောတော့ ငွေမင့်ကို လျှာမရှည်နဲ့ ဆရာမလုပ်နဲ့တဲ့ ကိုဝဏ္ဏကြီး ငွေမင့်ကို ချွန်နေတာတော့ မဟုတ်ပါဘူးနော်"

"ကျွတ် … နင့်ကို ငါက အချွန်နဲ့မ,ပါ့မလားဟ၊ တကယ် ပြောနေတာ၊ မယုံရင် ဆက်လုပ်ကြည့်၊ စေတနာဆိုတာ ရောင်ပြန်ဟပ်ပါတယ်ဟ"

ငွေမင်သည် ကိုဝဏ္ဏရဲ့ စကားကို မျက်ခုံးတစ်ချက် ပင့်ပြီးကာ လက်ဖျောက်တစ်ချက်တီးရင်း ထောက်ခံလိုက်လေသည်။

ဟုတ်ပေသား။ ဒီစကားကို ငွေမင့် ဘာကြောင့် မေ့နေခဲ့မိပါလိမ့်။ လောကမှာ အချစ်ဆိုတာ ရောင်ပြန်ဟပ်ဖို့ မသေချာ။

သံယောဇဉ်ဆိုတာ ရောင်ပြန်ဟပ်ဖို့ မရေမရာ။

စေတနာနဲ့ မေတ္တာကတော့ ဖျော်လင့်ခြင်းကင်းလေ သမျှ မြင့်မြတ်ကြီးမားလေသမျှ ရောင်ပြန်ဟပ်ဖို့ အသေအချာဆုံးပဲ ဖြစ်တော့သည်။





# ၁၄

ညက ဘာသာပြန်စာအုပ်အထူကြီးတစ်အုပ်ကို သုံးနာရီလောက်အထိ အပြီးဖတ်ပစ်လိုက်သဖြင့် ဒီနေ့မနက် သူ ထ,ချိန်ဟာ ဆယ်နှစ်နာရီ ဖြစ်လို့နေသည်။ လန်းဆန်းသွားအောင် ရေချိုးလိုက်သော်လည်း ခေါင်းကိုက်ခြင်းက ပျောက်မသွားပေ။ အထူးသဖြင့် ခေါင်းတစ်ခြမ်းက ပိုကိုက်နေလျက် သူက ကိုက်နေသော ခေါင်းတစ်ခြမ်းကို ဖိကိုင်ကာ ထမင်းစားခန်းထဲသို့ ဝင်ရောက်လာခဲ့သည်။

ထမင်းစားခန်းထဲတွင် ငွေမင်ရည်က ထမင်းစားနေပြီး ဝဏ္ဏက မတ်တတ်ရပ်ကာ တစ်စုံတစ်ခုကို လုပ်နေရာမှ သူ့ကိုမြင်တာနှင့် …

"ဟော … ညမင်းသား နိုးလာပြီလား၊ ဘာဖြစ်လာတာလဲ၊ အိပ်ရေးမဝဘူးလား"

သူက စားပွဲမှာ ဝင်ထိုင်လိုက်ရင်း ခါတ်ဘူးထဲမှ ကော်ဖီကို ငှဲ့ကာ …



www.burmeseclassic.com

www.burmeseclassic.com



"အိပ်ရေးဝတာ ဝပါတယ်။ ခေါင်းအရမ်းကိုက်နေလို့ကျ
လုပ်ပါဦး၊ ငါ့ကို ဆေးတိုက်စမ်းပါ"

"ဪ ... မင်းကလည်း ဖြစ်တာနဲ့ ဆေးသောက်ဖို့
အရင်ပဲ၊ ဒီမှာ ဒေါက်တာအလောင်းအလျာကြီး တစ်ယော
လုံး ရှိနေတဲ့ဟာပဲ၊ သူ့ကို မေးပေါ့၊ ငွေမင်းရည် ငါ့သူင
ချင်းကို ကုပေးလိုက်စမ်းပါဟာ"

ငွေမင်းရည်က ဘာမှ မပြောရသေး သူက ကျွတ်
စုတ်သပ်ကာ ...

"ကျွတ် ... မင်းကလည်းကွာ၊ ကဲ ... ပေးစမ်းပါ"

သူက လက်ဟန်နှင့်ပါ လှမ်း၍ တောင်းလိုက်လျှ
သူမက ထမင်းချိုင့်ကို လက်စသတ်ပြီး ပိတ်လျက် စကားဝိုင်း
သို့ ဝင်ရောက်လာသည်။

"ဆေးဆိုတာ ဖြစ်တိုင်းသောက်ရင် သိပ်မကောင်း
စာရေးဆရာရဲ့။ စာရေးဆရာက ခေါင်းအမြဲကိုက်တ
တယ်နဲ့တူတယ်"

သူက သူမကို မျက်လုံးလှန်ကြည့်တုန်းမှာပဲ
အစား ဝဏ္ဏက ဝင်ရောက်ဖြေပေးလာသည်။

"ခေါင်းကိုက်တာကတော့ ပြောမနေနဲ့၊ သူ့စတိုင်လ်
ဖြစ်နေပြီ။ အိပ်ရေးတွေပျက်တော့ အဲဒါမျိုး ခဏခဏ
တယ်။ အရင်တုန်းကဆို ပိုဆိုးတာပေါ့။ ခေါင်းတင်မက
လက်လည်းကိုက်၊ မျက်ရိုးလည်းကိုက် ...





ဇက်ကြောကထိုး၊ အကုန်ဖြစ်နေတာ၊ စာရေးဆရာ
လုပ်စားရတာလည်း သိပ်တော့မလွယ်လှဘူး"

"စာရေးတဲ့အလုပ်က ကိုယ့်ခံစားချက်ရှိတဲ့ အချိန်မှာ ရေး
တာကောင်းတယ်ဆိုပေမဲ့ ကျန်းမာရေးထိခိုက်တဲ့အထိဆို
ရင်တော့ မကောင်းဘူးပေါ့ ...

လူတစ်ယောက်က သတ်မှတ်ထားတဲ့ အိပ်ချိန်
အတွင်းမှာ အိပ်ရေးဝဖို့လိုအပ်တယ်၊ ညဆယ်နာရီကနေ
မနက်ခုနစ်နာရီအထိ အိပ်ရေးဝဝအိပ်နိုင်ရင် Beauty Sleep
ပေါ့ ...

အိပ်ရေးပျက်လွန်းတာ အိပ်ချိန်တွေ ကမောက်ကမ
ဖြစ်တာဟာ ကြာရင် ကျန်းမာရေးအတွက် သိပ်ထိခိုက်
တယ်၊ မကောင်းဘူး"

"ကဲ ... အမိ ဒေါ်ဒေါက်တာအလောင်းအလျာ၊ မင်းပေးတဲ့
လက်ချာတွေကို နားထောင်ရမှာလား၊ ဆေးသောက်ရမှာ
လား ...

ဝဏ္ဏ မင်းကလည်း အဆင်းကို ဘီးတပ်ပေးနေ
သလား"

ဝဏ္ဏက စပ်ဖြဲဖြဲရယ်နေသော်လည်း သူမက သူ့ကို
ငုံခံခနဲပြုံးပြလိုက်လျှင် သူသည် အဲဒီအပြုံးတစ်ခု၌ ခေတ္တမျှ
ငေးစိုက်သွားရာသည်။ အဲဒီအပြုံးလေးဟာ ဆွဲဆောင်မှုအား ရှိသည်
ထက် လန်းဆန်းတက်ကြွသော ချစ်စဖွယ် ဒေါက်တာငယ်



www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ယောက်၏ လူနာတစ်ယောက်ကို အားပေးပုံမျိုး...
ပို၍ တူလေသည်။

သူသည် တစ်လက်စတည်းမှာပင် သူ ဘယ်လော...
ဆူဆူ ဝေါက်ဝေါက် အပြုံးမပျက်တတ်သော၊ အလွန်ဆုံး မျ...
နာလေး ညှိုးသွားရုံမှအပ မပိုတတ်သော သူမကို ဂရုတစိ...
ကြည့်ဖြစ်သွားသည်။ အနက်ခံပေါ်တွင် အဖြူရောင်ဘောလုံးပြော...
လေးများပါသော ပိတ်စကို လည်ထောင်ပုံစံ ချုပ်ဝတ်ထားသော
သူမရဲ့ပုံစံလေးမှာ သပ်သပ်ရပ်ရပ်နှင့် ရှင်းသန့်သော အသွင်သဏ္ဌာ...
ကို ပေါ်စေသည်။ အင်း ... ဒီကောင်မလေး ဆရာဝန်ရုပ်ပေါ်...
သားပဲ။

မျက်နှာသည် သူ မြင်ဖူးတွေ့ဖူးနေကြ မျက်နှာမျ...
လို မဟုတ်ဘဲ သနပ်ခါးပါးပါးကိုသာ ညီညီညာညာ လိမ်းကျံထာ...
သဖြင့် ဖြူဖြူဝင်းဝင်းလေးပဲရှိနေသည်။ နှုတ်ခမ်းနီဆိုးမထားသော်
လည်း သွေးရောင်လွှမ်းနေသည့် နှုတ်ခမ်းထူထူများသည် ပြုံးပြလိုက်
တိုင်း အားပေးသလို ခံစားမှုကို ရစေသည်။

သူက မျက်နှာလွှဲလိုက်လျှင် သူမထံမှ စကားသံ
ထွက်လာသည်။

"ရောဂါဖြစ်တိုင်း ဆေးသောက်တာက မကောင်းဘူး စာရေး...
ဆရာရဲ့၊ ရောဂါမဖြစ်နိုင်အောင် ကာကွယ်ရှောင်ရှားပြီး...
အတတ်နိုင်ဆုံးနေသင့်တယ်၊ အခု ကျွန်မပေးမယ့်ဆေးနည်း...
က အရမ်းကောင်းတယ်၊ ချက်ချင်း ပျောက်တာ"





"အသက်လား ခုလောလောဆယ်တော့ အသက်ပျောက်ဖို့ပဲ
များနေပြီ၊ ခေါင်းက တစ်ခြမ်းကိုက်နေရာကနေ တစ်ခေါင်း
လုံးဖြစ်နေပြီ"

သူမက ပိုရန်ကောဟူသော အပြုံးမျိုးဖြင့် မျက်လုံး
...ကို ထောင့်ကပ်ပြီး တစ်ချက်ကြည့်လိုက်လျှင် သူ့ရင်ထဲသို့ ဖြတ်
...င်းသွားသော ခံစားချက်ကို ဘာသာမပြန်တတ်ပါ။

"စာရေးဆရာကြီးကလည်း နလိုက်တာ။ ကိုဝဏ္ဏ ကျွန်မ
ကို သံပရာသီးတစ်လုံးလောက် ပေးကြည့်ပါလား"

သူ ပြောသလို လိုက်ပြောသော သူမကို သူက
...တစ်ချက်လှမ်းကြည့်လိုက်သော်လည်း သူမက သူ့ကို ကြည့်မနေ
...။ ဝဏ္ဏထံကိုသာ ပြုံးပြုံးနှင့် လက်ဝါးဖြန့်၍ သံပရာသီးတောင်း
...သည်။ ဝဏ္ဏကတော့ ဘာမှ မပြောချေ။ ရေခဲသေတ္တာထဲက
သံပရာသီးတစ်လုံးကို သွားယူပေးလျှင် သူမက ချက်ချင်းပဲခွဲကာ
...စေ့တွေကို ထုတ်ယူလိုက်သည်။

ပြီးလျှင် ကြိတ်ခြေပစ်လျက် သူ့အနားသို့ ရောက်
...ကာ ...

"ကျွန်မ စာရေးဆရာကို ဆေးကုပေးတယ်လို့ပဲ သဘော
ထားလိုက်ပေါ့နော်၊ ဒီအတိုင်းလေးပဲ ထိုင်နေပါ"

သူက ဘာပြောရမှန်းမသိဖြစ်နေတုန်းမှာပဲ သူမက
သူ့နောက်တွင် ဝင်ရပ်လိုက်ကာ ကြိတ်ခြေထားသော သံပရာသီး
...စေ့အရည်များကို သူ့နားထင်၌ သုတ်လိမ်းပေးလိုက်တာဖြစ်...



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူဟာ မျက်လုံးပြူး ခန္ဓာကိုယ်တောင့်မတ်သွားပြီး
ကို လှမ်းကြည့်မိလျှင် ဝဏ္ဏကလည်း သူ့ကို မသိမသာ ပခုံးတွန့်
ပြသည်။

သူမက နားထင်နှစ်ဖက်ကို လက်နှစ်ဖက်နှင့်ထော
ကာ လက်မနှင့် ဖိုက်ခြေလျက် စိမ့်ဝင်အောင် လုပ်ပေးရင်းမှ ...

"နောက်ကိုမှတ်ထား စာရေးဆရာ၊ ဆေးတွေ သိပ်မသော
နဲ့၊ ကြာရင် ဆေးယဉ်သွားမယ်၊ ဒီလိုမျိုးပဲလုပ်ပေး ...
အခု ကော်ဖီမသောက်တော့နဲ့လေ၊ ထမင်းပဲ
လိုက်၊ ဆယ့်နှစ်နာရီဆိုတာ နေ့ခင်းစာထမင်း စားသင့်
ပြီ၊ အစာစားတာ အချိန်မမှန်ရင် ကြာရင် ဂစ်စထ
ဖြစ်လိမ့်မယ်နော်"

သူမက ပြောပြီးတာနှင့် သံပရာခြမ်းများကို ညှ
ကာ သံပရာရည်ဖျော်နေသေးသည်။ ဝဏ္ဏကလည်း ထမင်းမ
ရသေးသူမို့ သူနှင့်အတူတူစားဖို့ ပြင်ဆင်နေရင်းမှ သူမကို လှ
နောက်သည်။

"ငါက ဆရာဝန်တစ်ယောက်က ခေါင်းကိုက်ပျောက်အော
ကုပေးမယ်ဆိုတာကို အထင်တကြီးနဲ့ စောင့်ကြည့်နေတာ
ဟား ဟား ... နောက်ဆုံးတော့ သံပရာသီးတစ်လုံးနဲ့
သွားတာကိုး"

"ကိုဝဏ္ဏနော် ပညာကို မစော်ကားနဲ့၊ သဘာဝရဲ့စွမ်းအ
တွေကမှ တကယ်ထက်မြက်တာ၊ ကိုဝဏ္ဏကို ဂျာနယ်ကျော်





မမလေး ရေးတဲ့ "မြန်မာ့တိုင်းရင်းဆေးပညာ" ဆိုတဲ့ စာအုပ်
ပေးဖတ်ရဦးမယ် ...

အုန်းဆံဖတ် တစ်ခုတည်းနဲ့ လူတစ်ယောက်ရဲ့
အသက်ကို ကယ်ခဲ့တာတောင်ရှိတယ်၊ အသုံးပြုတဲ့ပစ္စည်း
ကို ကြည့်ပြီး အထင်မသေးရဘူး၊ အဲဒီပစ္စည်းနဲ့ ကုတတ်တဲ့
လူရဲ့အရည်အချင်းကို အသိအမှတ်ပြုရမှာ"

"အမလေးဟာ ပေးလိုက်တဲ့ လက်ချာ၊ ဟုတ်ပါပြီ ...
ဟုတ်ပါပြီ၊ နောက်ကို တိုင်းရင်းဆေးဘက်တောင် ကူးသွား
မယ်ထင်တယ်"

သူမက ဒါကိုတော့မပြောဘဲ ပခုံးတွန့်ကာ ရယ်မော
နေသည်။ သူသည် အဲဒီရယ်နေသောမျက်နှာလေးကို ငေးရင်း
ရင်ထဲတွင် တစ်စုံတစ်ရာဖြင့် ပြည့်နှက်လာသည်။ မိန်းမငယ်
လေးတစ်ယောက်၏ အေးချမ်းသောမျက်နှာအနေအထားကို သူ
မှုပင် လေ့လာဖူးတော့သည်။

သူမက သံပရာရည်ဖျော်ရင်းမှ သူ့ထံသို့ တစ်ချက်
ကြည့်လိုက်လျှင် သူက မျက်နှာလွှဲရမလိုဖြစ်သွားသည်။
သော် သူမက အလွှဲမခံဘဲ အပြုံးနှင့် မေးဆတ်ကာ ...

"ဘယ်လိုလဲ သက်သာလား"

"အင်း"

သူ့ရဲ့ မပီသ မသဲကွဲသော အသံကို သူမက နား
ည်စွာပြုံးကာ သံပရာရည်ခွက်ကို သူ့နံဘေးမှာ ချပေးရင်း...



www.burmeseclassic.com

www.burmeseclassic.com



"ထမင်းစားပြီးရင် သောက်လိုက်နော်၊ ဒါဆို ပျောက်သွားပြီ။ ကျွန်မကတော့လေ စာရေးဆရာ ကိုဝဏ္ဏရောကို အချိုရည်သံဘူးတွေ သိပ်မသောက်စေ ဘူး ...

အဲဒါတွေက Junk Food တွေလို့ခေါ်တယ်။ ပြီး ကျန်းမာရေးနဲ့ မညီညွတ်ဘူး။ ကိုယ် မစား ပြောတာတော့ မဟုတ်ပါဘူး။ တကယ်တော့ အရိုးရှင်း အစားအသောက်တွေက ကျန်းမာရေးအတွက် အသင့် ဆုံးပဲ။ စာရေးဆရာလည်း ကျန်းမာရေး အသိပေး စာထဲ ထည့်ရေးပါလား၊ ဒါဆို စာဖတ်ပရိသတ်ကို အ ပြုရာလည်း ရောက်တာပေါ့။ ကိုယ့်စာအုပ်ကို ဖတ်တဲ့ ဖတ်ပရိသတ်တွေ တစ်ခုသိရလည်း မနည်းဘူးလေ"

"အေးပေါ၊ ဟေ့ကောင် ဖိုးလမင်း ဒီတစ်ခါ မင်း ရင် ဆေးနည်းတစ်ခုထည့်ရေးလိုက်စမ်းကွာ၊ မင်းသ ခေါင်းကိုက်နေရင် မင်းသမီးက သံပရာသီးနဲ့ ဆေးကု တယ်ဆိုပြီး"

သူက ဝဏ္ဏရဲ့စကားကြောင့် ဖြန်းခနဲ မျက်နှာပူ ပြီး လုပ်မိလုပ်ရာ ဘေးမှာချထားသော သံပရာခွက်ကို မော့မိလျှင် သူမက ဝဏ္ဏကို ဘယ့်နှယ်ရှိစဟူသောပုံစံမျိုးဖြင့် တောင်ပြသွားသေးလေသည်။ သူမ ထွက်သွားလျှင် သူ့ကို က စပ်ဖြဲဖြဲဖြင့် ကြည့်လာလျက် ...





"ကောင်းလား"

"ဘာကောင်းတာလဲ"

"ဩော် ... အကုန်ပေါ့။ နားထင်ကို လာရောက်ထိခတ်တဲ့ လက်အစုံရဲ့ နူးညံ့တဲ့ အထိအတွေ့ရယ်၊ အဲဒီလက်အစုံနဲ့ပဲ ဖျော်ပေးသွားတဲ့ ..."

"ဟေ့ကောင် တော်ပြီကွာ၊ ဘာတွေလျှောက်ပြောနေတာလဲ"

"လျှောက်မပြောပါဘူး။ ငါ့မျက်စိရှေ့မှာတင် ဖြစ်သွားတဲ့ ဟာတွေကိုပဲ ပြောနေတာ"

"ဘာလဲ ... မင်းက ငါ့ကို သူနဲ့ ပိုပေးနေတာလား ဝဏ္ဏ"

"နိုး ... နိုး ... သူငယ်ချင်း၊ မင်းနှလုံးသားနဲ့ ထိမှပဲ လှုပ် ရှားပါ၊ ပို့နေတာ မဟုတ်ဘူး၊ ဒါပေမဲ့ မင်းအပေါ် တကယ် နားလည်ပြီး အလိုက်သိတဲ့လူမျိုးနဲ့တော့ တကယ် ဆုံစည်း စေချင်တယ်"

"ဘာလဲ ... အဲဒါဟာ ငွေမင်းရည်ပါလို့ မင်းက ဆိုလိုချင် တာလား"

"မဆိုလိုချင်ပါဘူး။ မင်း မချစ်ရင် အဲဒါတွေက အလကား ပဲ၊ ဒါပေမဲ့ အချစ်မှာ အဲဒါတွေမပါတော့လည်း မမြဲတတ် ဘူး။ တော်တော်တော့ခက်တဲ့ အချစ်ပဲ၊ မင်းအတွက်ဆို ပိုရှားမယ် ...

နောက်ဆုံးတော့ အချိန်က စကားပြောသွားမှာပါ ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏက အဆုံးသတ်စကားကိုပြောပြီး သန့်စင်
ဘက်သို့ ထွက်သွားလျှင် ထမင်းစားပွဲ၌ သူတစ်ယောက်တည်း
ကျန်ရစ်ခဲ့သည်။ သူက ဝေမင်းကို လက်စသတ်စားပြီးနော
သံပရာရည်ကို တစ်ရှိန်ထိုး မော့ချလိုက်လျှင် မချိုမချဉ် အ
ရှိသော သံပရာရည်အေးအေးဟာ သူ့လည်ချောင်းတစ်လျှော
အေးစိမ့်စွာ ဖြတ်စီးသွားသည်။

တစ်လက်စတည်းမှာ ခံစားသိရှိလိုက်ရတာ နော
တစ်ခုကတော့ သူ့ရဲ့ခေါင်းကိုက်ဝေဒနာဟာလည်း လုံးဝ သ
သာပျောက်ကင်းသွားပြီဆိုတာပဲဖြစ်သည်။ ဦးခေါင်းတစ်
ကြည်လင်ပေါ့ပါးသွားတာဟာ တကယ်ပဲ သံပရာစေ့တွေရဲ့အ
ကြောင့်လား၊ ဒါမှမဟုတ် စေတနာပါပါနဲ့ ဖိနှိပ်ပေးခဲ့တဲ့
ချောင်းတွေရဲ့အစွမ်းကြောင့်လား (လိမ်းနှိပ်ပေးခဲ့တဲ့ အချိန်က
တစ်မိနစ်လောက်ပဲရှိသည်)။

ဒါမှမဟုတ်ရင်တော့လည်း စေတနာစစ်စစ် တ
ကြောင့်ပဲလား။ သူ့အပေါ်မှာ ကလက်တက်တက် အမူအရာ
ဘဲ တကယ့်ဆရာဝန်စိတ်ဖြင့် လုပ်ပေးခဲ့တာမှန်းသိအောင် သ
မျက်နှာလေးက နူးညံ့အေးချမ်းလို့နေသည်။ သူ့နားထဲတွင် မ
နှင့် စကားပြောခဲ့သံများ အစီလိုက် ပြန်ကြားယောင်လာလို့နေသည်

["ခေါင်းတွေကကိုက် ဇက်ကြောတွေက တက်လိုက်တာ
"တက်မှာပေါ့ တကုပ်ကုပ်ပဲ ရေးနေတာကိုး၊ ဆေးသော
ပါလား"





"ရာသီဥတုက ပြင်းလိုက်တာ၊ သံပရာရည်လေး ဖျော်ပေး
ပါလား မှဏ်း"

"အမလေး ... ပျင်းလိုက်တာ၊ သံပရာသီးကို လှီးရဦးမယ်၊
ညှစ်ရဦးမယ်၊ ဆား၊ သကြား၊ ရေ အချိုးတကျ ရော
စပ်ရဦးမယ်၊ ဘုရားတွေက ဘာလုပ်ဖို့ ဝယ်ထားတာလဲ၊
ရော့ ... ဒီဘူးက ကွင်းကို ဖောက်ပေးတာပဲ ကျေးဇူးတင်
ရင်ခုန်လိုက်"]

သူက မျက်လုံးကို စုံမှိတ်ကာ ခေါင်းကို ခါယမ်းပစ်
လိုက်သည်။ ဒီလို နှင်းယှဉ်စရာ ဘာအကြောင်းမှ မရှိဘူးဟု
ထင်သည်။ ပြီးတော့ နှလုံးသားဆိုတာ အစားထိုးစရာ ကိစ္စမဟုတ်။
ဒီလိုကိစ္စမျိုးကို သူများလုပ်လျှင်တောင် သူက မကြိုက်ခဲ့ချေ။

တစ်စုံတစ်ယောက်အတွက် ကွဲကြေထားသော နှလုံး
သားနေရာမှာ အဆင်ပြေမည့် နောက်တစ်ယောက်ကို အစားထိုး
တာဟာ အချစ်သမားကောင်းတို့ရဲ့ ကျင့်ဝတ်နှင့်မညီဟု သူ ထင်
သည်။ တကယ်တော့ အချစ်ဆိုတာ တစ်ဦးတစ်ယောက်အတွက်
သီးသန့်ဖြစ်ပေါ်တာက အကောင်းဆုံးဖြစ်သည်။

ဒီလို မသေချာသေးသရွေ့ သူဟာ အချစ်ကို ပေး
သိမ့်မည် မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



တစ်စတစ်စနှင့် သူမဟာ သူ့ဘဝထဲကို ချဉ်းနင်းဝ
ရောက်လာလျက်ရှိတာကို သူပင်လျှင် သတိမထားမိခဲ့ချေ။ သူ
ရဲ့အပြုအမူ အပြောအဆိုတွေဟာ စေတနာကို အရင်းခံ၍ မေတ္တာ
စိတ်သက်သက်နှင့် လုပ်ပေးတာဖြစ်သောကြောင့် ခံယူရတဲ့လူအဖေ
မှာလည်း ဝန်လေးမှု မဖြစ်စေပေ။ သွက်သွက်လက်လက် ဖျိုးဖျ
ဖျတ်ဖျတ်ဖြင့် အပြုံးချိုချိုတစ်ခု အမြဲတပ်ဆင်ထားသော သူမ
မသိမသာ ခိုးငေးနေရသောနေ့ရက်တွေ များလာပြီဆိုတာလည်း
ကိုယ့်ဟာကိုယ် သိလာရပြီ။

"ယောက်ျားတွေ အချော့ကြိုက်တယ်ဆိုတဲ့စကားကို အစ
ငါ လက်မခံခဲ့ဘူး၊ အခုတော့ စိနိယာကြီးများ မိန့်ကြားခဲ့
တဲ့စကားက အမှန်ဖြစ်နေပြီကိုး"

ဝဏ္ဏက သူမ လုပ်ပေးသွားသော မြီးရှည်ကို တူဖြင့်
နယ်ရင်းမှ စကားစလျှင် သူက ဝဏ္ဏကို ဘာဖြစ်ရပြန်ပြီလဲဟု
မျက်မှောင်ကုတ်ကာ မော့ကြည့်မိသည်။ ဝဏ္ဏကတော့ သူ့ကို





ကြည့်မနေချေ။ ဒီနေ့ သူတို့နှစ်ယောက်ကို မြီးရှည်လုပ်ကျွေးသူက
မြမင်ရှည်ဖြစ်သည်။ မြီးရှည်ဆိုလျှင် ထမင်းလွတ်စားတတ်သော
သူတို့နှစ်ယောက်ရဲ့အကြောင်းကို သိသွားတုန်းက ...

"မြီးရှည်များ ဘာမှ ဝယ်စားစရာ မလိုပါဘူး၊ ဒီလောက်
ကြိုက်တတ်နေရင် ကျွန်မ လုပ်ကျွေးပါ့မယ်၊ လွယ်လွယ်
လေးပဲဥစ္စာ"

သူမက စောစောစီးစီး ရောက်လာကာ ဈေးတွေ
ဝယ်ခြမ်း၊ ဒိုးဒိုးဒေါက်ဒေါက်နှင့် လုပ်သွားလေရာ တစ်ခဏအတွင်း
မှာပဲ သူတို့အတွက် Breakfast အဖြစ် မြီးရှည်တွေကို ရလာခဲ့သည်။
ခေါင်း ဘယ်လိုပြင်ဆင် စားရတယ်ဆိုတာ ပြပေးသွားပြီးမှ
စာရေးဖို့အတွက် စာကြည့်ခန်းထဲသို့ ဝင်သွားတာဖြစ်လေသည်။

"မင်း ပြောတာ ဘာအဓိပ္ပာယ်လဲ"

"သြော် ... လူဆိုတာ ကိုယ့်ကို ဆရာလုပ်တာ ဘယ်
လောက်ပဲ မကြိုက်ဘူးပြောပြော စေတနာနဲ့ လုပ်ပေးကိုင်ပေး
တော့လည်း ကျေနပ်ကြည်နူးကြတာပဲလို့ ...

ပါးစပ်ကနေ ဒါလုပ် ဒါလုပ် ပြောနေတာထက်
လက်က လုပ်ပြ ကိုင်ပြလိုက်တော့လည်း သဘောပေါက်
နားခံချင်သွားရော ...

ဥပမာ ခေါင်းကိုက်ရင် သံပုရာစေ့ကို နားထင်မှာ
လိမ်းလိုက်ပါလားဟဲ့ဆိုပြီး ပြောနေမယ့်အစား ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ကောက်လိမ်းပေးလိုက်တော့ တစ်သက်လုံးစာ မှတ်မိသွား ရောပေါ့"

"မင်းကတော့ကွာ"

"ခေတ်လမင်း ... ခေတ်လမင်း လောကမှာ မရှိတာထ မသိတာက ခက်တယ်တဲ့နော်။ မင်းကိုယ်မင်းသိဖို့ အရေး ကြီးတယ်"

"မသိချင်တော့ပါဘူးကွာ၊ ဒီအတိုင်းပဲ ကောင်းပါတယ်"

"ဘာလဲ မင်းက မုဏ်းကို မမေ့နိုင်သေးဘူးလား၊ ဒါမှမဟုတ် တစ်ချိန်ချိန်မှာ ပြန်ဆုံမှာပဲဆိုပြီး စိတ်ဖြေထားလို့လား"

"မဟုတ်ပါဘူးကွာ၊ အဓိပ္ပာယ်မရှိတာ မင်းကလည်း"

သူက ချက်ချင်း မျက်နှာတင်းသွားလျက် ခပ်ဆတ် ဆတ်ဆိုလျှင် ဝဏ္ဏက နားလည်စွာဖြင့် တစ်ချက်ပြုံးသည်။

"အဲဒါကို အဓိပ္ပာယ်မရှိဘူးလို့ မင်းက သတ်မှတ်တယ်ပေါ့ - အိုကေ ... ဒါဆို ငါ ကျေနပ်ပါပြီ"

သူက မနိုင်တော့ဘူးဟူသော သဘောဖြင့် ပခုံးတွန့် ပြီးလျှင် စားပွဲမှထ,ကာ စာကြည့်ခန်းထဲသို့ ဝင်ရောက်လာခဲ့သည်။ စာကြည့်ခန်းထဲတွင် သူမကို မတ်တတ်ရပ် အနေအထားဖြင့် သူ့ စာအုပ်တွေကို ငေးမောကြည့်နေတာနှင့် ကြုံရသည်။ သူ ဝင်လာ တာမြင်လျှင် သူမက ချက်ချင်းခေါင်းညိတ်ပြုံးပြကာ ...

"မြို့ရှည်စားကောင်းရဲ့လား"





"ကောင်းပါတယ်၊ ဒါနဲ့ မင်း ကြည့်ရတာ ငါ့စာအုပ်တွေ ကို တော်တော်စိတ်ဝင်စားတယ်နဲ့ တူတယ်နော်။ အားတိုင်း ဒီစာအုပ်တွေကိုပဲ တမေ့တမော ငေးနေရတာချည်းပဲ"

"စာရေးဆရာက ငေးတာလေးလောက်တောင် ခွင့်မပြုနိုင် ဘူးလား။ ကျွန်မက အားကျလို့ပါ။ ကျွန်မလေ ဒီလို စာအုပ်တွေ အများကြီး ပိုင်ဆိုင်ချင်တယ်။ ပိုင်ဆိုင်ရုံတင် မကသေးဘူး။ ဒီလို စာကြည့်ခန်းနဲ့ သပ်သပ်ရပ်ရပ် ထား ချင်တာ၊ ဒီအခန်းထဲမှာ စာအုပ်စင် ပန်းချီကား နောက် ရှေးရှေးက ရုပ်ရှင်ကားတွေ အားလုံး သေချာသိမ်းထား တယ်နော် ...

ကျွန်မ အရမ်းသဘောကျတာပဲ"

သူက တရိုက်မက်မက် ပြောနေသော သူမကို ငေး ကာ သူ့အိမ်ကို လာလည်ဖူးသော မုဏ်းကို ဒီအခန်းထဲ ခေါ်ပြ စဉ်က မုဏ်း ပြောခဲ့သော စကားတို့ကို နားထဲမှာ ပြန်ကြားယောင် လာသည်။

[ "ကြည့်စမ်း စာအုပ်စင်တွေကို ကျွန်းတွေနဲ့ လုပ်ထားပါ လား။ နမြောစရာ ပိုက်ဆံတွေ သိပ်ပေါနေတယ်ထင်တယ်"

"ပိုက်ဆံပေါလို့ မဟုတ်ပါဘူးကွာ၊ ဒီစာအုပ်တွေက တစ် သက်လုံး သိမ်းရမယ့် ကိုယ်မြတ်နိုးတဲ့ စာအုပ်တွေလေ၊ စာအုပ်အကောင်းတွေချည်းပဲ ...



www.burmeseclassic.com

www.burmeseclassic.com



မုဏ်း စိတ်ဝင်စားရင် ကြိုက်တာယူသွား၊ အထူးအခွင့် အရေးပေးတာ”

မုဏ်းက မျက်နှာကို ရှုံ့မဲ့ကာ ...

“တော်ပါပြီ၊ ပျင်းစရာကောင်းလွန်းလို့၊ ဒီအခန်းက ပျင်းစရာ အကောင်းဆုံးအခန်းပဲ မြန်မြန်ထွက်မှ” ]

သူက ခေါင်းကိုခါယမ်းကာ အတွေးတွေကို လွှင့်ပစ်လိုက်သည်။ မုဏ်းကို အခုတလောမှာ သူ ဘာကြောင့် သတိရနေမိတတ်တာပါလိမ့်။ ဟင့်အင်း ... မုဏ်းကို သတိရတာမဟုတ် သူမအကြောင်းကို တွေးရင်းကနေ မုဏ်းနဲ့ နှိုင်းယှဉ်ကြည့်မိလာတာ။ ဘာဖြစ်လို့ နှိုင်းယှဉ်ကြည့်မိကြတာပါလိမ့်။

သူက မစဉ်းစားချင်သော ရင်တွင်းမေးခွန်းရဲ့အဖြေကို သူမအား စဉ်းစားခိုင်းလိုက်သည်။

“ထိုင်ပါဦး ငွေမင်းရည်၊ မင်းကို မေးခွန်းတစ်ခု မေးချင်လို့ပါ”

သူမက မျက်ခုံးပင့်ကာ နှုတ်ခမ်းလေးစုပြုံးလိုက်ဟန်ကို သူက သတိလက်လွတ် ငေးမောမိသွားသည်။ တစ်ချက် တစ်ချက်မှာ ဒီကလေးမဟာ အဲဒီလို ဟိုဘက်ခြံက ကောင်မလေးအမူအရာမျိုးတွေ သိပ်လုပ်တတ်လေသည်။ အခုလည်း သူက မေးခွန်းတစ်ခု မေးမယ်ဆို၍ ဝမ်းပန်းတသာ ဖြေချင်သွားသည့်ပုံ။

“မေးလေ စာရေးဆရာ”





သူမ စာထိုင်ရေးသော (ယခင်ကတော့ သူစာထိုင်ရေးခဲ့ရာ) ဆုံလည်ကုလားထိုင်တွင် ဇွေ့ခနဲဝင်ထိုင်ရင်း သူ့ကို မေးဆတ်ပြောပုံကို သူက တစ်ချက်ခေါင်းညိတ်လိုက်ကာ ...

“လူတစ်ယောက်ပေါ့ကွာ၊ Sex ခွဲခြားမှုမရှိဘူး။ ဒီအတွက် ယောကျ်ားမိန်းမ ဘယ်ဘက်ကမှ ထည့်တွက်စဉ်းစားပေးစရာမလိုဘူး”

သူက စကားပြောနေရင်းမှ ခေတ္တ ရပ်ကြည့်လိုက်လျှင် သူမက အရောင်တဖျပ်ဖျပ်လက်နေသော မျက်ဝန်းများဖြင့် ခေါင်းညိတ်ပြသည်။

သူမ ကြည့်ရတာ သူ့မေးခွန်းကို စိတ်ဝင်စားနေသည့်ပုံ။

“လူတစ်ယောက်မှာ ချစ်သူတစ်ယောက် ရှိခဲ့ဖူးမယ်။ အကြောင်းကြောင်းတွေကြောင့် အဲဒီချစ်သူနဲ့ ပြတ်စဲသွားပြီး နောက်ထပ်ချစ်သူတစ်ယောက် ထပ်တွေ့လာပြီဆိုပါတော့၊ ဒုတိယတစ်ယောက်နဲ့ တွေ့တိုင်း ပထမတစ်ယောက်နဲ့ နှိုင်းယှဉ်မိတာဟာ အပြစ်လား ဒါမှမဟုတ် ...

ပထမလူကို မေ့မရသေးလို့လား ချစ်နေတုန်းမို့လို့လား”

သူ့မေးခွန်းကို သူမက ချက်ချင်းမဖြေနိုင်ချေ။ နံရံမှာ ချိတ်ထားသော ဆရာပေါ်ဦးသစ်ရဲ့ ပန်းချီကားကို လှမ်းငေး



www.burmeseclassic.com

www.burmeseclassic.com



ရင်း ရှုးရှုးစိုက်စိုက် စဉ်းစားနေပုံရသည်။ သူ့အိမ်က ပန်းချီကား တွေကို အရောင်လက်သော မျက်ဝန်းတွေနှင့် ငေးမောနေတတ်သော သူမဟာ သူ့လိုပဲ အနုပညာစိတ်ရှိသူတစ်ဦးလား။

"အင်း ... အဲဒီမေးခွန်းက ဖြေရတာ နည်းနည်းခက်သလို ပဲ၊ ကျွန်မ ထင်တာတော့လေ လူတွေက ဒုတိယအချစ်မှာ ပိုပြီး မှန်မှန်ကန်ကန် ချစ်တတ်လာတယ်လို့ ထင်တာပဲ _

အထူးသဖြင့် ပထမတစ်ခါတုန်းက အလဲအကွဲခံ ထားရတဲ့လူတွေပေါ့"

သူက မလုံ့စွာဖြင့် သူမကို ရှုးခနဲ လှမ်းကြည့်လိုက် လျှင် သူမက ခေါင်းလေးငုံ့ကာ ချက်ချင်း ပြုံးပြသည်။ ပြီးတော့ ချက်ချင်းပဲ စကားဆက်ပါသည်။

"အဲဒီလူတွေက ဒုတိယအချစ်မှာ ပိုပြီး အဆင်ပြေလာ တတ်ကြတယ်လို့ ထင်တယ်၊ ဘာလို့လဲဆိုတော့"

သူမကို စကားဆက်ခွင့် မပေးဘဲ သူက လက်တစ် ဖက်ထောင်ပြကာ ခေတ္တတားလိုက်ရင်း ...

"ခဏလေး ပလိစ်၊ မင်းမှာ အရင်ရည်းစားတော့ မရှိပါဘူး နော်"

"ဟင့်အင်း ... ဒါပေမဲ့ ကျွန်မသူငယ်ချင်းတွေက အချစ်ဦး တွေနဲ့ လွဲဖူးတဲ့သူတွေချည်းပဲ"

"သြော် ... သြော် ... ဆက်ပြောပါ"





"စာရေးဆရာက စကားကို အဲဒီလိုဖြတ်ပစ်လိုက်တော့ ကျွန်မမှာ ပြောချင်စိတ်မရှိတော့ဘူး"

"အောင်မယ် ... လာသေးတယ်၊ သိပ်ပဲချွဲမနေနဲ့ ပြော စမ်းပါ"

သူ့ရဲ့သိချင်ပုံကို သူမက ခစ်ခနဲ ရယ်မောကာ ...

"ဒါကတော့ စာရေးဆရာက ကျွန်မကို အထင်သေးတာကိုး။ နောက်တစ်ခါ ဖြတ်မမေးနဲ့၊ အင်း ... ဘယ်ရောက်သွားပါ လိမ့်။ သြော် ... ဒုတိယအချစ်မှာ ပိုအဆင်ပြေလာကြတယ် ဆိုတာက ဆောင်ရန် ရှောင်ရန်တွေကို နားလည်သွားကြ လို့ပေါ့ ...

ပထမဆုံးကိစ္စဆိုတာ ဒီလိုပဲ ခက်ခဲကြတာပဲ မဟုတ် လား။ သဘောထားချင်းကတော့ အတူတူပါပဲ။ အဓိက,က တော့ အချစ်ဆိုတာထက် ကိုယ်နဲ့ စိတ်ထားချင်း နီးစပ်တဲ့လူ ကို ပိုကြည့်လာတတ်ကြတာပါပဲ ...

နောက်တစ်ခုကတော့ လူတွေပြောပြောနေတဲ့ ကံပေါ့ နော်။ ကံဆိုတာ အမြဲတမ်း ဆိုးနေတာမှ မဟုတ်တာ။ ပထမတစ်ခါမှာ ကံဆိုးပြီးရင် ဒုတိယတစ်ခါမှာတော့ ကံ ကောင်းမှာပဲလေ ...

စာရေးဆရာပဲ လှမ်းကြည့်လိုက်၊ အိမ်ထောင်ရေး ကိစ္စမှာတောင် ဒုတိယအကြိမ် ထပ်ထူထောင်တဲ့အိမ်



www.burmeseclassic.com

www.burmeseclassic.com



ထောင်ရေး တော်တော်များများဟာ အောင်မြင်အဆင်ပြေ
တတ်ကျတာများတယ် မဟုတ်လား ...

ဒါကလည်း လောကကြီးမှာ ကိုယ့်ကို နားလည်ပေး
နိုင်တဲ့ မေတ္တာစစ်ကို ရှာယူနိုင်လို့ပေါ့။ စာရေးဆရာလည်း
အဲဒီလို ရှာတွေ့နိုင်ပါစေလို့ ဆုတောင်းပေးပါတယ်"

အဆုံးသတ်ပြောလိုက်သော စကားသံတိုးတိုးလေး
အဆုံးတွင် သူက သူမကို အလန့်တကြား မော့ကြည့်မိလေသည်။
အဲဒီအခါတွင် သူ့ကို အကြည်လင်ဆုံးပြုံးပြနေသော မျက်နှာလေး
ကို လန်းဆန်းစွာ တွေ့လိုက်ရလျှင် ရင်ထဲမှာ နင်းကျသွားသည့်
ခံစားမှုမျိုးကို ခံစားလိုက်ရသည်။

နားထဲတွင် ဝဏ္ဏ ပြောသော စကားတို့ကို ပြန်ကြား
ယောင်လာခဲ့မိသည်။

[ ရက်စက်တတ်တဲ့လူက နောင်တအတွက် ပိုပေး
ဆပ်ရတယ်နော်။ ပုံမှန်ပဲ ဆက်ဆံစမ်းပါ။ ]

သူက သူမကို လိုတာထက် ပိုမပတ်သက်ချင်
ခပ်ပြတ်ပြတ် ခပ်မာမာပဲ ဆက်ဆံခဲ့သည်။ တစ်ခါတလေ
သူ့စကားတွေက ရင့်သီးနာကျင်စရာတွေပင် ရှိခဲ့လေသည်။ သို့သော်
သူမဟာ ဒါတွေကို တစ်စက်လေးမှ အပြုံးမပျက်ခဲ့ချေ။

သူမရဲ့ သည်းခံနိုင်စွမ်းအားက သူ့ကို ပိုပြီး စိတ်
ဝင်စားခဲ့တာပဲလား။ ဒါဆို ? ...။ သူက သူမကို အလန့်တကြ





်းကြည့်လိုက်လျှင် စာထိုင်ရေးနေပြီဖြစ်သော သူမရဲ့ ဘေးတိုက်
က်နှာလေးကိုပဲ လှမ်းတွေ့လိုက်ရတော့သည်။

စိတ်ပါဝင်စားစွာ စာရေးနေပုံသည် သူ့ရင်ကို
တိုင်းမသိ တိုးဖေ့စေနိုင်ပါသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၅

ထိုနေ့က စနေနေ့ မနက်ခင်း လေးနာရီလောက်ပဲ ရှိသေးသည်။ ဝဏ္ဏက သူ့ကို ဖွတ်အတင်းလာနှိုးကာ ...

"ဖိုးလမင်း ခဏထ,စမ်းပါဦး"

"ဟမ် ... ဘာလဲကွာ။ ဘာဖြစ်တာလဲ"

"ငါတို့ MD ဆီကဖုန်းလာတယ်ကွ။ ကုမ္ပဏီကိစ္စနဲ့ ငါရဲ့ စီနီယာ မန္တလေးသွားရမယ့်ကိစ္စမှာ အခု သူ့နေရာမှာ ငါက အရေးပေါ်သွားဖို့ဖြစ်လာပြီ ...

စီနီယာရဲ့ အမျိုးသမီးက ကလေးမီးဖွားတဲ့နေရာမှာ အခြေအနေ သိပ်မကောင်းလို့တဲ့"

"အင်း ... ဒီတော့ မင်းက သူ့နေရာမှာ အစားဝင်ရမယ်တဲ့ ပေါ့"

"ဟုတ်တယ်၊ ငါးနာရီခွဲလောက်ကျရင် ငါ့ကို လာခေါ်ကြမယ်တဲ့၊ ကုမ္ပဏီကကားနဲ့ပဲ သွားမှာ။ တစ်ပတ်လောက်တော့ကြာမယ်။ မင်းတစ်ယောက်တည်း ဖြစ်တယ်မှုလား"





"ငါ့မျှား သူ့မိန်းမ ထင်နေလား မသိဘူး"

သူ့စကားကို ဝဏ္ဏက နံနက်ခင်းနဲ့ မလိုက်အောင် အကျယ်ကြီးပဲ အော်ရယ်သည်။ အဲဒီနောက် သူပါ မျက်လုံးကျယ်သွားပြီး ဆက်မအိပ်ဖြစ်တော့ပေ။ ခရီးသွားမည့် ဝဏ္ဏက ပစ္စည်းအသွင်းထည့်နေတုန်းမှာပဲ သူက ကော်ဖီဖျော်ကာ ပေါင်မုန့်မီးကင်ထားလိုက်သည်။ တိုစတာထဲမှ ထောက်ခနဲ လွှတ်လာသော ပေါင်မုန့်တွေကို ထောပတ်ပါးပါး သုတ်နေစဉ်မှာပဲ ခရီးထွက်ဖို့ အဆင်သင့်ဖြစ်နေသော ဝဏ္ဏက ထမင်းစားခန်းထဲသို့ ဝင်ရောက်လာကာ ...

"အား ... ဗိုက်ဆာနေတာနဲ့ အတော်ပဲ။ ကျေးဇူးပဲကွာ၊ ဒါနဲ့ ငါ အကောင်းမေးနေတာ၊ မင်းတစ်ယောက်တည်းစားတာ သောက်တာ အဆင်ပြေပါ့မလား"

"မင်းကလည်းကွာ ပူစရာမရှိ ကြဲဖန်ပူနေပြန်ပြီ။ ရန်ကုန်မြို့လယ်ကောင်ကြီးမှာ နေနေတာပါကွာ။ ဆိုင်ကဲ ဝယ်စားမှာပေါ့ မပူပါနဲ့။ မင်းသာ ဖြောင့်ဖြောင့်တန်းတန်းသွား"

"မပူပါဘူး။ ငွေမင်းရည်ကိုလည်း အနိုင်ကျင့်မနေနဲ့ဦး"

"ဟင်း ... ပြောပုံကိုက"

"ငါမရှိဘူးဆိုရင်တော့ သူက မင်းကို ထမင်းချက်ကျွေးချင်ကျွေးမှာပါ"

"ကဲ ... တော်ပါတော့ကွာ။ စား ... စား စကားများမနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... မင်းတောင် ဘာလိုလိုနဲ့ အချိုးပြောင်းလာပြီ။ တံငါနားနီးတံငါပေါ့၊ သည်းခံတတ်တဲ့လူနဲ့ နေတော့လည်း အလိုက်သိလာပြီပေါ့။ ဟော ... ပြောရင်းဆိုရင်း ကားဟွန်း သံကြားတယ်၊ လာကြပြီနဲ့တူတယ်"

သူက ဝဏ္ဏကို ခြံဝအထိ လိုက်ပို့ရလေသည်။ ဝဏ္ဏ ဝဲစ်ယောက် နှုတ်ဆက်လက်ပြပြီး ထွက်သွားတာနှင့် သူလည်း စိတ်ကူးတစ်ခုရကာ ကားကိုထုတ်ပြီး အင်းလျားကန်ပေါင်ဘက်ကို မောင်းထွက်လာခဲ့သည်။

နံနက်ခြောက်နာရီတောင် မထိုးသေး ကန်ပေါင်ပေါ်တွင် လမ်းလျှောက်သူ၊ ပြေးသူတွေဖြင့် စတင်စည်းကား အသက်ဝင်နေပြီဖြစ်သည်။

သူကတော့ ဘောင်းဘီထဲ လက်နှစ်ဖက်ထိုးထည့်ကာ ခပ်အေးအေးပဲ လျှောက်လာခဲ့သည်။ အင်းလျားကန်သည် နံနက်ခင်း နေမင်းက သွန်ချပေးလိုက်သော အလင်းသစ်တချို့ကို ဖွေ့ပိုက်ကာ ဖပ်ပြင်းသော လန်းဆန်းလတ်ဆတ်မှုနှင့် လေညင်းကိုပါ အဆစ်ထည့်ပြီး ပေးပို့လွှတ်သဖြင့် ပတ်ဝန်းကျင်တစ်ခုလုံးအား သစ်လွင်အေးမြလို့နေသည်။

မြင်သမျှလူတိုင်းရဲ့ မျက်နှာတွေဟာ နေ့သစ်တစ်ခုမှာ အားသစ်တွေအပြည့်ဖြင့် လုပ်ငန်းခွင်ဝင်မည့်ပုံတွေလိုပင်။ ဒီလို မနက်ခင်းမျိုးတွေကို မပိုင်ဆိုင်ရဘဲ အိပ်ပစ်သောနေ့တွေကတော့ တကယ်နမြောစရာ ကောင်းပါသည်။ အင်း ... တကယ်တော့





နေ့သစ်ဆိုတာ လူတိုင်းမှာ ရှိတာပဲ။ နေ့သစ်ကို လူတိုင်း ပိုင်ဆိုင်သားကြတာပဲဖြစ်သည်။

ဒါကို လူတွေက ဘာကြောင့် မတွေးမိကြတာပါလိမ့်။ သူက ဒီအတွေးကို စာထဲမှာ ထည့်ရေးဖို့ စိတ်ထဲမှာ မှတ်ထားလိုက်ပြီးနောက် ပေါ့ပေါ့ပါးပါးစိတ်ဖြင့်ပဲ လမ်းဆက်လျှောက်လာခဲ့သည်။ IBC အဆောက်အအုံဘက်ရောက်တဲ့အခါမှာတော့ အကြောလျှော့လေ့ကျင့်ခန်းလုပ်ကာ ကားရပ်ထားသော နေရာသို့ ပြန်လျှောက်လာခဲ့သည်။ ကားမောင်းရင်းနှင့် သူဟာ ရုတ်တရက် မုန့်ဟင်းခါးစားချင်စိတ် ဖြစ်ပေါ်လာသဖြင့် မုန့်ဟင်းခါးဝင်စားဖို့ စိတ်ကူးလိုက်သေးသည်။ သူဟာ နံနက်စောစောနိုးမှပဲ မုန့်ဟင်းခါး စားတတ်သည်ဖြစ်လေရာ မုန့်ဟင်းခါးက သိပ်မစားရသလို ဖြစ်နေသည်။

ဒါပေမဲ့ ကားနာရီဆီကို ကြည့်လိုက်တော့ ကားထဲမှာဆိုက သိပ်မကျန်တော့ပေ။ အိမ်အပြန်လမ်းကလည်း လိုသေးတာရော၊ တွေ့ကရာဆိုင်မှာလည်း မထည့်ချင်တာရောကြောင့် သူက ခင်ထွေးရီ မုန့်ဟင်းခါး သွားစားဖို့ စိတ်ကူးကို ပယ်ဖျက်လိုက်ကာ အိမ်သို့ပဲ မောင်းလာခဲ့တော့သည်။

အဲဒီမှာပဲ အိမ်ရှေ့သို့ အရောက်တွင် အံ့ဩစရာမြင်ကွင်းတစ်ခုကို တွေ့မြင်လိုက်ရတာဖြစ်သည်။ သူ့ရဲ့ ခြံတံခါးဝမှာ ချိုင့်တစ်လုံးကို ကိုင်လျက် ယောင်လည်လည်နှင့် မတ်တတ်ရပ်နေသော သူမ။ (ငွေမင်းရည်)



www.burmeseclassic.com

www.burmeseclassic.com



သူမက သူ့ကို မြင်တာနှင့် ဝမ်းသာအားရ ဖြစ်သွား
ကာ သူ့ဆီသို့ အပြေးလျှောက်လာသည်။ တစ်လက်စတည်းမှာ
သူဟာ သူ့ကို မမျှော်လင့်ဘဲ တွေ့ရတာတောင် နှုတ်ခမ်းကော့
မျက်ခုံးပင့်ကြည့်ပြီး အထာနှင့် နှုတ်ဆက်တတ်သော မုဏ်း
စတိုင်လ်ကို ပြန်လည်မြင်ယောင်လာသည်။

ကျွတ် ... သွားစမ်းပါ။

"ဘယ်လိုလဲ စောစောစီးစီးပါလား"

သူကပဲ အနားရောက်လာသောသူမကို လှမ်းနှု
ဆက်လိုက်လျှင် သူမက ခေါင်းညိတ်ပြကာ လက်ထဲက သုံးဆ
ချိုင့်ကို ထောင်ပြရင်း ...

"အိမ်ကတူလေး မွေးနေ့မို့ အရဏ်ဆွမ်းကို မုန့်ဟင်းခါးချ
ကပ်တာလေ၊ အဲဒါ စာရေးဆရာကို စားရအောင် လာပို့တာ"

သူက ခြံတံခါးသော့ကို လှမ်းပေးလိုက်လျှင် သူမ
သဘောပေါက်စွာဖြင့် ခြံတံခါးကို သွားဖွင့်ပေးသည်။ သူ့ကာ
သွင်းပြီးသောအခါ ခြံတံခါးကိုပိတ်ရင်း ချိုင့်ကို ကိုင်ကာ အိ
ထဲသို့ တံခါးဖွင့်ရင်း ဝင်သွားပုံမှာ ဒီအိမ်က အိမ်သားတစ်ယော
လိုပဲ နွေးနွေးထွေးထွေး ရှိလှသည်။

သူက ထမင်းစားခန်းထဲသို့ ဝင်ရောက်လာခဲ့လျှ
ဟင်းရည်တွေကို စတီးလ်အိုးငယ်တစ်အိုးထဲသို့ ပြောင်းထည့်က
ဟော့ပလိတ်ပေါ် တင်နေသော သူမကို တွေ့ရသည်။ ပန်းနုရော
အပွင့်နုပ်နုပ်အစကို အထက်အောက် ဝမ်းဆက်ဝတ်ဆင်ထားက





အင်္ကျီပုံစံက ပိုင်ဂျေ့တရုတ်အင်္ကျီလိုလိုဖြင့် ကလေးက လူကြီးပုံ
ဆန် ဖမ်းထားသော် ကောင်မလေးကို သူက ငေးနေမိသည်။

"ကျွန်မဖြင့် အိမ်ရှေ့က ဘဲလ်တွေတီး၊ ပါးစပ်ကလည်း
အော်နေတာ အကြာကြီးပဲ။ တစ်ယောက်မှ ထွက်မလာ
တာနဲ့ ပြန်ရင်ကောင်းမလားတောင် စဉ်းစားနေတာ။ ဟင်း
ရည်ပူရင် စားလိုက်တော့လေ စာရေးဆရာ ...
ကိုဝဏ္ဏရော မထသေးဘူးလား"

"ဝဏ္ဏက ဒီနေ့ မနက်ငါးနာရီတည်းက မန္တလေးကို
အရေးပေါ်ကိစ္စနဲ့ လိုက်သွားရတယ်"

"ဩော်... ဟုတ်လား။ ဒါကြောင့် စာရေးဆရာက အစော
ကြီးနိုးနေတာကိုး။ ဟော ... ဟင်းရည်တောင် ပူနေပြီ။
စားတော့မှာလားဟင်"

"အင်း ... မင်းရော စားပြီးပြီလား"

"ကျွန်မ ပြီးမှပဲ စားပါ့မယ်"

"မဟုတ်တာ။ တစ်ခါတည်း စားလိုက်ပါ။ ကဲ ... ကဲ
ထည့်။ ငါ ကော်ဖီဖျော်လိုက်မယ်"

သူ့စကားကြောင့် သူမက ယူလက်စပန်းကန်ကို
တောင် ဆက်မယူနိုင်တော့ဘဲ သူ့ထံသို့ အရည်လဲ့သော မျက်လုံး
များဖြင့် မော့ငေးလို့လာလျှင် သူက ဘာပြန်ပြောရမှန်းမသိ ဖြစ်
သွားသည်။ တစ်ခုခုပြောဖို့ ကြံတုန်းမှာပဲ သူမက တုန်ယင်နေသော
နှုတ်ခမ်းများဖြင့် စကားဆိုလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတစ်သက်မှာ ကျွန်မ အရမ်းကြိုက်တဲ့ စာရေးဆ
ဖျော်တဲ့ကော်ဖီကို သောက်ဖူးတော့မှာပေါ့နော်"

သူက ဖျတ်ခနဲ ပေါ်လာသော ကျီစယ်ချင်စိတ်ဖြင့်

"မင်းကို ဖျော်တိုက်မယ်လို့ ဘယ်သူက ပြောနေလို့လဲ"

ဒီလောက်ကတော့ သူမက မဖြုံသည့်အလားဖြ
ပန်းပင် တစ်ဖက်တည်း တွန့်ပြလိုက်သေးကာ ...

"စာရေးဆရာက သဘောကောင်းကြီးပါ"

သူက အသာပြုံးရင်း ဘာမှ မပြောတော့ဘဲ အသုံ
နည်းသော ကော်ဖီဖျော်စက်ကိုထုတ်ကာ စိတ်ရှည်လက်ရှည်
ဖျော်နေခဲ့တော့သည်။ ကြည့်စမ်း။ ဒါဟာ တယ်ထူးဆန်းပါလား
သူဟာ မုဏ်းကိုတောင် ဒီလို ဖျော်မတိုက်ဖူးခဲ့။ လွယ်လွယ်ကူကူ
ဖြစ်သည့် ကော်ဖီမစ်ထုပ် ဖောက်ထည့်တဲ့နည်းနဲ့ပင် ဖျော်မတိုက်
ခဲ့ချေ။

သူမက မုန့်ဟင်းခါးနှစ်ပွဲကို စားချင့်စဖွယ် ပြင်ဆင်
ကာ စားပွဲမှာချရင်း သူ ကော်ဖီဖျော်နေတာကို စိတ်ဝင်တစား
ကြည့်ရှုနေသည်။ ကော်ဖီမစ်ထုပ်ကို ဖျော်တာမဟုတ်သော သူ
အပြုအမူကိုလည်း သဘောကျနှစ်ခြိုက်ရိပ်ကို အထင်သား တွေ့
မြင်ရသေးသည်။ သူက ဖျော်ပြီးသားကော်ဖီကို ဓာတ်ဘူးထဲထည့်
ပြီးမှ မုန့်စားဖို့ပြင်သည်။ သင်းပျံ့မွှေးကြိုင်နေသော မုန့်ဟင်းခါ
ရနံ့သည် သူ့ကို တကယ်ပဲ ဆွဲဆောင်စေသည်။

"ကောင်းရဲ့လားဟင်"





"ကောင်းတယ်။ ကိုယ့်ဘာသာချက်တာလား"

"ဟုတ် ... အစ်မနဲ့ အတူတူချက်တာပေါ့"

"အင်း ... ဒါတွေလည်း ဖြစ်သားပဲ"

သူက မုန့်စားရင်းမှ အချဉ်လိုသဖြင့် သံပရာသီးလှီးဖို့
ဆ,ဟန်ပြုလိုက်လျှင် သူမက ချက်ချင်းပဲ ...

"စာရေးဆရာ ဘာလိုလို့လဲဟင်"

"ဩော် ... အချဉ်နည်းနည်းပါ"

"သံပရာသီးလား ... နေ နေ ... ကျွန်မ လှီးပေးမယ်။
ဟုတ်သားပဲ။ သံပရာသီး လှီးပေးဖို့ မေ့နေတာ"

သူမကတာဝန်မကျေပုံမျိုးဖြင့် ကပျာကယာထ,ကာ
ရေခဲသေတ္တာထဲမှ သံပရာသီးတစ်လုံးကို ထုတ်လျက် ပလတ်စတစ်
ပြားပေါ်တွင် တင်၍လှီးသည်။ အဲဒီမှာပဲ အားခနဲ အော်သံကိုပါ
ကြားလိုက်ရတာဖြစ်တော့သည်။

"ဘာ ... ဘာဖြစ်တာလဲ"

သူကအလန့်တကြား ထ,ကြည့်လိုက်လျှင် ဘယ်
ဘက်လက်မှာ ဓားရှသွားတာကို တွေ့လိုက်ရသည်။ ပလတ်စတစ်
ခင်းနီတုံးပြား)က ချော်နေတာရော သံပရာသီးကလည်း ရေစိုပြီး
ချော်နေတာရောကြောင့် အခန့်မသင့်ဘဲ လက်ထိသွားပုံရသည်။

"လက်နည်းနည်း ထိသွားတာပါ ... ဆော ... ဆောရီး"

"ရပါတယ် များလား၊ ရေဆေးလိုက်လေ၊ ပြီးမှ ဆေးထည့်
တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူက ဆရာဝန်လောင်းကို ဆရာပြန်လုပ်သလို ဖြစ်သွားပြီးမှ စိတ်ထဲက ကျိတ်ပြုံးမိရင်း ဆေးသေတ္တာကို ထ,ယူ ရသည်။ အနားမှာ ရပ်နေသော သူမကို ...

"များလား ပြစမ်းပါဦး"

"သိပ်မများပါဘူး"

"ဟာ ... များသားပဲ။ အား ... မနေ့ညနေက စားတွေ တုံးနေပြီဆိုပြီး ဝဏ္ဏက အသည်းအသန် သွေးထားတာ ပေး ... ပေး မင်းလက်"

"ရ ... ရပါတယ်၊ ကျွန်မဘာသာပဲ"

"ကျွတ် ... ပေးစမ်းပါ။ စားရှတာလောက်တော့ ငါလည်း ကုတတ်ပါတယ်"

သူက သူမရဲ့လက်ကို ဖျတ်ခနဲဆွဲယူရင်း မျက်နှာကို ကြည့်လိုက်လျှင် သူမထံမှ အမျိုးအမည်မသိသော ပုံစံတစ်မျိုးဖြင့် ကြည့်တာကို မြင်တွေ့လိုက်ရသည်။ အဲဒီအကြည့်တွေထဲတွင် ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း၊ ကြည်နူးခြင်း စသဖြင့် ခံစားချက် တွေ ရောထွေးနေကာ မျက်လုံးတွေကအရောင်လက်တောက်ပနေ သည်။

သူ ကော်ဖီဖျော်တိုက်တယ် ဆိုတာနဲ့ပဲ သူမ လက် စားရှသွားတာပဲလား။ သူက စားရှသွားသော ဘယ်ဘက်လက် ဖဝါးကို ကိုင်ကာ နောက်ပြီးတော့မှ တကယ်ထိသွားသော လက် ညှိုးတစ်ချောင်းတည်းကို ဆွဲယူလိုက်ရင်း အရင်ဆုံး အရက်ပျံ





သည့် ပြီးလျှင် ဘီတာဒိုင်းအနာကျက်ဆေးထည့်ပြီးနောက် ပတ်တီး ...ပါးခံကာ ပလတ်စတာကပ်ပေးလိုက်ရင်းမှ အသဲတိတ်နှုတ်ဆိတ် သွားသော သူမကို ပြုံးပြလိုက်ကာ ...

"အိုကေတယ် မဟုတ်လား

"ဟုတ်"

"ကဲ ... ကဲ ... စားတော့၊ ရော့ ကော်ဖီလည်းသောက်"

သူမက ခေါင်းတစ်ချက်ညိတ်ပြီး မုန့်ဟင်းခါး ...စားသည်။ အခုတော့လည်း စကားမပြောတော့ဟန်ဖြင့် ...န့်ကိုသာ ငုံ့စားနေသော သူမရဲ့ပုံစံလေးကို သူက လှမ်းငေးရင်း ...င်ထဲသို့ တိုးဝင်လာသော ခံစားချက်က "အဖော်" ဆိုတာပဲဖြစ် သည်။ လူတစ်ယောက်ရဲ့ဘဝမှာ ကိုယ့်ကို နားလည်တဲ့ အဖော် ...စ်ယောက်ကတော့ တကယ်လိုအပ်လှသည်။

ဒီလို နေရောင်ခြည်နုနုတွေ ဖြာလင်းနေသော နံနက် ...င်းမှာ သူမနှင့်အတူတူ Breakfast စားရလိမ့်မည်ဟု သူ တစ်ခါမှ ...ွေးမထားခဲ့ဖူးပေ။ အထူးသဖြင့် သူ့အိမ်က ထမင်းစားပွဲတွင် ...တူတူစားရသော အဖြစ်အပျက်သည် သူ့ရင်ကို တစ်စုံတစ်ရာ ...လား ခံစားရစေသည်။

သူ လိုအပ်တဲ့အချိန်မှာ သူမက အမြဲရှိနေပေးမည့် ...လား ...။

"ငွေမင်ရည်"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ တိုးတိတ်သော ခေါ်သံကို သူမကလည် နှုးညံ့စွာ ပြုံးထူးသည်။ သူ့ရဲ့မျက်ဝန်းအကြည့်တွေကိုတော့ အ တိုင်းလို ရယ်ရွှင်မြူးရိပ်တွေဖြင့် ပြန်မကြည့်တော့ဘဲ အသာအ ပဲ လွှဲသွားသည်။ ဒါဟာ ခံစားချက်ပြောင်းလာတဲ့ မိန်းကလေ တိုင်းရဲ့ အမူအရာများလား။

"မင်းဘဝမှာ အမြင့်ဆုံးရည်မှန်းချက်က ဘာလဲ"

"ဆရာဝန်တစ်ယောက် ဖြစ်ဖို့ပါပဲ"

"ဟုတ်လား၊ အဲဒါ အမြင့်ဆုံးရည်မှန်းချက်ပဲလား။ အ ကတွေဘာတွေရော မဖြစ်ချင်တော့ဘူးလား"

"အဲဒါက နောက်ကဏ္ဍတွေပါ။ ကျွန်မ အဲဒီလောက် မတွေးထားဘူး။ ကျွန်မဘဝက သူများတွေလို မိဘအ အောက်မှာ အေးအေးဆေးဆေး ပညာသင်ရတဲ့ဘဝ မဟုတ်ဘူးလေ ...

အခုချိန်မှာ M.B.,B.S ဆိုတဲ့ ဘွဲ့တစ်ခုရဖို့အ သာ ကျွန်မရဲ့ အကြီးဆုံး မျှော်လင့်ချက်ပါပဲ"

သူက ဒီတစ်ခါတော့ သူမကို သနားကရုဏာသက် ကြည့်မိသည်။ သူမကတော့ ညှိုးငယ်ရိပ်ဆင်မနေပါ။ တောက် သောအပြုံး၊ မျှော်လင့်ချက်ရှိသော မျက်ဝန်းများဖြင့်သာ ပြော တာဖြစ်ပါသည်။

"ဒါဆို ဘဝကို အရမ်းကြီးကြီးကျယ်ကျယ် မျှော်လင့်မထ ဘူးပေါ့"





"ဟင့်အင်း ... ကျွန်မ ခံယူထားတဲ့ဘဝက အေးချမ်းမှု ရှိရမယ်။ ကိုယ့်အသက်မွေးဝမ်းကျောင်းအတွက် ထိုက်သင့် တဲ့ပညာအရည်အချင်းတစ်ခု ရှိမယ်၊ အလုပ်တစ်ခု ရှိမယ် ဆိုရင် ကျေနပ်စရာကောင်းပြီ"

"ကိုယ့်ဘဝကရော ကျေနပ်စရာကောင်းလား"

ဒီမေးခွန်းကိုတော့ သူမက နှစ်ခြိုက်စွာပြုံးရင်း ကော်ဖီ င်းကာ ...

"ကျွန်မရဲ့အမြင်ထက် စာရေးဆရာရဲ့အထင်ကသာ ပိုအရေး ကြီးတာပါ။ ကျွန်မက ကျေနပ်စရာကောင်းတယ်လို့ ထင် ပေမယ့်လည်း စာရေးဆရာက မကျေနပ်ရင် အလကားပဲ လေ၊ ဘာအဓိပ္ပာယ်မှမရှိဘူး ...

တကယ်တော့ ကိုယ့်ဘဝကိုယ် ကျေနပ်နိုင်ဖို့က အရေးကြီးဆုံးပဲ။ သူများထင်မြင်ချက်က အရေးမပါဘူး။ ကိုယ့်ဘဝကိုယ် ကျေနပ်မှသာ အဓိပ္ပာယ်ရှိသောလူဖြစ်မှာ ပေါ့"

အဆုံးသတ် ပြောလိုက်သော သူမရဲ့ စကားအဆုံး င် သူ့ရင်ထဲ၌ တစ်စုံတစ်ခုကို ရှင်းလင်းပြတ်သားစွာ မြင်လိုက် သည်။ သူမဟာ အစွယ်နှင့်မမှုအောင် ဘာကြောင့် အေးချမ်း ည်ငြိမ်ရတာပါလိမ့်။ သူသည် သဘောကျစိတ်ဖြင့် သူကိုယ် င် ဆေးထည့်ပေးထားသော လက်ကလေးကို ဆွဲယူနှုတ်ဆက် ဟန်ပြင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူမက ကော်ဖီခွက်ဘူးကို လှမ်းယူ...
ပိုက်ကာ စာသွားရေးတော့မယ်ဆိုပြီး ထ,ထွက်သွားလျှင် သူသည်...
မချင့်မရဲပြုံးကာ ကျန်နေရစ်ခဲ့ရလေသည်။

(ဒါပေမဲ့ သူက ကျေနပ်ပျော်ရွှင်နေခဲ့ပါသည်။)

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။





ချစ်ခြင်းယဉ်ကျေးမှု(၅)

❣ ငါဟာ တစ်သက်လုံးဖတ်ရမယ့် စာမျက်နှာတစ်ခုကို
ရှာဖွေတွေ့ရှိခဲ့သလိုပဲ ...။
အဲဒီလို ထင်နေတာက
ယုံကြည်ခြင်းတွေကို မမြင်သေးလို့ပဲလား ...။

❣ ငါဟာ
လောဘကြီးစွာနဲ့ပဲ မင်းကို ချစ်ခဲ့တယ်ဆိုရင် ...
ပိုင်ဆိုင်လိုစိတ်ရှိတာကို အပြစ်မပြောနဲ့ ...။

❣ ခရမ်းရောင်လေညင်း အနားသတ်ထားတဲ့
ချစ်ရက်ရှည်ရှည် အင်းလျားမြေဟာ
နှစ်ယောက်လက်တွဲ လမ်းလျှောက်မှ ပြည့်စုံသတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



❣ ဒါဆို အတိုက်အခိုက်တွေများတဲ့
ဘဝခရီးလမ်းအတွက်
အစစ်မှန်ဆုံး လက်တွဲဖော်ဆိုတာ ဘယ်သူများဖြစ်မလဲ
သေချာတာတော့ သူ့ရင်ထဲမှာ
အပြာရောင်မြစ်တစ်စင်း ရှိနေရမယ်။ ။

(မှုပိုင် – ခေတ်လမင်း)





ထိုနေ့က စနေနေ့နေ့လယ်အထိ သူနှင့် ငွေမင်းရည်
ဘ ငြိမ်းချမ်းအေးမြစွာ အတူရှိခဲ့ကြသည်။ နေ့လယ်စာထမင်း
ကို ငွေမင်းရည်က သူမကိုယ်တိုင် ချက်ကျွေးခဲ့ခြင်းဖြစ်သဖြင့် သူ့
အတွက် အဓိပ္ပာယ်ရှိသော နေ့လယ်စာဖြစ်ခဲ့ရသည်။ ပထမတော့
သူက သူမ ချက်ပြုတ်မှာကို တားမြစ်ခဲ့သေးသည်။

"မင်းလက်က ဒဏ်ရာနဲ့လေ၊ ဘာလို့ ချက်ပေးနေမလဲ
မချက်နဲ့"

"ကျွန်မမှာ ထမင်းချိုင့်မှ မပါတာ။ စားဖို့ ချက်ရမှာပေါ့"

"သွားဝယ်မှာပေါ့။ ဒီလမ်းထိပ်က ထမင်းဆိုင်ကောင်းသား
ပဲ"

"နေပါစေ၊ ကျွန်မက စာရေးဆရာကို ချက်ကျွေးချင်လို့ပါ
ပလိစ်"

သူမက မျက်လုံးတစ်ဖက်ကို မှိတ်ကာ ပြောင်စပ်စပ်
ပြုံးပြရင်း လက်ညှိုးနှင့်လက်မကို ဝိုင်းကာ အိုကေသင်္ကေတပြ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သေးသည်။ သူက အဲဒီပုံစံကို ခေါင်းယမ်းကာ ပြုံးပဲပြုံးနေဖြစ်သည်။ သူ့ရဲ့ သွေးကြောထဲမှာတော့ ငြိမ်းချမ်းသာယာမှုအပေါင်းက လှည့်ပတ်စီးဆင်းလို့နေသဖြင့် လူတစ်ကိုယ်လုံးဟာ လေဟာနယ်ထဲ ရောက်နေသလို ပေါ့ပါးလွတ်လပ်လို့နေသည်။ စိတ်ချမ်းသာ၍ နေလေသည်။

သူမက ရေခဲသေတ္တာထဲတွင်ရှိသည့် အရာတွေနဲ့ငဲ စားမြိန်ဖွယ် ထမင်းပွဲတစ်ပွဲကို တစ်နာရီလောက်အတွင်းမှာ ဖန်ဆင်းလိုက်တာဖြစ်သည်။ ကြက်သားကို ကြက်သားကုန်းဆောင်ကြီးကြော်တစ်ပွဲဖြစ်၊ ပုဇွန်တုပ်ကြီးငါးကောင်ကို မီးဖုတ်ကာ ရှောက်သီးအရည်ညှစ်ဆမ်းလျက် ခရမ်းချဉ်သီးအဝိုင်းတွေ၊ နံနံပင်တွေ ပုံခက်လျက် ဟင်းတစ်ပွဲအဖြစ်၊ ကြက်သားတောင်ပံရိုး၊ လည်ချောင်းတွေကိုတော့ ဟင်းချိုလုပ်ပစ်လိုက်၍တစ်ဖုံ စသဖြင့် စားချင်စဖွယ် ထမင်းဝိုင်းတစ်ခု ဖြစ်သွားသည်။

သူ့ကို ကိုယ်တိုင်ဟင်းချက်ကျွေးရသဖြင့် ပျော်ရွှင်ကျေနပ်နေဟန်ရှိသော ကောင်မလေးကို ကြည့်ကာ သူ့ရင်ထဲ၌လည်း အဲဒီထက်မလျော့သော ကျေနပ်ပြည့်စုံမှုတို့နဲ့ပဲ ဖြစ်ရတော့လေသည်။

“စားကောင်းလား စာရေးဆရာ”

“အရမ်းကောင်းတယ်၊ ချက်တာလည်း မြန်တယ်၊ ဘယ်လိုချက်တာလဲ၊ ဝတ္ထုထဲ ထည့်ရေးရအောင် ပြောပြစမ်းပါ”





သူမက သူ့စကားကို မနှောင့်နှေးသွားသည့်အလား ...ပ်ကို လက်ဝါးနှင့်အုပ်လျက် ခိခနဲ ရယ်လိုက်သေးသည်။ ...ဘာမှ ...

“ဦးကြီးပုရဲ့ ချက်နည်းပြုတ်နည်း ငါးရာစာအုပ် ဝယ်ဖတ်ပေါ့”

သူက ပြုံးမဲ့မဲ့နှင့် စိုက်ကြည့်လိုက်လျှင် သူမကလည်း ...ည်းယားချစ်စဖွယ်ဖြစ်အောင် နှုတ်ခမ်းကိုစုကာ ပြန်ပြုံးပြ...သည်။ သူသည် အဲဒီပုံစံကို သဘောကျစွာနှင့် ဟက်ခနဲ တစ်...ယ်ကာ မျက်နှာလွှဲလိုက်ရသည်။

“သြော် ... ဒါနဲ့ စာရေးဆရာကို ပြောစရာရှိတယ်”

“ပြောကြည့်”

သူ အဲဒီလိုပြောတာကိုပဲ သူမက တမေ့တမော ...းကာ ...

“ဒီတစ်ပတ် စနေ တနင်္ဂနွေနဲ့ ဂဇက်ဝင်ပိတ်ရက်လေးနဲ့ ပေါင်းပြီး ကျောင်းတစ်ပတ်လောက်ပိတ်မယ်၊ အဲဒါ ကျွန်မ ဘလာရေးလို့ရမလားလို့ပါ ...

နောက်ကျရင် စာမေးပွဲနီးနေမှာ ဖြစ်တဲ့အတွက် ဘလာရေးဖို့ ပျက်ရင်ပျက်မှာလေ၊ အဲဒါကြောင့်မို့ပါ”

အင်း ... ဒီတစ်ပတ်အတွင်းမှာပဲ သံယောဇဉ်ထုထည် ...ပိမ္ဘား.များသွားလေဦးမလား။ သူက စိတ်ထဲက အဲဒီလို ...လိုက်သော်လည်း အပြင်ဘက်ကတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"လာရေးလေ။ ဪ ... ဒါနဲ့ မင်းကျောင်းတက်ရတာ
အဆင်ပြေရဲ့လား"

သူမက နှုတ်ခမ်းပြုံးကာ "ပြေပါတယ်"ဟုဖြေသည်။
သူသည် ဒီအဖြေနဲ့တင် မကျေနပ်နိုင်သေးဘဲ ပြောရခက်ပုံဖြင့်
နားထင်ကို လက်သို့နှင်ကုတ်ကာ ...

"ဟိုတစ်မျိုးတော့ မထင်နဲ့ကွာ။ ဘယ်လိုသဘော
ပြောတာမဟုတ်ဘူး။ ငွေရေးကြေးရေးတွေ ဘာတွေ
အဆင်ပြေလား၊ ဘာပဲဖြစ်ဖြစ် ... ဟို ..."

သူ စကားဆက်ရခက်နေပုံကို သူမက နှုတ်သိမ်း
လည်သလို ပြုံးပြသည်။ ထိုအပြုံးကိုမြင်တော့မှ သူ အသက်ရှူ
နည်း ချောင်သွားရလေသည်။ သူ မရဲတရဲ မျှော်လင့်ထားသ
ရှင် ကျွန်မကို နိမ်ကာလား ဘာလား အပြောမျိုးတွေ၊ အားငယ်
သည့် အရိပ်အယောင်တွေ ဘာဆိုဘာတစ်ခုမှ သူမ မျက်နှာပေါ်
ဖြတ်စီးသွားခြင်းမရှိပါ။ ပကတိအတိုင်း ကြည်ကြည်လင်လင်
ဖြစ်သည်။

"ကျွန်မအတွက်ကတော့ စာရေးဆရာနဲ့ အဆင်ပြေနေသ
အားလုံး အဆင်ပြေပါတယ်"

"ဘယ် ... ဘယ်လို"

"ဟုတ်ပါတယ်။ ကျွန်မရဲ့တစ်ဦးတည်းသော အလုပ်ရှင်
စာရေးဆရာပဲလေ။ ဒီအလုပ်ရှင်ထံက ချိုသာခင်မင်
ဆက်ဆံရေးမျိုး ရရှိလာတာ ကျွန်မ တကယ်ပဲ ဝမ်းသာ





တယ်။ ဒါကြောင့် အားလုံးအဆင်ပြေတယ်၊ စိတ်ချမ်းသာ
တယ်"

သူမက စကားကို ရိုးရိုးသားသား အေးအေးဆေးဆေး
ပြောသော်လည်း သူ့ရင်ထဲမှာတော့ တစ်စုံတစ်ခုအလား
[illegible]လိုက်လေသည်။ သူမကို [illegible] ယုံကြည်လိုက်
လျှင် ဟုတ်တယ်မဟုတ်လားဟုသော [illegible] သူမက ခေါင်းလေးငုံ့
[illegible] ပြုံးပြသည်။

အဲဒီနောက် သူ စားပြီးသား ပန်းကန်တွေကို ယူ
ကာ [illegible] သွားရောက်ဆေးကြောနေသော သူမရဲ့ နောက်
ကျောပြင် [illegible] ငေးကြည့်နေလာသည်။ သူ့ကို [illegible]ယဖို့
ဆမင်း[illegible] မနောက်ဆုံး သူစားပြီးသား ပန်းကန်ကို
ဆေးဖို့တောင် ငြင်းလေးခဲ့သော မူကြာနှင့် နှိုင်းယှဉ်ပြီးလျှင် သူ့
ရင်ထဲမှာ [illegible]သည်။

သူမလေးလည်း မနောင်ကစ်ချိန်မှာ ဆရာဝန်ဖြစ်မည့်
သူလေးပါပဲ။ ဒါပေမဲ့ သူမလေးက သည်းခံနိုင်စွမ်း မြင့်မားလွန်း
သည်၊ သူ့ကို စာနာနားလည်သည်။ အညြို့လဲ့သော မျက်ဝန်းတွေ
က သူ့အတွက်ဆိုလျှင် အဆင်သင့်ဖြစ်နေတတ်သည်။ ဒါဆို
သူ့အချစ်ကို ဘက်ခံဖို့ရော ...။

အဲဒါကို ဆက်မတွေးနိုင်ခင်ပင် ထိုအချိန်၌ သူ့ဟန်းဒ်
ဖုန်းက ထမြည်လို့လာသည်။ ပေါ်လာသောနံပါတ်ကို သူ မသိချေ။
ပထမတော့ ဖုန်းပိတ်ပစ်လိုက်ဖို့ စိတ်ကူးမိသော်လည်း ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



တွန်းအားကစေ့ဆော်နေသလဲတော့ မပြောတတ်။ စိတ်လက်ကြ
သာနေတာကြောင့်လည်း ပါ,ပါမည်။ သူက ဖုန်းကိုဖွင့်ကာ
လိုက်သည်။

"ဟယ်လို"

တစ်ဖက်မှ အသံထွက်မလာချေ။ အသက်ရှ
မှုဉ်းမှုဉ်းကိုသာ ကြားနေရသဖြင့် သူက မျက်မှောင်တစ်ခ
ကြုတ်သွားမိသည်။ ဒါကို သံပရာရည်ဖျော်ယူလာသော သူ
လှမ်းမြင်ကာ ...

"မျက်မှောင်ကြီး မကုတ်နဲ့လေ။ အဲဒါ အရှမ်းအိုမင်းလွ
တယ်နော်"

သူက ပြန်ပြုံးပြလိုက်ရင်းမှ ဖုန်းဆက်လာသူ
စကားလှမ်းပြောလိုက်သည်။ တချို့ပရိသတ်တွေဟာ ဖုန်းဆက်
ရင် ချက်ချင်း မပြောရဲ မဆိုရဲတာတွေလည်း ရှိတတ်တာကြောင့်
"ဟယ်လို ပြောပါ။ ဘယ်သူပါလဲ"

"မွန်းလား"

တစ်ဖက်မှ မေးလိုက်သံသည် ခပ်တိုးတိုးနှင့် စကား
လုံးနှစ်လုံးတည်းသာ ဖြစ်သော်လည်း သူ့နားထဲတွင် အကျယ်ကြ
မြည်ဟည်းသွားသလိုပင်။ သူသည် ရုတ်တရက် ဘာပြန်ပြောရ
မသိပေ။ နှုတ်ခမ်းတွေဟာ ချက်ချင်းပဲ ခြောက်ကပ်လာသ
ဖွင့်မရဖြစ်သွားသည်။ ဒီကမ္ဘာပေါ်တွင် သူ့ကို မွန်း(moon)
ခေါ်တတ်သူမှာ ...





"မှဏ်းဘရဏီပါ မွန်း။ မမှတ်မိတော့ဘူးနဲ့တူတယ်"

တစ်ဖက်မှ အသံထပ်ထွက်လာတော့မှ သူက လှုပ်
လှုပ်ရှားရှား ဖြစ်သွားသည်။ ငွေမင်းရည်သည် အင်မတန် အလိုက်
သိစွာနှင့် သူ ဖုန်းပြောလျှင် ဘယ်တော့မှ အနားမှာ မနေတတ်သူ
ပီပီ လက်ဟန်ခြေဟန်ဖြင့် စာသွားရေးတော့မယ် ဆိုသော ပုံစံ
မျိုးလုပ်ပြကာ ထမင်းစားခန်းထဲမှ ပျောက်ကွယ်သွားသည်။

"မှတ်မိပါတယ်။ ရုတ်တရက်ဆိုတော့ အံ့သြသွားတာပါ"

သူ့စကားကို တစ်ဖက်မှ ခပ်တိုးတိုးရယ်သည်။
မှဏ်းတစ်ယောက် အမေရိကားကို ထွက်သွားတာ တစ်နှစ်ကျော်
သွားပြီ၊ အခုမှ ပထမဆုံးပြန်ဆက်သွယ်လာခြင်းကို သူက တကယ်
ပဲ အံ့သြသည်။ ပြီးတော့ ဖုန်းနံပါတ်က ပြည်တွင်းကနံပါတ်ဖြစ်
သည်။

သူပင် မမေးရသေး မှဏ်းက သူ ဘာတွေးနေလဲ
သိဟန်ဖြင့် ...

"တို့ ပြန်ရောက်နေတယ်လေ"

"ဟုတ်လား။ ဘယ်တုန်းက ရောက်တာလဲ"

"ဒီမနက်ပါ။ ဘယ်သူနဲ့မှတောင် သိပ်မတွေ့ရသေးဘူး။
မွန်း ... အခု ကိုယ့်ကို အချိန်ပေးနိုင်မလား"

သူ့ခန္ဓာကိုယ်က ရုတ်တရက် မတ်ခနဲ ဖြစ်သွား
သည်။

"မအားဘူးလား၊ စာရေးနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး။ အင်း ... ဘယ်ကိုလာခဲ့ရမှာလဲ"

"တို့ အခု စိမ်းလန်းစိုပြည်ထဲက Zephyr မှာ တစ်ယောက်တည်းထိုင်နေတယ်"

"အိုကေ ... နောက်နာရီဝက်အတွင်း ရောက်မယ်"

သူက ဖုန်းပိတ်လိုက်ပြီးလျှင် ရင်ထဲတွင် ခံစားချက်တစ်မျိုးဖြင့် တုန်ဟိုက်၍လာသည်။ သူ မုဏ်းကို တွေ့ချင်နေတာတော့ တကယ်မှန်သည်။

တစ်နှစ်အတွင်းမှာ မုဏ်း ဘယ်လိုများ ပြောင်းလဲသွားမလဲ။ သူ့ကို ဘာတွေပြောမလဲ။ သူ တကယ်ပဲ သိချင် မြင်ချင်လှပါသည်။

သူက အခန်းထဲဝင်ကာ အဝတ်အစားလဲလိုက်သည်။ ပြီးလျှင် ငွေမင်းရည် စာရေးနေသော အခန်းဝမှနေ၍ ...

"ငွေမင်းရည် ကိုယ် အပြင်ခဏသွားမလို့"

"ဩော် ... ဟုတ်"

"ဖြစ်လား နေရဲလား"

"နေရဲပါတယ်"

"အိုကေ ... ကိုယ် ပြန်လာတဲ့အထိ စောင့်နော်။ မင်းကို အိမ်ပြန်လိုက်ပို့ပေးမယ်"

သူမက ချစ်စဖွယ်ပြုံးကာ ခေါင်းညိတ်ပြလေသည်။ သူဟာ သူမခေါင်းလေးကို အုပ်မိုးလှုပ်ယမ်းပစ်ချင်သော်လည်း





သက်ပဲပြကာ ထွက်လာခဲ့လိုက်သည်။ အချိန်ကား ရုံးဆင်းချိန်၊ ကျောင်းဆင်းချိန် ရောက်နေပြီမို့ ကားတွေကျပ်သဖြင့် လေးဆယ့်ငါးမိနစ်လောက်ကြာမှ သူက စိမ်းလန်းစိုပြည်သို့ ရောက်သည်။

Zephyr စားသောက်ဆိုင်လေးထဲရှိ ကန်ဘက်က အခြမ်းမှ စားပွဲဝိုင်းတစ်လုံးတွင် မုဏ်းသည် တစ်ယောက်တည်းထိုင်နေရာမှ သူ့ကိုတွေ့မြင်လျှင် လက်တစ်ဖက်ထောင်ပြကာ ...သက်သည်။ မုဏ်းသည် အရင်ကထက် အသားပိုဖြူတာကလွဲ၍ သိပ်ထူးထူးခြားခြားကြီး ပြောင်းလဲလာတာတော့ မရှိပါ။

အရင်ကတည်းကလည်း အမြဲပြင်ဆင်နေတတ်သူဖြစ်၍ ...အတွက်တော့ သိပ်မပြောင်းလဲဟု ပြောရပေမည်။

"ကားတွေပိတ်နေတယ်နဲ့တူတယ်၊ ထိုင် ဘာသောက်မလဲ"

"ကော်ဖီပဲ"

မုဏ်းက သူ့အတွက် ကော်ဖီတစ်ခွက်မှာပေးသည်။ ...ပြီးနောက် သူတို့နှစ်ဦးကြားထဲတွင် စကားပြောစရာ မရှိသလို ...သွားသည်။ သူက ကန်ထဲက ရွက်လှေတွေကို လှမ်း...နေကာ မုဏ်းကတော့ သူ့ကို စိုက်ကြည့်နေဟန်တူသည်။ အတန်ကြာမှ သက်ပြင်းတစ်ချက်ချကာ သူမကပဲ စကားစတင်ပြောသည်။

"ဘယ်လိုလဲ အဆင်ပြေလား"

"ဘာကိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အားလုံးကိုပေါ့"

"ဒီလိုပါပဲ၊ မင်းရော"

"ပြေပါပွာယ်၊ ခွင့်ရတာနဲ့ ခဏပြန်လာတာပါ။ ဖေ...

ဆုံးသွားပြီလေ၊ ဒီတော့ တို့နဲ့အတူတူနေဖို့ မေမေ့ကို ...

ခေါ်တာ"

"ဪ ... စိတ်မကောင်းပါဘူး"

သူက ဒါပဲ ပြောနိုင်လျက် ဘာမှ ဆက်မပြောနိုင်... ရှိနေလျှင် မုဏ်းက သူ့ကို ရိပေစွာ ငေးမောကြည့်နေသည်... သူတို့နှစ်ယောက်ကြားထဲတွင် မတွေ့တာ အတော်ကြာတာတော... ပြောစရာစကား များများစားစား မရှိတာဟာ ပုံမှန်မဟုတ်... ယူဆသဖြင့် ...

"အရင်အတိုင်းပဲလား မုဏ်း"

သူ့စကားကို မုဏ်းက ဘယ်လိုအဓိပ္ပာယ်ဖေါက်သွား... လဲတော့မသိချေ။

လှစ်ခနဲပြုံး၍ကာ "မွှန်းရော"ဟု ပြန်မေးသည်...

"အင်း ... အရင်လိုပဲ"

အဲဒီအချိန်မှာပဲ မုဏ်းက သူ့လက်တစ်ဖက်ကို ... ခနဲ လာရောက်ဆုပ်ကိုင်လိုက်တာဖြစ်သည်။ သူက အလန့်တကြ... မော့ကြည့်လိုက်လျှင် မုဏ်းက ခံစားချက်တို့ဖြင့် နင့်သီးနေသော... မျက်ဝန်းများဖြင့် ...





"မွှန်း ... ယူ နည်းနည်းလောက်မှ တို့ဘက်ကို ငဲ့ကြည့်မပေးနိုင်တော့ဘူးလားဟင်။ ယူ ဘာလို့ တို့နဲ့ မာနချင်းပြိုင်နေရတာလဲ ...

တို့နှလုံးသားတွေ ဘယ်လောက်ကွဲကြေခဲ့ရလဲ ယူသိရဲ့လား။ ဒီလောက်ချစ်ခဲ့ကြပြီးမှ ဒီကိစ္စလေးကြောင့် ဝေးသွားရတယ်ဆိုတာ ဖြစ်သင့်လား"

"ဒီကိစ္စလေးလို့ မပြောနဲ့ မုဏ်း။ အဲဒါဟာ ပြဿနာတစ်ခုပါ။ ကိုယ်လည်း အဲဒီလို မဖြစ်ချင်ခဲ့ဘူး။ ဒါပေမဲ့ လူဆိုတာ ကိုယ့်ယုံကြည်ချက်အတွက် တစ်ခါတလေမှာ အချစ်ကို ဘေးဖယ်ထားသင့်ရင်လည်း ထားခဲ့ရတာပဲ"

မုဏ်းက နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်ကာ ...

"ယူ့ အင်မတန်ရက်စက်တဲ့သူပဲ"

မုဏ်းစကားကြောင့် သူအမှန်ပဲ ထိခိုက်ခံစားသွားရပါသည်။ တစ်ယောက်နဲ့တစ်ယောက် ညှိနှိုင်းမရတော့တဲ့ လမ်းခွဲခြင်းမျိုးမှာ ဘယ်သူက ဘယ်သူ့ထက် ပိုရက်စက်တယ်ဆိုတာ ရှိသေးလို့လား။

"မင်း အဲဒီလို မသတ်မှတ်နဲ့ မုဏ်း။ ကိုယ် မှန်တယ်ထင်လို့ ဆုံးဖြတ်ကြတဲ့ကိစ္စမှာ ဘယ်သူကမှ ရက်စက်တယ်ဆိုတာ မရှိဘူး ...

မင်းကို ဒီလိုပုံစံမျိုးနဲ့ ကိုယ် မမြင်ချင်ဘူး။ မင်းနဲ့ မလိုက်ဖက်ပါဘူး မုဏ်း။ မင်း ပျော်ရွှင်အောင်နေပါ"



www.burmeseclassic.com

www.burmeseclassic.com



"ယူရော ပျော်ရွှင်နေလို့လား"

သူက ဖျော့ခနဲပဲ ငွေမင်ရည်ရဲ့ မျက်နှာကို ပြေးမြင်သည်။ သူ ပျော်ရွှင်နေဟယ်ထင်တာပဲ။ ဒါပေမဲ့ ဒါဟာ သိပ်မကြာသေး။ သူ့ကိုယ်သူလည်း တိကျရေရာတဲ့ ဆုံးဖြတ်ချက် မပေးနိုင်သေးချေ။ သူ့ကိုယ်သူ မဖေ့ရာသေးသော အခြေအနေတွင် သူဟာ ရှေ့ဆက်မတိုးသေးဘာပဲ ဖြစ်ပါသည်။

ငြိမ်သက်စွာ သူ ငေးနေဘာကို မှုကားက မျက်ရည်ဝေ့သီသော မျက်လုံးများဖြင့် ငေးကာ ...

"လူတိုင်းဟာ ဘဝရဲ့ ရည်မှန်းချက်တွေ ရှိကြပြီး အရေးကြီးကြကယ် ဆိုပေမယ့်လည်း နှလုံးသားကလည်း သွေးသားနဲ့ပဲ ဖွဲ့စည်းထားတာပါ မွန်း ...

ဒီရည်မှန်းချက်တွေရဲ့နောက်ကို မမောမပန်းနိုင် လိုက်နေရတာနဲ့ပဲ ကိုယ့်နှလုံးသားကိုယ် ပြန်သတ်နေကြတဲ့အဖြစ်ဟာ ကကယ့်ကိုပဲ လူမပီသကြဘူး ...

ယူရော တို့ရော သိပ်မိုက်မဲကြတယ်"

သူက နှုတ်ခမ်းကို တင်းတင်းစေ့ကာ လက်သီးဆုပ်ထားရင်းမှ ဘာမှပြန်မပြောနိုင်ချေ။ ကကယ်လည်း မှုကား ပြောတာတွေဟာ အမှန်ပဲဖြစ်သည်။ ဒီစကားတွေက သူ့ရင်ကို တကယ်ပဲ ထိစေပါသည်။ ဘယ်လောက်ပဲ မေ့ထားပြီးပြီပြောပြော မေ့ထားပြီးသော အချိန်ဟာ ချစ်ခဲ့ကြသော အချိန်ရဲ့တစ်ဝက်တောင် မရှိသေး။





"တကယ်ဆို ယူနဲ့ တို့ဟာ ချစ်ခဲ့ကြဖို့ မကောင်းဘူး။ ဘာလို့လဲဆိုတော့ သိပ်တစ်ကိုယ်ကောင်းဆန်ပြီး အတ္တကြီးကြလို့ပဲ ...

ဒီလိုလူတွေဟာ နူးညံ့လွန်းတဲ့ အချစ်ကို ခံစားဖို့ မထိုက်တန်ဘူး၊ ဒါကြောင့်လည်း အချစ်က တို့နဲ့ ဝေးရာကို ပြေးထွက်သွားခဲ့တာပဲ"

"မင်းက ပြေးထွက်သွားသူပါလေ"

သူ့အပြောကို မှုကားက မဲ့ပြုံးဖြင့် နာကျင်စွာ ပြုံးလေသည်။

"ဘာပဲပြောပြောပေါ့လေ တစ်ကိုယ်ကောင်းဆန်တဲ့လူ နှစ်ယောက်ချင်းမို့ ဘယ်သူ့မှာမှ အပြစ်ကြီးတယ် မဆိုသာပေမယ့် ယူ ဒီလိုပုံစံမျိုးနဲ့ ဒုတိယအချစ်ကို မရှာမိစေနဲ့ ...

ယူ့နှလုံးသားတွေ စုတ်ပြတ်သတ်သွားလိမ့်မယ်"

"ကျွတ်"

သူ့ရဲ့ စိတ်ပျက်လက်ပျက် ကျွတ်စုတ်သပ်သံကို မှုကားက ဝမ်းနည်းနာကျင်စွာ စိုက်ကြည့်ကာ ...

"ယူက အရင်ကတိုင်းပဲနော်၊ ဘာမှ မပြောင်းလဲဘူး။ တို့အပေါ်မှာ စိတ်မရှည်တာ၊ ဒေါသကြီးတတ်တာ၊ သည်းမခံတတ်တာ မလိုက်လျောတတ်တာ အားလုံး အားလုံးပဲ ...



www.burmeseclassic.com

ယူ စိတ်ရှုပ်နေရင် ပြန်ချင် ပြန်လိုက်ပါ။ အခုလို လာတွေ့ပေးတဲ့အတွက် သင့်ခ်ယူပါ”

သူက မုဏ်းရဲ့မျက်နှာကို ဒီတစ်ခါတော့ သေချာစွာ ဲ စူးစိုက်ကြည့်မိသည်။ အရည်လဲ့နေသော မျက်ဝန်းတွေထဲတွင် သူ့အတွက် အချစ်တွေ သိမ်းထားတုန်းပဲလား။ ဟင့်အင်း … ခင်းလည်း ကိုယ့်ကို မေ့ဖို့ကြိုးစားသင့်ပြီ မုဏ်း။ ကိုယ်တို့တစ် တွေ တစ်ယောက်နဲ့တစ်ယောက် စိတ်ဒုက္ခမပေးကြကြေး။

ကိုယ့်ဘဝအတွက် စစ်မှန်တဲ့ လက်တွဲဖော်ကိုရှာပြီး အေးချမ်းနေသင့်ပါပြီ။

“မင်း”

သူက တစ်စုံတစ်ခုပြောမည့်ဟန်ပြင်ပြီးမှ ဆက်မပြော နိုင်ချေ။ မုဏ်းကတော့ အခါတိုင်းလိုပင် မပြောင်းမလဲ စိုက်ကြည့် ာတ်စမြဲ။ မျက်ဝန်းတွေက သူ့ကို ဘာပြောဦးမှာလဲ ပြောလေဟု သောပုံစံမျိုးဖြင့် မထိတရိ စိုက်ကြည့်လို့နေလျှင် သူသည် ရင်ခွင် ာစ်ခုလုံး ရှုပ်ထွေးမွန်းကျပ်လာကာ ရုတ်တရက်ပဲ ထ,ထွက်မိသည်။

အဲဒီနောက်တော့ သူဟာ ကားကို ပြည်လမ်းအတိုင်း မြို့ပြင်ထိရောက်အောင် မောင်းလာခဲ့သည်။ မြို့ပြင်မှာ ကားရပ်နား ရင်း အဝေးသို့ငေးကာ အဖြေရှာသော်လည်း မတွေ့ချေ။ မှောင် ပျိုးချိန်မှပဲ သူဟာ ပြန်ထွက်လာခဲ့လျက် သူ့အာရုံတွေ အညောင်း ပြေစေမည့် စားသောက်ဆိုင်တစ်ဆိုင်ထဲဝင်ကာ တစ်ယောက်တည်း ိတ်ထင်တိုင်းကြိတော့တာဖြစ်၏။





သူ့ကို တားမည့် ဝဏ္ဏလည်းမရှိ။ မာန်မဲတတ်သည့် း်းလည်းမရှိ။ ချော့မြှူသည့် မျက်ဝန်းတွေနှင့်ကြည့်တတ်သည့် ့မင်ရည်လည်း မရှိသဖြင့် သူဟာ အားလုံးကို အန္တဲ့တိုက် င်းလိုက်ပဲ ကိုင်တော့တာဖြစ်သည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၆

ငွေမင်းသည် ရေချိုးခန်းထဲရှိ တိုင်ကပ်နာရီကို မော့ကြည့်ကာ စိုးရိမ်ပူပန်စိတ်က ရင်ထဲသို့ ပြည့်တက်လာသည်။ အချိန်ကား ခုနစ်နာရီထိုးတော့မည်။ စာရေးဆရာရဲ့ အရိပ်အယောင်ကို အခုထိ မမြင်ရသေးချေ။ ညနေ လေးနာရီလောက်တည်းက အိမ်ကထွက်သွားသော စာရေးဆရာဟာ အခုထိ အိမ်သို့ ပြန်ရောက် မလာသေးချေ။

ခြောက်နာရီလောက်အထိတော့ ငွေမင်းသည် သူ ပြောသွားခဲ့သည့် ပြန်လာတဲ့အထိစောင့် အိမ်ပြန်လိုက်ပို့ပေးမယ် ဟူသော စကားလေးနှင့် တစ်ယောက်တည်း ကျိတ်ပြီးကြည်နူး နေခဲ့ရတာဖြစ်သည်။ ငွေမင်းဟာ ကိုယ့်ကိုယ်ကိုယ် ဘာခံစားနေ သလဲဆိုတာကို မဆန်းစစ်မိဘဲ စာရေးဆရာရဲ့အပေါ်မှာ ဖြည့်ဆည်း ပေးနေလျှင် ကျေနပ်ပျော်ရွှင်နေပြီပဲဖြစ်သည်။





တခြားအရာတွေကို ငွေမင်း မစဉ်းစားပါ။ စဉ်းစားဖို့ သည်း မလိုဘူးဟုထင်သည်။ ငွေမင်းရဲ့ သဘောကား စာရေးဆရာ ကို စိတ်ချမ်းသာအောင်လုပ်ပေးခြင်းသည် ငွေမင်းလည်း စိတ်ချမ်း သာရသည်ဆိုတာပဲ ဖြစ်လေသည်။

"ကျွတ် ... ဒုက္ခပါပဲ၊ ဘာများဖြစ်နေပါလိမ့်နော်"

သူ့ရဲ့လက်ကိုင်ဖုန်းကို ဆက်ကြည့်တော့လည်း သမတစ်ခါက ဆက်သွယ်မှုဧရိယာ၏ပြင်ပ၊ နောက်တစ်ခါက ကော်ပိတ်ထားလေရာ ငွေမင်းဟာ ဘာဆက်လုပ်ရမှန်းမသိတော့ပေ။ ဒီအိမ်ကြီးကို သော့ပိတ်ထားသွားရအောင်လည်း သူ ပြန်လာသော အခါ ဘယ်ကဝင်မလဲ။ ပြီးတော့ သူက ငွေမင်းကို ယုံကြည်စွာနဲ့ အပ်နှံသွားခဲ့တာ။ ပြီးတော့သူ ပြန်လာတဲ့အထိ စောင့်ပါလို့လည်း ပြောသွားခဲ့သေးတာ။ ဒါပေမဲ့ အခု ညခုနစ်နာရီထိုးတဲ့အထိတော့ သူက ရောက်မလာသေးပေ။ ငွေမင်းသည် အစ်မ စိတ်ပူနေမည်စိုး၍ အိမ်ကိုတော့ ဖုန်းဆက်အကြောင်းကြားထားလိုက်သည်။

"ဟဲ့ ... အဲဒီမှာ နင်တစ်ယောက်တည်း ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်။ နို့မို့ဆို တစ်ခုခုဖြစ်သွားရင် ငွေမင့်ခေါင်းပေါ် လာမှာ။ ဘာမှ စိတ်မပူပါနဲ့"

"အေးပါ ... အေးပါ။ ငါ့နှယ်နော်"

ဖုန်းချပြီးသည် အထိလည်း ကိုယ်တော်ချောက ရောက်မလာသေးပေ။ ငွေမင်းသည် ရှိသမျှ တတ်သမျှ ဘုရားစာ



www.burmeseclassic.com

www.burmeseclassic.com



မျိုးစုံ ရှုတ်ဆိုနေကာ ညကိုးနာရီထိုးပြီးကာစမှပင် ခြံဝမှာ ဒုန်း
ဟူသော အသံကျယ်ကြီးကို ကြားလိုက်ရတာဖြစ်တော့သည်။

ကြားလျှင်ကြားချင်း ခြံဝသို့ ပြေးထွက်ကြည့်လိုက်
လျှင် ကိုယ့်ခြံတံခါးကိုယ် ကားခေါင်းနှင့် ပြန်ဆောင့်ထားသော
စာရေးဆရာရဲ့ကားကို တွေ့မြင်လိုက်ရလေသည်။ သူ ပြန်ရောက်
လာခဲ့ပြီဟူသော အသိနှင့် ထိတ်ခနဲ ပျော်သွားသော်လည်း
အနားနား ကပ်ကြည့်တော့မှ ထင်သလောက်လည်း မပျော်နိုင်ပြ
တော့ချေ။

"ဘုရား ... ဘုရား စာရေးဆရာ အရက်တွေ သောက်လာ
ပါလား"

အရက်နံ့တို့မှာ ကားအပြင်ဘက်ကတောင် စူးနေ
အောင်ရှ၍ စာရေးဆရာသည်လည်း ခေါင်းကို မဖော်နိုင်တော့ပေ။
ငွေမင်သည် ကားတံခါးကိုဖွင့်ကာ စာရေးဆရာကို မနည်းတွဲ၍
ဆွဲထုတ်ရသည်။ သူက ဒယီးဒယိုင်ဖြင့် လိုက်ပါလို့လာသည်။
ငွေမင့်မှာ စာရေးဆရာ၏ ခန္ဓာကိုယ်ကြီးကို မနည်းတွဲကာ လာ
လေသည်။ အဲဒီနောက် မနိုင်တော့သဖြင့် ဧည့်ခန်းထဲက ဆိုဖာပေါ်
တွင် တင်ပေးလိုက်ရသည်။

"စာရေးဆရာ ... စာရေးဆရာ ... ကျွန်မ ပြောနေတာ
ကြားရဲ့လား"

"အင်း ... ဟင် ... ဟင်"





သူ့ပါးစပ်က ဘာတွေမှန်းမသိဘဲ ညည်းညူနေသဖြင့်
ငွေမင်က စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကုတ်မိလေသည်။ အပြင်
ဘက်မှာလည်း၊ သူ့ကားကြီးက ဒီအတိုင်း ကျန်ရစ်ခဲ့သေးသဖြင့်
ခြံအပြင်သို့ထွက်ကာ ကားကို သော့ခတ်ရသည်။ ကိုယ်တိုင်တော့
ကားမမောင်းတတ်၍ ခြံထဲသို့ မသွင်းနိုင်ချေ။

ပြီးလျှင် အိမ်ထဲ ပြန်ဝင်လာသောအခါ စာရေးဆရာ
က ဆိုဖာပေါ်တွင် ပက်လက်လှန်လဲလျက် အန်ချထားသည်မှာ
အင်္ကျီတွေရော ကြမ်းပြင်တွေမှာတော ပေပွလို့နေတာကို အမော
ဆို့ဖွယ် ထပ်တွေ့ရလေသည်။

"အာ ... စိတ်ညစ်လိုက်တာ။ ဘယ်လို ဖြစ်ရတာလဲ၊
ဒီလောက်ကြီးပဲ မူးအောင်သောက်ရတယ်လို့ ... ဟား
ကျွတ်"

ငွေမင်သည် နောက်ထဲသို့ ပြေးဝင်ကာ ရေပုံးနှင့်
အဝတ်ကို ယူလျက် ကြမ်းပြင်ကို အမြန်သန့်ရှင်းရေးလုပ်ရသည်။
အန်ဖတ်တွေ ကျုံးကာ သန့်ရှင်းသွားပြီဆိုမှ စာရေးဆရာရဲ့
ကိုယ်ပေါ်က အန်ဖတ်တွေကို တစ်ခါသုတ်ပေးရပြန်သည်။ သုတ်
နေတုန်းမှာပင် ထပ်အန်ပြန်တာမို့ ငွေမင်ရဲ့ အင်္ကျီတွေပါ ပေပွ
ကုန်ပြန်လေသည်။

ငွေမင်သည် စိတ်ရှုပ်စွာနှင့်ပင် အမူးသက်သာမည့်
နည်းလမ်းကို စဉ်းစားရလေသည်။ ခေါင်းကိုက်ရင် သံပရာသီး
အဲ ... ဟုတ်ပြီ။ အရက်မူးနေရင် နားထဲကို သံပရာသီးအရည်



www.burmeseclassic.com

www.burmeseclassic.com



ညှစ်ထည့်ပေးရတယ်လို့ ကြားဖူးသည်။ ဒါနဲ့ပဲ သူ့နားထဲသို့ သံပရာရည် ညှစ်ထည့်ပေးလိုက်သည်။

"အင်း ... ဒီအတိုင်းထားရင်တော့ အအေးပတ်သွားနိုင်တယ်။ နံစော်နေတာပဲ၊ ဟင်း ... ဒုက္ခ ... ဒုက္ခ။ အင်္ကျီလဲပေးမှပါပဲ။ သူ့အခန်းထဲ ပို့ရမှာပဲ"

ငွေမင်မှာ သူ့ခန္ဓာကိုယ်ကြီးကို မနိုင့်တနိုင်နှင့် တွဲရပြန်လေသည်။ အိပ်ခန်းထဲအထိ ရောက်လာပြီးမှ ထပ်မအန်တော့သော စာရေးဆရာကို ခဏထားထားလျက် သူ့အန်ဖတ်များ ပေကျံနေသည့် ကိုယ့်အင်္ကျီကို ငုံ့ကြည့်ကာ နှာခေါင်းတစ်ချက်ရှုံ့မိသည်။ နံလွန်းသဖြင့် ခေါင်းတောင်ကိုက်လာရလေသည်။ မဖြစ်တော့ ငွေမင်လည်း အင်္ကျီလဲမှဖြစ်ချေမည်။

ငွေမင်သည် အနီးရှိ ဗီရိုထဲမှ စာရေးဆရာအတွက် ညဝတ်အင်္ကျီလက်ရှည်တစ်ထည်နှင့် ငွေမင် ဝတ်ဖို့အတွက်တော့ တီရှပ်တစ်ထည်ကို ဆွဲထုတ်လိုက်သည်။ အဲဒီနောက် ငွေမင်က ဗီရိုအကွယ်မှာပဲ အင်္ကျီလဲလိုက်ပါသည်။

"မုဏ်း ... မင်း ဘာအရှုးထနေတာလဲ"

ရုတ်တရက် ထွက်ပေါ်လာသော အာလေးလျှာလေး အသံကြီးကြောင့် ငွေမင့်မှာ ဆတ်ခနဲတောင် တုန်သွားရလေသည်။ ပြီးတော့မှ စာရေးဆရာ မူးပြီးပြောနေတာမှန်း သိသဖြင့် နည်းနည်း အလန့်ပြေသွားရသည်။ ဒီအခန်းထဲမှာ ကြာကြာမနေသင့်တော့ဟု ဦးနှောက်က အချက်ပေးသဖြင့် ငွေမင်ဟာ သူ့ကို အင်္ကျီခပ်မြန်မြန်





လဲပေးဖို့ စိတ်ကူးလျက် ဗီရိုကွယ်သို့ ထွက်လိုက်လျှင် ဘာကြောင့်မှန်းမသိ အခုမှ ရင်တုန်လာသည်။

စာရေးဆရာ ဝတ်ထားတာက အော်လ်တာရှပ်လက်တိုမို့ အင်္ကျီကြယ်သီးတွေကို ဖြုတ်ပေးဖို့ရာကို လက်က တော်တော်နှင့် မလှမ်းနိုင်ပေ။ ငွေမင်သည် ခုတင်ဘေး အစွန်းလေးတွင် မဝံ့မရဲဝင်ထိုင်ရင်းမှ အပေါ်ဆုံးကြယ်သီးလေးကို ဖြုတ်ဖို့ လက်အသာလှမ်းလိုက်လျှင် ...

"မင်းက ကဝေမပဲ မုဏ်း"

"အမလေး"

သူက ဖျတ်ခနဲ ငွေမင်ရဲ့လက်ကို လာရောက်ဆုပ်ကိုင်လိုက်သဖြင့် ငွေမင်သည် ကြောက်လန့်တကြားအော်ကာ အဲဒီလက်ကို ဖြန်းခနဲ ပုတ်ထုတ်လိုက်လေသည်။ စာရေးဆရာက အင်းခနဲ အော်ကာ တဖန်ပြန်ငြိမ်သက်သွားပြန်သည်။

ဒီတော့မှ သူ ယောင်ပြီးပြောနေတာပဲဟု စိတ်တင်းကာ ငွေမင်က အင်္ကျီကြယ်သီးတွေကို ဖြုတ်မြဲပဲ ဖြုတ်လိုက်လေသည်။ အဲဒီနောက်မှာတော့ ညဝတ်အင်္ကျီဝတ်ပေးဖို့ရာ သူ့ခန္ဓာကိုယ်ကို ထူအမ သူ့ရဲ့လက်နှစ်ဖက်ကလည်း ငွေမင့်ကိုယ်လုံးတစ်ခုလုံးကို သိမ်းကျုံးဆွဲချလိုက်သည်။

"အို ... အို ... စာရေးဆရာ"

"ဘယ်သူလဲ ... ဘယ်သူက ငါ့အသည်းကို ထပ်ခွဲဦးမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူက ဗလုံးဗထွေးဖြင့် ဘာတွေပြောမှန်း မသိသေး။ သေချာတာကတော့ သူ ထင်နေသည့်သူဟာ ငွေမင်မဟုတ်ဘူးဆိုတာ သူ့ကိုနားလည်အောင်ရှင်းပြ၍ မရခြင်းပဲဖြစ်သည်။ ငွေမင်သည် အထင်လွဲမှားနေသော စာရေးဆရာရဲ့ လက်တွေထဲမှာ အသက်ရှူမွန်းကျပ်လာသည်။

ဒီလိုပဲ ညက တဖြည်းဖြည်း မှောင်မိုက်လာခဲ့လေသည်။

ᘏ ⊶ ᘏ

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။





သူ နိုးလာချိန်ဝယ် ပထမဆုံး သတိရမိတာက သူ ဘယ်ကိုရောက်နေသလဲဆိုတာပဲဖြစ်သည်။ ဒါကြောင့် ခေါင်းတစ်ခုလုံး မူးဝေကိုက်ခဲနေသည့်ကြားမှ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်မိလိုက်လျှင် သူ ရောက်နေတာက သူ့ရဲ့အိပ်ခန်းထဲပဲ ဖြစ်လို့နေသည်။ ဒါဆို ညက သူ အိမ်ကို ဘယ်လိုလုပ်ရောက်လာပါလိမ့်။

သူက ကိုယ့်ကိုယ်ကိုယ် ငုံ့ကြည့်မိလိုက်လျှင် မနေ့ညနေက သူ ဝတ်ခဲ့သော အင်္ကျီမဟုတ်ဘဲ ညဝတ်အင်္ကျီဖြစ်လို့နေသည်။ သူက အိပ်ရာထဲမှ ကမန်းကတန်း လူးလိမ့်ထလိုက်ကာ အခန်းထဲကို ဝေ့ဝဲကြည့်ရှုမိသည်။ အဲဒီမှာပဲ သူ့မျက်လုံးတွေက အခန်းထောင့်တစ်နေရာမှာ ပုံကျနေသည့် အင်္ကျီတစ်ထည်ကို သွားတွေ့တာဖြစ်လေသည်။

ခရမ်းရောင် မိန်းမဝတ် ဘလောက်စ်အင်္ကျီလေးကို မြင်တာနှင့် သူ့နားထင်သွေးတွေက ဒိန်းခနဲပဲ ဆောင့်တိုးလာသည်။ သူက အခုမှပဲ ငွေမင်ရည်ကို သတိရမိတော့တာဖြစ်သည်။ သူမကို မနေ့က သူ အိမ်စောင့်ထားခဲ့သည်။ သူ ပြန်လာသည့်အထိ



www.burmeseclassic.com

www.burmeseclassic.com



စောင့်ဖို့လည်း မှာခဲ့သည်။ ဒါဆို သူက အိမ်ကို ဘယ်နှနာရီ... ပြန်ရောက်ခဲ့သလဲ။ မမှတ်မိတော့ချေ။ အိမ်ပြန်ရောက်ချင်စိတ် တစ်ခုတည်းသာရှိလျက် အိမ်ရောက်အောင် မနည်းကားမောင်းခဲ့ ရတာပဲ မှတ်မိတော့သည်။ ပြီးတော့ မနေ့ညက သူ တော်တော် သောက်ခဲ့သည်။

သူသည် ငွေမင်းရည်ရဲ့ အင်္ကျီကိုကြည့်ကာ ရင်ထဲ... ဗလောင်ဆူပြီးလာသည်။ ပြီးတော့ သူ့ကိုယ်ပေါ်က ညဝတ်အင်္ကျီ... မလှမ်းမကမ်းမှာ ထပ်တွေ့ရတာက သူ မနေ့ညနေက ဝတ်ခဲ့သော သူ့အင်္ကျီ။ အခြေအနေတွေက ဘာတွေဖြစ်ကုန်ခဲ့ပြီလဲ။ သူသည် တစ်စုံတစ်ရာကို ဒေါသဖြစ်စွာနှင့် တောက်တစ်ချက်ကို ပြင်းပြင်း ခေါက်မိလေသည်။ သူဟာ ချက်ချင်းပဲ အခန်းထဲကနေပြီး အပြင် ဘက်သို့ ထွက်လာခဲ့သည်။ ထမင်းစားခန်းထဲတွင် သူမကို ဟင်း ချက်နေတာနှင့် တန်းတွေ့လိုက်ရလေသည်။

သူမ ဝတ်ထားသော HANG TEN အင်္ကျီအပြာရောင် ကို မြင်လျှင် သူ့စိတ်ထဲ၌ တင်းခနဲ ဖြစ်လို့သွားသည်။ သူက ကုလားထိုင်ကို ဆွဲထုတ်ထိုင်လိုက်သောအသံကြောင့် သူမက လှည့်ကြည့်လာကာ ...

"ဪ ... စာရေးဆရာ နိုးလာပြီလား။ ကျွန်မ ကြာဆံ ကြော်ပေးထားတယ်၊ ခတ်ဘူးထဲမှာလည်း ကော်ဖီရှိတယ် နော် ...

ကြာဆံကြော် စားတော့မလားဟင် ထည့်ခဲ့ရမလား"





သူက သူမကို မျက်မှောင်ကုတ် မော့ကြည့်လိုက် လျှင် သူ့အင်္ကျီဝတ်ထားသော သူမက ကိုယ့်ကိုယ်ကိုယ် ငုံ့ကြည့် ကာ ရှက်ပြုံးလိုလို တစ်ချက်ပြုံးသည်။ ဘာအပြုံးလဲ အဲဒါ ဘာ အပြုံးလဲ။ သူက အာရုံတွေနောက်စွာဖြင့် ကျစ်ခနဲ စုတ်သတ်လိုက် လျှင် ...

"ဘာဖြစ်လို့လဲဟင် ခေါင်းကိုက်လို့လား၊ သံပရာစေ့ လိမ်း ..."

"ငွေမင်းရည်"

သူ့အသံက ထမင်းစားခန်းထဲ၌ ဟိန်းထွက်သွား လျှင် သူမတောင် ပခုံးနှစ်ဖက်ကျုံ့ကာ တော်တော်လန့်သွားဟန် ဘူလေသည်။

"မင်းက ဘာလဲ။ ဒီအိမ်မှာ ဘာလဲ၊ ဘာလို့ ဒီလောက် ပိုင်နိုင်တဲ့ပုံစံတွေ ဖြစ်သွားရတာလဲ"

"ရှင် ... စာရေးဆရာ ဘာကို ဆိုလိုတာလဲ"

"ကျွတ် ... ငါ့အခန်းထဲက မင်းအင်္ကျီက ဘာလဲ"

သူ့စကားကြောင့် သူမ မျက်နှာတွင် သွေးရောင်ဖြန်း ခနဲ လွှမ်းသွားလေသည်။ ချက်ချင်းပဲ ငိုမလိုပုံစံပေါက်သွားလျှင် သူသည် အဲဒီပုံစံကို မမှိတ်မသုန် စူးစိုက်ကြည့်မိသည်။ သူ ထင် သားသလို ဖြစ်လာပြီတဲ့လား။ ဖြစ်သွားခဲ့ကြပြီလား။ သူ့ကို ရိုးသားဖြူစင်သူဟု သူ ယုံစားခဲ့မိသမျှ သူဟာ တစ်ညတာအမှား



www.burmeseclassic.com

www.burmeseclassic.com



အို … သူကိုယ်တိုင်တောင် မသိလိုက်တဲ့ တစ်ခဏတာအမှား တစ်ခုအတွက် တစ်ဘဝလုံး ပေးဆပ်ရတော့မှာတဲ့လား။

"ငါ မေးနေတာဖြေလေ"

"ဘာ … ဘာမှ မဟုတ်ပါဘူး"

"ကျွတ် … ဘာမဟုတ်ရမှာလဲ။ မင်း အခုဝတ်ထားတဲ့အင်္ကျီ ငါ ဝတ်ထားတဲ့အင်္ကျီကလည်း ငါ့ဘာသာ လဲဝတ်ခဲ့တာ မဟုတ်ဘူး။ ဒီတော့ ညက ဘာတွေဖြစ်ခဲ့ကြတာလဲ၊ မင်း က ဘာကိစ္စ ငါ့ကို အင်္ကျီလဲပေးခဲ့ရတာလဲ အဲဒါ ဖြေ၊ မင်း ဖြေ"

ငွေမင်သည် စာရေးဆရာရဲ့ မာကျောခက်ထန်နေသော မျက်နှာနှင့် ဒေါသရိပ်လွှမ်းနေသော စကားသံတို့ကို ပါးစပ်အဟောင်းသားပွင့်ကာ ငေးကြောင်ပြီး ကြည့်နေမိသည်။ စာရေးဆရာ ဘာကို မခံမရပ်နိုင်ဖြစ်နေတာလဲ။

ငွေမင် မျှော်လင့်ထားတာ ဒီလိုပုံစံမျိုးတော့ မဟုတ်ချေ။

ကိုယ်က သူ့အတွက် စေတနာအပြည့်ဖြင့် လုပ်ကိုင်ပေးနေတာတွေကို ကျေးဇူးမတင်ရင်တောင် ဒီလိုလေသံ၊ ဒီလိုမျက်နှာထားမျိုးနှင့် မေးခွင့်မရှိဟု ထင်လေသည်။ ငွေမင်သည် စိတ်ထဲမှာ ဆစ်ခနဲ ဖြစ်သွားသဖြင့် …

"စာရေးဆရာက ဘယ်လို ထင်နေလို့လဲ"





သူ့မျက်လုံးတွေက လင်ထားကာထက် မှေးကျဉ်းသွားကြကာ …

"ငါ ထင်နေတာထက် မင်းပါးစပ်က ဖွင့်ပြောတာကိုပဲ လိုချင်တာပါ"

ငွေမင်သည် စာရေးဆရာတစ်ယောက် ဘာကို ထင်မြင်ယူဆနေပြီလဲဟု တွေးမိသွားလျှင် ရှက်ရွံ့စိတ်ဖြင့် တစ်ကိုယ်လုံး လောင်ကျွမ်းပြာကျသွားသလို ခံစားလိုက်ရလေသည်။ ဘစ်လက်စတည်းမှာ ဆက်သိလိုက်ရတာကတော့ သူဟာ အဲဒီကိစ္စအတွက် အတော်ကြီး မခံမရပ်နိုင်ဖြစ်နေတယ်ဆိုတာပဲဖြစ်သည်။

သူ့မျက်နှာပေါ်တွင် သူ့ကိုယ်သူလည်း ဒေါသဖြစ်နေသလို ငွေမင့်ကိုပါ အဓိကတရားခံအဖြစ် စွဲချက်တင်ချင်နေသည့် မျက်လုံးများကို တန်ပြန်စိုက်ကြည့်ရင်း ငွေမင့် ရင်ထဲ၌ အောင့်၍နာလာသည်။

သူဟာ ငွေမင့်အပေါ်မှာ ထင်မထားအောင်ကို နှိမ်ချတွေးထားတတ်သူပေပဲ။

"ငါ မေးနေတယ်လေ ငွေမင်ရည်"

ငွေမင်သည် ကြမ်းပြင်ကို ငုံ့ကြည့်နေရာမှ သည်းခံနိုင်စွမ်းအားတွေကို လွှတ်ချပစ်လိုက်ကာ သူ့ကို ပြန်မော့ကြည့်လိုက်သည်။ ကျွန်မကို ဒီထက်ပိုပြီး မနိုင်စားချင်ပါနဲ့တော့



www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာ။ ကျွန်မဟာ ရှင့်ရဲ့ငွေဝယ်ကျွန်တစ်ယောက် မဟုတ်ပါဘူး။

"ကျွန်မ မပြောနိုင်ဘူး"

"ဘာ ... မင်း ဘာပြောလိုက်တယ်"

"ကျွန်မ မပြောနိုင်ဘူးလို့ ပြောနေတာပါ"

သူက ငွေမင့် အဖြေကို အတော်ကြီး ဒေါသထွက်သွားဟန်တူကာ တောက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်လိုက်ရင်းမှ ထိုင်နေရာကနေ ဝုန်းခနဲ ထရပ်လိုက်သည်။

"ဒါဆို မင်း ရည်ရွယ်ချက်က ဘာလဲ။ ဘာကြောင့် ဒီလိုကိစ္စမျိုးတွေ ဖြစ်သွားရတာလဲ၊ မင်းက ဘာကြောင့် ငါ့အကျိုကို ... ကျွတ် ...

မင်းကရော မင်းအကျိုကရော ဘာဖြစ်တာလဲ။ မင်း ဘာတွေ စိတ်ကူးထားတာလဲ ငွေမင်ရည် ပြော"

သူ့ရဲ့နောက်ဆုံးစကားကတော့ ငွေမင့်ရဲ့ နှလုံးသားတွေကို ကြိတ်ခြေသွားသလို ခံစားရလေသည်။ ငွေမင်ဟာ မျက်ရည်မကျမိအောင် နှုတ်ခမ်းကို တင်းတင်းစေ့လျက် ချာခနဲ လှည့်ထွက်လိုက်လျှင် သူက ငွေမင့် လက်တစ်ဖက်ကို ဖျတ်ခနဲ လှမ်းဆွဲထားကာ ...

"ငွေမင်ရည် ... မင်း ပါးစပ်က တစ်ခုခု ဝန်ခံခဲ့တာကို ငါ ကြားချင်တယ်နော်၊ မင်း ဒီပုံစံနဲ့ ငါ့ကို မဆက်ဆံနဲ့





မင်း ဘာဖြစ်ချင်တာလဲ ငါ့ကိုပြော"

"ကျွန်မမှာ ဘာစကားမှ ပြောစရာမရှိဘူး"

"ဟာ ... မင်း အဲဒီလိုမပြောနဲ့။ မင်း မနေ့ညက တစ်ညလုံး ဒီအိမ်မှာ ရှိနေခဲ့တယ်။ အခု နေ့တစ်ဝက်ထိလည်း ဒီမှာပဲ။ ဒါဟာ ဘာအကြောင်းကြောင့်လဲ၊ မင်း ငါ့ဆီက ဘာလိုချင်တာလဲ"

ငွေမင်သည် အင်မတန်နာကျင်ကြေကွဲသော မျက်လုံးများဖြင့် သူ့ကို တည့်တည့်စိုက်ကြည့်ကာ ...

"ကျွန်မ ရှင့်ဆီက လိုချင်တာ ကိုယ်ချင်းစာနာစိတ်တစ်ခုတည်းပဲ ကိုခေတ်လမင်း။ ဒါပေမဲ့ ရှင့်လို တစ်ကိုယ်ကောင်းသမားဆီမှာ အဲဒီစိတ်မျိုး ဒီတစ်သက် ရှိလာနိုင်မှာမဟုတ်တာသေချာတယ် ...

ရှင် စိတ်ချနေပါ၊ ကျွန်မက ရှင်ထင်သလောက်အောက်တန်းကျတဲ့မိန်းမမျိုး မဟုတ်ပါဘူး။ ရှင် မသိတဲ့အချိန်က ကိစ္စတစ်ခုက ရှင်နဲ့ ဘာမှမဆိုင်ဘူး။ ကျွန်မနဲ့ပဲဆိုင်တယ်။ ဒီတော့ ဒီကိစ္စနဲ့ ပတ်သက်ပြီး ရှင် ထပ်မမေးနဲ့။ ရှင့်ဘဝကိုသာ အမှားယွင်းကင်းအောင် တည်ဆောက်သွားပါ"

ငွေမင်ရဲ့ စကားအဆုံးတွင် သူက ငေးကြောင်နေခိုက် ငွေမင်က သူ့ကို တွန်းဖယ်ကာ ပြေးထွက်လာခဲ့မိသည်။ ဒီလိုလူနှစ်ယောက်ရဲ့အနားမှာ ဆက်နေစရာ ဘာအကြောင်းမှ မရှိတော့



www.burmeseclassic.com

www.burmeseclassic.com



ဘူးဟု ထင်သည်။ သူဟာ ထင်ထားတာထက်တောင် တစ်ကိုယ်ကောင်းဆန်ကာ အတ္တကြီးသောသူဖြစ်သည်။

ဒီထက်ပိုသွားတာက သူဟာ ငွေမင့်ရဲ့ စိတ်နေနှလုံးသားကို အထင်မြင်သေးစွာ ဆက်ဆံခဲ့တာကြောင့်ပဲ ဖြစ်တော့သည်။ စိတ်ချပါ စာရေးဆရာ။ ရှင့်ကို ချောင်ပိတ်မဖမ်းတတ်ပါဘူး။ သူက အဲဒါကိုပဲ အကြီးအကျယ် စိုးရိမ်နေတာဟု သိမြင်နားလည်ရလျှင် ငွေမင်သည် ထင်ရက်လေခြင်းဟု သည်းအူပြတ်မတတ် ဝမ်းနည်းနာကျင်ရပါသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ကန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။





## ချစ်ခြင်းယဉ်ကျေးမှု(၆)

- ဘောင်ခတ်ထားတဲ့ဘဝကို မုန်းတဲ့ ငါ့အတွက်
ပြဋ္ဌာန်းထားတဲ့ အချစ်ပုံစံခွက်မျိုး
အဲဒီလို ပုံဆိုးဆိုးတွေနဲ့
ချည်နှောင်ခံရမှာ အရမ်းကြောက်ခဲ့တယ်။ ။
- လွတ်လပ်သန့်စင်တဲ့ အချစ်တစ်ခုကို
ရှာဖွေပိုင်ဆိုင်ခွင့်ရဖို့
ငါ့ကံကြမ္မာက အဲဒီလောက်တောင် မထိုက်တန်ဘူးလား
ဘာတွေလွဲမှားနေလဲ အသင်လောက။ ။
- မျက်ရည်ငှက်တွေရဲ့ တေးဆိုသံဟာ
ကမ္ဘာကြီးအတွက် သာယာမှုမပေးနိုင်သလို
ချောင်ပိတ်ထားတဲ့ ချစ်ခြင်းဆိုတာလည်း
အဆိပ်ရှိတဲ့ ပန်းသီးတစ်လုံးလိုပဲ
မစားတာပဲ ကောင်းပါတယ် ချစ်သူ။ ။

(မှုပိုင် ခေတ်လမင်း)



www.burmeseclassic.com

www.burmeseclassic.com



## ၁၇

အမှောင်တိခဲ့သော ညတစ်ခုရဲ့ နောက်ဆက်တွဲ အကျိုးရလဒ် အဖြစ်ကတော့ ငွေမင်ရည် ရောက်မလာခဲ့တော့။ သူသည်လည်း စိတ်ရှုပ်လွန်းစွာဖြင့် ဘာဆိုဘာမှ မလုပ်ကိုင်နိုင်ခဲ့ချေ။ တစ်သက်နဲ့တစ်ကိုယ် ပြန်မပြောစဖူး အသံမာမာနှင့် ပြောသွားခဲ့သော ငွေမင်ရည်ရဲ့ မျက်နှာနှင့် အသံတို့ကသာ သူ့အနားဌ တရစ်ဝဲဝဲ ရှိနေကြသည်။

သူဟာ မိန်းကလေးတစ်ယောက်ထံက အချစ်ကို အသက်နဲ့ရင်းပြီး ယူချင်ယူပေလိမ့်မည်။ ဒီလိုပုံစံမျိုးနဲ့တော့ မပိုင်ဆိုင်လိုချေ။ သူမကိုလည်း ဒီလိုမိန်းကလေးမျိုး မဖြစ်စေချင်ပေ။ သူ့ချစ်သူ ဖြစ်လာမည့် မိန်းကလေးတစ်ယောက်ကို သူ တန်ဖိုးထားလှသည်။ အခုဟာက ဘယ်သူ့ကို အပြစ်တင်ရမယ်မှန်းမသိအောင် သူ့စိတ်တွေက မွန်းကျပ်ပိတ်လှောင်၍နေသည်။



BURMESE CLASSIC .com



တွေးမိတိုင်းလည်း နာကျင်ခံခက်လှပါသည်။ ဝတ္ထု ပြန်ရောက်လာလျှင် အကင်းပါးသော ဝတ္ထုက သူ့ပုံစံကို မြင်တာနှင့် ချက်ချင်းသဘောပေါက်သည်။ သူသည် သူ့အပေါ်မှာ နားလည်အပေးနိုင်ဆုံး ဝတ္ထုကိုတော့ မခြွင်းမချန်ဘဲ ရင်ဖွင့်ပြောမိသည်။ ဒီလိုမှ ရင်ဖွင့်မပြရင်လည်း သူ ရူးတော့မည်။ ဝတ္ထုသည် မုံရွာ ပြန်ရောက်လာသည်မှစ၍ ငွေမင်ရည်ရဲ့ပြဿနာအဆုံး အားလုံးကို တအံ့တသြ နားထောင်ပြီးလျှင် ခေါင်းကိုသာ ခါယမ်းနေတော့သည်။

"ငါ ဘာမှားသွားလို့လဲကွာ"

"မှားတယ် မမှားဘူးဆိုတာထက် ပြဿနာတစ်ခုကို ပြေပြေလည်လည် ဖြေရှင်းသင့်တာပေါ့ကွာ။ ဒါမျိုးကိစ္စဆိုတာ ချော့ချော့မော့မော့နဲ့ ..."

"ဟော့ကောင် ချော့မော့နေရအောင် သူက ငါ့ရည်းစားလည်း မဟုတ်ဘူး။ ပြီးတော့ ဒီအကျိုးလဲထားရတဲ့ ကိစ္စတွေက ဘာကြောင့် ဖြစ်နေရတာလဲ"

"ဟာ ... ဒါတော့ မင်း လွန်ပြီကွာ၊ မင်းတောင် မသိတဲ့ ကိစ္စကို ငါက ဘယ်လိုလုပ်သိမှာလဲ"

"အေးပါ ... ငါ ဆိုလိုတာက သူ ဘာလို့ အဲဒီလို အဖြစ်ခံရတာလဲ၊ ငါက မူးပြီး အသိဉာဏ်ကင်းမဲ့နေတဲ့လူ။ သူက အသိဉာဏ်ရှိနေတဲ့လူ"



www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏက သူ့ကို တရားကျူးဟန်ဖြင့် ကြည့်နေကာ —

"ဘာပဲဖြစ်ဖြစ် မင်း သူ့ကို ချစ်တယ် မဟုတ်လား"

"ကျွတ် ... အဲဒါနဲ့ မဆိုင်ဘူးကွာ။ ပြောရခက်လိုက်တာ။ ငါ ဖြစ်ချင်တဲ့ပုံစံက ငါ့အချစ်ကို ရိုးရိုးသားသား အေးအေးချမ်းချမ်းပဲ ခံစားချင်တယ် ...

များယွင်းမှု တစ်ခုအတွက် ဓားစာခံ ဖြစ်သွားတဲ့ အချစ်မျိုးကို ငါမလိုလားဘူး"

"ဒါဆိုလည်း ပြီးနေတာပဲပေါ့ကွာ။ မင်းကို ဘယ်သူက တာဝန်ယူခိုင်းနေလို့လဲ"

"ငါ အဲဒီလိုလည်း တာဝန်မမဲ့ချင်ဘူး"

"ဟာ ... မင်းဟာကကွာ"

"ကျွတ် ... အဓိကက အဲဒီကလေးမပဲ၊ သူက ငါ့ကို ဘာမှ တိတိကျကျ မပြောဘူး။ ငါက မေးတယ် သူက မပြောဘူး။ အဲဒီတော့ ဘာလုပ်ရတော့မှာလဲ"

"မင်းကပြောရင်းနဲ့ ရှုပ်နေပြန်ပြီ။ အကောင်းဆုံးက တော့ အခုလောလောဆယ်မှာ မင်း စိတ်တွေကို တည်ငြိမ်အောင် အရင်လုပ်လိုက်ဦး။ ပြီးမှ ဘာလုပ်သင့်တယ် ဆိုတာကို စဉ်းစားကြတာပေါ့။ ဒီအချိန်မှာ မင်း သိပ်သွေးပူနေတယ်။ သူများကို ထပ်ပြီး မနာကျင်စေပါနဲ့တော့ ကွာ"





အဆုံးသတ်ပြောလိုက်သော ဝဏ္ဏရဲ့စကားအဆုံးတွင် သူက နာကျင်ဝမ်းနည်းသွားသော ငွေမင်းရည်ရဲ့ မျက်လုံးလေးတွေကို သွားမြင်ယောင်မိသည်။

မင်း နာကျင်သွားခဲ့လား ငွေမင်း။ ကိုယ်တို့နှစ်ယောက် ဘာကို ဆုံးဖြတ်ကြမလဲ။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။

www.burmeseclassic.com



ငွေမင်သည် အတန်းပြီးသွားသဖြင့် အိမ်ပြန်ဖို့ရန်အတွက် ဘတ်စ်ကားဂိတ်မှာ ကားစောင့်နေတုန်းမှာပဲ မှတ်မိသိရှိနေသော ကားတစ်စင်းက လျှောခနဲ ထိုးဆိုက်လာကာ သူက ခပ်တည်တည်ဖြင့် ...

"ခဏလိုက်ခဲ့ပါ။ စကားပြောချင်လို့"

ငွေမင်ဟာ ပထမတော့ ငြင်းဦးမလို့ပင်။ ဒါပေမဲ့ အလျှော့ပေးမည့်ပုံမပေါ်သော သူ့ပုံစံကြောင့် ဘတ်စ်ကားဂိတ်မှာ အရှက်မကွဲရလေအောင် ကားနောက်ခန်းတံခါးကိုဖွင့်၍ ထိုင်လိုက်သည်။ ကားပေါ်တက်ပြီးတာနှင့် သူက ကားကိုတစ်ရှိန်ထိုးမောင်းထွက်လေသည်။ နှစ်ဦးသားဟာ ကားပေါ်၌ ဘာစကားမှ မဆိုမိချေ။

သူက ကားကို ကန်တော်ကြီးထဲရှိ သစ်ပင်တစ်ပင်အောက်တွင် ထိုးရပ်လိုက်ပြီးမှ ငွေမင်က ကားပေါ်မှဆင်းဖြစ်သည်။ သူ မပြောမချင်း ငွေမင်က ဘာမှစ,မပြောပေ။ ခဏနေမှ သူက စကားစတင်ကာ ...





"ကျေးဇူးပြုပြီး ကိုယ့်ကို အမှန်အတိုင်းဖြေပေးပါ ငွေမင်ရည်။ ဒါဟာ မင်းအတွက်ရော ကိုယ့်အတွက်ရော အရမ်းအရေးကြီးပါတယ်"

ငွေမင်သည် ဒီကိစ္စကိုပဲ အသည်းအသန်ရှေ့တန်းတင်နေသော သူ့ကို တစ်ချက်ကြည့်ပြီးလိုက်လျှင် ...

"ကျွန်မ ဒီအကြောင်းအရာတွေကို မေ့ထားလိုက်ပြီ။ ကိုခေတ်လမင်း စိတ်အေးချမ်းသာစွာနဲ့ နေပါ"

"ကျွတ် ... မဟုတ်သေးဘူးလေကွာ။ ပြောရခက်လိုက်တာ"

"ပြောမခက်ပါဘူး။ ကိုခေတ်လမင်း အနေနဲ့ ချောင်ပိတ်တယ်ဆိုတဲ့ စကားကို အမှန်းဆုံးဆိုတာ ကျွန်မ သိပါတယ်။ ဒီလိုပါပဲ ကျွန်မကလည်း တာဝန်ဆိုတဲ့ စကားကို အမုန်းဆုံးပဲ ..."

တာဝန်ဆိုတဲ့ စကားလေးနှစ်လုံးနဲ့ လူနှစ်ယောက်ရဲ့ ဘဝကို မွန်းကျပ်စေတာလောက် ဆိုးဝါးတဲ့ကိစ္စမျိုး ရှိတော့မှာ မဟုတ်ဘူးလေ"

"မင်း ဘာကို ဆိုလိုချင်တာလဲ၊ မင်းက ဘာစိတ်ကူးထားလို့လဲ ငွေမင်ရည်။ မင်းအတွက် ငါ ပြောနေတာနော်"

ငွေမင်သည် အဲဒီနောက်ဆုံးစကားလေးနဲ့တင် ပျော့နွံတော့မလို ဖြစ်သွားသော ကိုယ့်နှလုံးသားကိုယ် တိတ်တဆိတ် ကာန့်ကွက်ရသည်။ တကယ်ဆို အချစ်တစ်ခု ပါဝင်လိုက်တာနဲ့ ပွဲပြီး



www.burmeseclassic.com

www.burmeseclassic.com



သွားတော့မယ့်ကိစ္စမှာ ဘာကြောင့် အချစ်ကို ရေ့တန်းမတင်ချင်ရတာလဲ။ ငွေမင်ဟာ ရှင့်ရဲ့ ချစ်စကားနဲ့ မထိုက်တန်တဲ့သူမို့လို့လား။

အချစ်ဆိုတဲ့ ခံစားချက်မပါဘဲနဲ့တော့ ငွေမင်လည်း ရှင့်ကို မပိုင်ဆိုင်ချင်ပါဘူး ကိုလမင်းရယ် ...။ ရှင် မြတ်နိုးတဲ့ လွတ်လပ်တဲ့ဘဝမှာ ရှင် အေးချမ်းစွာပျော်ရစ်ပါ။

"ကျွန်မအတွက် မလိုဘူးလို့ ပြောပြီးပြီပဲ။ အမှားတစ်ခုအတွက် တာဝန်ရှိတယ်ဆိုရင်တောင် ကျွန်မှာပဲ တာဝန်ရှိတာပါ ...

ဒီအတွက် ကိုခေတ်လမင်းမှာ ဘာတာဝန်မှ မရှိဘူး။ ကျွန်မတို့ နောက်ထပ်မတွေ့ကြရင် ကောင်းလိမ့်မယ်"

"ငွေမင်ရည် မင်း ဘာလို့ ခေါင်းမာချင်နေရတာလဲ"

ရှင်ကရော ဘာလို့ ချစ်တယ်လို့ မပြောနိုင်ရတာလဲ။ ဒီအချိန်ထိ ရှင့်အတွေးတွေကို မစွန့်လွှတ်သမျှ ကျွန်မကလည်း အမှန်တရားတစ်ခုကို မထုတ်ဖော်ဘူး စာရေးဆရာ။ ဒီအတိုင်းလေး မျှောချပြီး ရှင်နဲ့ကျွန်မ ပေါင်းစည်းဖြစ်သွားရင် အတူတူချစ်တာ ချင်းတောင် ရှင်က တာဝန်သိမှုဆိုတဲ့ စကားလေးနဲ့ ကျွန်မကို တစ်သက်လုံး အနိုင်ယူသွားတော့မှာလေ ...။

မိန်းကလေးတစ်ယောက်ကို တကယ်ချစ်ရဲ့သား ချစ်တယ်လို့ ဖွင့်မပြောဘဲ ပိုင်ဆိုင်သွားတဲ့ ယောက်ျားမျိုး ဒီကမ္ဘာ မှာ ဘယ်နှယောက်ရှိဖူးလို့လဲ။ ရှိခဲ့ရင်လည်း ဒါဟာ ချစ်ခြင်း





ယဉ်ကျေးမှုကို ချိုးဖောက်သူတွေပဲဖြစ်တယ်။ ကျွန်မကတော့ အချစ်မပါတဲ့ဘဝကို မပိုင်ဆိုင်လိုဘူး။

"ကျွန်မ ခေါင်းမာတာမဟုတ်ဘူး စာရေးဆရာ။ အပွင့်လင်းဆုံးပြောရရင် အချစ်မပါတဲ့ဘဝကို မပိုင်ဆိုင်လိုတာပါ ...

ကျွန်မဘဝမှာ အချစ်က တကယ်လိုအပ်ပါတယ်။ အရမ်းအရေးကြီးပါတယ်။ ဒါကြောင့် အချစ်မပါတဲ့ လူတစ်ယောက်ကို ဘယ်လို သေရေးရှင်ရေးအကြောင်းပဲရှိရှိ ကျွန်မ လက်မတွဲဘူး ...

အဲဒါ ကျွန်မသစ္စာပဲ။ ကျွန်မကို သွားခွင့်ပြုပါတော့"

သူက ငွေမင့်ကို အံ့ဩသလို ငေးကြည့်နေတုန်းမှာပဲ ငွေမင်က ချာခနဲလှည့်ထွက်လာခဲ့လေသည်။ ဘာပဲပြောပြော ငွေမင် ကျေနပ်သည်။ ရင်ထဲမှ စကားတချို့ကို သူသိအောင် ထုတ်ဖော်ပြောခွင့်ရခဲ့တဲ့အတွက် ငွေမင် ကျေနပ်ပါသည်။ ကျွန်မကို ချစ်တယ်ဆိုတဲ့စကားတစ်ခွန်းတောင် မပြောရဲတဲ့လူက ဘဝတစ်ခုလုံးအတွက် တာဝန်ယူဖို့ မစဉ်းစားပါနဲ့တော့ စာရေးဆရာရယ်။

ငွေမင်သည် ဖြည်းညင်းစွာ လျှောက်လာရင်းမှ တစ်နေရာအရောက်တွင် အနောက်မှ ဖြုန်းခနဲရောက်လာသော ဆိုင်းဖက်ခြင်းကို ခံလိုက်ရလေသည်။ ငွေမင်ရဲ့ နောက်ကျောမှနေ၍ လွတ်တမ်း သိုင်းဖက်ထားသူက သူဖြစ်၏။

"ငွေမင် ... မင်းကို သိပ်ချစ်တယ်"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ငွေမင်းသည် အဲဒီစကားကို မထင်မှတ်ဘဲ ကြားလိုက်ရလျှင် ခန္ဓာကိုယ်တစ်ခုလုံး တောင့်မတ်၍သွားသည်။ အိပ်မက်များလားဟူ၍ ကိုယ့်ဘာသာကိုယ် ဆွဲဆိတ်ကြည့်ရအောင်ပင် မလှုပ်။ သူက လှုပ်မရအောင် တင်းကျပ်စွာ ဖက်ထားခြင်းဖြစ်၏။

"ကိုယ် တကယ်ပြောတာပါ ငွေမင်း။ မင်း ... မင်းကို ချစ်တဲ့စိတ်နဲ့ မင်းကို အသန့်ရှင်းဆုံး ဖြစ်စေချင်တဲ့စိတ်နဲ့ ပြီးတော့ ကိုယ်တို့ အချစ်ကို ဘာအရောင်မှ မစွန်းထင်းစေချင်စိတ်နဲ့ ပြောမိခဲ့တဲ့ စကားတွေပါ ...

အရင်လိုပဲ နားလည်သည်းခံပေးပါ။ မင်းကို ကိုယ်ချစ်နေမိခဲ့တယ်။ တကယ်ချစ်သွားမိခဲ့တယ်။ မချစ်အောင်ကြိုးစားရင်းကကို တားဆီးမရ ချစ်သွားခဲ့တာပါကွာ"

ငွေမင်းသည် သူ့ရဲ့ ဝန်ခံစကားတွေ အောက်၌ အသက်ပါသွားသလားဟု ထင်ရလောက်အောင်ပင် မျှော့ကျသွားရလေသည်။ ရပ်နေမိသော ခြေထောက်အောက်က မြေကြီးတွေကိုတောင် တည်ငြိမ်တယ် မထင်တော့။

သူ့အချစ်သည် ငွေမင့်ကိုသာမက ကမ္ဘာကြီးကိုပါ လှုပ်ယမ်းနိုင်သည်ဟု ထင်မိပါသည်။





လမင်းခေတ်က ချစ်ခြင်းယဉ်ကျေးမှု

လူမျိုးဘာသာတိုင်းမှာ ရိုးရာယဉ်ကျေးမှုတွေ
ရှိတတ်ကြသလို ...
ချစ်ခြင်းတရားမှာလည်း ဘယ်တော့မှ မပြောင်းလဲတဲ့
ယဉ်ကျေးမှုတစ်ခုရှိတယ်။
အဲဒါကတော့
ကိုယ်ချစ်ရတဲ့လူတစ်ယောက်ကို
ချစ်ပါတယ်လို့ အရိုးသားဆုံးဝန်ခံရဲတဲ့ သတ္တိပဲ။
ခေတ်တွေ ဘယ်လောက်ပဲ
ပြောင်းလဲသွား ပြောင်းလဲသွား
ချစ်တယ်လို့ ဖွင့်ဟဝန်ခံတတ်တဲ့
ချစ်ခြင်းယဉ်ကျေးမှုကတော့
အစွန့်ရှည်ကြာ တည်တံ့ဦးမှာပဲ ဖြစ်တယ်။ ။



www.burmeseclassic.com

www.burmeseclassic.com



သူက "ကိုယ်တို့လက်ထပ်ကြရအောင်လေနော်"ဟု ချော့ချော့ချိုချိုလေး ပြောတာတောင် သူမက ပြုံးပြီး ခေါင်းယမ်းကာ "ဘွဲ့ရပြီးမှ"ဟု ပြန်ဖြေခဲ့သဖြင့် သူက ထောင်းခနဲ စိတ်တိုသွားရသော်လည်း အတတ်နိုင်ဆုံးပဲ ဒေါသတွေကို မျိုသိပ်ထားလိုက်ပါသည်။ သူ့စိတ်နှင့် သူ့မျက်နှာရိပ် မျက်နှာကဲကို ထုံးလိုကြေနေသော သူမက သူ ဘာပြောချင်တယ်ဆိုတာကို သိဟန်ဖြင့် –

"ကျွန်မအတွက် ပူပင်ပေးတာ ကျေးဇူးတင်ပါတယ်။ စာရေးဆရာက ကျွန်မကို ချစ်တဲ့အကြောင်း ဝန်ခံထားတဲ့အတွက် ကျွန်မလည်း အမှန်တရားတစ်ခုကို ဝန်ခံပါ့မယ် –

အဲဒီညက စာရေးဆရာနဲ့ ကျွန်မ ဘာမှမဖြစ်ခဲ့ကြဘူး"

"ဘယ်လို ... ဒါဖြင့်ရင် ..."

"စာရေးဆရာ အရမ်းမူးပြီး အန်နေလို့ အန်ဖတ်တွေနဲ့ ပေပွနေတဲ့ အင်္ကျီကို လဲပေးခဲ့တာပါ။ ကျွန်မကိုယ်ပေါ်လည်း အန်ချခဲ့တာမို့ ကျွန်မလည်း အဲဒီအင်္ကျီလဲထားရတာပါ –





အိပ်တော့လည်း ကျွန်မက စာကြည့်ခန်းထဲမှာ လော့ခ်ချပြီး သွားအိပ်ခဲ့တာ"

"တကယ် သေချာလို့လား။ မင်းကို ကိုယ်က ဘာမှ မလုပ်ဘူးဆိုတာလေ"

သူမက သူ့ကို နှုတ်ခမ်းကိုက်ပြီး မျက်စောင်းထိုးသည်။

"ရှင် ဒီလောက် လူမှန်းမသိမူးနေတာ သတ်ထားရင်တောင် သိမှာမဟုတ်ဘူး။ ဒီလိုလူမျိုးလက်ထဲမှာ ကျွန်မက အလွယ်တကူ ကျရှုံးရမှာလား"

"ဟာ ... ဒါဆို ကိုယ်က ကံတော့ ကံခဲ့သေးတယ်ပေါ့"

"တော်စမ်းပါ မုန်းစရာကောင်းလိုက်တာ။ သူ့ဝတ္ထုထဲက ဇာတ်ကွက်လိုများ ထင်နေလား မသိပါဘူး"

"ကြည့်စမ်း နှိပ်ကွပ်တတ်နေလိုက်တာ၊ ဒါနဲ့ မင်း ကိုယ့်ကို ချစ်တယ်လို့ မပြောရသေးဘူးနော်။ ပြော ... အခုပြော"

"အမလေး ... ပြောနေဖို့များ လိုသေးလား။ ရှင် လူကို ဒီလောက်အနိုင်ကျင့်နေတာ နှိမ်ချစော်ကားနေတာ ဘယ်လိုစွမ်းအားမျိုးတွေနဲ့မှ သည်းခံလို့ရမှာလဲ မတွေးတတ်ဘူးလား"

သူက နှုတ်ခမ်းတလန် ပန်းတလန်ဖြင့် ပြောနေသော သူမရဲ့ ပုံစံလေးကို ချစ်စနိုးဖြင့် ပါးလေးကို ဆွဲလိမ်ပစ်လိုက်သည်။ သူမ ပြောသော အမှန်တရားတစ်ခုအတွက် သူ တကယ်ပဲ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချမ်းသာသွားခဲ့ရသည်။ သူမကိုလည်း ပိုပြီးတော့ လေးစားမြတ်နိုးရသေးသည်။ ချစ်သူတစ်ယောက်ထံက အချစ်သီးသန့်ကိုသာအလိုရှိသော ကောင်မလေးကို သူကလည်း အချစ်သန့်သန့်တွေသာ ပေးဖို့ စိတ်ကူးထားပါသည်။ သူသည် ဖြူစင် လွန်းလှသော ကောင်မလေးကို မြတ်နိုးစွာနှင့်ငေးကာ လက်ဖျားလေးတွေကို ဆွဲကိုင်ယူရင်း ...

"မင်းကို ကိုယ် အရမ်းမြတ်နိုးတယ် ကောင်မလေးရယ်"

သူမက ကြည်နူးစွာပြုံးရင်း ခေါင်းညိတ်သွားသည်။ တစ်ဖန် ပြန်လည်၍ ခေါင်းမော့လာပြီးလျှင် ...

"မြတ်နိုးခြင်းဆိုတာ ဘယ်တော့မှ ဆက်မရိုးသွားဘူးတဲ့။ ကျွန်မလည်း စာရေးဆရာကြီးကို အမြဲတမ်း မြတ်နိုးသွားမယ်။ ခေတ်အဆက်ဆက်ပေါ့"

သူမက ပြောပြီးလျှင် သူ့လက်သန်းလေးကို ဆွဲယူချိတ်ဆက်ကာ ကတိပြုသောသဘောဖြင့် လက်မချင်း ဖိနှိပ်လိုက်လေသည်။ အဲဒီနောက်မှာတော့ သူ မျှော်လင့်တောင့်တခဲ့ရသော လက်တွဲဖော်တစ်ယောက်ကို ထာဝရ ပိုင်ဆိုင်လိုက်ရပြီ ဆိုတာ အလိုလို သိမြင်ခံစားလိုက်မိခဲ့တော့သည်။

ဆုမြတ်မွန်မွန်

4;20 (A.M)

Oct; 1st 2007

BURMESE CLASSIC .com

www.burmeseclassic.com